

စာပေလောက ဘာသာရေးစာအုပ်

- ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်
- ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ
- ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး ဦးသောဘိတ
- မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ
- မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သုပညိန္ဒာဘိဝံသ
- ဆရာတော် ဦးကောသလ္လ
- အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်၊ နာယကချုပ်၊ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ
- မြောင်းမြဆရာတော် ဦးဉာဏိက
- ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ
- ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတာဘိဝံသ
- မန္တလေးမြို့ နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ
- မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဆရာတော်ဦးတိလောက
- အဂ္ဂမဟာပဏ္ဍိတ အရှင်သီရိန္ဒာဘိဝံသ
- အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသုမင်္ဂလ

# ဆရာတော်ကြီးများနှင့် တွေ့ဆုံမေးမြန်းမှုများ

နေဝင်း(လန်ဒန်)
တွေ့ဆုံမေးမြန်းသည်

စာပေလောကစာအုပ် အမှတ် ၃၇၃

# ဆရာတော်ကြီးများ နှင့် တွေ့ဆုံလျှောက်ထား မေးမြန်းမှုများ

## နေဝင်း(လန်ဒန်)

တွေ့ဆုံမေးမြန်းသည်။

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့၊
[ဖုန်း - ၃၇၄၃၉၁]
e-mail : splkygn@mptmail.net.mm

## မာတိကာ


–။ ဦးနေဝင်း၏ အမှာ –

၁။ ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ရွှေဟသ်ာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ် ၃

၂။ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ ၁၉

၃။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
မြင်းခြံမြို့၊ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး ဦးသောဘိတ ၃၉

၄။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ၄၉

၅။ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်
အဂ္ဂမဟာပဏ္ဍိတ အရှင်သုပညိန္ဒာဘိဝံသ ၅၇

၆။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် ဦးကောသလ္လ ၆၅

၇။ အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်၊ နာယကချုပ်၊
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဓမ္မကထိက ဗဟုဇနဟိတဓရ
ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ ၇၁

၈။ အဂ္ဂမဟာပဏ္ဍိတ ဘာသန္တရဆောက
မြောင်းမြဆရာတော် ဦးဥာနိက ၈၅
၉။ ချမ်းမြေ့ရိပ်သာ ဆရာတော်
အရှင်ဇနကာဘိဝံသ ၁၁၃
၁၀။ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ
ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတာဘိဝံသ ၁၂၅
၁၁။ မန္တလေးမြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်
နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ ၁၃၇
၁၂။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်း
သီရိပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ ဆရာတော်ဦးတိလောက ၁၄၇
၁၃။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
အရှင်သီရိန္ဒာဘိဝံသ ၁၅၃
၁၄။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် ဦးသုမင်္ဂလ ၁၆၅
–။ စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း ၁၇၄



နိုင်ငံတော် သံဃာ့မဟာနာယက ဥက္ကဋ္ဌ
ဆရာတော် ဦးသောဘိတနှင့် အကျိုးတော်ဆောင်
မကွေး ဆရာတော်ဘုရားကြီး ဦးကုမာရတို့
လန်ဒန်တိသရဏ ကျောင်းတိုက်ရှေ့တွင်
စာရေးသူ အပါအဝင် တိသရဏ ဒါယိကာမများနှင့်
အမှတ်တရ ရိုက်ကူးထားပုံ

## ဦးနေဝင်း ၏ အမှာ

စာရေးသူမှာ ငယ်စဉ်ကစ၍ ဘုန်းကြီးရဟန်းများနှင့် ရင်းနှီးကျွမ်းဝင်စွာ နေလေ့ရှိပါသည်။ ဂျပန်ခေတ် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် နှစ်နှစ်နီးပါး နေခဲ့ဖူးပါသည်။ နေ့စဉ် ဘုရားဝတ်တက်ရခြင်း အပါအဝင် ဘုန်းကြီးကျောင်းများ၏ ဓလေ့ထုံးတမ်းများကို နီးကပ်စွာ လေ့လာခွင့်လည်း ရရှိခဲ့ပါသည်။ စာရေးသူ၏ နှစ်ဖက် အဘိုး အဘွား မှာလည်း ဘာသာရေးကို အထူးကိုင်းရှိုင်းကြသောသူများ ဖြစ်ကြရာ ရှစ်ရက်သီတင်း လပြည့် လကွယ်နေ့များတွင် ၎င်းတို့နှင့်အတူ ဘုန်းကြီးကျောင်းသို့လိုက်၍ အလှူဒါနပြုခြင်း၊ သီလယူခြင်း၊ ငါးရာငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့တို့ကို မှတ်သားနာထောင်ရခြင်းစသော အခွင့်အရေးများ ကောင်းစွာရရှိခဲ့ပါသည်။ နှစ်ဖက် အဘိုးအဘွား များနှင့် လူကြီးများက ကြုံတိုင်း ကြုံတိုင်း စာရေးသူ၏ ဆံပင်ကို ခေါင်းတုံးရိတ်ကြ၍ ရှင်ပြုပေးကြသော အကြိမ်ပေါင်းမှာ အတော် များများပင် ဖြစ်ပါ၏။ ငယ်ရွယ်စဉ်ကစ၍ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ်စသော သင်္ဂြိုဟ်သရုပ်များနှင့် မစိမ်းလှပါပေ။

စာရေးသူတို့၏ အမျိုးထဲမှ ဘုန်းတော်ကြီး ဖြစ်သွားသော သူများမှာလည်း အတော်အတန်ရှိပါသည်။ စာရေးသူ၏ မွေးရာဇာတိ နန်းမြင့်ကျေးရွာ ဇေတဝန်ကျောင်းတိုက်သည် အဘိဓမ္မာညဝါတွင် နာမည်ကြီးလှသော ကျောင်းတိုက်ကြီးတစ်ခု ဖြစ်ခဲ့ဖူးပါသည်။ ရပ်ဝေး ရပ်နီး သံဃာတော်များလာရောက်ပြီး ညဝါဆိုရာဒေသဖြစ်ပါသည်။ မြင်းခြံမြို့ကိုးဆောင်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ပထမဂိုဏ်းချုပ် ဆရာတော်ကြီး အရှင်ဝေပုလ္လာဘိဓဆရာတော်ကြီးမှာလည်း စာရေးသူ နှင့် ဆွေမျိုးတော်စပ်ကြောင်း မိဘဆွေမျိုးအကြီးအကဲများ ပြောပြ၍

ဆောင်းပါးကို ရေးပါဟု ဆရာကြီးမြကေတု၊ ဆရာ ဦးဆန်းထွန်း၊ ဆရာ ဦးမောင်မောင်တင်တို့က ခိုင်းစေသဖြင့် စာရေးသူ၏ မိဘဆွေမျိုး အကြီးအကဲများကို မေးမြန်းပြီး ဆောင်းပါးတစ်စောင် အောင်မြင်စွာ ရေးသားခဲ့ဖူးပါ၏။ တောင်သာနယ်တွင် အထူးလေးစားကြည်ညိုခြင်းခံရသော တောင်သာ ရေလယ် ကျောင်းတိုက် ဆရာတော်ကြီး ဦးနန္ဒမှာ စာရေးသူ၏ ဆရာရင်းပင် ဖြစ်ပါသည်။ သက်တော် ၉၆ နှစ်အထိ အသက်ရှည်တော်မူသော ဆရာတော်ကြီးမှာ စာရေးသူအား သားရင်းတပည့်ပမာ ဆုံးမတော်မူခဲ့ရှာပါသည်။ စာရေးသူသည် ငယ်စဉ်ဘဝကပင်စ၍ အားသောနေ့ရက်များတွင် ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်၍ ဆွမ်းလှူ ခြင်း၊ ဘုန်းတော်ကြီးများ ဆွမ်းစားပြီးသောအခါ ဘုန်းတော်ကြီးကျောင်း ဟင်း ထမင်းကို မြိန်ရှက်စွာ စားသောက်လေ့ရှိပါသည်။

ဘုန်းတော်ကြီးများ၏ အဆုံးအမ တရားတော်များနာယူခြင်း၊ တရားဓမ္မ ဆွေးနွေးလျှောက်ထားမေးမြန်းခြင်း စသည်တို့ကိုလည်း မပြတ် ပြုလုပ်လေ့ ရှိပါ၏။ ဆယ်တန်းအောင်ပြီးသောအခါတွင်လည်း မူရင်း ဝါသနာစွဲဖြစ်သော မြန်မာစာနှင့်ပါဠိတို့ကို တက္ကသိုလ်၌ ဆက်လက် လေ့လာဖြစ်ခဲ့ပါ၏။ ဤကဲ့သို့အခြေခံများဖြင့် အခွင့်ကောင်း၊အခါကောင်းကြုံခဲ့စဉ်က မြန်မာနိုင်ငံမှ သက်တော်ရှည်ဆရာတော်ကြီးများ၊တိပိဋကဓရဆရာတော်ကြီးများ၊ကျမ်းတတ် စာတတ် ဆရာတော်ကြီးများ၊ဓမ္မကထိက ဆရာတော်ကြီးများ၊တရားပြဆရာ တော်ကြီးများ စသည်တို့ကို တွေ့ဆုံလျှောက်ထား မေးမြန်းခွင့်ရရှိပြီး အများ ပြည်သူ နာယူနိုင်ရန် ပြန်လည်တင်ပြနိုင်သောအခွင့်အလမ်းကြီးကို စာရေးသူ ပိုင်ပိုင်နိုင်နိုင် အသုံးချခဲ့ပါ၏။ ဤတွေ့ဆုံ လျှောက်ထားခန်းများကို အများ ပြည်သူတို့ ဖတ်ရှုနိုင် စေရန် ယခုကဲ့သို့ စာအုပ်ထုတ်ဝေခွင့်ရရှိ သည်ကိုလည်း ဝမ်းသာမဆုံး ဖြစ်ရပါ၏။ ဤစာအုပ်ဖြင့်ပင် ဆရာတော်ကြီးများ အဘိုး အဘွား မိဘနှစ်ပါးတို့အား ရိုသေမြတ်နိုးစွာ ရှိခိုးကန်တော့လိုက်ရပါသည်။

ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ တိပိဋကဓရဘွဲ့ ရရှိပြီး ဒုတိယ မြောက် တိပိဋကဓရဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရရှိတော် မူခဲ့သော ပခုက္ကူမြို့မဟာဝိသုတာရာမတိုက် ဆရာတော် ဦးနေမိန္ဒကို တွေ့ဆုံလျှောက် ထား မေးမြန်းရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပါသော်လည်း အကြောင်းအမျိုး မျိုးကြောင့် တွေ့ဆုံလျှောက်ထားရန် အထမမြောက်နိုင် ဖြစ်ခဲ့ရသည်ကို ခွင့်လွှတ်ကျေနပ် သီးခံကြပါရန်လည်း မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

နေဝင်း (လန်ဒန်)

## ကျေးဇူးမှတ်တမ်း

ဤစာအုပ် ဖြစ်မြောက်ရေးတွင် အထူးကြီးကြပ် ကူညီဆောင်ရွက်ပေးတော်မူသော အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၊ တိသရဏဝိဟာရ (မြောင်းမြ) ကျောင်းတိုက်မှ ဆရာတော်အရှင်ဓနက (သာသနဓဇ ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) အား လည်းကောင်း၊ စာရေးဆရာ မောင်သွေးသစ် နှင့် စာပေလောကမှ ဦးမျိုးညွန့် တို့အားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။



ရွှေဟင်္သာ ဆရာတော်ဘုရားကြီး

## ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
## ရွှေဟသ်ာဆရာတော်ဘုရားကြီး

ဆရာတော်လောင်းလျာကို ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့တွင် ရောဝတီတိုင်း၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့တွင် အဘ ဦးကျောက်စိမ်း၊ အမိ ဒေါ်ရွှေသော့တို့မှ ဖွားမြင်သည်။ အတန်းပညာကို လေးနှစ်သားအရွယ်မှ စတင်၍ သင်ယူသည်။

၁၂၆၉ ခုနှစ်တွင် လေးမျက်နှာမြို့၊ မိကျောင်းရဲကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတသိရိ ဖြစ်သည်။ ညောင်တုန်းမြို့ ရွှေဟသ်ာတောရတွင် ပရိယတ္တိစာပေများ သင်ယူ၍ ၁၂၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ညောင်တုန်း ရွှေဟသ်ာတောရသိမ်၌ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ရွှေဟသ်ာတိုက်သစ်ကို တည်၍ သီတင်းသုံးသည်။ ရွှေဟသ်ာဆရာတော်ဘုရားကြီးဟု ထင်ရှားသည်။သာသနာတော်အတွက် ကျမ်းပေါင်း ၄၀ ကျော် ပြုစုခဲ့သည်။ ၁၃၂၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၁၃၄၀ ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် ၁၃၅၄ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းကို ခံယူတော်မူသည်။ ၁၃၅၁ ခုနှစ်တွင် ရွှေကျင်ဂိုဏ်း၏ အကြီးအကဲ 'ရွှေကျင်နိကာယ ဓိပတိဥက္ကဋ္ဌ မဟာနာယက' ဒွါဒသမ ရွှေကျင်သာသနာပိုင်အဖြစ် တင်မြှောက်ခြင်းခံရသည်။

၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ညနေ ၄း၄၅ နာရီတွင် သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါအရ၌ ဘဝနတ်ကျောင်း ရွှေ့ပြောင်းတော်မူခဲ့ပါသည်။

## ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
## ရွှေဟသ်ာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်
## နှင့်
## ပထမအကြိမ် တွေ့ဆုံလျှောက်ထားမေးမြန်းခန်း

၁၉၈၇ ခု၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် တွေ့မြင်ရသော စစ်ကိုင်းတောင်တော်၏ ဆောင်းရာသီ ညနေချမ်းမှာ သာတောင့်သာယာရှိလှပါ၏။ ဘုရားကျောင်းကန်များမှ ဆည်းလည်းသံ၊ တရားဓမ္မသံများမှာ သာတောင့်သာယာရှိ၍ စိတ်နှလုံး ချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ စာရေးသူသည် အသံသွင်းစက်ကိုလွယ်ပြီး သီတဂူ အာယုဒါနဆေးရုံမှ ရွှေကျင်ဂိုဏ်း၏ ဥပဥက္ကဋ္ဌဖြစ်တော်မူသော သက်တော်ရှည် ရွှေဟသ်ာဆရာတော်ဘုရားကြီးအား တွေ့ဆုံလျှောက်ထား မေးမြန်းရန် ထွက်ခဲ့ပါသည်။ အေးချမ်းသာယာလှသော ရွှေဟသ်ာကျောင်းတိုက်အတွင်း ကြည်ညိုဖွယ်ကောင်းလှသည့် သက်တော်ရှည် ရွှေဟသ်ာဆရာတော်ဘုရားကြီးကို ကျွန်တော် ပထမအကြိမ် ဖူးတွေ့ခွင့်ရခဲ့ပါသည်။ ဆရာတော်ဘုရားကြီးနှင့် ပထမအကြိမ် လျှောက်ထားမေးမြန်းခန်းကို အရင်းတိုင်း ဖောက်သည်ချ မျှဝေလိုက်ပါသည်။

မေး။ ။ဆရာတော်ဘုရား သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။ယနေ့အထိ ၉၅ နှစ် ရှိပါပြီ။

မေး။ ။ဆရာတော်ဘုရား၊ သက်တော် ၉၅ နှစ်ထိ အသက်ရှည်အောင် ဘယ်လိုနည်းလမ်းတွေ အသုံးပြုပြီး အသက်ရှည်လာတယ်ဆိုတာ တပည့်တော်တို့ဒကာ ဒကာမတွေ နည်းယူရအောင် အမိန့်တော်ရှိပါ ဘုရား။

ဖြေ။ ။ငယ်စဉ်မှ အသက် ၃၄ နှစ်လောက်အထိ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမှန်း၊ ပြုပြင်ရမှန်းမသိခဲ့ဘူး။ စစ်ကိုင်းတောင်ရိုးရောက်လာတဲ့ အသက်

၃၄ နှစ်၊ ၁၄ ဝါရတဲ့အခါမှာ ရာသီဥတုအကြောင်းပြုလို့ ကျန်းမာရေး ကောင်းပုံ၊ ဒါတွေကို သွားစဉ်းစားမိပါတယ်။ ဒီရောက်မှ အောက်မှာ နေတုန်းက အောက်ကရာသီနဲ့ မတည့်ဘူး၊ မတည့်တော့ နေမကောင်းတာ များတယ်။ များသောအားဖြင့် စာသိပ်အားမထုတ်နိုင်ဘူး။ စစ်ကိုင်း တောင်ရိုး ရောက်လာတော့ ဒီကဥတုက ပူတဲ့ဥတု၊ ပွင့်တဲ့ဥတုဖြစ်တယ်။ ဒီကဥတုနဲ့ တည့်တယ်။ အစာအာဟာရကလည်း စစ်ကိုင်းတောင်ရိုးက များသောအားဖြင့် ဟင်းသီးဟင်းရွက်ပဲစားရတော့ ဒီဥတုတို့၊ အာဟာရ တို့ကြောင့် ခန္ဓာကိုယ်ဟာ ပြုပြင်သလိုဖြစ်ပြီး ကျန်းမာရေးကောင်းလာ တယ်ဆိုတာ သဘောပေါက်ပြီး၊ အဲဒီကစပြီးတော့ ဒီနည်းအတိုင်း နေသွား တာပါပဲ။ ဒါကြောင့် သူများလည်း စကားစပ်ရင်းပြောရတယ်။ ကျန်းမာ ချင်တဲ့ ပုဂ္ဂိုလ်များဟာ ဘုန်းကြီးအသက်ရှည်လို့ အခု ဒကာ မေးသလို ဘုန်းကြီးလည်း မေးကြပါတယ်။ မေးတော့ ဘုန်းကြီးက ဒါပဲ ပြောတယ်။ ဥတု၊ အာဟာရ၊ ဣရိယာပုတ် သတိထားပြုပြင်တဲ့အတွက် ဒီလောက် ကျန်းမာနေတဲ့အကြောင်း ပြောပါတယ်။

မေး။ ။အာဟာရကိုရော တပည့်တော်တို့ စားသုံးတဲ့အခါ ဘယ်လိုနည်းနဲ့ စားသုံးသင့်တယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။မိမိနဲ့သင့်တဲ့အစာကို သတိထားစားလို့ သင့်တဲ့အစာပင်ဖြစ်သော်လည်း အတိုင်းအရှည်နဲ့ ပမာဏနဲ့ မျှတရုံ၊ ခန္ဓာကိုယ် မျှတရုံ၊ ဒီလိုကြည့်စား ရတယ်။ သင့်တဲ့အစာပင်ဖြစ်သော်လည်း လွန်ရင်ဘေးဖြစ်သွားရောတဲ့။ အစာကြေမှ ရှေးလူကြီးတွေ ပြောတဲ့စကားရှိပါတယ်။ မြန်မာပြည်မှာ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတာ အစာကြေဖို့ပဲ။ အဲဒီ အစာကြေဖို့က အစာစားတဲ့အခါမှာ ကြေတဲ့အစာစားရမယ်။ စားပြန်တော့လည်း မျှတရုံ စားရမယ်။ အဲသလိုစားရင် အစာကြေမယ်။ အစာကြေရင် ကျန်းမာရေး ကောင်းတဲ့အကြောင်း သဘောပေါက်ပြီးတော့ ဖြည့်ကျင့်ခဲ့တာပဲ။

မေး။ ။ဆရာတော်ဘုရား တပည့်တော်သိသလောက် ဆရာတော်ဘုရားဟာ အသက်အရွယ် တော်တော်ကြီးတဲ့အထိ ဆွမ်းခံဘုဉ်းပေးတယ်လို့ သိရပါ တယ်။ အဲဒီတော့ ဘယ်အရွယ်အထိ ဆွမ်းခံဘုဉ်းပေးပါသလဲ ဘုရား။

ဖြေ။ ။၉၃ နှစ်၊ ၉၄ နှစ်အထိ ဆွမ်းခံပါတယ်။

မေး။ တင်ပါ့ဘုရား၊ ၉၄ နှစ်အထိ ဆွမ်းခံတယ်ဆိုတော့ တော်တော်အသက်ကြီး ပါပြီ ဘုရား။ ဆရာတော်ဘုရားအနေနဲ့ ဆွမ်းကွမ်းကလည်း 'အဘိဓေ

မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ' ဆရာတော်ကြီးဆိုတော့ ကပ်မယ့် လှူမယ့် ပုဂ္ဂိုလ်တွေဟာ ရေနိုင်တွက်နိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ အဲဒီလို ရှိလျက်သားနဲ့ ဘာကြောင့် အသက် ၉၄ နှစ် ၉၅ နှစ်အထိ ဆွမ်းကိုခံပြီး ဘုဉ်းပေးတယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဆွမ်းခံဘုဉ်းပေးတော့ မြတ်စွာဘုရားဟောတော်မူတဲ့၊ ပညတ်တော်မူတဲ့ နည်းကို သဘောပေါက်လို့။ အကယ်၍ ဆွမ်းမခံဘဲနဲ့ ကျောင်းမှာစားမယ်ဆိုရင် ကျောင်းမှာ ဆန်တို့ ဆီတို့ ချက်စရာ ပြုတ်စရာတို့ကို သိုလှောင်ထားရမယ်။ ထင်းမှစပြီးတော့ သိုလှောင်ထားရမယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်က ရဟန်းတော်တွေကို ပညတ်တဲ့သိက္ခာပုဒ်မှန်သမျှ၊ ဟောကြားတဲ့ တရားတော်မှန်သမျှဟာ ဆင်းရဲအောင်ဟောတာ တစ်ခုမှ မရှိဘူး။ ချမ်းသာအောင်ဟောတာ။ ဒီတော့ ဆွမ်းခံစားရင် ယခုပြောတဲ့ ဆန်တို့ ဆီတို့ ဘာတို့ ကျောင်းမှာလည်း သိုလှောင်မထားရဘူး။ ဒကာဒကာမများ စားတတ်သမျှ သူတို့လောင်းလှူသမျှ ဆွမ်း ဆွမ်းဟင်းတို့ကို အဆင်သင့်ချက်ပြီးရတာ၊ ဒီလောက်ချမ်းသာတာဘယ်ရှိမလဲ။ ဒါကြောင့် အဲဒါလည်း သဘောပေါက်လို့၊ ကျန်းမာရေးလည်း အညောင်းပြေ အညာပြေခြင်းဖြစ်စေဖို့ အကြောင်းနှစ်ခု အကြောင်းပြုပြီးတော့ ဒီနေ့အထိ ဆွမ်းခံတာပါပဲ။

မေး။ ။တင်ပါ့ဘုရား၊ အင်မတန် ဒါ တပည့်တော်တို့ အတုယူစရာ၊ ကြည်ညိုနည်းယူစရာ ကောင်းတဲ့ ကိစ္စပါပဲ ဘုရား၊ ဆရာတော်ဘုရား အခုသက်တော် ၉၀ ကျော်လာပြီ၊ တပည့်တော်တို့ ပရိယတ္တိလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ တပည့်သံဃာတွေကို စာချတဲ့ကိစ္စမှာ ဘယ်အသက်အရွယ်အထိ စာချခဲ့ပါသလဲ ဘုရား။

ဖြေ။ ။အသက် ၈၀ ကျော် ၉၀ နီးပါးအထိ စာချခဲ့ပါတယ်။

မေး။ ။အခု စာမချတာ တပည့်တော်တို့ ခြောက်နှစ်လောက်ရှိပြီပေါ့ ဘုရား။ တင်ပါ့။ ဒီတော့ ဆရာတော်ကြီး စာမချတော့ဘူး။ စာမချတော့ဘူးဆိုတော့ကို စာအုပ် စာတမ်း ကျမ်းစာတွေများကော ဆရာတော်ကြီး ဘယ်လောက် ဘယ်ရွေ့ ဘယ်မျှ ရေးခဲ့ပြီးတော့ ဘယ်ကျမ်းစာတွေဟာဖြင့် လူသိများတယ်ဆိုတာ တပည့်တော်တို့ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ဘုန်းကြီးရေးတဲ့ ကျမ်းစာပေါင်း ကြီးကြီးငယ်ငယ်ဆိုရင် ၄၀ ကျော်ရှိနေပါပြီ။ အဲဒီ စာအုပ်တွေထဲမှာ သံဃာများနဲ့စပ်တဲ့ ကျေးဇူးများတဲ့

ရွှေကျင်နိကာယ သာသနာဝင်ဆိုတဲ့ ကျမ်းဟာ စာမျက်နှာ ၈၀၀ ကျော် ရှိပါတယ်။ ဒီတော့ အခု မကြာခင်ကမှပြီးတဲ့ ကျမ်းစာတစ်ခု၊ ဝိနည်းငါးကျမ်းမှာ မဟာဝါပါဠိတော်ကို မြန်မာပြန်ထားတာလည်း စာမျက်နှာ ၈၀၀ ကျော်ပဲရှိပါတယ်။ ပြီးတော့ သံဃာများရော၊ စာမေးပွဲဝင်တဲ့ သံဃာများရော၊ လောကလူ့ဘောင်က တက္ကသိုလ်စာသင်သားများရော သင်ကြားနိုင်တဲ့ မြန်မာအလင်္ကာဆိုတဲ့ကျမ်း။ ဒါလည်း ရေးခဲ့ပါတယ်။ ဒါတွေလည်း အစိုးရက ပြဋ္ဌာန်းထားတယ်လို့ ကြားပါတယ်။

မေး။ တပည့်တော်တို့ ဆရာတော်ကြီး အခုတော့ ပရိယတ္တိလုပ်ငန်းမှာ စာမချတော့ဘူး။ အဲဒီတော့ နေ့စဉ်ဆောင်ရွက်နေတဲ့ မိမိစောင့်ထိန်းနေတဲ့ လုပ်ကိုင်နေတဲ့ ကိစ္စတွေကို နည်းနည်းလေး အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။နေ့စဉ် နေ့စဉ် နှလုံးသွင်း အားထုတ်နေတာရော၊ ကျင့်ဝတ်ပဋိပတ်ရောဆိုရင် နံနက် လေးနာရီကို အမြဲ အိပ်ရာကထပါတယ်။ အိပ်ရာထ မျက်နှာသစ် ဘုရားရှိခိုး၊ ဘုရားရှိခိုးပြီးရင် ဒီအချိန်မှာ အာရုံမတက်ခင် အချိန်မှာ ကိုယ်သဘောကျတဲ့ ဘုရားဂုဏ်တော်နဲ့ ခုနပြောခဲ့တဲ့ အာနာပါန ကမ္မဋ္ဌာန်းတို့၊ ဒွတ္တိံသာကာရတို့ အဲဒါတွေ နှလုံးသွင်းပြီးတော့ နေခဲ့ပါတယ်။ အာရုံတက်တဲ့အချိန်မှာ ဦးဇွင်းတစ်ပါး၊ ကိုရင်တစ်ပါးကလာပြီး ယာဂုတို့၊ အာရုံဆွမ်း၊ မနက်အာရုံဆွမ်းတော့ ဘုန်းကြီးက ဆွမ်းမစားပါဘူး။ အဲဒီ ယာဂုတို့ ခေါက်ဆွဲပြုတ်တို့နဲ့ ဒါနဲ့ပြီးတာပါပဲ။ အဲဒါစားပြီး ခဏ မိုးမလင်းခင် ကျောင်းမှာခဏနေပြီးတော့ မိုးလင်းတဲ့အခါ စင်္ကြံလျှောက်ပါတယ်။ ဆွမ်းမခံတဲ့အခါမှာ စင်္ကြံလျှောက်ပါတယ်။ စင်္ကြံလျှောက်တာလည်း ခပ်ဝေးဝေးလျှောက်ပါတယ်။ စင်္ကြံလျှောက်ပြီးတဲ့နောက် ပြန်လာစာပါကြည့်။ အဲ၊ ကိုယ်အားထုတ်နေကျဖြစ်တဲ့ ဂုဏ်တော်ကို နှလုံးသွင်းပါတယ်။ ပုတီး မကိုင်ပါဘူး။ ပုတီးတော့ ဘုန်းကြီးတို့ ဆရာသမား အဆက်ဆက်ကို ပုတီးမကိုင်ကြပါဘူး။ အလွတ်ပဲ နှလုံးသွင်းကြပါတယ်။ အဲသလိုနဲ့ တစ်နေ့လုံး စာရေးတဲ့အခါရေး၊ စာကြည့်တဲ့အခါကြည့်၊ တရားနှလုံးသွင်းတဲ့အခါသွင်း၊ ရောက်လာတဲ့ ဒကာ ဒကာမကို အထိုက်အလျောက် သူတို့နဲ့တန်တဲ့ တရားစကား ပြောတဲ့အခါပြောနဲ့ ဒီလိုနဲ့ပဲ ညဘက်ရောက်သွားရော။ ညခြောက်နာရီကျတော့ တုံးခေါက်ရင် အားလုံး သံဃာတော်တွေ စုပေါင်းပြီးတော့ ဘုရားကျောင်းမှာ ဘုရားဝတ်တက်ကြပါတယ်။ ဘုန်းကြီးက ဘုန်းကြီးကျောင်းမှာ နေ့တိုင်း

နေ့တိုင်း ဘုရားရှိခိုးပါတယ်။ ဥပုသ်နေ့ကျတော့ ဘုရားကျောင်းလိုက်ပြီး သံဃာတွေနဲ့အတူတူ ဘုရားရှိခိုးပြီးတော့ ပြီးတဲ့အခါမှာ သံဃာတွေကို နေ့တိုင်း နေ့တိုင်း ဆိုင်ရာ ဆိုင်ရာ သင့်တော်သလို ဩဝါဒပေးပါတယ်။ နာရီဝက်လောက်၊ တစ်ခါ တစ်ခါ တစ်နာရီလောက်။ အဲဒီကပြီးတော့ ကျောင်းပြန်လာရင် ကိုယ်နှလုံးသွင်းနေကျတရားတွေ ဆက်နှလုံးသွင်းပြီး ရှစ်နာရီ၊ ရှစ်နာရီကျော်ကျော်၊ အလွန်ဆုံး ကိုးနာရီ ဘုန်းကြီး ညအိပ်တာ ပါပဲ။

မေး။ ။ဆရာတော်ဘုရားကြီး ကျင့်သုံးတဲ့ ပဋိပတ်လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ တပည့်တော်တို့ တပည့် ဒကာ ဒကာမတွေ သိရအောင် အမြွက်မျှ မိန့်ကြားတော်မူပါဦး ဘုရား။

ဖြေ။ ။ဘုန်းကြီးဝင့်က စလာကတည်းက ပရိယတ် ပဋိပတ် သာသနာတော် နှစ်ရပ်မှာ ပရိယတ်ဘက်က စလာတာဖြစ်တော့ ပဋိပတ်က ပရိယတ် လောက်တော့ မများဘူး။ သို့သော် မများသော်လည်း ဘုန်းကြီး နှလုံးသွင်းတဲ့ ပဋိပတ်က အာနာပါနကမ္မဋ္ဌာန်းလည်း နှလုံးသွင်းပါတယ်။ ဗုဒ္ဓါ သာကာရကမ္မဋ္ဌာန်းလည်း နှလုံးသွင်းပါတယ်။ ဒီတရားနှစ်ပါးတော့ အမြဲ မပြတ် အချိန်ရတိုင်း အချိန်ရတိုင်း နှလုံးသွင်းပါတယ်။ အဲဒီကြားမှာ ဘုရားရဲ့ အရဟံအစရှိတဲ့ ဂုဏ်တော်တွေကိုလဲရွတ်ဖတ် သရဇ္ဈာယ်ပါ တယ်။ ပါးစပ်က ရွတ်တဲ့အခါလည်း ရွတ်တယ်။ စိတ်ထဲက နှလုံးသွင်းတဲ့ အခါလည်း သွင်းတယ်။ အမှန်ကတော့ ဒီတရား လွတ်နေတဲ့အချိန်ရယ်လို့ မရှိသလောက်ပဲ။ နှလုံးသွင်းပါတယ်။

မေး။ ။တပည့်တော်တို့ ဗုဒ္ဓါသာကာရကမ္မဋ္ဌာန်းဆိုတာ ကေသာ၊ လောမာ အစရှိတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသကို အမိန့်ရှိတော်မူပါလား ဘုရား။

ဖြေ။ ။ဟုတ်ပါတယ်။

မေး။ ။ဒီ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းအားဖြင့် တပည့်တော် တို့ ငါ၊ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့မယား၊ ငါ့အိုးအိမ်၊ ငါ့တိုက်တာဆိုပြီး စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ပြုတ်နိုင်ပါ့မလား ဘုရား။

ဖြေ။ ။အဲဒီ သက္ကာယဒိဋ္ဌိပြုတ်စေအောင်ပဲ မြတ်စွာဘုရားက ဗုဒ္ဓါသာကာရ ကမ္မဋ္ဌာန်းကို ခွဲခြားပြီးတော့ ဟောတော်မူတာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးလည်း သဘောကျလို့ ဗုဒ္ဓါသာကာရ ကမ္မဋ္ဌာန်းတော့ မပြတ်လိုပဲ နှလုံးသွင်းပါတယ်။

မေး။ ။ဒကာ၊ ဒကာမတွေကိုရော ဒွတ္တိံသာကာရကမ္မဋ္ဌာန်း အားထုတ်ရန်အတွက် ဆရာတော်ဘုရား ဘယ်လိုနည်းပြပါသလဲ ဘုရား။

ဖြေ။ ။ဒကာ ဒကာမတွေထဲမှာ ဥပမာအားဖြင့် နီးစပ်တဲ့ ကျောင်းလာဒုလ္လဘ ရဟန်းခံကြတဲ့ ရဟန်းတွေကိုဆိုရင် နေ့စဉ် နေ့စဉ် ဘုရားဝတ်တက်ပြီးတဲ့ အချိန် ဘုန်းကြီးဆီခေါ်ပြီးတော့ ပါဠိလိုဆိုရင် နားလည်မှာ မဟုတ်လို့ မြန်မာလို ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ ဒီလို တိုင်အောင် သူတို့ကို သင်ပေးပြီးတော့ အားလုံး ဒါတွေကို တစ်စုံတစ်ခု သော၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို ကိုယ့်စိတ်ထဲ ရှေ့ကထားပြီး တော့ ဆံပင်တစ်ပုံ၊ မွေးညင်းတစ်ပုံ၊ ခြေသည်းလက်သည်းတစ်ပုံ၊ သွား တစ်ပုံ၊ အရေတစ်ပုံ စသည်ဖြင့် ဒီလို ပုံနိုင်းပြီးတော့ ဒါတွေကို လူခေါ် မလား၊ မိန်းမခေါ်မလား၊ ယောကျ်ားခေါ်မလား၊ မိန်းမ ယောကျ်ား ခေါ်စရာ ရှိသေးသလားလို့ အတ္တဒိဋ္ဌိပြုတ်သွားအောင် ဒီလို သင်ပေးလေ့ ရှိပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ အခုလို သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းအားဖြင့် တပည့်တော်တို့ ဒီဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီ နဝဉာဏ်အစရှိတဲ့ ဉာဏ်စဉ်များကို အထိုက်အလျောက် ဆိုက်ရောက်ဖူးပါ သလား ဘုရား။

ဖြေ။ ။အခိုက်အတန့်၊ အခိုက်အတန့် တဒင်္ဂ။ တဒင်္ဂအားဖြင့် ဒီဉာဏ်တွေပေါ်ပါ တယ်။ မြဲတော့ မမြဲသေးဘူး။

မေး။ ။တင်ပါ့ဘုရား။ တပည့်တော်တို့ ဆရာတော်ဘုရား အာနာပါနအားထုတ် တယ်လို့ ဆိုပါတယ် ဘုရား။ အာနာပါန အားထုတ်တယ်ဆိုရာမှာ ဘယ်လို ဘယ်ပုံ အားထုတ်တယ်ဆိုတာ အနည်းငယ်မျှ အမိန့်တော်ရှိပါဦး ဘုရား။

ဖြေ။ ။အာနာပါန ပထမအားထုတ်တာကတော့ အာရုံအမျိုးမျိုးကို၊ ပြေးလွှား သွားနေတဲ့စိတ်ကို ဖမ်းပြီးတော့ ဖမ်းပြီးတော့ ထိန်းလိုက်တာပါပဲ။ တခြား မသွားစေဘဲနဲ့ နှခေါင်းဖျားတွင် တိုးခွေ့သွားတဲ့ ထွက်လေ ဝင်လေ၊ ဒါ အာရုံပြုတော့ စိတ် တခြားမရောက်တော့ဘူး။ စိတ်တခြား မရောက်တော့ စိတ်တည်လာတဲ့အခါ၊ သမာဓိရလာတဲ့အချိန်မှာ ဒီထွက် လေ၊ ဝင်လေကိုပဲ အနိစ္စအနေနဲ့၊ ဒုက္ခအနေနဲ့၊ အနတ္တအနေနဲ့ ထိုထွက်လေ ဝင်လေရဲ့ တည်ရာဖြစ်တဲ့ ကရဇကာယ ကိုယ်ခန္ဓာကြီးလဲပဲ အနိစ္စအနေနဲ့၊

ဒုက္ခအနေနဲ့၊ အနတ္တအနေနဲ့ ဒီလို နှလုံးသွင်းလိုက်ရင်လည်းပဲ သက္ကာယ ဒိဋ္ဌိ ကွယ်ပျောက်သွားနိုင်တဲ့အကြောင်း ရှိပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ တပည့်တော်တို့နှင့်တကွ ဒကာ ဒကာမတွေအတွက် ဆုံးမစကား မိန့်ကြားတော်မူပါဦး ဘုရား။

ဖြေ။ ။အားလုံး အတိုချုပ်အားဖြင့် ဒကာ ဒကာမများ နှလုံးသွင်းဖို့ ကောင်းတာကတော့ တဏှာကိုပယ်ဖို့၊ တဏှာချုပ်ဖို့ ဒါအရေးကြီးတယ်။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှာ အားလုံး သူ့အင်္ဂါနဲ့သူတော့ အရေးကြီးကြတာပဲ။ ဥပမာအားဖြင့် မော်တော်ကားတစ်စင်းမှာ ဒီပြင်အစိတ်အပိုင်းကိရိယာတွေ အစုံပြည့်စုံမှ မော်တော်ကားဟာ မော်တော်ကားအရာရောက်လို့ သွားနိုင်တယ်လို့။ သို့သော် ပဓာနဖြစ်တဲ့အရာဟာ ဘာလဲဆိုတော့ ဓာတ်ဆီပါမှ။ ဓာတ်ဆီမရှိရင် မော်တော်ကား ဒီပြင်ကိရိယာတွေ ဘယ်လိုစုံစုံ မသွားတော့ဘူး။ ထို့အတူပဲ ပဋိစ္စသမုပ္ပါဒ် ၁၂ ပါးသော အင်္ဂါထဲမှာ တဏှာ တည်းဟူသော အင်္ဂါဟာ အချုပ်ပဲ။ တဏှာချုပ်ရင် အားလုံးချုပ်ကုန်တယ်။ ဒီသံသရာကို ပဋိစ္စသမုပ္ပါဒ်အနေနဲ့ လည်ဖို့မရှိတော့ဘူး။ ဒါကြောင့် မိမိတို့ သန္တာန်မှာ ဟိုဟာလိုချင်၊ ဒီဟာနှစ်သက် စသည်ဖြင့် စွဲလမ်းတဲ့ ဥပါဒါန်ကြောင့် တဏှာချုပ်ဖို့ကို အရေးကြီးလို့ တဏှာချုပ်အောင် နှလုံးသွင်းကြဖို့ ကောင်းတာပါပဲ။

သာဓုပါဘုရား။ ကဲ၊ ဆရာတော်ဘုရားကြီးက အများအကျိုးရွက်သည်ပိုးတဲ့ သူများအတွက် ဆုံးမစကားလက်ဆောင်လေးလည်း ပါးလိုက်ပါသေးတယ် ခင်ဗျာ။ အဲဒါကတော့ 'အများအကျိုး၊ ရွက်သည်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေ့ရှုနှင်လော့' တဲ့။

## ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ် နှင့် ဒုတိယအကြိမ် တွေ့ဆုံလျှောက်ထားမေးမြန်းခန်း

၁၉၉၄ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့တော်၏ ရာသီဥတုမှာ နေသာပြီး ကောင်းမွန်လျက်ရှိပါသည်။ ရန်ကုန်မြို့ ၃၉ လမ်းရှိ ညီဖြစ်သူ ဦးထွန်းအောင်ကျော်ထံ နေ့လယ်စာစားပြီး မြင့်မြင့်ခိုင် တတ်ပုံတိုက်ပိုင်ရှင် မိတ်ဆွေကြီး ဦးအုံးရွှေ၏ ကားဖြင့် ရွှေကျင်သာသနာပိုင် ရွှေဟသာဆရာတော်ဘုရားကြီးကို ဖူးတွေ့ရန် ထွက်ခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးမှာ သက်တော် ရာကျော်ပြီဖြစ်သော်လည်း အသားအရေ စိုစိုပြည်ပြည် ပြည့်ပြည့်ဖြိုးဖြိုးဖြင့် ကျန်းမာစွာ ဖူးတွေ့ရပါ၏။ နေ့ဆွမ်းစားပြီးချိန် ဒါယကာ ဒါယိကာမများကို အဖူးမြော်ခံနေစဉ်ဖြစ်၍ စာရေးသူအဖို့ လွယ်လင့်တကူ လျှောက်ထားမေးမြန်းခွင့် ရရှိခဲ့ပါသည်။ သက်တော်ရှည် ဆရာတော်ဘုရားကြီးထံမှ ကြားသိခဲ့ရသော မှတ်သားဖွယ်များကို စာရှုသူအား မျှဝေလိုက်ပါသည်။

မေး။ ။ဆရာတော်ဘုရား၊ သက်တော် ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။၁၀၀ ပြည့်လို့ နှစ်လကျော်လာပြီ။

မေး။ ။တင်ပါ့၊ ခုလို ၁၀၀ ပြည့်လို့ နှစ်လကျော်လာတဲ့တိုင်အောင် တပည့်တော်တို့ ကျန်းကျန်းမာမာတွေ့ရတယ်၊ သန်သန်စွမ်းစွမ်းတွေ့ရတယ်၊ မျက်စိမမှုန်၊ နားလည်း ကောင်းတယ်၊ သွားတွေလည်း အားလုံးကောင်းတယ်၊ ဒီလို ကျန်းမာအောင် ဘယ်လို နေရထိုင်ရတယ်ဆိုတာ တပည့်တော်တို့ ဒကာ ဒကာမတွေကို နည်းလမ်းပေး ဆုံးမတော်မူပါ ဘုရား။

ဖြေ။ ။အဲဒီကိစ္စနဲ့စပ်လို့ တချို့ တချို့ သံဃာထဲကလည်း မေးကြပါတယ်။ တချို့ တချို့ ဒကာ ဒကာမတွေကလည်း မေးကြပါတယ်။ အရှင်ဘုရား၊ ဒီအသက်အရွယ်နဲ့ ဒီလို ကျန်းမာနေတာ ဘာဆေးတွေများ စားနေလို့ ဒီလို ကျန်းမာနေသလဲလို့ မေးကြပါတယ်။ ဘုန်းကြီးက ဆေးလည်း အထိုက်အလျောက်တော့စားပါတယ်လို့။ ပဓာနက အစား ဆင်ခြင်ခြင်း၊ အနေအထိုင် ဆင်ခြင်ခြင်း၊ ဣရိယာပုတ် ဆင်ခြင်ခြင်း၊ ရာသီဥတု ဆင်ခြင်ခြင်း၊ ဒါတွေ ဆင်ခြင်နေထိုင်တယ်။ အစားနဲ့စပ်လို့ မသင့်တာဆိုရင် မစားဘူး၊

ရှောင်တယ်။ သင့်တာပင်ဖြစ်ပေမယ်လို့ များများစားလို့ အစာမကြေရင် သူကစ ရောဂါဖြစ်တာပဲ။ ရှေးလူကြီးများပြောတဲ့စကားရှိတယ်၊ 'ဝမ်းတစ်လုံး ကောင်းရင် ခေါင်းမခဲဘူး' ဆိုတာ ဒါပြောတာပဲ။ အစာကြေပြီး ဓာတ်၊ လေ၊ ဆီး မှန်နေရင် ရောဂါမဖြစ်နိုင်ဘူး။ မသင့်တဲ့ အစာစားရင်တော့ ချက်ချင်း သိသိသာသာ နေထိုင်မကောင်းဖြစ်တတ်တယ်။သင့်တဲ့အစာပင်ဖြစ်သော်လည်း လွန်လွန်ကျံကျံစားရင် ရောဂါဖြစ်တတ်တယ်။ ဘုန်းကြီးက ဒါတွေကို ရှောင်တဲ့အကြောင်း၊ အစာစားရင် မသင့်တာမစားဘူး၊ သင့်တဲ့အစာပင်ဖြစ်သော်လည်း တော်ရုံ မျှတရုံပဲ စားတဲ့အကြောင်း။

ဥပမာအားဖြင့် ဆဋ္ဌသင်္ဂါယနာတင်တဲ့အခါ ကမ္ဘာအေးမှာဆွမ်းစားတဲ့အခါ ဘုန်းကြီးက ဆွမ်းစားကျောင်းမသွားဘူး။ ကိုယ်နေတဲ့ အခန်းထဲမှာပဲ ဆွမ်းစားတော့ ဘုန်းကြီးနဲ့အတူ ဆွမ်းစားတဲ့ ဘုန်းကြီးတစ်ပါးပါတယ်။ အခါကာလက နယုန်လဆိုတော့ ရန်ကုန်မြို့မှာ ဒူးရင်းသီးပေါတယ်။ နေ့တိုင်း ဒူးရင်းသီးပါတယ်။ အသားက ထွင်ပြီးသား။ ဘုန်းကြီးနဲ့အတူစားတဲ့ ဘုန်းကြီးက ဒူးရင်းသီးနေ့တိုင်းစားတယ်။ များများလည်းစားတယ်။ ရေမချိုးဘူး။ ဘုန်းကြီးကမစားဘူး။ ဒကာက လာကပ်တဲ့ လျှောက်တဲ့အခါ နည်းနည်းစားတယ်။ နေ့တိုင်းစား များများစားတဲ့ ဘုန်းကြီးက ကျောင်းပြန်ရောက်တဲ့အခါ ဆေးရုံတက်ရတဲ့အကြောင်း၊ မသင့်တဲ့အစာစားရင် လက်ငင်းပြတယ်။ ဘုန်းကြီးက ဒါမျိုးရှောင်တယ်။ ခုပြောသလို သင့်တဲ့အစာလည်း မျှတရုံစားတယ်။ ဒါလည်း တစ်ကြောင်းပဲလို့။ ပြီးတော့ ဥတုရာသီ အနေအထိုင်နဲ့စပ်လို့ ဘုန်းကြီးက ဆွမ်းခံဝါသနာ ရှိတယ်။ ဆွမ်းခံတာ ဆေးသုံးပါး ဖြစ်နေတယ်။ ပထမ နေတုန်းက ညောင်တုန်းရွှေဟင်္သာတောရမှာနေတယ်။ ညောင်တုန်းရွှေဟင်္သာတောရ မှာ ၁၆ နှစ်ကြာတယ်။ ဆွမ်းမခံရဘူး။ ဣရိယာပုတ်မျှအောင် လျှောက်ပြီး မနေရဘူး။ နေရာကျဉ်းတယ်။ ရာသီဥတုမကောင်းဘူး။ အဲဒီတော့ ညောင်းတယ်။ နေ့တိုင်း အနင်းအနှိပ်ခံရတယ်။ ညောင်းတဲ့အတွက် အိပ်လို့မပျော်ဘူး။ ဆွမ်းစားလို့မကောင်းဘူး။ အားမရှိဘူး။ အသားအရေကဖြူဖပ်ဖြူရော်ဖြစ်ပြီးတော့ နည်းနည်းလေးလှုပ်ရှားလိုက်တာနဲ့ မောတယ်။ နောက်မှ စစ်ကိုင်းရောက်သွားတယ်။ စစ်ကိုင်းကိုလည်း ကျန်းမာရေး အကြောင်းပြု ရောက်သွားတဲ့အကြောင်း၊ စစ်ကိုင်းသွားတာ ဘုရားဖူး လေးငါးရက်ရယ်လို့ သွားတာ။ အဲဒီ လေးငါးရက်နေကောင်းတာနဲ့ တစ်လ ဆက်နေတော့ ပိုနေကောင်းတယ်။ ဒါနဲ့ ငါနဲ့ စစ်ကိုင်းရဲ့ရာသီဥတုနဲ့ တည့်ပုံရတယ်လို့။

ဒါနဲ့ စစ်ကိုင်းပြောင်းသွားရော။ စစ်ကိုင်းရောက်တော့ ကိုယ့်ဟာကိုယ် ဆွမ်းခံစားတယ်။ ဆွမ်းခံတုန်းက ဆွမ်းခံတဲ့ရွာနဲ့ ကျောင်းနဲ့ အသွားအပြန် တစ်နာရီကြာတယ်။ ဆွမ်းခံတော့လည်း ဘုန်းကြီးက အိမ်တွေမထိုင်ဘူး။ အိမ်တွေ မေတ္တာရပ်ခံတယ်။ မပင့်ကြပါနဲ့။ တစ်ခုခု အကြောင်းကိစ္စရှိရင် ပင့်ပါ။ သီလတို့ ဘာတို့ လိုချင်ရင် ပင့်ပါ။ ဒီလို အကြောင်းမရှိရင် မပင့်ပါနဲ့။ အသွားအပြန် တစ်နာရီ၊ ဆွမ်းရပ်တာက တစ်နာရီ၊ တစ်နေ့နှစ်နာရီ။ လျှောက်လိုက်ရတာ တစ်ဝါတွင်း လျှောက်ရတယ်။ အညောင်းလည်း မရှိဘူး။ အိပ်မပျော်လည်း မရှိဘူး။ စားမကောင်းတာလည်း မရှိဘူး။ ဆေး အထူး ဖြစ်သွားတယ်။ ဆေးတစ်မျိုးဖြစ်တယ်။ အဲဒီကစပြီး အညောင်း အညာ ကင်းသွားတာ ခုထိ အနင်းအနှိပ်မခံရဘူး။ စားမကောင်းတာ ခုထိ မရှိဘူး။ အိပ်မပျော်တာ ခုထိမရှိဘူး။

ဆွမ်းခံတဲ့အကျိုးကျေးဇူး နောက်တစ်ခုက ဥတု ရာသီ မျှတအောင် နေတယ်။ ငယ်ငယ်တုန်းကတော့ ဆောင်း နွေ မိုး စစ်ကိုင်းမှာသွားနေ တာပဲ။ အသက်ကြီးလာတော့ ပူရင် ပူမှန်း သိတယ်။ အေးရင် အေးမှန်းသိ တယ်။ ညကျရင် ပူတဲ့အချိန် အိပ်မပျော်ဘူး။ အေးတဲ့အချိန် အေးလို့ အိပ်မပျော်ဘူး။ ဒီတော့ အေးတဲ့အချိန်ဆောင်းတွင်းဆိုရင် ရန်ကုန်လာနေ တော့ ဥတုမျှသွားတယ်။ အအေးဒဏ် မခံရဘူး။ နေကောင်းတယ်၊ စား ကောင်းတယ်။ နွေရာသီကျတော့ တန်ခူး၊ ကဆုန် ပူတဲ့အချိန် ပြင်ဦးလွင် ကို တစ်လ နှစ်လ သွားနေတယ်။ အဲဒီလို အစားအသောက် ဥတု၊ ရာသီ၊ အနေအထိုင် ဣရိယာပုတ် ဒါတွေ ဆင်ခြင်နေတဲ့အတွက် ဒီလို ကျန်းမာ နေတဲ့အကြောင်း၊ ဆေးကတော့ ရုံဖန်ရံခါ ဟိုဆေး သည်ဆေး ကပ်တဲ့ ဆေးတွေ စားပါတယ်လို့။ ပဓာနက ဒါပဲလို့။ အဲဒါကြောင့် ကျန်းမာ ချင်ရင် အစားအသောက်ဆင်ခြင်ရှောင်၊ ဒီခန္ဓာကိုယ်က ကံကြောင့်ဖြစ်တဲ့ ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ် လေးမျိုးရှိတဲ့အနက်က ကမ္မဆိုတာတော့ချုပ်သွားပြီ။ အတိတ်က အခု အဟုန်အရှိန်နဲ့ပဲ ဒီမှာရှိတော့တယ်။ စိတ်၊ ဥတု၊ အာဟာရ ဒါပြုပြင်ရမယ်။

အသက်ကြီးလာတော့ ခုနက ဥတုတို့၊ အာဟာရတို့၊ ဣရိယာပုတ် တို့ ပြုပြင်တဲ့အပြင် စိတ်ကိုလည်း ဘုန်းကြီးက ပြုပြင်တယ်။ စိတ်ဆင်းရဲရင် ကိုယ်ကြေတယ်။ စိတ်ဆင်းရဲရင် ရုပ်ကျသဖြင့် စိတ်ကောင်းရင် ရုပ်ကောင်း တယ်။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကောင်းရင် ကျန်တဲ့ရုပ်တွေလည်း အကုန် လိုက်ကောင်းတယ်။ ဒါကြောင့် စိတ်မဆင်းရဲစေဘူး။ စိတ်ဆင်းရဲမှာ

ဘုန်းကြီး ရှောင်တယ်။ အကယ်၍ စိတ်ဆင်းရဲမှုကိုတော့ ရင်ဆိုင်ကြားလိုက်ရင် ခဏပဲ။ ပျောက်ပစ်လိုက်တယ်။ လက်ခံမထားဘူး။ စိတ်ချမ်းသာအောင်နေတယ်။ စိတ်ချမ်းသာအောင်နေဖို့ အကြောင်းကတော့ ဘုရားအာရုံပြုနေ တယ်။ တရားနှလုံးသွင်းနေတယ်။ ဘုရားနှလုံးသွင်း၊ တရားနှလုံးသွင်း အဲဒီလိုနေတဲ့အတွက် စိတ်ချမ်းသာမှုရှိတယ်။ စိတ်ချမ်းသာမှုရှိတော့ စိတ်ကြောင့် ဖြစ်တဲ့ ရုပ်ကောင်းတော့ ကျန်တဲ့ရုပ်တွေလည်း အထိုက်အလျောက်ကောင်းလာတယ်။ အဲဒါကြောင့် ကျန်းမာရေး အထိုက်အလျောက် ကောင်းတဲ့အကြောင်း၊ ခုထိ စားမကောင်းတာ မရှိ၊ ညောင်းတာ မရှိ၊ အိပ်မပျော်တာမရှိ၊ စိတ်ချမ်းသာတဲ့အတွက် ရုပ်လည်း ကောင်းလာတဲ့အကြောင်း၊ ဒါကြောင့် ရုပ်ကောင်းလို့ အသက်လည်းရှည်လာတဲ့အကြောင်း ပြောပါတယ်။

မေး။ ။တပည့်တော်တို့ သွားခိုင်အောင် ဆရာတော်ကြီးသုံးတဲ့ဆေး၊ အထူးသုံးတဲ့ဆေး ရှိပါသေးသလား ဘုရား။

ဖြေ။ ။ဘုန်းကြီးတစ်ပါးက နည်းပေးပါတယ်။ သွားခိုင်တဲ့ဆေး၊ သွားမနာတဲ့ဆေး၊ အကယ်၍ သွားကျိုးသည့်တိုင်အောင် သွားမနာပဲနဲ့ ကျိုးတဲ့ဆေး ပြောပါဆိုလို့ ကျပ်ခိုးနဲ့ နနွင်း နှစ်မျိုးတည်းပါ။ ကျပ်ခိုး တခြားထောင်း၊ နနွင်းစိမ်းအတက်ကို လှီးလှီးပြီးတော့ နေလှန်း၊ ခြောက်တော့ထောင်း၊ ဒီနှစ်ခုစပ်၊ မနက်အိပ်ရာထသွားတိုက်၊ သွားခိုင်တယ်၊ သွားမနာဘူး၊ သွားမကျိုးဘူး၊ အဲဒါ ဘုန်းကြီးနည်းပေးကတည်းက ခုထိတိုက်တုန်းပဲ။

မေး။ ။တပည့်တော်တို့ ဆရာတော်ကြီးရဲ့ မျက်စိတို့၊ နားတို့အတွက်ရော အထူးဆေးများ သုံးပါသေးသလား ဘုရား။

ဖြေ။ ။မျက်စိကတော့ အထူး ဒီပြင်ဆေးတော့မရှိပါဘူး။ ဘုန်းကြီးက လျှပ်စစ်ဓာတ်မီးတွေ ပေါ်ကတည်းက လျှပ်စစ်မီးနဲ့ ည စာမကြည့်ဘူး။ ရှောင်တယ်။ ဖယောင်းတိုင်တုန်းကတော့ ကြည့်ပါတယ်။ ဖယောင်းတိုင်တုန်းက ကြည့်တာတောင် မီးကို အကာလေးနဲ့ကာထားတယ်။ မီးတိုက်ရိုက် မျက်စိ မထိအောင် အဲဒီလိုရှောင်တယ်။ နောက်တစ်ခုက ဘုန်းကြီးတို့ဆရာတော်က အမိန့်ရှိတယ်။ စာတို့ဘာတို့ကြည့်ပြီးရင် မျက်စိထဲကို ရေအေးအေး ခပ်လိုက်တဲ့၊ ကောင်းတယ်တဲ့။ အဲဒီနည်းက တော်တော်ကောင်းတယ်၊ သိသာသွားတယ်။ ည ဥပမာ မလွှဲမကင်းနိုင်လို့ ဖယောင်းတိုင်နဲ့ စာကြည့်ပြီးလို့ရှိရင် ရေနဲ့ မျက်စိမခတ်တော့ဘူး။ တစ်ခါတည်းမျက်နှာသစ်လိုက်တယ်။ ရေများများနဲ့အပူတွေထွက်သွားတယ်။ ပိုသိသာသွားတာက မနက်အိပ်ရာထရင် မျက်စိ ကြည်ကြည်

လင်လင်နဲ့ မျက်စိ အနှောင့်အယှက် မရှိတော့ဘူး။ အဲဒီလို ရှောင်တာ။ ခုထက်ထိ ည စာမကြည့်ဘူး။ သူက မျက်စိစူးတာကိုး။

မေး။ ။ခု တပည့်တော်တို့ သက်တော် ၁၀၀ ကျော်တဲ့အထိ ဆရာတော်ကြီးမှာ ဘာမှနာမည်တပ်ရတဲ့ ရောဂါမျိုး မရှိပါ ့ူး ဘုရား။

ဖြေ။ ။မရှိပါဘူး။ ဘာရောဂါရှိတယ်လို့ ငါလိုနာမည်တပ်ရတဲ့ ရောဂါတော့ မရှိပါဘူး။ ရုံဖန်ရံခါအနေနဲ့ နာစေး ချောင်းဆိုးလေး ဘာလေးဖြစ်၊ ဒီလိုပေါ့။

မေး။ ။တင်ပါ့ဘုရား။ ခုလို ဆရာတော်ကြီးနည်းပေးတာကို တပည့်တော်တို့ အထူးမှတ်သား လိုက်နာပါ့မယ် ဘုရား။

ဖြေ။ ။စစ်ကိုင်းမှာ ဆွမ်းစားနေတုန်း အနားက ဒကာကြီးတစ်ယောက်ထိုင်ကြည့် နေတယ်။ ဘုန်းကြီးဆွမ်းစားပြီးတော့ သူက ပြောတယ်။ အရှင်ဘုရား ဆွမ်းစားတာ နည်းပါလားတဲ့။ ဟုတ်တယ်၊ နည်းတယ်လို့။ ဆွမ်းနည်းတဲ့ အကြောင်းက အကြောင်းရှိတယ်လို့။ ဆွမ်းပြီးတော့ ဒကာတွေက လက်ဖက်ရည်ပွဲကပ်ဦးမှာ၊ ဆွမ်းကိုဝအောင်စားထားရင် လက်ဖက်ရည်ကျ တော့ ဆက်စားတော့ ပိုသွားရော။ ပိုရင် အစာမကြေဘူး။ အစာမကြေရင် အန္တရာယ်ဖြစ်မယ်လို့။ ဒါကြောင့် ဆွမ်းစားတုန်းက ဘုန်းကြီးက လက်ဖက် ရည်ပွဲအတွက် ဆွမ်းလျှော့စားတာလို့။ ဆွမ်းလျှော့စားတော့ လက်ဖက်ရည် ပွဲကျတော့ အဖော်ပဲဖြစ်သွားတယ်လို့။ အဲဒါကြောင့် ဆွမ်းလျှော့စားတဲ့ အကြောင်း အခုလည်း ဆွမ်းကောင်းပေမယ့်လို့ လက်ဖက်ရည် ပွဲရှိသေးတာ ကိုး။ လက်ဖက်ရည်ပွဲအတွက်ဆွမ်းလျှော့စားတာ။ လက်ဖက်ရည်ပွဲအတွက် ချန်ထားတာ။ လက်ဖက်ရည်ပွဲလည်း နည်းနည်းပါးပါးသောက်တော့ မျှသွားရော။ ဒီလို ဆင်ခြင်စားရင် ကျန်းမာရေးပြည့်စုံတာပဲ။

## ရွှေဟင်္သာဆရာတော်ဘုရား ရရှိခဲ့သော ဘွဲ့ထူးဂုဏ်ထူးများ

၁။ ၁၃၁၄ ခုနှစ်တွင် စစ်ကိုင်းတောင် မဟာဂန္ဓာရုံချောင်၌ ကျင်းပသည့် ဆဋ္ဌမ အကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးတွင် ရွှေဟင်္သာ ဆရာတော် ဘုရားကြီးကို 'ဂိုဏ်းလုံးဝန်ဆောင်နာယက'အဖြစ် ရွေးချယ်တင်မြှောက်တော် မူသည်။

၂။ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်နိကာယအစည်းအဝေးကြီးမှ 'ရွှေကျင်နိကာယ ဥပ ဥက္ကဋ္ဌ မဟာနာယက ဒုတိယရွှေကျင်သာသနာပိုင်'အဖြစ်တင်မြှောက်တော်မူသည်။


၃။ ၁၃၂၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်တော်မူသည်။

၄။ ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက 'အဘိဓဇမဟာရဋ္ဌဂုရု' အမြင့်ဆုံးဘွဲ့တံဆိပ် ဆက်ကပ်တော်မူသည်။

၅။ ရွှေကျင်နိကာယ သာသနာပိုင်ဘွဲ့ ဆက်ကပ်တော်မူသည်။

၆။ သာသနာအတွက် အကျိုးများလှသော ကျမ်းပေါင်း ၄၀ ကျော်ပြုစုတော်မူခဲ့သည်။

၁၉၉၂ ခုနှစ်က ရွှေဟင်္သာဆရာတော်ကြီး အမေရိကန်နိုင်ငံသို့ကြွရောက်ရန် အစီအစဉ်ရှိကြောင်း သီတဂူဆရာတော် အရှင်ဉာဏိဿရက စာရေးသူအား အကြောင်းကြားပါသည်။ စာရေးသူ၏ဇနီး ဒေါ်ခင်ဝင်းမြဲက ရွှေဟင်္သာဆရာတော် ဘုရားကြီးထံ ပင့်လျှောက်စာပို့ခဲ့ရာ ဆရာတော်ကြီးက အောက်ပါအတိုင်း စာပြန်ကြားခဲ့ပါသည်။ ဆရာတော်ကြီးကိုယ်တိုင် ရေးသားခဲ့သောစာကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။



ရွှေဟသာ ဆရာတော်ကြီး ယူကေသို့ မကြွရောက်ဖြစ်တော့ကြောင်း သီတဂူဆရာတော် အရှင်ဉာဏိဿရထံမှ ၁၉၉၂ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့က စာရေးသူအား အမေရိကန်နိုင်ငံမှ ပေးပို့သောစာကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

**THERAVADA DHAMMA CENTER**

**VENERABLE ASHIN NYANISSARA** • Dhammacariya •

*May the Dhamma prevail to it's pristine purity*
*May the people follow the path of the Dhamma*

[illegible]

8.7.92 [illegible] 18.7.92 [illegible]


[illegible]

Austin [illegible] (Texas) [illegible] Theravada Dhamma Society of America [illegible] SEC [illegible] SEC [illegible] (Ph.D) [illegible] Management Committee [illegible] Working Committee [illegible] Supreme Executive Committee [illegible] Constitution [illegible] USA [illegible] 10-8-92 [illegible] UK [illegible] UK [illegible]

With Metta,
Yours in the Dhamma

Venerable [signature]
19-7-92

131, Dell Way Drive, Nashville, TN. 37207, U.S.A. Phone: (615) 227-1657



ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ

## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

## ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ

ဆရာတော်လောင်းလျာကို ပျော်ဘွယ်မြို့နယ်၊ ပုတီးကုန်းရွာ၌ အဘ ဦးအေး၊ အမိ ဒေါ်ထွေးတို့မှ ၁၂၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ သောကြာနေ့တွင် ဖွားမြင်ပါသည်။ မွေးချင်းသုံးဦးအနက် အငယ်ဆုံး ဖြစ်သည်။ ငယ်မည်မှာ မောင်ခင် ဖြစ်သည်။ ၁၂၇၁ ခုနှစ် တွင် ပုတီးကုန်းဆရာတော် အရှင်ကဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဖြစ်သည်။ ရွာကျောင်းတွင် အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ မန္တလေး မစိုးရိမ်တိုက်သို့ ပြောင်းရွှေ့ခဲ့ရာ အရှင်အာဒိစ္စဝံသနှင့်တွေ့၍ တပည့်ရင်းချာဖြစ်ခဲ့သည်။ အသက် ၂၀ ပြည့်သောအခါတွင် အရှင်အာဒိစ္စကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ဦးသေဋ္ဌိလ ဖြစ်သည်။

ပထမကျော်အောင်ပန်းကို ဆင်မြန်းခဲ့၍ ခရစ်နှစ် ၁၉၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ကြွ၍ သက္ကတစာပေနှင့် အင်္ဂလိပ်စာပေတို့ကို သင်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ ကြွခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ဆင်းရဲပင်ပန်းခံ၍ ဗုဒ္ဓသာသနာတော်ကို ကမ္ဘာသို့ပြန့်အောင် ဖြန့်ချိခဲ့သည်။ ဥရောပတစ်ခွင်တွင် နှစ်ပေါင်းများစွာ ကျင်လည်၍ တရားဒေသနာတော်ကို ပြန့်ပွားစေခဲ့သည်။ သက်တော် ၈၉ နှစ်ထိ မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ သွားလာကာ သာသနာပြုခဲ့သည်။

နိုင်ငံတော်က ၁၉၅၆ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ၁၉၉၀ ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ ၁၉၉၃ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တို့ကို ဆက်ကပ်ခဲ့သည်။

၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့ နံနက် ၆:၁၀ နာရီတွင် ဘဝနတ်ကျောင်း ရွှေပြောင်းတော်မူခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
## ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ
## သက်တော် ၈၇ နှစ်တွင် တွေ့ဆုံလျှောက်ထားမေးမြန်းခန်း

စာရေးသူငယ်စဉ် တက္ကသိုလ်ကျောင်းသားဘဝကပင် ဆရာတော် ဦးသေဋ္ဌိလနှင့် ရင်းနှီးစွာ တွေ့ဆုံဖူးမြော်ခွင့် ရရှိခဲ့ပါသည်။ ၁၉၅၇ ခုနှစ်တွင် စာရေးသူ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနောက်ဆုံးနှစ် တက်ရောက်စဉ်က ဖြစ်ပါ၏။ စာရေးသူယူခဲ့သော ဘာသာတွဲမှာ အထက်တန်းမြန်မာစာ၊ ပါဠိခေတ်သစ် သမိုင်းဘာသာနှင့် အင်္ဂလိပ်စာတို့ ဖြစ်ပါသည်။ ပါဠိဘာသာသင်တန်းတွင် ဆရာတော်ဦးသေဋ္ဌိလက အဘိဓမ္မာဘာသာရပ်ကို သင်ကြားပို့ချပေးခဲ့ပါသည်။ ဆရာတော်ကြီး၏ ရှင်းလင်းစွာ သင်ကြားပို့ချပေးမှုကြောင့် အလွယ်တကူပင် နားလည်သဘောပေါက်ခဲ့ပါသည်။ ဝိဇ္ဇာ (ဘီအေ) ဘွဲ့ထူးဆွတ်ခူးရာတွင် မြန်မာတစ်နိုင်ငံလုံး ပါဠိဘာသာတွင် စာရေးသူ ပထမရရှိခဲ့သဖြင့် ထိုစဉ်က ဒုတိယဝန်ကြီးချုပ် ဦးသိန်းမောင်၏ ဆုကို ရရှိခဲ့ရာ အခြား ပါဠိဆရာကြီးများနှင့် ဆရာတော်ဦးသေဋ္ဌိလတို့၏ အသင်အပြကောင်းမှုကြောင့်ပင် ဖြစ်ပါသည်။ ဆရာတော်ကြီးနှင့် လေးကြိမ်တိတိ လျှောက်ထားမေးမြန်းခန်းပြုလုပ်ခဲ့ရာ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် တွေ့ဆုံမေးမြန်းခန်း နှစ်ခုမှာ အကြောင်းအမျိုးမျိုးကြောင့် စာရေးသူ၏ လက်ဝယ်တွင် မရှိတော့ပါ။ သို့သော် မည်သည့်အကြောင်းအရာများကို လျှောက်ထားမေးမြန်းခဲ့သည်ဆိုခြင်းကိုတော့ ကောင်းစွာမှတ်မိနေပါသည်။ ပထမဆုံးအကြိမ် လျှောက်ထားမေးမြန်းခန်းကို ၁၉၇၉-၈၀ ခု၊ ပတ်ဝန်းကျင်က ပြုလုပ်ခဲ့ပါသည်။ ရက်စွဲအတိအကျ မမှတ်မိတော့ပါ။ ထို ပထမ တွေ့ဆုံမေးမြန်းခန်းတွင် ဆရာတော်ကြီး ယူကေ ရောက်ရှိလာပုံ တွေ့ကြုံရသောအခက်အခဲများ စသည်တို့ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် သီရိလင်္ကာ၊ အိန္ဒိယစသည့် နိုင်ငံများတွင် အင်္ဂလိပ်စာ အပါအဝင် စာပေများကိုလေ့လာသင်ယူခဲ့ပြီးနောက် ခရစ်နှစ် ၁၉၃၈ ခု၊

ဇွန်လတွင် ဆရာတော်ဦးသေဋ္ဌိလ လန်ဒန်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အင်္ဂလန်အပါအဝင် အနောက်နိုင်ငံများတွင် ဗုဒ္ဓသာသနာပြုရန်ဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် သာသနာပြုလိုပါက အင်္ဂလိပ်စာကို အင်္ဂလိပ်များပြောသလို ရေးသလို ကောင်းစွာတတ်ရန်လိုအပ်ကြောင်း ဆရာတော် သဘောပေါက်သဖြင့် လန်ဒန်မြို့ရှိ ပိုလီတက်ကနစ် ကောလိပ်ကျောင်းတွင် အင်္ဂလိပ်စာကို အထက်တန်းကျကျ သင်ယူလေ့လာခဲ့ပါသည်။ ထိုကဲ့သို့လေ့လာနေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာရာ အင်္ဂလန်တွင်ရှိကြသော မြန်မာပညာတော်သင်များ မြန်မာနိုင်ငံသို့ တဖွဲဖွဲပြန်ကြပါတော့သည်။ ဆရာတော် ဦးသေဋ္ဌိလ၏ ဆရာတော်ဖြစ်သော အရှင်အာဒိစ္စဝံသ ဆရာတော်ကြီးကလည်း ဦးသေဋ္ဌိလအား မြန်မာနိုင်ငံသို့ပြန်နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ သို့သော် ဆရာတော်ဦးသေဋ္ဌိလမှာ မိမိရည်ရွယ်ချက် ပြီးပြည့်စုံခြင်း မရှိမိ ပြန်လိုသောဆန္ဒ မရှိသဖြင့် လန်ဒန်မြို့၌ပင် ဆက်လက်နေထိုင်ခဲ့လေသည်။ စစ်အခြေအနေများဆိုးရွားလာပြီး မြန်မာနိုင်ငံနှင့် လုံးဝအဆက်အသွယ်ပြတ်တောက်သော အခြေအနေသို့ရောက်ခဲ့သောအခါ ဆရာတော်ဦးသေဋ္ဌိလသည် အခက်အခဲများကို ရင်ဆိုင်ရပါတော့သည်။ မိမိလက်ထဲတွင် စားစရိတ် နေစရိတ် လုံးဝပြတ်သည်အထိ ဖြစ်လာတော့သည်။ နောက်ဆုံးတစ်ရက်ဆွမ်းဖိုးပေးပြီးလျှင် ဆွမ်းစားမည့်ပင် ပိုက်ဆံပဲနီမျှ မကျန်တော့သော အခြေအနေဆိုးသို့ ဆိုက်ရောက်ခဲ့ပါတော့သည်။ ဤတွင် ဆရာတော်ကြီး၌ အားကိုးစရာဆို၍ ဘုရား၊ တရား၊ သံဃာနှင့် သစ္စာတရားမှအပ ဘာမှမကျန်တော့ပေ။ ဆွမ်းငတ်မည့်အခြေအနေနှင့် အခန်းခမပေးနိုင်သဖြင့် အိုးအိမ်မဲ့ဘဝရောက်ရမည့်ကိန်းဆိုက်လေပြီ။ ဆရာတော်ကြီးသည် မိမိ၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ယုံကြည်စွာဖြင့် 'ငါသည် သာသနာပြုရန် မှန်ကန်သောရည်ရွယ်ချက်အတွက် ခိုင်မာသော ခွဲလုံ့လဖြင့် ကြိုးပမ်းခဲ့သူဖြစ်သည်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် ကြုံတွေ့နေရသော အခြေအနေဆိုးမှ လွတ်မြောက်ပါစေသား' ဟု သစ္စာအဓိဋ္ဌာန် ပြုလေတော့သည်။

အဓိဋ္ဌာန်ပြုပြီးသောအချိန်တွင် နံနက် ၁၁ နာရီရှိလေပြီ။ ဘာတစ်ခုမျှ ဘုဉ်းပေးစားသုံးရခြင်း မရှိသေး။ အခန်းတွင်း၌ပင် သေချင်သေပေစေတော့ဟု စိတ်ပိုင်းဖြတ်ပြီး ထိုင်လျက်နေစဉ် တံခါးခေါက်သံကြားသဖြင့် ဖွင့်ပေးလိုက်ရာ လမ်းလျှောက်ရင်း တွေ့ဆုံသိကျွမ်းနေသော ခရစ်ယာန် ဘုန်းတော်ကြီး John Coat ဂျွန်ကုတ် ဖြစ်နေသည်ကို တွေ့ရလေသည်။ ဂျွန်ကုတ်က ဆရာတော်အား

အခြေအနေကိုမေးမြန်းရာ ဆရာတော်က သူ ကြုံနေရသော အခြေအနေဆိုးကို မခြွင်းမချန် ပြောပြလိုက်ရာ ဂျွန်ကုတ်က 'ကဲ ကဲ ဒီလိုဆို ကျွန်ုပ်နဲ့လိုက်ခဲ့ပါ'ဟု ခေါ်ပြီး စားသောက်ဆိုင်တစ်ဆိုင်၌ နေ့ဆွမ်းကပ်သဖြင့် ထိုနေ့အဖို့ ဆွမ်းမငတ်တော့ဟု ဆိုပါသည်။ မကြာမီ လန်ဒန်မြို့ပေါ်သို့ ဗုံးများ အဆက်မပြတ် ကြဲချခံရတော့ရာ ခရစ်ယာန်ဘုန်းကြီး ဂျွန်ကုတ်က ဆရာတော်အား Somerset (ဆွန်းမာဆက်)ရှိ ၎င်း၏နေအိမ်သို့ ခေါ်သွားသဖြင့် ဆရာတော်ဦးသေဋ္ဌိလမှာ နေရေး ထိုင်ရေးနှင့် ဝမ်းရေးဆွမ်းရေး ပြေလည်သွားပါတော့သည်။ သစ္စာအဓိဋ္ဌာန်၏ အစွမ်းနှင့် သူတော်ကောင်း နတ်ကောင်းမဆိုသည်မှာ မှန်ပေစွ။ ထိုနောက်ပိုင်းတွင် ဆရာတော်ဦးသေဋ္ဌိလသည် စစ်ဘေးကြုံတွေ့နေသူများ၊ ဒုက္ခရာရနေသူများ စသည်တို့ကို တတ်စွမ်းသမျှ ကယ်ဆယ်ကူညီသော ပါရမီ လုပ်ငန်းကြီးကို ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်ခဲ့သည်ဟု ဆိုပါသည်။ ထိုနောက် သက်ဆိုင်ရာများက အကူအညီတောင်းခဲ့သဖြင့် မြန်မာဘာသာဖြင့် သတင်းများကို လန်ဒန်မှ အသံလွှင့်ပေးခဲ့ရသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးသည် မြန်မာ အင်္ဂလိပ် အဘိဓာန်လုပ်ငန်း၌လည်း မြန်မာစာပါမောက္ခ ဦးလှဖေနှင့် တွဲဖက်လုပ်ဆောင်ခဲ့ရသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးမှာ အင်္ဂလန်တွင် ခက်ခက်ခဲခဲ သီတင်းသုံးနေထိုင်ခဲ့ရသော်လည်း ဝိနည်းသိက္ခာကို ကြိုးစားထိန်းသိမ်းသဖြင့် မိမိအထူးလေးစားကြည်ညိုကြောင်း ပါမောက္ခ ဦးလှဖေက စာရေးသူအား ပြောပြဖူးပါသည်။

ယခု ဤစာအုပ်တွင် ဆရာတော်ကြီးနှင့် ဒုတိယအကြိမ် တွေ့ဆုံမေးမြန်းခန်းမှ စတင်၍ ဖော်ပြပါမည်။ ၁၉၈၂ ခုနှစ်က ဆရာတော်ကြီး ယူကေသို့ ကြွရောက်လာပါသည်။ ထိုစဉ် သီတဂူဆရာတော် အရှင်ဉာဏိဿရနှင့် မြောင်းမြပဓ္ဓောတာရုံတိုက်ယောင်း ဆရာတော်အရှင်ဉာဏိကတို့ ပထမဆုံးအကြိမ် ယူကေသို့ လိုက်ပါလာကြပါသည်။ ထိုစဉ်က လန်ဒန်ပတ်ဝန်းကျင်တွင် မြန်မာဘုန်းကြီးကျောင်း မရှိသေးသဖြင့် ဆရာတော်ကြီး ဦးသေဋ္ဌိလ၏တပည့် မစ်စ်အီဂဲလ်ဒန် နေအိမ်ကို ကျောင်းအဖြစ် သီတင်းသုံးကြပါသည်။ မစ်စ်အီဂဲလ်ဒန်မှာ ဆရာတော်ကြီး ဦးသေဋ္ဌိလ၏ ဟောပြောမှုကြောင့် ဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်ကိုးကွယ်သော အင်္ဂလိပ်မကြီးဖြစ်သည်အားလျော်စွာ ဆရာတော်ကြီးဦးသေဋ္ဌိလနှင့် နောက်ပါ သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ မြောင်းမြပဓ္ဓောတာရုံဆရာတော် အရှင်ဉာဏိကတို့ ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်ရန်အတွက် အာရုံဆွမ်းနှင့် နေ့ဆွမ်းကပ်သည့်အချိန်မှအပ ၎င်း၏အိမ်တွင်မနေဘဲ ဆွေမျိုးတော်သူတစ်ဦး

အိမ်သို့ သွားရောက်နေထိုင်သည်ကို စာရေးသူကိုယ်တိုင်သိရှိတွေ့မြင်ရပါသည်။ ဆရာတော်ကြီးများ သီတင်းသုံးသောကျောင်းမှာ Waltham St. Lawrence ဝါလ်သန်း စိန်လော့ရင့်စ် ဆိုသော ရွာလေးအစွန်ရှိ တိုက်အိမ်ကြီးတစ်လုံး ဖြစ်ပါသည်။ ပတ်ဝန်းကျင်တွင် ဂျုံခင်း၊ ဘာလီခင်းများဖြင့် စိမ်းစိမ်းစိုစို နေချင်စဖွယ်နေရာလေး ဖြစ်ပါသည်။ အေးချမ်းသာယာ တိတ်ဆိတ်သဖြင့် ကျောင်းနှင့်လည်းတူလှပါသည်။ ဤနေရာတွင်ပင် ဆရာတော်ကြီး ဦးသေဋ္ဌိလအား ဒုတိယအကြိမ် တွေ့ဆုံ လျှောက်ထား မေးမြန်းခဲ့ပါသည်။

ဆရာတော်ကြီးဟာ သက္ကျသီဟမွှောစရိယ၊ အစိုးရပထမကျော် စတဲ့ စာမေးပွဲကြီးတွေကို အောင်မြင်ခဲ့တဲ့အပြင် အိန္ဒိယနိုင်ငံမှာလည်း သက္ကတဘာသာ၊ အင်္ဂလိပ်စာ စသည်တို့ကို လေ့လာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကနေ စစ်ကြီး ပြီးတဲ့အထိ အင်္ဂလန်နိုင်ငံမှာ အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာသင်ကြားရင်း သာသနာပြုခဲ့ပါတယ်။ ဆရာတော်ကြီးဟာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းရရှိခဲ့ပြီးဖြစ်ပါတယ်။ မကြာမီက ဆရာတော်ကြီး ဗြိတိန်နိုင်ငံသို့ သာသနာပြု ကြွရောက်လာတာ သိရတာနဲ့ ကျွန်တော်လည်း အသံသွင်းစက်ကို လွယ်ပြီး ဆရာတော်ခေတ္တသီတင်းသုံးရာ ရက်ဒီး မြို့ကြီးအနီးက ဝယ်သန်း စိန်လော့ရင့်စ် ဆိုတဲ့ သာယာလှပတဲ့ရွာကလေးဆီကို ထွက်လာခဲ့ပါတယ်။ ဆရာတော်ကြီးနဲ့ တွေ့ဆုံဖူးမြော်ပြီး အခုလို မေးမြန်းလျှောက်ထားခွင့်လည်း ရရှိခဲ့ပါတယ်။

မေး။ ။ဆရာတော်ကြီး ခုတစ်ခေါက် ဗြိတိန်နိုင်ငံကို ဘယ်လက ရောက်ရှိပါသလဲ ဘုရား။

ဖြေ။ ။ခု လွန်ခဲ့တဲ့ မေလ ၇ ရက်နေ့က ရောက်ရှိပါတယ်။

မေး။ ။ဆရာတော်ကြီး ဒီကြွရောက်လာတဲ့ ရည်ရွယ်ချက်များကိုလည်း အမိန့်ရှိ ပါဦး ဘုရား။

ဖြေ။ ။ရည်ရွယ်ချက်ကတော့ အင်္ဂလန်ပြည်မှာ အဘိဓမ္မာပါဠိဖောင်ဒေးရှင်းဆိုတဲ့ အဖွဲ့ဖွဲ့တာ တော်တော်ကြာပါပြီ။ အဲဒီအဖွဲ့က ဗုဒ္ဓသာသနာ အနည်းဆုံး အင်္ဂလန်ပြည်မှာ ပျံ့နှံ့အောင်၊ အထူးသဖြင့်လည်း တပည့်တော်တို့သင်ဖူး ထားတဲ့ အဘိဓမ္မာဟာ အင်မတန်ကို တပည့်တော်တို့လည်း ကျေးဇူးများ၊ လူအများလည်း ကျေးဇူးများတဲ့အကြောင်း သိရတော့ အဘိဓမ္မာကို အဓိကထားပြီးတော့ အရှင်ဘုရားဟောကြားဖို့ ကြွပါဆိုလို့ ဘုန်းကြီး ကြွလာရခြင်း ဖြစ်ပါတယ်။

မေး။ ။ဆရာတော်ဘုရား ဗြိတိန်နိုင်ငံရောက်စဉ်အတွင်း တပည့်တော်တို့ကို ဘာများ မိန့်စရာရှိပါသေးသလဲ ဘုရား။

ဖြေ။ ။ဒကာနေဝင်းလျှောက်လို့ ဘုန်းကြီးပြောချင်တာကလေးကတော့ ဘုန်းကြီး အခု တည်းခိုနေရတဲ့အိမ်က ကျောင်းရယ်လို့ မဟုတ်ပါဘူး။ အဘိဓမ္မာ ဖောင်ဒေးရှင်းကပိုင်တဲ့အိမ်ကို ခေတ္တယာယီအဖြစ်နဲ့ပေါ့လေ။ အိမ်ကလည်း သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ အဲဒီမှာ အခု တည်းခို နေထိုင်ရပါ တယ်။ မြန်မာဘုန်းကြီးကျောင်းရယ်လို့ ရှိရင်တော့ အလွန်ကောင်းတာ ပေါ့။ အဲဒီကျောင်းကတော့ အလွန်ကို လိုချင်နေတာ တွေ့ရပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော်ကြီး အမိန့်ရှိတဲ့အတိုင်းပဲ တပည့်တော်တို့ လည်းပဲ မြန်မာဘုန်းကြီးကျောင်း ဖြစ်မြောက်ရေးအတွက် ဗုဒ္ဓဘာသာ ဘဏ္ဍာထိန်းအဖွဲ့ဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ် ဘုရား။ အခု တပည့် တော်တို့ ဒီအဖွဲ့ကနေပြီး ဗြိတိန်နိုင်ငံမှာ အလုပ်လုပ်နေကြတဲ့ မြန်မာများ ထံကနေ ပြီးတော့ စေတနာ၊ သဒ္ဓါ တတ်အားသရွေ့ ထည့်ကြပါလို့ ကောက်ခံတာ ငွေ ပေါင်တစ်သောင်းနီးပါးလောက် ရရှိနေပါပြီဘုရား။ သို့သော်လည်းပဲ ဆရာတော်ကြီးသိရှိတော်မူတဲ့အတိုင်း ဘုန်းကြီးကျောင်း တစ်ကျောင်းဖြစ်ဖို့ ဆိုတာ တော်တော်သင့်သင့်ကိုပဲ ပေါင် ငါးသောင်း လောက် ကုန်မှာဆိုတော့ တပည့်တော်တို့ အခု ငါးချိုးတစ်ချိုးလောက်ပဲ ခရီးရောက်ကြသေးတယ်လို့ ပြောရမှာဘုရား။ သို့သော်လည်း ဆက်လက် ပြီးတော့ ကြိုးစားနေတုန်းပါ ဘုရား။

ဖြေ။ ။ဒကာနေဝင်း လျှောက်ထားတာ ဘုန်းကြီးကြားရတော့ ဒီမှာရှိတဲ့ ဗုဒ္ဓ ဘာသာတွေက ဒီလောက်တောင် စထားမှန်းသိတော့ ဘုန်းကြီးက အလွန် ဝမ်းသာပါတယ်။ မြန်မြန်အထမြောက်လိမ့်မယ်လို့ ဘုန်းကြီးမျှော်လင့် ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု ကြည့်စမ်း၊ သီဟိုဠ်ဘုန်းကြီးကျောင်း၊ ဒီမှာရှိတဲ့ သီဟိုဠ်တွေက စုပေါင်းထောက်ပံ့ထားလို့ သီဟိုဠ်သံဃာတွေနဲ့ သာသနာပြုလျက်ရှိပါတယ်။ ယိုးဒယား (ထိုင်း)ကလည်း အစိုးရစီမံကိန်းနဲ့ ကျောင်းကြီးကို ဆောက်ပြီးတော့ သံဃာတွေနဲ့ သာသနာပြုလျက်ရှိနေ တာကို တွေ့ရပါတယ်ဆိုတော့ ဗုဒ္ဓဘာသာနာမည်အကြီးဆုံးဖြစ်နေတဲ့ မြန်မာပြည်ကတော့ ကျောင်းမရှိသေးတာဖြစ်နေတော့ ကျောင်းရှိဖို့လိုနေ သေးတဲ့အကြောင်း ဒကာနေဝင်းတို့ သိရုံတင်မကဘူး၊ စတောင် စနေတော့

ဘုန်းကြီးတို့ အလွန်ဝမ်းသာပါတယ်။ မြန်မြန် ဖြစ်မြောက်အောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သနေပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ တပည့်တော်တို့လည်း ကြိုးစားလျက်ရှိပါတယ် ဘုရား။ ဆရာတော် တပည့်တော်တို့ကို တရားတော်နဲ့ပတ်သက်လို့ ဘာများ အထူး အမိန့်ရှိလိုပါသေးလဲ ဘုရား။

ဖြေ။ ။အထူးသဖြင့်တော့ ဘုန်းကြီးရည်မှန်းချက်ရှိတာကတော့ သုတ္တန်တရားတော်တွေ အလွန်ကောင်း၊ ဘုန်းကြီးလည်း ဟောနေပါတယ်။ ခုနပြောတဲ့ ဖောင်ဒေးရှင်းကလည်း အဘိဓမ္မာအဓိကထားပြီးတော့ ပင့်ထားတာဖြစ်တော့ အဘိဓမ္မာကိုပဲဟော၊ သုတ္တန်တရားတော်ကိုလည်း အခြားအခြား ပင့်တဲ့နေရာတွေမှာဟော။ အဘိဓမ္မာကိုတော့ဖြင့် သင်တန်းဖွင့်ပြီးသင်ဖို့ စိစဉ်ထားပါတယ်။ ဘာဖြစ်လို့ အဘိဓမ္မာကိုဦးစားပေးပြီးတော့ သင်တန်း ရယ်လို့ ပေးရသလဲဆိုတော့ အခုခေတ်က ကြီးပွားထွန်းကားနေတဲ့ ဆိုင်းယင့်စ်ခေါ် သိပ္ပံပညာရပ်ကို အမှီပြုပြီးတော့ ကမ္ဘာ့အရပ်ရပ်မှာလူအများ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေးစသော ဆိုင်ရာတွေဘက်မှာ ကြီးပွားချမ်းသာလျက် ရှိနေတာကြောင့် သိပ္ပံပညာကို လူမျိုးမရွေး၊ ဘာသာမရွေး လူအများ လေ့လာသင်ကြား လိုက်စားနေတာကို အများသိပြီးဖြစ်ပါတယ်။

မေး။ ။တင်ပါ့ဘုရား။

ဖြေ။ ။အဲသလို ရုပ်ဘက်ဆိုင်ရာ ကြီးပွားထွန်းကားခြင်း ရှိပင်ရှိသော်လည်းပဲ စိတ်ဘက်ဆိုင်ရာကတော့ ကြီးပွားထွန်းကားခြင်း မရှိဘဲ ဆင်းရဲဒုက္ခ၏ အကြောင်းရင်းခံဖြစ်တဲ့ ကိုယ်ကျိုးရှာလောဘ၊ မလိုမုန်းထားတဲ့ဒေါသ၊ အမှား အမှန်ကို မမြင်၊ ထင်ရာလုပ်တတ်တဲ့ မောဟများသာ တိုးပွားပြီး တော့ စိတ်ဒုက္ခရောက်လျက် စိတ်ချမ်းသာမှုဘက်က လိုနေပါတယ်။

မေး။ ။တင်ပါ့ဘုရား။

ဖြေ။ ။ရုပ်နဲ့နာမ်ဟာ အပြန်အလှန် အမှီသဟဲ ကျေးဇူးပြုတဲ့အတွက်ကြောင့် ရုပ်ဘက် စိတ်ဘက် နှစ်ဖက်စလုံး ကြီးပွားချမ်းသာမှသာ ကာယစိတ္တ နှစ်ဝ ပြည့်စုံတဲ့ ကမ္ဘာ့လောကကြီးဖြစ်နိုင်မှာ ဖြစ်ပါတယ်။ အခုအခါ ရုပ်ဘက် ဆိုင်ရာ သိပ္ပံပညာကြောင့် ရုပ်ဘက်ဆိုင်ရာလောက်သာ ကြီးပွားချမ်းသာ ပြီးတော့ စိတ်ဘက်ဆိုင်ရာ ချမ်းသာပေးနိုင်မယ့် စိတ်ဘက်ဆိုင်ရာ သိပ္ပံပညာ လိုနေတာကို အားလုံးသိကြပါလိမ့်မယ်။

မေး။ ။တင်ပါ့ဘုရား၊ တင်ပါ့ဘုရား။

ဖြေ။ ။အဘိဓမ္မာဟာ စိတ်အကြောင်းကို အကြွင်းအကျန်မရှိ ကောင်းစွာရှင်းလင်း ပြဆိုထားတဲ့အတွက် စိတ်ဘက်ဆိုင်ရာ ချမ်းသာသုခကို အမှန်ပေးနိုင်မယ့် မင်တယ်ဆိုင်းယင့်စ်ခေါ် စိတ်ပိုင်းဆိုင်ရာ ပညာကြီးဖြစ်ပါတယ်။

မေး။ ။တင်ပါ့ဘုရား။

ဖြေ။ ။ဒါကြောင့် အဘိဓမ္မာကိုသင်ကြားလေ့လာပြီးတော့ စိတ်ဘက်ဆိုင်ရာ ချမ်းသာသုခ ရနိုင်ပုံ လူအများသိရှိနားလည်ကြပြီးတော့ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာကို လူမျိုးမရွေး၊ ဘာသာမရွေး လူအများသင်ကြားလေ့လာ ကြသလို စိတ်ပိုင်းဆိုင်ရာပညာဖြစ်တဲ့ အဘိဓမ္မာကိုလည်းပဲ လူမျိုးမရွေး ဘာသာမရွေး သိပ္ပံပညာဖြစ်တဲ့ လူအများ သင်ကြားလေ့လာပါလိမ့်မယ်။ အဲဒီအခါကျမှ အဘိဓမ္မာသာသနာတော်ဟာ ကမ္ဘာနဲ့ပြန့်ပွားလာမှာ ဖြစ်တဲ့အကြောင်း အားလုံး သဘောပေါက်ကြပါလိမ့်မယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော် ဒီမှာကော တရားပွဲတွေ ဘယ်လို စီစဉ်ပါ သလဲ ဘုရား။

ဖြေ။ ။အဲ၊ တရားပွဲတွေကတော့ အပြင်တရားပွဲတွေက လာလာပင့်တဲ့အခါ ဘုန်းကြီးတို့လည်း ဘယ်တော့မှ မရွေးဘဲ၊ မငြင်းပယ်ဘဲ ရည်ရွယ်ချက် ကလည်း သာသနာပြန့်ပွားအောင် ရွက်ဆောင်မယ်ဆိုတဲ့အတိုင်း တရားပွဲ တိုင်း လက်ခံပြီး လာလာစုံစမ်း မေးမြန်းသူတွေကိုလည်း ဖြေကြား ရှင်း သုတ္တန်တရားတွေကတော့ မကြာမကြာ ဟော၊ အဘိဓမ္မာကိုတော့ ခုန ပြောတဲ့ အတိုင်း ဦးစားပေးပြီး သင်တန်းကိုဖွင့်ပြီးတော့ ဇွန်လ ၂၈ ရက် နေ့က စပြီးတော့ သင်ကြားဖို့ စီစဉ်ထားပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ ကောင်းပါတယ် ဘုရား။ ဆရာတော်ဘုရား သက်တော် ဘယ်လောက်ရှိပြီလဲ ဘုရား။

ဖြေ။ ။သက်တော်ကတော့ ဘုန်းကြီးတို့အသက်ကတော့ ဒကာနေဝင်းရေ၊ ဘိုးအေ ဖြစ်နေပြီ။ တချို့ မြန်မာပြည်ကတောင်ပြောကြတယ်။ အရှင် ဘုရား၊ ဒီအရွယ်ကြီးနဲ့များ နိုင်ငံခြားကြွနိုင်သေးသလားဆိုတော့ ဘုန်းကြီး ကတော့ မြန်မာပြည်မှာတော့ ဘိုးအေကြီးပဲ။ ဟိုနိုင်ငံက ပင့်ကြတဲ့ လူများ ကတော့ အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း ၈၇ နှစ်၊ ဘယ်ကြီးသေးလို့လဲ ဘုရား၊ ၁၀၀ မှ မပြည့်သေးပဲ၊ ၁၀၀ မပြည့်မချင်း ဘုရား တပည့်တော်တို့

ပင့်နေမှာပဲ၊ အရှင်ဘုရား ကြွနိုင်ပါ့မလားဆိုတော့ ဟာ ကြွနိုင်တာပေါ့၊ သာသနာပြုအလုပ်ဆိုတာ ဘုန်းကြီးအလုပ်ပဲ၊ ဘယ်လောက်ကြာအောင် ဖြစ်ဖြစ် အသက်ရှင်သမျှကာလပတ်လုံးတော့ ဖြင့်ပေါ့လေ။ သာသနာ ပြုခွင့် ရတိုင်း ရတိုင်း သာသနာပြုဖို့ရာ အသင့်ပါပဲ ဒကာနေဝင်း။

မေး။ ။တင်ပါ့ဘုရား၊ ကောင်းပါတယ် ဘုရား။ ယခုလိုကြားရတာ တပည့်တော်တို့ အင်မတန်ဝမ်းမြောက်မိကြောင်း၊ သာဓုခေါ်မိကြောင်း လျှောက်ထားပါရစေ ဘုရား။

## အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

## ဆရာတော်ဘုရားကြီး ဦးသေဋ္ဌိလ

## သက်တော် ၉၂ နှစ်တွင် တွေ့ဆုံလျှောက်ထားမေးမြန်းခန်း

၁၉၈၇ ခု၊ ဒီဇင်ဘာလကနေ ၁၉၈၈ ခု၊ ဇန်နဝါရီလ ကုန်ခါနီးအထိ ကျွန်တော် မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပါတယ်။ အဲဒီလို ရောက်ရှိခဲ့တုန်းမှာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး အရှင်သေဋ္ဌိလနဲ့ တွေ့ဆုံပြီး ကျွန်တော် ခုလို စတင်မေးမြန်းလျှောက်ထားခဲ့ပါတယ် ခင်ဗျာ။

မေး။ ။ဆရာတော် ဘုရား၊ ဘယ်ဇာတိပါလဲ ဘုရား။

ဖြေ။ ။မြေလတ်ပိုင်းခေါ်တာပေါ့။ မန္တလေးလမ်း၊ ပျော်ဘွယ်မြို့ဇာတိဖြစ်ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ အခု သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။အသက် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါ ရှိပါပြီ။

မေး။ ။ဆရာတော်ဘုရား၊ အသက် ၉၂ နှစ်သာဆိုရတယ် ဆရာတော်ဘုရား ကြည့်ရတာ ယခုထက်ထိ သွားတုန်း လာတုန်း၊ တရားဟောတုန်း တရားပြတုန်း၊ အကြောင်းသင့်တဲ့အခါမှာ နိုင်ငံခြားထိထွက်ပြီး သာသနာပြုတုန်း ဒီလိုတွေ့ရပါတယ် ဘုရား။ အဲဒီတော့ ဆရာတော်ဘုရား သက်တော် ၉၀ ကျော်အထိ အခုလို သန်သန်မာမာနေနိုင်တဲ့ နည်းစနစ်ကလေး တပည့်တော်တို့ကို အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။နည်းစနစ်ကတော့ သူများတွေက မေးကြပါတယ်။ ဘယ်ဆေးတွေ၊ ဘယ်ဝါးတွေ မှီဝဲသလဲဆိုတော့ ဘုန်းကြီးတို့ကတော့ ဘုရားဟောတဲ့ စိတ်ကို စင်ကြယ်အောင်ထား၊ စိတ်ကိုအေးအေးထား၊ အသက်ရှည်ခြင်း အကြောင်း

ထဲမှာ စိတ်ဟာ အလွန်ပဓာနဖြစ်ပါတယ်။ အဲဒါကြောင့် စိတ်ကိုအေးအေးထား။ ဘယ်လိုပြဿနာနဲ့တွေ့တွေ့ ဖြုန်းခနဲ စိတ်ညစ်တဲ့ လက္ခဏာလေးပေါ်လာရင် ချက်ချင်းသတိရပြီးတော့ စိတ်ကို အေးအေး ထားလေ့ရှိပါတယ်။ အဲဒီလို စိတ်အေးအေးထားတော့ အကုန်လုံးတော့ ဘယ်ခါမဆိုရသလားဆိုတော့ တစ်ခါ တစ်ခါတော့ ပုထုဇဉ်အဖြစ်က မကုန်သေးတော့ ဖြုန်းခနဲဖြစ်လာရင် မြန်နိုင်သမျှ မြန်မြန် သတိထားပြီးတော့ စိတ်ကိုအေးအေးထားပါတယ်။ အဲလို စိတ်ကို အေးအေးထားတော့ ဘုန်းကြီးတို့ပြောနေကျအတိုင်းပဲ စိမ့်စမ်းထဲမှာရှိတဲ့ သစ်ပင်ကြီးများဟာ အစွမ်းရှိသမျှမိုးထိုးပြီးတော့ စည်စည်ကားကားကြီးရှိသလို စိတ်အေးအေး ထားမယ်ဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ ရုပ်လည်းကြည်လင်ရမယ်၊ အသက်လည်းရှည်ရမယ်၊ ကျန်းကျန်းမာမာလည်း ရှိရမယ်။

ပြီးတော့ အဲဒါနဲ့ ပြောင်းပြန် စိတ်အေးအေးမထားရင်၊ စိတ်ပူရင် စိတ်ပူတာ ဒေါမနဿခေါ်တာပေါ့။ ဒေါမနဿ အကုသိုလ်မီးလောင်ရင် ဘာနဲ့တူသလဲဆိုရင် ဘုန်းကြီးတို့ ဟိုမိုးခေါင်ရေရှားအရပ်မှာ ရေကန်နဲ့ နဂိုကလည်း ဝေးနေ၊ မိုးကလည်း ခေါင်ပြန်၊ နေကလည်းပူပြန်တော့ အဲဒီအရပ်မှာ ပေါက်တဲ့ အပင်များဟာ လှိုပြီးတော့ ဆူးပင်တွေလောက်ပဲ ဖြစ်နေတယ်။ ဘာဖြလို့တုန်း ပူလို့။ အဲဒီလိုပဲ လူများဟာလည်း အပူတွေ၊ အပူက ဒီပြင် အပူ မဟုတ်ဘူး၊ စိတ်ပူ စိတ်ပူ။ ဘာလို့စိတ်ပူတုန်း၊ စိတ်ပူတာက ပထမ မဟုတ်ဘူး။ မပူခင်ဘာဖြစ်တုန်း။ လောဘ၊ လိုချင်တယ် လိုချင်တယ်။ သူကလည်း မီးပဲ။ အဲဒီ လိုချင်တဲ့မီးဟာ လောဘ။ ဒီလိုဖြစ်မှန်း မသိတာ မောဟ၊ အဲဒီ မီးသုံးခုက လောင်နေတော့ ခုနပြောတဲ့ ကုန်းခေါင်ရေရှားအရပ်မှာပေါက်တဲ့ သစ်ပင်များလို အမြဲလှိုပြီးတော့ အမြဲပူလောင်နေတော့ ရောဂါလာတော့မှာပဲ။ အဲဒါကို ဘုန်းကြီးတို့က အမြဲသတိထားပါတယ်။

မေး။ ။တပည့်တော်တို့ ဆရာတော်သင်ကြားခဲ့တဲ့ ကျောင်းတိုက်၊ ဆရာတော်များနဲ့ အောင်မြင်ခဲ့တဲ့ စာမေးပွဲများကို အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ စပြီးတော့ မည်မည်ရရသင်တာကတော့ မန္တလေးမြို့ မစိုးရိမ်တိုက်ကြီးကို စတည်ထောင်ခဲ့တဲ့ ဆရာတော်ကြီးဆီမှာ တော်တော်ပဲ သင်ခဲ့ပါတယ်။ ပြီးတော့ နောက်စာမေးပွဲဆိုင်ရာ အဌကထာ၊ ဋီကာမှာ နာမည်ကြီးခဲ့တဲ့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဆီမှာလည်း

အဌ ကထာ၊ ဋီကာတို့သင်ခဲ့ပါတယ်။ နောက် သဒ္ဒါဘက်က နာမည်ကြီးခဲ့တဲ့ ဘုရားကြီးတိုက်ဆိုတဲ့ ဥစ္စာသင်တန်း တစ်ခုတစ်ခုမှာ နေ့စဉ် နေ့စဉ် သံဃာ ၁၀၀၀ ကျော်ဆိုတာ ယုံမှာမဟုတ်ဘူး။ အဲဒီ ဆရာတော်ကြီးဆီမှာလည်း တော်တော်လေး သင်ခဲ့ဖူးပါတယ်။

နောက် စည်းကမ်းဥပဒေ အလွန်ကျပ်တည်းတဲ့ ရန်ကုန်မြို့ အာဒိစ္စဝံသ ကျောင်းတိုက် ဆရာတော်ကြီးထံမှာ နိကာယ်အကုန်၊ ပိဋကတ်သုံးပုံအကုန်လောက် သင်ခဲ့ပါတယ်။ ပြီးတော့ အချောကိုင်အနေနဲ့ ဆရာကြီးအာဒိစ္စဝံသရဲ့ဆရာ လောကီ လောကုတ္တရာ ဗဟုသုတ ကျမ်းဂန်အရာမှာအလွန်နက်နက်နဲနဲ နှံ့စပ်ရုံတင်မကဘူး၊ နက်နက်နဲနဲ သဘောပေါက်တဲ့ဆရာတော်ကြီး။ ရန်ကုန်မြို့၊ ကျောင်းတော်ရာ မှန်ကျောင်း ဆရာတော်ဦးဉာဏိန္ဒဆိုတာ ဋီကာကျော်ရေးတဲ့ ဆရာတော်ကြီးပါ။ အဲဒီ ဆရာကြီးဆီမှာ ဋီကာကျော် အချောကိုင်သင်ခဲ့ပါတယ်။ အဲဒီလို သင်ခဲ့တဲ့အတွက်ကြောင့် စာမေးပွဲများမှာပေါ့လေ၊ ဟိုအခါတုန်းက နာမည်ကြီးဆုံး စာပြန်ပွဲဟာ အစိုးရကလုပ်တဲ့စာပြန်ပွဲ။ အဲဒီစာပြန်ပွဲမှာ အသက် ၂၁နှစ်၊ ရဟန်းဖြစ်ပြီးပြီးချင်း ပထမကျော်အောင်ခဲ့ပါတယ်။ ပထမကျော် ဟိုတုန်းကတော့ အလွန်ရှားပါးလို့ တချို့များ လာတောင် ကြည့်ရတဲ့ အခြေအနေရောက်အောင်ပေါ့လေ။ နာမည်ကြီးခဲ့တဲ့ ပထမကျော် အောင်ပါတယ်။

နောက် ရန်ကုန်မှာလုပ်တဲ့ စေတီယင်္ဂဏစာပြန်ပွဲ၊ နောက်ဒီထက်နာမည်ကြီးတဲ့ ဘုန်းကြီးထံမှာတော့ အခက်ဆုံးစာပြန်ပွဲဆိုတဲ့ မန္တလေး သကျသီဟ စာပြန်ပွဲမှာ ဓမ္မာစရိယအောင်ခဲ့ပါတယ်။ နောက်တော့ အင်္ဂလိပ်စာသင်ရင်းနဲ့ပေါ့လေ။ အိန္ဒိယမှာ ကမ္ဘာကျော်ကဗျာဆရာကြီး ဒေါက်တာတဂိုးက သန္တိနိကေတန်ဆိုတဲ့နေရာမှာ ယူနိဗာစတီဖွင့်ပြီး အဲဒီကျောင်းမှာ အင်္ဂလိပ်စာနဲ့ သက္ကတဘာသာအထူး သင်ခဲ့ပါတယ်။ သင်တဲ့အပိုင်းမှာတော့ နောက်ဆုံးပိတ် အင်္ဂလန်ပြည် လန်ဒန်မြို့ရောက်တဲ့အခါမှာလည်း အင်္ဂလိပ်သံပါအောင်၊ ပီအောင်၊ ကျနအောင်ဆိုပြီးတော့ ပိုလီ တက္ကနစ်ကောလိပ်မှာ အထက်တန်းအင်္ဂလိပ်စာသင်ပြီး ဘုန်းကြီးတို့အဲဒီမှာ ဒီပလိုမာဘီအေနဲ့ ညီမျှတဲ့ အပြောအရာမှာ အဓိကပေါ့လေ။ အပြောနဲ့ အရေးနေရာမှာ ဒီပလိုမာရခဲ့ပါတယ်။ ဒါ ပညာသင်တဲ့အပိုင်းပေါ့လေ။

မေး။ ။ဆရာတော်ဘုရား။ တပည့်တော်တို့ အဲသလို အင်္ဂလိပ်စာသင်ကြားပြီးတဲ့နောက် အင်္ဂလန်နိုင်ငံမှာ တရားဟောပြောပြသ ဆုံးမတဲ့အတွက် အထူးသဖြင့် အဘိဓမ္မာတရားပေါ့လေ။ ဆရာတော်မှာ တပည့်တွေ အတော်များများ ပေါ်ပေါက်လာတယ်လို့ သိရပါတယ်။ သာသနာပြုတဲ့ နေရာမှာလည်း ထိုက်တန်သလောက်စွမ်းဆောင်နိုင်တယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အတိုချုပ်မျှ အမိန့်ရှိပါ ဘုရား။

ဖြေ။ ။လန်ဒန်ရောက်တော့ စစ်ကလည်းဖြစ်နေသဖြင့် မဟောရ။ စစ်ပြီးခါနီးဟောတော့ အလွန် အောင်မြင်ပါတယ်။ ဘာတွေသင်ရသတုံးဆိုတော့ တရားဟောရုံဟောတာနဲ့ ခရီးမရောက်ဘူး။ ဘာပြုတုံးဆိုတော့ ဟိုအရပ်မှာ နည်းနည်း၊ ဒီအရပ်မှာ နည်းနည်းဆိုတော့ တစ်ပိုင်းတစ်စစီကြားရတော့ မနဲ့စပ်တော့ လုပ်တဲ့ကျေးဇူး သိပ်မထင်ရှားဘူး။ နောက်တော့ သင်တန်း၊ ပရိယတ္တိပါမှဖြစ်မယ်ဆိုပြီး ပရိယတ္တိမှာလည်း နိုင်ငံခြားသားများနဲ့ အတော်ဆုံး။ သိပ္ပံပညာထွန်းကားတဲ့တိုင်းပြည်မှာ အတော်ဆုံး ပထမဆုံးကတော့ သုတ္တန်တရားတွေ ဟောပါတယ်။ သုတ္တန်တရားတွေဟောတော့ အရှင်ဘုရား၊ ဒီစာတွေဟာ လူတိုင်းနားလည်တဲ့ စကားတွေ ဖြစ်ပါတယ်ဘုရား၊ ကိုယ်ကျင့်တရားတွေဆိုတာလည်း တပည့်တော်တို့မှာလည်း ရှိသင့်သလောက် ရှိပါတယ်၊ ဒီထက်နက်နဲတဲ့ တရားများရှိသေးလို့ရှိရင်လည်း တပည့်တော်တို့ကို သင်ကြားပါဘုရား ဆိုတော့ နက်နဲတဲ့စာကတော့ မပြောနဲ့တော့၊ ဗုဒ္ဓဘာသာဖြစ်နေတဲ့ တိုင်းပြည်မှာတောင် အလွန်နာမည်ကြီး၊ ဘာနာမည်ကြီးလဲဆိုတော့ ခက်တယ်ဆိုတဲ့နာမည်ကြီးတော့ ဘုန်းကြီးတော့ မပြရဲဘူး ဆိုတော့ ဟာ၊ ကိစ္စမရှိပါဘူး၊ ဘုရားတပည့်တော်တို့ သိပ္ပံပညာ လေ့လာလိုက်စားတဲ့ ပုဂ္ဂိုလ်တွေပါဘုရား၊ ဘယ်လောက်ခက်ခက် တပည့်တော်တို့ နားလည်နိုင်ပါတယ်ဘုရား၊ ဟောပါလို့ဆိုတော့မှဘုန်းကြီးက အဘိဓမ္မာ စပြပါတယ်။ အဘိဓမ္မာ စပြတော့ စလိုက်တဲ့နေ့ကစပြီးတော့ ငြင်းတော့ တာပါပဲ။ စကားလုံးတိုင်း စကားလုံးတိုင်းလို ငြင်းတယ်။ ပြီးတော့ သင်္ဂြိုဟ်နိဒါန်း ပထမပိုင်း ပမာဏမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပထမဆုံး အတုလံ အတုမရှိဆိုတာ အဲဒါက စငြင်းပါတယ်၊ အဲဒီလို ငြင်းတော့ ဒီလိုတော့ မဖြစ်ဘူးပေါ့လေ။ ဒီလို ငြင်းတော့ တရားဟောရုံနဲ့ မရဘူး။ ကျမ်းဂန်ကို ဆက်စပ်ပြီးသွားအောင် တစ်ကျမ်းတစ်ဖွဲ့ အနည်းဆုံး

အဘိဓမ္မာသင်္ဂြိုဟ်လောက်တော့ နားလည်မှ ဖြစ်မယ်ဆိုပြီးတော့ ပြတော့ နေ့တိုင်း နေ့တိုင်း ငြင်းရင်း ငြင်းရင်းနဲ့ ပေါ့လေ။ သင်္ဂြိုဟ်အဖျားပိုင်း ရောက်လေ အငြင်းနည်းသွားလေလေ။ နောက်သင်္ဂြိုဟ်လည်း ကုန်ပြီးရော ဘုန်းကြီးက စာမေးပွဲစစ်ဆေးပါတယ်။ သင်ပြီးတဲ့ဟာတွေပေါ့လေ။ အင်္ဂလိပ်တွေကို စာမေးပွဲစစ်တာ အောင်ကြပါတယ်။

အဲဒီ အဘိဓမ္မာသင်္ဂြိုဟ် ကုန်သွားတဲ့အခါကျမှ သဘောပေါက်ပြီး အငြင်းသက်သာသွားပြီးတော့ တပည့်တော်တို့ကို ဘုရား၊ ဗုဒ္ဓဘာသာ ဘုန်းကြီးကို သူတို့ မေးကြပါတယ်။ အရှင်ဘုရား အင်္ဂလန်ကြွလာတဲ့ဥစ္စာ မစ်ရှင်နရီဆိုတာဟာ သာသနာပြုပေါ့။ သာသနာပြုဟာ သူများတိုင်းပြည် က သူများဘာသာတွေပြောင်းပြီးတော့ ကိုယ့်ဘာသာထဲဝင်အောင် အရှင် ဘုရား မစ်ရှင်နရီပါလားတဲ့။ မစ်ရှင်နရီမဟုတ်ပါဘူးလို့။ ဘုရားရဲ့တပည့် သား ရိုးရိုးလေးပါလို့။ ရိုးရိုးလေး၊ ပထမဘာလုပ်သလဲဆိုရင် ကျမ်းဂန် တွေကို ပရိယတ္တိ ပထမသင်ကြားရမယ်လို့။ ကျင့်တာလေးလည်း ဟောပါ ဆိုတော့ ကျင့်တာသက်သက်ဟောလို့မဖြစ်ဘူးလို့ ဘာတွေကျင့်ရမယ် ပေါ့လေ။ ကမ္မဋ္ဌာန်း မဒီတေးရှင်း၊ ဟိုတစ်ခါတုန်းကတည်းက အတော်ပဲ နာမည်ကြီးပါတယ်။ ဟာ၊ မဒီတေးရှင်း မလုပ်နဲ့ဦးလို့။ ဘာမှမသိဘဲနဲ့ သီအိုရမ်ပရိက်တစ်လုပ်တယ်ဆိုတာ အင်္ဂလိပ်စကားမှာရှိတယ်။ ပထမ ဦးဆုံး သီအိုရမ်မှ နားမလည်ဘဲနဲ့ ပရိက်တစ်သွားလုပ်တော့ ဥပမာအားဖြင့် မော်တော်ကားကြီးတက်မောင်းကွာဆိုတော့ မောင်းပေါ့။ စီယာတိုင် ကိုင်ပုံ လေးမှ မသိဘဲနဲ့၊ ထိုင်ပုံလေးမှ မသိဘဲနဲ့၊ ဘရိတ်ကိုဘယ်လိုအုပ်ရမယ်၊ ဘယ်လိုဖွင့်ရမယ် မသိဘဲနဲ့ တက်ပြီးတော့ မောင်းမယ်ဆိုရင်တော့ ဟိုတိုက် ဒီတိုက် ဒုက္ခဖြစ်မှာပဲ။ အဲသလိုပဲ ကမ္မဋ္ဌာန်းအားမထုတ်ခင် ကမ္မဋ္ဌာန်း နည်းနည်းလေး အဓိကမထားနဲ့ဦး။ ကမ္မဋ္ဌာန်းဆိုတာ ဘာလဲ ဆိုတာ ကောင်းကောင်း သင်္ဂြိုဟ်ကျမ်းထဲမှာ ကမ္မဋ္ဌာန်းခန်းကြီးသက်သက် ခမ်းခမ်း နားနား ပါပါတယ်။ ဒါကြောင့် အဘိဓမ္မာသင်ကြပါဦးလို့။ သင်တော့ ပထမတော့ငြင်းပြီး၊ တဖြည်းဖြည်း ဟာ၊ ဒါပဲ တပည့်တော်တို့ ရှာနေ တာပဲ ဘုရား ဆိုပြီးတော့ပေါ့လေ။ အဲဒီမှာ အဘိဓမ္မာစာမေးပွဲတွေ အောင်ပြီးတော့ ကမ္မဋ္ဌာန်းပိုင်း၊ ကမ္မဋ္ဌာန်းဘာကြောင့်ထိုင်ရသလဲဆိုတာ ပေါ့လေ။ စပြီးတော့ ပြတယ်။ အဘိဓမ္မာမှာပါတဲ့နည်းအတိုင်း သုတ္တန်မှာ

ပါတဲ့ သတိပဋ္ဌာန်တရားတော် နားလည်အောင်လုပ်ပြီးတော့ သတိပဋ္ဌာန် တရားတော်အရပေါ့လေ။ ကမ္မဋ္ဌာန်းပြပါတယ်၊ အဲဒီကျတော့မှ ပရိယတ္တိ ကလဲစုံ၊ ပဋိပတ္တိကလည်း ပါလာတော့မှ ဗုဒ္ဓဘာသာဖြစ်၊ အဲသလိုမှ ဗုဒ္ဓဘာသာအစစ်ဖြစ်တယ်ဆိုတာ ဘုန်းကြီးသဘောပေါက်ပါတယ်။ တရား ဟောရုံနဲ့တော့ မြန်မာပြည်မှာကတော့ မိရိုးဖလာအတိုင်းသိပြီးသားဆိုတော့ တရားဟောလို့ရတယ်။ အနောက်နိုင်ငံမှာ တရားဟောရုံနဲ့ မရဘူး။ တရားဟောတော့ သဘောလေးနဲ့ဆိုရင် ဘာဟောလိုက်မှန်းမသိဘူး။ ဟာ၊ ဒါလေးကောင်းသားပဲဆိုတော့ မဆက်စပ်မိဘူး။ ဒါကြောင့် ဘုန်းကြီး အနောက်နိုင်ငံရောက်တဲ့ ပုဂ္ဂိုလ်များ၊ မရောက်သေးတဲ့ ပုဂ္ဂိုလ်များကို လည်းပေါ့လေ။ အဲဒါ ပရိယတ္တိကိုတော့ လက်မလွှတ်ပါနဲ့ ဆိုပြီးတော့ ပရိယတ္တိကိုသင်တယ်။ ပဋိပတ်အကျင့်လည်း လက်တွေ့ပြတယ်။ အဲဒါမှ ဗုဒ္ဓဘာသာဖြစ်လာမယ်ဆိုပြီးတော့ နိုင်ငံခြားသာသနာပြုဖြစ်တဲ့ အခါကျ တော့ ကိုယ့်မြန်မာတွေ ဗုဒ္ဓဘာသာဖြစ်ပြီးသားတွေ ထပ်ပြီး ဟောနေ တော့လည်း သာသနာပြုမခေါ်ချင်ဘူး။

ဘုန်းကြီး ပြောလေ့ရှိပါတယ်။ ဗုဒ္ဓဘာသာမဖြစ်သေးတဲ့ပုဂ္ဂိုလ် အင်္ဂလန်သွားတယ်ဆိုရင်လည်း အင်္ဂလိပ်တွေကိုပဲ ဗုဒ္ဓဘာသာ သူတို့နဲ့ တော်တဲ့ အဆင့်အတန်း၊ သူတို့ နားလည်နိုင်တဲ့ လယ်ဗယ်၊ အန်ဒါစတင်း ဒင်း သူတို့အခြေအနေကြည့်ပြီးတော့ပေါ့လေ။ ဒီလိုကြည့်ပြီး ဟောပြန် တော့လည်း ဒီလိုနဲ့မရဘူး။ ဟိုမှာ သွားမနေဘဲကို မရဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကျတော့ ဝေနေယျဇ္ဈာသယ ဒီပုဂ္ဂိုလ်ဟာဘယ်လိုနေသလဲ၊ သူ့ဉာဏ်ဖြေ အနု အရင့် ဘယ်လောက်၊ ဘုရားသခင်ကိုယ်တော်မြတ်ကတော့ ဆေးနဲ့တွေ့တဲ့ တရားတော်ကြီး။ မအိုဆေး၊ မနာဆေး၊ မသေဆေး ကမ္ဘာမှာ အတုမရှိဆရာကြီး။ ဆေးဆရာကြီးနဲ့တူတဲ့ ဘုရားသခင်ကတော့ တရားတော်တည်းဟူသော ဆေးကိုလည်း သိတယ်။ သတ္တဝါတွေဟာ ဘာရောဂါ၊ ဘယ်ကိလေသာရောဂါ စွဲနေသလဲ သေချာသိတော့ ဒက်ခနဲ ဒက်ခနဲ အောင်မြင်သွားတယ်။ အဲဒီနည်းအတိုင်း ဟိုနိုင်ငံမှာ တော်တော် လေးကို သူတို့ ကပ်စတန်တို့၊ မင်နာတို့ တော်တော်လေး အကဲခတ်ပြီး ဟောမှ သာသနာပြုလုပ်ငန်းလည်း အောင်မြင်နိုင်ပါတယ်။ ပထမတော့ အခက်အခဲ တွေ့တာပေါ့။ အစမ်းဟောရတာကိုး။ အဲ နောက်ကျတော့

အလွန် အကျိုးများပါတယ်။ ပရိယတ္တိ၊ ပဋိပတ္တိနှစ်မျိုးပေါင်းပြီးတော့ ဗုဒ္ဓဘာသာအစစ် ဖြစ်ပြီးတော့ ဘယ်တော့မှ လက်ကိုမလွှတ်နိုင်အောင် သူတို့ သားစဉ်မြေးဆက်လည်း စွဲသွားတာ။ အဲဒါ တွေ့ရပါတယ်။

မေး။ ။တပည့်တော်တို့ ဆရာတော်အင်္ဂလန်ရောက်စဉ် အင်္ဂလန်မှာ မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်အောင် ဆရာတော်ဘုရား အကြိမ်ကြိမ်ဟောခဲ့တာ နာယူခဲ့ရပါတယ် ဘုရား။ အင်္ဂလန်ကို ဆရာတော် လာရောက်ပြီးတော့ နောက်ထပ် တရားဟောဖို့များကော ရည်စူးပါသေး သလား။

ဖြေ။ ။ရည်စူးတာတော့မပြောနဲ့တော့။ စကားခပ်ရိုင်းရိုင်းပြောရရင် စိတ်မကုန် သေးဘူးပေါ့ဗျာ။ အလွန်သွားချင်တယ်။ ဒါပေမယ့်လို့ အသက်အရွယ်ကြီး လာတော့ ရောဂါတော့ ကံအားလျော်စွာ ကိုယ့်အကြောင်းကိုယ်ပြောတာ မဟုတ်ပါဘူး။ လူကြီးရောဂါ တော်တော်လေးတော့ ကင်းပါတယ်။ လူကြီးရောဂါကင်းပေမယ့် လူကြီးမှာဖြစ်တတ်တဲ့ ဇရာဆိုတဲ့ အိုတဲ့ရောဂါ ဖြစ်လာတော့ နည်းနည်းအားနည်းတာပေါ့ဗျာ။ ဒါပေမယ့် စိတ်ကတော့ မလျှော့ဘူး။ တတ်နိုင်သေးလို့ရှိရင်တော့ သွားဖို့ကတော့ အသင့်ပဲ။ အဲလိုပဲ ထက်သန်တုန်းရှိပါသေးတယ်။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့နဲ့တကွ ပရိသတ်များအတွက် ဆုံးမ စကားလေးတို့ကို မြွက်ကြားတော်မူပါဦး ဘုရား။

ဖြေ။ ။ဆုံးမစကားကတော့ ခုန ဘုန်းကြီးပြောတဲ့အထဲမှာလည်း ပါနေပါပြီ။ ရှေးတုန်းကလည်း မေးကြပါတယ်။ အကျဉ်းချုပ်အားဖြင့် ပုံဝတ္ထုလေး တစ်ခု တရုတ်ပြည်မှာ အင်ပါယာတွေအုပ်စိုးတုန်းက နန်းရင်းဝန်ကြီး တစ်ယောက်က ဆရာတော်ဘုရားကြီးတစ်ပါးကို မေးဖူးပါတယ်။ အရှင် ဘုရား ကမ္ဘာလောကမှာရှိတဲ့ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ အရေးအကြီး ဆုံး အလုပ်ဟာ ဘာပါလဲဘုရားလို့ မေးတဲ့အခါပေါ့လေ။ ဆရာတော်ကြီး က အရေးအကြီးဆုံးဟာ ဩဝါဒ ပါတိမောက်မှာလာတဲ့အတိုင်း မကောင်း တာ မှန်သမျှ မလုပ်နဲ့၊ ကောင်းတာမှန်သမျှ လုပ်ပါ။ ဆိုလိုရင်းက အကုသိုလ်မှန်သမျှ မလုပ်နဲ့၊ ကုသိုလ်ကိုလုပ်ပါ၊ ဒါတင်မပြီးသေးဘူး။ စိတ်ကိုစင်ကြယ်အောင်ထားပါ၊ လူတွေဟာ စိတ်စင်ကြယ်ရင် လူစင်ကြယ်

တာပဲ။ စိတ်ကောင်းရင် သူတော်ကောင်းပဲ။ ဘုရားလည်း ထပ်ခါ ထပ်ခါ ဟောတော့ ခုဟာ အသံလွှင့်ဆိုတော့ တိုနိုင်သမျှ တိုတိုပြောရတော့ ပါဠိတွေ ဘာတွေ ရွတ်နေရင် ရှည်နေမှာစိုးလို့ လိုရင်းကတော့ ဒါပါပဲ။ စိတ်ကို စင်စင်ကြယ်ကြယ်ထားပါ။ အေးအေးထားပါ။ စင်ကြယ်ခြင်း၊ စင်ကြယ်တဲ့ပုဂ္ဂိုလ်ဟာ သူတော်ကောင်းပဲ။ အဲဒီလိုသာနေသွားမယ်ဆိုရင် ခုနပြောတဲ့ စိတ်အေးဆိုတာ ဘာပြောတာတုံး၊ ပူတာ ဘာပြောတာလဲ ဆိုရင် အပူလောင်တဲ့မီး အားလုံးသိကြတဲ့အတိုင်း၊ ဘုရားသခင်လဲ ထပ်ခါ ထပ်ခါ ဟောတော်မူတဲ့အတိုင်း လူတွေကိုအလောင်ဆုံး မီးဟာ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ တိုင်းပြည်မှာတော့ ကလေးကစ သိပါတယ်။ ကျင့်သာ မကျင့်နိုင်တာ။

အပူလောင်ဆုံးမီးဟာ ဘာလဲဆိုရင် လောဘမီး။ လိုချင်တယ်ဆိုတဲ့ မီးဟာ အိပ်ရာကနိုးရင် ဘာကစလဲ၊ လိုချင်တာကစတယ်။ တစ်နေ့လုံး ပေးချင်တယ်ဆိုတဲ့ စိတ်ဟာ ကုသိုလ်စိတ်။ လိုချင်တယ်ဆိုတဲ့ စိတ်ဟာ လောဘစိတ်၊ မီးလောင်တော့တာပဲ။ အဲဒီလောဘအတွက်ကြောင့် လူတွေဟာ တစ်နေ့လုံး စားဝတ်နေရေး၊ စားဝတ်နေရေးတင် မကတော့ဘူး။ အဲဒီမှာ လောဘ၊ ဟိုဟာလေးမြင်လိုချင်၊ ဒီဟာလေးမြင်လိုချင် မီးထတောက်နေရတဲ့ဥစ္စာ။ အဲ လောဘပြီး ဘာလာတုံး။ လောဘ လိုချင်တာလေး အဆင်မပြေရင်၊ မရရင် ဒေါသမီးတောက်ပြီ။ ဒေါသမီးတောက်တော့ ပူလောင်တော့တာပေါ့။ အဲဒီလိုဖြစ်မှန်းမသိအောင် မှောင်ချပေးနေတာက မောဟမီး။ အဲဒီ သုံးခုရှိနေရင်တော့ ဒီစိတ်ဟာ ဘယ်တော့မှ မစင်ကြယ်နိုင်တော့ဘူး။ အဲဒါကြောင့် အဲဒီသုံးခု ကင်းနိုင်သမျှကင်းရင် လောဘကို အလောဘနဲ့ ပြောင်းရမယ်။ အလောဘဆိုတာ ဘာတုံး။ အလောဘ ဆိုတာ ပေးချင်တယ်၊ ကျွေးချင်တယ်၊ ကူချင်တယ်။ စိတ်စေတနာမှန်မှန် နဲ့ပေါ့လေ။ လောဘကိုသတ်တဲ့နည်းဟာ အလောဘ။ လောဘမကြီးရဘူး ဆိုတော့ ဘာလုပ်ရမလဲဆိုရင် လောဘမကြီးရုံတင် မဟုတ်ဘူး။ သူများကို ပေးချင် ကျွေးချင် ထောက်ပံ့လှူဒါန်းချင်တဲ့သဘောတွေ များများဖြစ်တယ် ဆိုရင် လောဘမီးငြိမ်းသွားတာပေါ့။ ပြီးတော့ အကြီးဆုံးလောင်တဲ့မီးက ဒေါသ။ အဲဒီဒေါသမီးကို ဘာနဲ့ပြောင်းရမလဲဆိုရင် အဒေါသ၊ အဒေါသ ဆိုတာ မေတ္တာ။ ဒေါသကို မေတ္တာနဲ့ပြောင်းရမယ်၊ မေတ္တာဆိုတာ

ကိုယ်ချင်းစာတရား။ ကလေးတစ်ယောက်တည်းရှိတဲ့အမေ။ ဘုန်းကြီးတို့ မေတ္တာသုတ်ပရိတ်ထဲမှာ သံဃာတော်တွေကိစ္စရှိတိုင်း ရွတ်တယ်။ ဒကာ ဒကာမတွေလည်းရွတ်။ ဘုန်းကြီးတို့ဘယ်သွားသွား တရားဟောပါဆိုရင် အဲဒီဂါထာလေး၊ အဲဒီအပိုဒ်လေးက စဟောတာပဲ။ ကလေးတစ်ယောက် တည်းရှိတဲ့အမေက ကလေးကိုချစ်တာ တင်းပြည့် ကျပ်ပြည့်။ နှစ်ယောက် ဆိုလို့ရှိရင် ၅၀–၅၀ ဖြစ်နေမယ်။ ကလေးတစ်ယောက်တည်းရှိတဲ့အမေက ကလေးကို ပုံပြီးတော့ချစ်သလို သတ္တဝါတွေကိုချစ်တဲ့ မေတ္တာထားပါ။ အဲဒီလို ဒေါသမီးကို မေတ္တာဆိုတဲ့ ရေနဲ့ နာနာလောင်းမယ်ဆိုရင်ပေါ့လေ၊ သက်သာသွားပြီ။ ဘာလိုသေးလဲဆိုရင် လောင်းတဲ့နေရာမှာ ပညာပါပါနဲ့၊ သဘောပေါက်ပေါက်နဲ့။ ပြီးတော့ ကိုယ်လူဖြစ်တဲ့ဥစ္စာ၊ ဘာကြောင့် လူဖြစ်တာတုံး။ နောက်ဘဝဆိုတာရှိလား။ ရှိလားဆိုတဲ့တရားတော်ပေါ့။ ဒါပညာခန်း ပရိယတ္တိခန်းက အဲဒါတွေပေါ်လာရင် ပညာ။ ပညာကျတော့ ဘာပေါက်လာမလဲဆိုတာ ဘာသာထဲမှာ အရေးကြီးဆုံးဖြစ်တဲ့ ဒီပြင် ဘာသာမှာမရှိသေးတဲ့ အနတ္တတရားတော်။ အဲဒီ အနတ္တတရားတော် သဘောပေါက်မှ သောတာပန်။ သောတာပန်ဆိုတာ အပါယ်ဘယ်တော့မှ မကျတော့ဘူး။ ဒါပထမဆုံး နိဗ္ဗာန်ခေါ်တယ်။ ဘုန်းကြီးတို့ထားတော့၊ အရိယာပုဂ္ဂိုလ်ထားလိုက်ဦးတော့။ အဓိက ငရဲမကျဖို့အရေးကြီးတယ်။ ဒီငရဲမကျဖို့က အနတ္တ။ ဗုဒ္ဓဘာသာတရားတော်မှာပေါ့လေ အနတ္တသဘော ပေါက်ရင် ပထမဆုံး နိဗ္ဗာန်၊ ပထမဆုံး နိဗ္ဗာန်ရောက်တယ်ဆိုလို့ရှိရင် ဘယ်တော့မှ ငရဲမကျတာ၊ အဓိကတရားတော်ပဲ။ အဲဒါကြောင့် အတ္တ ပျောက်ပြီးတော့ပေါ့လေ။ သောတာပန်ရောက်အောင် ကြိုးစားကြပါဆိုတာ နိဂုံးချုပ်ကလေး ဘုန်းကြီးတို့ကတော့ ဆောင်ပုဒ်လုပ်တယ်။ ဘုရားဟောတဲ့ ဟာပေါ့လေ။ သောတာပန်ဖြစ်တဲ့ဥစ္စာ စကြာမင်းကြီး၊ မာရ်နတ်မင်းကြီး ထက်လည်း တန်ဖိုးရှိတယ်။ စကြာမင်းကြီး မာရ်နတ်မင်းကြီး ဖြစ်ပြီးတော့ အတ္တမပျောက်သေးဘဲ သက္ကာယဒိဋ္ဌိဝင်နေမယ်ဆိုရင် ငရဲကျသေးတာပဲ။ အဲဒါကြောင့် စကြာမင်းကြီးထက်လဲ မြတ်ပါတယ်။ နောက် စကြာမင်းကြီး၊ မာရ်နတ်မင်းကြီး နတ်သိကြား၊ ဗြဟ္မာစည်းစိမ်ထက် သောတာပန်က မြတ်တယ်ဆိုတဲ့အကြောင်း ဘုရားသခင်ကဟောတဲ့ အဲဒီဂါထာလေးနဲ့ ဓမ္မလက်ဆောင်လေး ပေးပါရစေ။

စကြာမာရ်နတ်၊ မင်းမြတ်စည်းစိမ်
နတ်ဘုံနတ်နန်း၊ စံမြန်းထိန်ထိန်
သောတာပတ္တိ၊ ဘုံ၏ဂုဏ်ရှိန်
ထိပ်ဆုံးထား၊ မိန့်ကြား မြတ်မုနိန်။

သာဓု၊ သာဓု၊ သာဓု။



ဆရာတော်ဘုရားကြီး ဦးသောဘိတ

## မြင်းခြံမြို့၊ ကိုးဆောင်ကျောင်းတိုက်
## ဆရာတော်ဘုရားကြီး ဦးသောဘိတ

ဆရာတော်လောင်းလျာကို ၁၂၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ သောကြာနေ့တွင် ပုဂံမြို့နယ်၊ သီရိပစ္စယာရွာ၌ အဖ ဦးဖိုးစစ်၊ အမိ ဒေါ်ကျော့တို့မှ ဖွားမြင်တော်မူသည်။ ၁၂ နှစ်အရွယ်တွင် သီရိပစ္စယာရွာ၊ သာယာဝတီကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေ ဖြစ်သည်။ ဘွဲ့တော်မှာ ရှင်သောဘိတဖြစ်သည်။ ၁၂၉၁ ခုနှစ်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက်၌ ၁၁ မိုင်၊ ထန်းတောကြီး ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ဆရာတော် အရှင်ပညာမဟာထေရ်၊ မန္တလေးမြို့ မြတောင်တိုက်၊ ဘုရားကြီးတိုက်၊ ရန်ကုန်မြို့ အောင်မြေဘုံစံတိုက်တို့တွင် ပရိယတ္တိ စာပေကို ပေါက်မြောက်အောင် သင်ကြားတော်မူသည်။ မြင်းခြံ ကိုးဆောင်တိုက်တွင် စာပေပို့ချပြီး ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်တွင်လည်း စာပေသင်ယူခဲ့ပါသေးသည်။ ပခုက္ကူကျောင်းသစ်ကို စာသင်တိုက်အဖြစ် တည်ဆောက်တော်မူခဲ့သည်။ ၁၃၁၂ ခုနှစ်တွင် သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့ရသည်။ ဆရာတော်ကြီးသည် ပရိယတ္တိ သာသနာ့အကျိုးကို မြောက်မြားစွာ သယ်ပိုးဆောင်ရွက်တော်မူခဲ့သည်။ ၁၃၂၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံယူတော်မူသည်။ ၁၃၄၇ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်၊ ၁၃၅၆ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူပါသည်။

ယခုအခါ ဆရာတော်ကြီးသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့် သာသနာတော်အကျိုးကို သက်တော်ရှည် ကျန်းမာစွာဖြင့် သာသနာပြုတော်မူလျက်ရှိပါသည်။

## နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့၊ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး ဦးသောဘိတ နှင့် တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံ ကိုးဆောင်ကျောင်းတိုက်ဆရာတော်ကြီး အရှင်သောဘိတနှင့် တွေ့ဆုံလျှောက်ထား မေးမြန်းခန်းကို မတင်ဆက်မီ စပ်မိစပ်ရာတို့ကို တင်ပြလိုပါသည်။ ကိုးဆောင်ကျောင်းတိုက်ကြီးသည် ကျွန်တော်၏ ဘိုးဘွားမိဘများ အစဉ်အဆက်ကိုးကွယ်ခဲ့သော ကျောင်းတိုက်ကြီးဖြစ်ပါသည်။ သာသနာတွင် အထူးထင်ရှားခဲ့သော မဟာပရိတ်တော်ကြီး နိဿယသစ်ကို ပြုစုရေးသားခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ အရှင်ဝေပုလ္လာဘိဓဇ မထေရ်သည် ကိုးဆောင်ကျောင်းတိုက်၌ပင် သီတင်းသုံးခဲ့ပြီး ပထမကိုဏ်းချုပ်ဆရာတော်ကြီး ဖြစ်ခဲ့ပါသည်။ ပိဋကတ်ကျမ်းစာများသာမက မြန်မာ ကဗျာလင်္ကာ ရေးစပ်သီကုံးမှုများ၌လည်း ထင်ရှားသော ဆရာတော်ကြီးဖြစ်ခဲ့ပါသည်။ ထိုဆရာတော်ကြီးမှာ ကျွန်တော်တို့ ဘိုးဘွားများနှင့် ဆွေမျိုးတော်စပ်ခဲ့သူဖြစ်သည့်အလျောက် . ၁၉၅၄ ခုနှစ် မန္တလေးတက္ကသိုလ် မြန်မာစာမဂ္ဂဇင်းတွင် အရှင်ဝေပုလ္လာဘိဓဇ အကြောင်း သုတေသန ဆောင်းပါးတစ်ပုဒ်ရေးရန် ဆရာဦးဆန်းထွန်းက တာဝန်ပေးအပ်ခြင်း ခံခဲ့ရသဖြင့် ဆွေမျိုးအကြီးအကဲများထံ မေးမြန်းလေ့လာ စုံစမ်း၍ ဆောင်းပါးရေးခဲ့ရဖူးသည်ကိုလည်း မှတ်မိနေပါသည်။ ဆရာတော်ကြီး၏ မဟာပရိတ်တော်ကြီး နိဿယသစ်ကို ယခု သံဃာ့မဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး အရှင်သောဘိတ၏ဦးဆောင်မှုဖြင့် ၁၉၈၈ ခုနှစ်က အသစ်တစ်ဖန် ပြန်လည် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ဤအကြောင်းများကို ဖော်ပြနေရခြင်းမှာ ကိုးဆောင်ကျောင်းတိုက်နှင့် ကျွန်တော် ပတ်သက်နေပုံကို တင်ပြလိုရင်း ဖြစ်ပါသည်။

ဖော်ပြခဲ့သည့်အကြောင်းများကြောင့်ပင် ဆရာတော်ကြီးအရှင်သောဘိတမှာ ကျွန်တော်နှင့်တကွ ဆွေမျိုးမိဘများ ကိုးကွယ်ခဲ့သော ဆရာတော်ကြီး ဖြစ်လာပါသည်။ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကိုလည်း တတ်စွမ်းသမျှ လှူဒါန်းထောက်ပံ့ခဲ့ပါသည်။ ယခုဖော်ပြမည့် လျှောက်ထား

မေးမြန်းခန်းမှာ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ဆရာတော်ကြီး ဦးသောဘိတမှာ သံဃာ့မဟာ နာယကအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသောအချိန် ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်တွင် ယူကေနိုင်ငံ ဘာမင်ဂံစေတီတော် ထီးတင်ပွဲသို့ ဆရာတော်ကြီးနှင့် အတွင်းရေးမှူး မကွေးဆရာတော်တို့ကြွလာခဲ့ကြပါသည်။ ထိုစဉ်ကလည်း ကျွန်တော်သည် ဆရာတော်ကြီး ဦးသောဘိတအား တွေ့ဆုံလျှောက်ထား မေးမြန်းခဲ့ဖူးပါသည်။ ထိုမေးမြန်းခန်းတွင် အဓိကအားဖြင့် နိကာယ်ငါးရပ်ပြန့်ပွားရေးနှင့် ပတ်သက်ပါသည်။ သာသနာတည်တံ့ရေးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အလေးပေးပို့ချသော စာသင်တိုက်များ ပေါ်များလာရန် လိုအပ်ကြောင်း ဆရာတော်ကြီးက အမိန့်ရှိပါသည်။ ပရိယတ္တိ အခြေခံမှန်မှ ပဋိပတ္တိကို မှန်ကန်စွာ ကျင့်ကြံနိုင်မယ်၊ ပဋိပတ္တိအကျင့်မှန်မှ ပဋိဝေဓဆိုတဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားရမယ် စသည်ဖြင့် ဆရာတော်ကြီးက ဆုံးမခဲ့ပါသည်။

ဆရာတော်ကြီးကိုယ်တိုင် ဒဂုံမြို့သစ်တောင်ပိုင်း ရတနာလမ်းတွင် နိကာယ် စာသင်တိုက်ကြီးကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင် ၁၉၉၈ ခုနှစ်မှစ၍ ယနေ့အထိ နှစ်စဉ် နိကာယ်ပြန့်ပွားရေးကို ရည်စူး၍ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို လှူဒါန်းခွင့်ရရှိခဲ့ပါသည်။ ယခုအောက်တွင်ဖော်ပြမည့် တွေ့ဆုံလျှောက်ထား မေးမြန်းခန်းမှာ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်၊ ဆရာတော်ကြီး သံဃာ့မဟာနာယက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ပြုလုပ်ခဲ့သော လျှောက်ထား မေးမြန်းခန်းဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးအား ယခုလို လျှောက်ထားမေးမြန်းခဲ့ပါသည်။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ သာသနာတော် အင်မတန် ထွန်းတောက်ခဲ့တဲ့ ပုဂံ သီရိပစ္စယာဇာတိဆိုတာ ဟုတ်ပါသလား ဘုရား။

ဖြေ။ ။ဟုတ်ပါတယ်။ ဆရာတော်မွေးခဲ့တဲ့ ပုဂံမြို့နယ် သီရိပစ္စယာဆိုတာ ဒုတိယမြို့တည် နန်းတည်ရာ သီရိပစ္စယာရွာဟာ မွေးရာဇာတိ ဖြစ်ပါတယ်။

မေး။ ။တပည့်တော်တို့ ဆရာတော်၊ သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။သက်တော် ၇၈ နှစ် ရှိပါပြီ။

မေး။ ။ဆရာတော်အနေနဲ့ သာသနာ့ဘောင်ကို ဘယ်လိုဝင်ရောက်ခဲ့တယ်ဆိုတာ တပည့်တော်တို့သိရအောင် အကျဉ်းမျှ အမိန့်ရှိပါဘုရား။

ဖြေ။ ။ဆရာတော် သာသနာ့ဘောင် ဝင်ရောက်ခဲ့တာက ဆရာတော် ငယ်စဉ်အခါကာလက စဥ့်ကူမြို့ ကြာပန်းကျောင်းမှာ ကျောင်းနေခဲ့ပါတယ်။

ကျောင်းနေလို့ မကြာမြင့်မီ မိဘများက ရှင်ပြုဖို့လိုလားပါတယ်။ မိဘများ ရှင်ပြုပြီးလို့ သာသနာ့ဘောင်မှာ ဝင်ရောက်နေထိုင်ဖို့ လိုလားခဲ့သော်လည်း အဘိုးဖြစ်သူက လောကီစာပေများကို သင်ကြားပြီး လောကီအလုပ်ကို လုပ်စေချင်တဲ့ ဆန္ဒတွေ ပြင်းပြနေပေမယ့် ဆရာဘုန်းကြီးများက လောကုတ္တရာစာပေသင်ကြားပြီး သာသနာ့ဘောင်မှာ ဝင်ရောက်လိုတဲ့ ဆန္ဒပြင်းပြတာနဲ့ မိဘရဲ့ လိုအပ်တဲ့အတိုင်း ဘိုးဘွားရဲ့ဆန္ဒကို ပယ်ဖျက်ပြီး တော့ သာသနာ့ဘောင်ဝင်ရောက်လာတာ ဖြစ်ပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ သာသနာ့ဘောင် ဝင်ရောက်ဖို့ကိစ္စဟာ မလွယ်တဲ့ကိစ္စလို့ သိရပါတယ်။ ဘယ်လောက်များ မလွယ်သလဲဆိုတာ ဆရာတော် အမိန့် ရှိပါဦး ဘုရား။

ဖြေ။ ။သာသနာတော်ကို ဝင်ရောက်ဖို့ဆိုတာ သာသနာတော်နဲ့ဆက်စပ်အောင် သာသနာတော်ကို ထူထောင်နိုင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ပါရမီ ရင့်၍ သဗ္ဗညုတဉာဏ်ရတဲ့နောက် သာသနာတော်ကို ခွင့်ပြုခဲ့ပါတယ်။ ထိုသာသနာတော် ခွင့်ပြုထူထောင်ခဲ့တဲ့ မြတ်စွာဘုရားသည်ပင် ရဟန်းဘဝ အဖြစ်ဖြင့် ကိုးကြိမ်သာရခဲ့ပါတယ်။ ကိုးကြိမ်ရပြီးတော့ သာသနာတော် တည်တံ့တဲ့အခါမှာ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ ပရိယတ္တိသာသနာမှာ အလွန်မတန် ထင်ရှားပါတယ် ဘုရား။ အဲဒီတော့ ဆရာတော်ဘုရားကိုယ်တိုင် ပရိယတ္တိ စာပေတွေကို ဘယ်မှာ လေ့လာသင်ယူခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး ပရိယတ္တိစာပေကျမ်းဂန် စသည် သင်အံခဲ့စဉ်က ပထမ အသက် ၁၀ နှစ်သားအရွယ်အထိ လောကီ လေးတန်းပညာကို သင်ယူခဲ့ပါတယ်။ ၁၀ နှစ်အရွယ် ရောက်ပြီးနောက် သာယာဝတီကျောင်းမှာ ဆရာတော် ဘုရားများနဲ့ ဆရာတော်ဦးဇဋိလဆိုတာ စာချလို့ရှိခဲ့ပါတယ်။ ထိုဆရာတော် ထံမှာ ငယ်စဉ်က ကျမ်းရင်း အခြေခံပညာများကို သင်ကြားရပါတယ်။ ၁၃ နှစ်သားအရွယ် ရောက်တဲ့အခါမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးထံမှာ အခြေခံကျမ်းများနှင့် ပါဠိ၊ အဋ္ဌကထာ ဋီကာ များကို လိုက်နာသင်ကြားခဲ့ပါတယ်။ ပခုက္ကူမှ တစ်ဖန် အသက် ၁၇ နှစ် ၁၈ နှစ် ရောက်တဲ့အခါမှာ မန္တလေးမြို့ မြတောင်တိုက်၊ ဘုရားကြီးတိုက် စသည်မှာ ပြောင်းရွှေ့ပြီး ပရိယတ္တိပညာများကို သင်ကြားခဲ့ပါတယ်။ ထို့နောက် ရန်ကုန်မြို့ မဟာအောင်မြေဘုံစံကျောင်းတိုက်နဲ့ ညောင်လေးပင်

မြို့ တောင်ကျောင်းကြီးကျောင်းတိုက်တို့မှာ အလွန်ထင်ရှား ကျော်ကြားတဲ့ ဆရာတော်ဘုရားကြီးများထံမှာ ပရိယတ္တိ စာပေများကို သင်ယူခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ လေ့လာသိရှိရသမျှ စာသင်တဲ့အခါမှာ ပခုက္ကူ စာသင်ကြားနည်းနဲ့ မန္တလေး စာသင်ကြားနည်းဆိုပြီး နှစ်မျိုးရှိတာ တွေ့ရပါတယ်။ ပခုက္ကူသင်ကြားနည်းဆိုတာ ဘယ်လိုသင်ကြားနည်းပါလဲ ဘုရား။

ဖြေ။ ။စာသင်ကြားနည်းက များသောအားဖြင့် မကွာခြားကြပါဘူး။ သို့သော် မြန်မြန်အခြေခံရပြီး မြန်မြန် ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်နိုင်အောင်၊ ပရိယတ္တိစာပေ ပို့ချနိုင်အောင် သင်ကြားတဲ့နည်းကတော့ ပခုက္ကူနည်းပါ။ ပခုက္ကူက သုံးနှစ် သုံးမိုးလောက် သင်ကြားပြီးရင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ပရိယတ္တိခေါ်တဲ့ ဝိနည်းပိဋကတ်၊ သုတ္တန် ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ကို နှံ့နှံ့စပ်စပ် သို့မှတစ်ခါ အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်ဆိုတဲ့ နိကာယ်ငါးရပ်အပါအဝင် ကျမ်းစာတွေကို လည်း သုံးနှစ် လေးနှစ် နှံ့စပ်အောင် သင်ကြားနိုင်တဲ့ အချိန်အခါဖြစ်ပါတယ်။ မန္တလေးစာသင်နည်းကတော့ အစဆုံး ကျမ်းတစ်ကျမ်းမှာပင် နည်းအမျိုးမျိုးနဲ့ အနုသန္ဓေ၊ စောဒနာ၊ ပုစ္ဆာ၊ အဘိယာစက ဝင်နည်း၊ ထွက်နည်း၊ တက်နည်းအမျိုးမျိုး၊ အဲဒီလို နည်းအမျိုးမျိုး၊ ဝါကျအမျိုးမျိုး၊ စိမ့်ဖန်တီးပြီး ကျမ်းတစ်ကျမ်းကို ကြာမြင့်စွာ ပို့ချတဲ့နည်း ဖြစ်ပါတယ်။ တတ်တာချင်း ကတော့ လွယ်လင့်တကူ အတူတူပဲ ဖြစ်ပါတယ်။

မေး။ ။ဆရာတော် ပရိယတ္တိလုပ်ငန်းနဲ့ပတ်သက်ပြီး စာပို့ချမှု၊ တပည့်တွေကို စာသင်ကြားပေးမှု၊ ဘယ်တုန်းကစခဲ့တယ်၊ နောက် ဆရာတော်ရဲ့ တပည့် တွေထဲက ဘယ်လို စာမေးပွဲတွေ အောင်မြင်ခဲ့တယ်၊ ဘယ်လောက်ရှိတယ် ဆိုတာ အနည်းအကျဉ်းမျှ အမိန့်တော်ရှိတော်မူပါ ဘုရား။

ဖြေ။ ။ပရိယတ္တိသာသနာ စာပေပို့ချတဲ့နေရာမှာ ဘုန်းတော်ကြီးက ငယ်စဉ် ရှင်သာမဏေဘဝက ကိုယ်တိုင်လည်း စာသင်၊ သူတစ်ပါးကိုလည်း ပို့ချ၊ သဒ္ဒါ၊ သင်္ဂြိုဟ်ပို့ချ၊ ညဝါပို့ချ၊ ဓမ္မပဒစသော ကျမ်းစာများကို ရှင်သာမဏေ ဘဝကပဲ ပို့ချပေးခဲ့ပါတယ်။ ထို့နောက် ရဟန်းဖြစ်တဲ့အခါမှာလည်းပဲ ကိုယ်တိုင်လည်းစာသင်၊ သူတစ်ပါးကိုလည်း ပို့ချ၊ စာချဘုန်းကြီးအဖြစ်ဖြင့် ရဟန်းငါးဝါရတဲ့အခါမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘုရားကြီးများက စာချဘုန်းကြီး အဖြစ်ဖြင့် ချီးမြှင့်၍ အဲဒီ ပခုက္ကူစာသင် တိုက်မှာ စာသင်သား သံဃာ ၃၀၀ ကျော်တို့ကို သင်ကြားပို့ချပြီးတဲ့

နောက်ပိုင်းမှာ မြင်းခြံမြို့မှ ဒကာကြီးများရဲ့လျှောက်ထားချက်နဲ့ ဆရာတော်ကြီးများရဲ့ ခွင့်ပြုချက်အရ မြင်းခြံမြို့ကို ၁၂၉၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်နေ့မှာ ရွှေ့ပြောင်းခဲ့ပါတယ်။

ရွှေ့ပြောင်းပြီး ဒီစဉ်အခါက စာသင်သား ၃၀ လောက် မြင်းခြံကို လိုက်ပါခဲ့ပါတယ်။ အဲဒီကနေ ပထမနှစ် ဝါတွင်းမှာပဲ စာသင်သား ၁၀၀ ကျော်လောက် ရှိလာပါတယ်။ ၁၃၀၈ ခုနှစ်ကစပြီး စာချတဲ့နေရာ ကိုးဆောင်တိုက်ကြီးမှာ စာသင်သား ၅၀၀ ကျော်အထိ ရှိခဲ့ပါတယ်။ ပရိယတ္တိစာမေးပွဲ စာပေတွေကိုလည်းပဲ စာမေးပွဲတွေမှာလည်း ငယ်၊ လတ်၊ ကြီး အထက်တန်းကျကျ တစ်နိုင်ငံလုံးမှာ နံပါတ်တစ်၊ နှစ်၊ သုံးအောက်ကို မဆင်းခဲ့ပါဘူး။ စာမေးပွဲအအောင်အများဆုံးကျောင်းတိုက်တွေထဲမှာ အထက်တန်းကချည်း အောင်မြင်ခဲ့ပါတယ်။ အဲဒီလို အောင်မြင်ခဲ့ပြီးတဲ့နောက် ယခုအချိန်အထိ စာသင်သား ၃၀၀ ခန့်ကို မပြတ်အောင် စာချခဲ့ပါတယ်။ စာချတဲ့အထဲမှာ ယခု စာသင်သား တပည့်တွေဟာ သကျသီဟစာမေးပွဲ၊ စေတီယင်္ဂဏစာမေးပွဲ၊ ငယ်၊ လတ်၊ အစိုးရပထမပြန် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ၊ စာပြန်ပွဲအသီးသီးကို အောင်မြင်ခဲ့ကြတဲ့ ဓမ္မာစရိယစာချဘုန်းကြီးများဟာ များစွာရှိပါတယ်။

မေး။ ။တပည့်တော်တို့ ဆရာတော်ဘုရား၊ ဒီလောက် ပရိယတ္တိလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ကြားက မြင်းခြံနယ်မှာ အကြီးဆုံးဖြစ်တဲ့ ၁၂ မုခ်၊ ၉ ဆောင် မာရ်အောင်ရတနာ စေတီတော်ကြီးကို တည်ခဲ့တာတွေ့ရပါတယ်။ အဲဒီ စေတီတော်ကြီးတည်ခြင်းရဲ့ ရည်ရွယ်ချက်နဲ့ အဲဒါ ဆောင်ရွက်ရတဲ့ ကိစ္စတွေမှာ အနည်းအကျဉ်း အမိန့်ရှိပေးပါဦး ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ကျောင်းတိုက်မှာ ၁၂ မုခ် ၉ဆောင်၊ မာရ်အောင်ရတနာ ပြန်လည်တည်ထားတဲ့ စေတီတော်ကြီးဟာ ရှေးအခါက ၁၂ ပေါက် စေတီတော်ကြီးလို့ ထင်ရှားကျော်စောပါတယ်။ ၁၂ ပေါက် စေတီတော်ကျော်စောတာဟာ ၁၂ ပေါက် စေတီကို မြင်ကွန်းမင်းသားကြီး တည်ထားကိုးကွယ်သွားတဲ့ စေတီတော်ရယ်လို့ ဒီလို ထင်ရှားပါတယ်။ အဲဒီ မြင်ကွန်းနဲ့ မြင်းခုံတိုင်တို့ကို ပညာသင်ကြားပေးတဲ့ တရုတ်မြို့ဝန်ဦးဘွားကလည်း အဲဒီနားမှာ စေတီတစ်ဆူ တည်ထားပါတယ်။ အားလုံး တရုတ်မြို့ဝန် တည်ထားတဲ့ စေတီရယ်၊ မြင်ကွန်းမင်းသားကြီး တည်ထားတဲ့ ၁၂ ပေါက် စေတီရယ်၊ မြင်းခုံတိုင်မင်းသား တည်ထားတဲ့ စေတီရယ်၊ အားလုံးပေါင်း စေတီသုံးဆူ ရှိပါတယ်။ အဲဒီစေတီသုံးဆူဟာ ဘုန်းကြီး မြင်းခြံ မရောက်ခင်ကတည်းက

တချို့ ပြုပြင်ဖန်တီးထားလို့ တင့်တင့်တယ်တယ် ဖြစ်သော်ငြားလည်းပဲ စစ်ဘေးစစ်ဒဏ်နဲ့ကြုံတွေ့လို့ ဘုရားကြီး ပျက်စီးပြိုကျသွားတဲ့အခါမှာပြိုကျတဲ့အုတ်တွေကို ရှင်းတဲ့အခါ ဓာတ်တော်တွေ တွေ့ကြုံရပါတယ်။ ထိုဓာတ်တော်တွေကို ဌာပနာရန်၊ အသစ် တည်ထားကိုးကွယ်ရန် မြို့သူမြို့သားများနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ကာ ၁၃၂၇ ခုနှစ်မှာ အုတ်မြစ်ချ၊ စတင်တည်ထောင်ခဲ့တာ ၁၃၃၄ ခုနှစ်မှာ ထီးတင်ပွဲအထိ ပြီးစီး အောင်မြင်ခဲ့ပါတယ်။ ယခုတိုင် ထိုဘုရားကြီးအား အများပြည်သူများ ကိုးကွယ်ဆည်းကပ်နိုင်ရန် သိန်း ၄၀ မျှ အကုန်အကျခံပြီးတော့ တည်ထားခဲ့တဲ့ဘုရားကြီးဖြစ်ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဘယ်တုန်းက ရရှိခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၃၂၁ ခုနှစ်၊ ဘုန်းကြီး အသက် ၅၀၊ သိက္ခာ ၃၀ ဝါ ရတဲ့အခါမှာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိခဲ့ပါတယ်။

မေး။ ။အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုရော ဘယ်တုန်းက ဆက်ကပ်ခြင်း ခံခဲ့ရပါသလဲ ဘုရား။

ဖြေ။ ။၁၃၄၇ ခုနှစ်မှာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါတယ်။

မေး။ ။ဒီတော့ သာသနာတော်မှာ အင်မတန်တင့်ရှားတဲ့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆရာတော် ဆက်ကပ်ခြင်းခံရတော့ ဆရာတော့် စိတ်ထဲမှာ ဘယ်လို ခံစားရပါသလဲ ဘုရား။ ဘယ်လိုပြောင်းလဲမှု ရှိပါသလဲ ဘုရား။

ဖြေ။ ။အဂ္ဂမဟာပဏ္ဍိတနဲ့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း ခံရတဲ့အခါမှာ မိမိရဲ့သာသနာတော်အတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့တဲ့အတွက် လုံ့လဝီရိယ၊ သီလ၊ သမာဓိ၊ ပညာဂုဏ်ကိုအာရုံပြုပြီးတော့ တိုင်းသူပြည်သားများ ကြည်ညိုလေးစားကြသလို နိုင်ငံတော်အုပ်ချုပ်တဲ့ အစိုးရမင်းများရဲ့ ကြည်ညိုလေးစားတဲ့အတွက် ဒီအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိသော်ငြားလည်း မိမိစိတ်မှာ အထူးတော့ မပြောင်းလဲမိပါဘူး။ သို့သော်ပုထုဇဉ်အလျောက် ဝမ်းမြောက်ဝမ်းသာတော့ ဖြစ်မိပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ တပည့်တော်တို့ ဆရာတော်ဟာ ပရိယတ္တိဘက်မှာ အင်မတန် ဆောင်ရွက်ခဲ့ပါတယ်၊ ပဋိပတ္တိလုပ်ငန်းများကော ဆရာတော်ဟာ ဘယ်လိုများ ကျင့်ကြံကြိုးကုတ် အားထုတ်ပါသေးသလဲ ဘုရား။

ဖြေ။ ။ပရိယတ္တိသာသနာတော်ကို အားထုတ်တဲ့သူဟာ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ သာသနာသုံးရပ်ကို အားထုတ်ရာရောက်တယ်လို့ အဋ္ဌကထာဆရာ မိန့်မှာခဲ့တဲ့အတိုင်း ဘုန်းကြီးများ ပရိယတ္တိသာသနာ အားထုတ်ရင်းပင် ပဋိပတ္တိလုပ်ငန်းအားထုတ်ခဲ့ပါတယ်။ သို့သော် ရံဖန်ရံခါ သီးခြား ကိုယ်တိုင်ထွက်ပြီးတော့ ယခုအချိန်ကာလမှာ ပဋိပတ္တိရိပ်သာတွေကို ထွက်ပြီးတော့ ကိုယ်တိုင်လေ့လာခဲ့ဖူးပါတယ်။ မိုးညှင်းဆရာတော်ဘုရားကြီးများကျောင်း၊ ဟံသာဝတီ၊ မဟာစည်၊ ဘုန်းကြီးတို့ မြင်းခြံ စွန်းလွန်း ဒီရိပ်သာတွေမှာ ကိုယ်တိုင်သွားရောက်ပြီးတော့ကာ တစ်လကိုးသီတင်း၊ ၅ ရက် စသည် လေ့လာခဲ့ဖူးပါတယ်။ 'မောဃံ ကာလံ နခေပယေ' အလဟဿ အချိန်မဖြုန်းရဆိုတဲ့အတိုင်း အချည်းနှီး အချိန်ကာလကို အကုန်မခံခဲ့ပါဘူး။ ပရိယတ္တိစာပေ ပို့ချရင် ပို့ချ၊ ပရိယတ္တိစာပေ မပို့ချရင် ပဋိပတ္တိလုပ်ငန်းကိုသာ အားထုတ်နေဆဲဖြစ်ပါတယ်။

မေး။ ။ဆရာတော်ဘုရားကြီးဟာ တပည့်တော်တို့ အခု သံဃာ့မဟာနာယကအဖွဲ့မှာ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်ပါတယ် ဘုရား။ ဒီတော့ သံဃာ့မဟာနာယကအဖွဲ့ကြီး ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နဲ့ လုပ်ငန်းဆောင်တာများ ဘယ်လို အခြေအနေရှိတယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဆိုတာ အဖွဲ့အစည်း အဆင့်ဆင့်နဲ့ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ သံဃာ့ညီညွတ်ရေး ရှေးရှုပြီးတော့ကာ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားဖို့ ဒီအဖွဲ့အစည်းကို စတင်တည်ထောင်ခဲ့ပါတယ်။ အဖွဲ့အစည်းကြီးက ပထမဆုံး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ အဲဒါပြီးတော့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒီအောက်မှာတစ်ခါ တိုင်းနဲ့ပြည်နယ် သံဃာ့နာယက၊ မြို့နယ်သံဃာ့နာယက၊ ရပ်ကွက် သံဃာ့နာယကဆိုပြီး အဖွဲ့အစည်းအဆင့်ဆင့်မှာ စည်းမျဉ်းဥပဒေများ ထားပြီးတော့ ဝိနိစ္ဆယဌာန၊ သာသနာရေးဌာန၊ ပညာရေးဌာနဆိုပြီး ဌာနကြီးသုံးခု ဖွင့်လှစ်ထားပါတယ်။ အဲဒီ ဌာနကြီးသုံးခုအတွင်းမှာ ခုနပြောခဲ့တဲ့ သာသနာတော် သန့်ရှင်းပြန့်ပွားရေး အဓိကရည်ရွယ်ချက်အတိုင်း ဌာနကြီးသုံးခုက အသီးသီးဆောင်ရွက်လျက်ရှိပါတယ်။ ယခု ဆောင်ရွက်နေတဲ့အတိုင်းပဲ သာသနာတော်မှာ အထူးသဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်သံဃာ့နာယကအဖွဲ့၊ ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတဲ့ အဖွဲ့အစည်း အဆင့်ဆင့်ရဲ့ကျေးဇူးကြောင့် သာသနာတော်ဟာ ရှေးကထက်

တည်တံ့၊ ပြန့်ပွားထွန်းလင်းတောက်ပတဲ့ အခြေအနေရှိနေကြောင်းကို တို့ ဒကာနေဝင်းတို့ အသိအမြင်ပဲ ဖြစ်ပါလိမ့်မယ်။

မေး။ ။ဆရာတော်ဘုရားအနေနဲ့ တပည့်တော်တို့နှင့်တကွ ပရိသတ်အတွက် ဆုံးမစကား ချီးမြှင့်တော်မူပါဦး ဘုရား။

ဖြေ။ ။ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးမှာ ၄၅ ဝါ ဟောကြားတော်မူခဲ့တဲ့ ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်အားဖြင့် ပိဋကတ်သုံးသွယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်၊ မဇ္ဈိမနိကာယ်၊ ဒီဃနိကာယ်အားဖြင့် နိကာယ်ငါးရပ် တစ်ခုတည်း တစ်ခါတည်း ချုံးပြီးပါတဲ့ ဒေသနာတော်ကို ဘုရားရှင် မိန့်ကြားတော်မူပါတယ်။ ဘာလဲဆိုတော့ 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' ချစ်သားတို့၊ ယခုအခါ ငါဘုရား ပရိနိဗ္ဗာန်စံလွန်ခါနီး အချိန်ကာလမှာ ငါဘုရား မိန့်ကြားတော်မူခဲ့မယ်၊ မမေ့မလျော့ မပေါ့မတန် ကျင့်ကြံနေထိုင်ကြကုန်လော၊ အပ္ပမာဒေထ၊ သင်္ခါရ သဘောတရားတွေဟာ ပျက်စီးခြင်းသဘောရှိကုန်၏၊ ဘယ်အခါမှ အမြဲတည်တံ့ခြင်းသဘော မရှိဘူး၊ ဒါကြောင့် သင်တို့သည် မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိတရားဖြင့် ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာ၊ ကိုယ်အကျင့်၊ နှုတ်အကျင့်၊ စိတ်အကျင့်တို့ကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့် နေထိုင်ကြကုန်လောလို့ မိန့်ကြားတော်မူခဲ့တဲ့အတိုင်း တို့ဒကာ၊ ဒကာမတွေ အသီးသီးလည်းပဲ အပ္ပမာဒတရားကို လက်ကိုင်ထားပြီးတော့ 'အပ္ပမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ' ဆိုတဲ့အတိုင်း သတိတရား လက်ကိုင်ထားကြတဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်အခါမှ သေသည်ဟူ၍ မရှိ။ သတိတရား မရှိ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေသော သူတို့ကား အမြဲတမ်း သူသေကောင်နဲ့တူတယ် ဆိုတဲ့အတိုင်း သူသေကောင်မဖြစ်ဘဲနဲ့ အမြဲတမ်း လူရှင်၊ သတိသမ္ပဇဉ် ပြည့်စုံကြတဲ့ သူတော်ကောင်းများဖြစ်ကြရန် ကြိုးစား အားထုတ်နိုင်ကြတဲ့သူတွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု



မင်းကွန်း ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
## မင်းကွန်း ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ

ဆရာတော်လောင်းလျာကို မြင်းခြံမြို့နယ်၊ ကျည်းပင်ရပ်တွင် အဘ ဦးဆုံ၊ အမိဒေါ်ဆင်တို့မှ ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ပါသည်။ ငယ်နာမည်မှာ မောင်ခင် ဖြစ်သည်။ ၁၀ နှစ်သားအရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းဆရာတော် ဦးသောဘိတထံတွင် ရှင်သာမဏေ ဖြစ်သည်။ ဘွဲ့တော်မှာ ရှင်ဝိစိတ္တသာရ ဖြစ်သည်။ ၁၂၉၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့တွင် မင်းကွန်း ငွေတောင် တောရကျောင်းဆရာတော်၊ ဓမ္မနာဒဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

သက်တော် ၁၃ နှစ်အရွယ်မှစ၍ ပရိယတ္တိစာပေကို သင်ကြားရာ၌ စာမေးပွဲ အဆင့်ဆင့်ကို အောင်မြင်တော်မူခဲ့သည်။ သာသနာ့ဓဇ သိရိပဝရ ဓမ္မာစရိယစသည့် စာမေးပွဲအောင်ပန်းများမှ တိပိဋကဓရ၊ မဟာတိပိဋက ကောဝိဒ ဘွဲ့တော်များတိုင်အောင်ပင် ဖြစ်သည်။ အစိုးရက ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် များအထိ ဘွဲ့ပေါင်း ၂၀ ကျော်ကို အောင်ပန်းဆင်ခဲ့သည်။

နိုင်ငံတော်သံဃာ့မဟာနာယက အကျိုးတော်ဆောင်ချုပ်၊ ရန်ကုန်၊ မန္တလေး နိုင်ငံ့ပရိယတ္တိတက္ကသိုလ်ကြီးများ၊ မင်းကွန်း မိုးမိတ် တိနိကျောင်းတော်များ စသည်တို့သည် ဆရာတော်ကြီး၏ သာသနာရေး ကြိုးပမ်းချက်များ ဖြစ်သည်။

၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ညနေ ၄း၄၄ နာရီတွင် မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်၌ ဘဝနတ်ကျောင်း ရွှေ့ပြောင်းတော်မူခဲ့ပါသည်။

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ

## နှင့်

## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

ဆရာတော်ဦးဝိစိတ္တမှာ ကျွန်တော်တို့ မြင်းခြံ မင်းကျောင်းတိုက်ထွက် ဖြစ်ပါသည်။ ဆရာတော်၏ ဇာတိမှာ မြင်းခြံမြို့နှင့်ကပ်လျက်ရှိသော သဲဖြူဝ ဇာတိဖြစ်၍ ဆရာတော် သည် မြင်းခြံသူ၊ မြင်းခြံသားများအပေါ်တွင် အထူး မေတ္တာ ကရုဏာထားသည်ဟု ကျွန်တော် ထင်ပါသည်။ ကျွန်တော့်တွင် သားနှစ်ဦးရှိရာ ရှင်ပြုမင်္ဂလာနှစ်ကြိမ် ပြုလုပ်လှူဒါန်းခွင့် ရရှိခဲ့ပါသည်။ နှစ်ကြိမ်စလုံးပင် ဆရာတော်ကြီး ဦးဝိစိတ္တပေးသောရက်၊ ဆရာတော်ကြီး ကြွရောက်ချီးမြှင့်နိုင်သည့် ရက်များကို ရွေးချယ်ခဲ့ပါသည်။ အလှူနေ့များမှာ ပြဿဒါးရက်များနှင့် တိုက်ဆိုင်နေ၍ ကျွန်တော်က လျှောက်ထားရာ ဆရာတော်ကြီးက ဒါနအလှူပြုသမျှ ရက်၊ အချိန်၊ ကာလတို့သည် မင်္ဂလာရှိသော၊ ကောင်းမြတ်သော ရက်အချိန်ကာလများသာ ဖြစ်သည်၊ မစိုးရိမ်လင့်ဟု မိန့်ကြားခဲ့ရာ မိန့်ကြားခဲ့သည့် အတိုင်းပင် သားရှင်ပြု အလှူမင်္ဂလာနှစ်ကြိမ်လုံး ကောင်းစွာ အောင်မြင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်၊ ဆရာတော်ကြီး ရန်ကုန်တွင် သီတင်းသုံးစဉ် မြင့်မြင့်ခိုင် ဓာတ်ပုံတိုက်ပိုင်ရှင် ဦးအုံးရွှေ၏ အကူအညီဖြင့် ဆရာတော်ကြီးထံ သွားရောက်လျှောက်ထား မေးမြန်းခွင့် ရရှိခဲ့ပါသည်။ အောက်တွင်ဖော်ပြထားသည့် ထိုမေးမြန်းခန်းမှ သံဝေဂ ဂါထာလင်္ကာကို ကျွန်တော် နေ့စဉ် ညစဉ်လို ရွတ်ဖတ်ပါသည်။ လျှောက်ထား မေးမြန်းခန်းအပြီး ဆရာတော်ကြီးအား ယူကေသို့ ပင့်လိုကြောင်း ကျွန်တော် လျှောက်ထားရာ ဆရာတော်ကြီးက 'ဘုန်းကြီးမှာ သာသနာ့တာဝန်တွေ များလှပါတယ်၊ အချိန် မလောက်နိုင်အောင် ဖြစ်နေပါတယ်၊ မဇ္ဈိမဒေသသို့ ဘုရားဖူးပင့်သည်ကိုပင် ကြွရောက်ခြင်းမပြုနိုင်ပါ၊ မြန်မာနိုင်ငံမှာ ရွှေတိဂုံစေတီတော်ကြီး၊ မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးများကိုသာ သက်တော်

ထင်ရှား ဘုရားအဖြစ် ရည်မှတ်၍ ဖူးနေရပါသည်၊ သာသနာပြုလုပ်ငန်းတာဝန်များကြောင့် မြန်မာနိုင်ငံ ပြင်ပသို့ မထွက်နိုင်ပါ'ဟု ကြည်ညိုဖွယ်မိန့်ကြားခဲ့ပါသည်။

၁၉၈၃ ခုနှစ်၊ ဒုတိယသားကို ရှင်ပြုမင်္ဂလာလုပ်စဉ်က ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသအား ထိုစဉ်က နောက်ဆုံးပေါ်ဖြစ်သော ဖိလစ် အမျိုးအစားအကောင်းဆုံး ခေါင်းရိတ်စက်ကို လှူဒါန်းခဲ့ရာ ဆရာတော်က လက်ခံရယူသာဓုခေါ်ပြီး ချက်ချင်းပင် အနီးရှိ ဆရာတော်ကြီး ဦးသောဘိတအားတပည့်တော်ဆရာတော်ကို လှူဒါန်းပါသည်ဘုရားဟု ခေါင်းရိတ်စက်ကိုဆက်ကပ်ရာ ဆရာတော်ဦးသောဘိတ (ယခု သံဃာ့ မဟာနာယက ဥက္ကဋ္ဌဆရာတော်)က အတန်တန်ငြင်းသော်လည်း ဆရာတော်ဦးဝိစိတ္တက မလျှော့သော ဖွဲ့ဖြင့် လှူဒါန်းရာ နောက်ဆုံးတွင် ဆရာတော်ဦးသောဘိတက ဖိလစ်ခေါင်းရိတ်စက်ကို လက်ခံခဲ့ရပါတော့သည်။ မှတ်သားကြည်ညိုဖွယ်ရာအဖြစ်တင်ပြခြင်း ဖြစ်ပါသည်။

၁၉၈၈၊ ဇန်နဝါရီလက မြန်မာပြည်ကို ကျွန်တော် ပြန်လည်ရောက်ရှိစဉ်အဘိဓမ္မမဟာရဋ္ဌဂုရု၊ မဟာဗုဒ္ဓဝင်ကျမ်းပြု၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကအရှင်ဝိစိတ္တသာရာဘိဝံသနှင့် တွေ့ဆုံလျှောက်ထား မေးမြန်းဖို့ စီစဉ်ခဲ့ပါသည်။

ကမ္ဘာအေးဘုရားလမ်း၊ မြင့်မြင့်ခိုင် စာတိပုံတိုက်ပိုင်ရှင် ဦးအုံးရွှေ၊ နန်ယန်ကျောင်းအုပ်ကြီး ဦးအောင်သန်း၊ အထူးကုဆရာဝန်ကြီး ဦးသာလှတို့ အကူအညီနဲ့ ဆရာတော်ဘုရားထံ ဇန်နဝါရီ ၈ ရက်နေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပြီး ကျွန်တော်က ခုလို စတင်လျှောက်ထား မေးမြန်းခဲ့ပါတယ်ခင်ဗျာ။

မေး။ ။ဆရာတော်ဘုရား၊ သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။၇၇ နှစ် ရှိပါပြီ။

မေး။ ။တင်ပါ့ဘုရား၊ သက်တော် ၇၇ နှစ်အထိ အခုလို သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် တပည့်တော်တို့အင်မတန် ဝမ်းမြောက်ကြည်နူးမှု ဖြစ်ရပါတယ် ဘုရား။ တပည့်တော်များနဲ့ တကွ သောတရှင်ပရိသတ်အတွက် ဆုံးမတရား ချီးမြှင့်ပေးဖို့ တပည့်တော်ရိုသေစွာ ပန်ကြားလျှောက်ထားပါတယ် ဘုရား။

ဖြေ။ ။ဆုံးမဩဝါဒစကားပေးဖို့ဆိုရင် ဘုန်းကြီးများ ကိုယ်တွေ့ဖြစ်တဲ့ သံဝေဂဓမ္မကထာကို ပြောလိုပါတယ်။ ဘုန်းကြီးများသည် ၁၃၂၄ ခုနှစ် ရောက်တဲ့

အခါမှာ မမျှော်လင့်ဘဲနဲ့ ဆေးကြောင့်ဖြစ်တဲ့ ရောဂါသည် အကုရခက်တယ်ဆိုတာ မှန်ပါတယ်။ ခြေသလုံးမှာ အနာရောဂါတစ်ခုပေါက်တော့ အဲဒီမှာ စားဆေး သာရာမိုင်ဆင်ဆို ထင်ပါရဲ့။ အဲဒီဆေးကိုသောက်တော့ ခြေသလုံးက အနာကတော့ ပျောက်သွားတယ် ဆိုပါစို့။ အံ့ဩလောက်အောင်၊ သို့သော် မမျှော်လင့်ဘဲနဲ့ မျက်နှာမှာလာပြီးတော့ ညာဘက်တစ်ခြမ်း မဖြစ်ဘူးပဲနဲ့ ထုံလာတယ်။ ထုံလာတယ်ဆိုရင်ပဲ အသွေးအရောင်ဟာ တစ်ရက်ထက်တစ်ရက် ပြောင်းသွားတယ်၊ အဲဒီလိုပြောင်းလာတော့ သမားတော်ကြီး ဆရာဝန်ကြီး ဦးသာလှက နိုင်ငံတော်အစိုးရက တာဝန်ပေးချက်အရ လာပြီးတော့ ဘုန်းကြီးကို စောင့်ရှောက်ပါတယ်။ စောင့်ရှောက်တဲ့အခါမှာ ဆရာကြီးက ဘာပြောလဲဆိုတော့ ဆရာတော်နဲ့ တပည့်တော်သိတဲ့ အပျောက်ကတော့ နေးလိမ့်မယ်တဲ့။ သို့သော် အားလုံးအနေနဲ့ဆိုရင်တော့ သုံးလေးလအတွင်းမှာ သက်သာသွားတာ တွေ့ရလိမ့်မယ်တဲ့။ ဆိုပြီးတော့ စားဆေး၊ သောက်ဆေးအစုံပေးလိုက်တာ ၁၃၂၄ ခုနှစ်၊ ဝါဆိုဦးလောက်ကနေပြီးတော့ ဆရာကြီး ဦးသာလှရဲ့ ဆေးကို မှီဝဲလိုက်တော့ တစ်နေ့ထက်တစ်နေ့ ပြောင်းပြီးတော့သွားတယ်။ ထုံတာလည်းပဲ လျှော့သွားတယ်။ ၁၃၂၄ ခုနှစ် ပြာသိုလထဲကျတော့ ဘေးကပုဂ္ဂိုလ်တွေအမြင်တော့ ဆရာတော် သက်သာသွားပြီပေါ့။ တော်တော်သက်သာပြီ၊ သို့သော် ထုံလျက်ရှိပါသေးတယ်။ အဲဒီမှာ တစ်နေ့ ပြာသိုလပြည့်ကျော် ၄ ရက်၊ သန်းခေါင်ကျော်ကျတော့ အိပ်မက်ထဲမှာ အေး၊ ဆိုကြပါစို့။ သံဝေဂဖြစ်လာတယ်။ ဘယ်လိုလဲဆိုတော့ အိပ်မက်ထဲမှာပဲ မိမိစကား ဘယ်လိုဖြစ်လာသလဲဆို တစ်ဦးတစ်ယောက်က ပြောလိုက်သလိုပဲ။ နှစ်နာရီပဲ ဇီဝိတ သင်္ခါတ ရှိတော့တယ်တဲ့။ နောက်နှစ်နာရီဆိုရင် ဇီဝိတသင်္ခါရခန်ပျက်ပြီးတော့ ဘဝဆုံးရမယ်လို့ အဓိပ္ပာယ်ရှိတယ်။ အဲဒီလိုရှိတော့ ဒါအိပ်မက်ထဲမှာ အေး၊ ငါ့မှာ ဒီလိုဆိုရင် အရိယာမဂ် တစ်ခုမှ မပြီးသေးဘူး။ မပြီးသေးတော့ ဘဝခရီးသွားရမယ်။ ဘဝခရီးသွားလို့ရှိရင် ဘာကိုအားကိုးပြီး သွားရမလဲ။ အဲဒီလို စဉ်းစားတယ်။ အိပ်မက်ထဲ တစ်ဦးတစ်ယောက်က အသိပေးပြီးတော့ ပြောလိုက်သလိုပဲ။ ပညာပညာလို့ နားထဲကြားတယ်။ ဒါ အိပ်မက်ထဲမှာ ပညာ ပညာလို့ကြားတော့ ဘာပညာလဲလို့ စဉ်းစားတယ်။ ဘုန်းကြီးအနေနဲ့က အရှင်ရာဟုလာ အရဟတ္တဖိုလ်ပေါက်ရောက်တဲ့ စူဠရာဟုလောဝါဒ သုတ္တန်ကလာတဲ့

ဆပဥ္စကမဗ္ဗဝိပဿနာဆိုတာ မပြတ်နှလုံးသွင်းပါတယ်။ အိပ်မက်ထဲမှာ ဆပဥ္စကမဗ္ဗဝိပဿနာပေါ့လို့။ အဲဒီလို တစ်ယောက်က ပြောလိုက်သလို ဖြစ်ပါတယ်။ အဲဒါနဲ့ ဆပဥ္စကမဗ္ဗဝိပဿနာဆိုတဲ့ဆိုပြီးတော့ တစ်ခါတည်း နိုးလာတယ်။ အဲဒီလို နိုးလာတော့ ၁။ မမေ့မလျော့နဲ့၊ ၂။ တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိကြဘူး၊ ၃။ ဒီတော့ မိမိရည်သန်တဲ့ ဓမ္မလောက စီးပွားများ မြန်မြန်အကောင်အထည်ဖော်ပြီး အလုပ်လုပ်။ စကားသုံးခု၊ သံဝေဂစကားသုံးခု ရခဲ့ပါတယ်။ ရပြီးတော့ အဲဒီနောက်မှာ မိမိထံမှောက်ရောက်လာတဲ့လူများကို တရားစကားပြောလို့ နောက်ပိုင်း သံဝေဂပိုင်းရောက်ရင် မမေ့မလျော့ကြနဲ့နော်၊ တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး၊ ဒီတော့တို့ရည်သန်တဲ့ လောကစီးပွား၊ ဓမ္မစီးပွားများ အချိန်ဆွဲမထားနဲ့။ မြန်မြန်ကြိုးစားကြလို့။ အဲဒီလိုပြောလိုက်ရမှ မိမိထံမှောက် ရောက်လာတဲ့ လူတွေအပေါ်မှာ ကိုယ့်ရဲ့တာဝန် ကျေပွန်တယ်လို့ အဲဒီလို အောက်မေ့တယ်။ အဲဒီလိုပြောလို့ ပြောရာကနေ စဉ်းစားတယ်။ ဒီဥစ္စာ စာပေနယ်ထဲရောက်အောင် ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ စဉ်းစားတော့ လူတိုင်း ကျက်လို့ အံလို့ဖြစ်နိုင်တဲ့ အလင်္ကာသဘောပေါ့လေ။ ဘယ်လိုလဲဆိုတော့ အလင်္ကာတစ်ခုက

* ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခုမျှော်ထောက်ရှု၍၊
* ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
* ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
* ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
* ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေစိမ့်ဌာဟု၊ သတ္တဝါ ခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစ်စက်ကမျှ၊ မရှိကြဘူး၊ အပ္ပမာဒေန၊ ဘိက္ခဝေ၊ သမ္ပာဒေထ၊ ဘုရားစကား၊ လက်ကိုင် ပွားကာ၊ တရားလက်မလွှတ်စေနှင့်လို့။

ဒီလို သံဝေဂလင်္ကာဟာ စီလိုက်တယ်ဆိုရင် မကြာဘူး ပေါ်လာတယ်။ ဒီသံဝေဂဓမ္မလင်္ကာနဲ့ တရားပွဲများမှာ တရားဟောတဲ့အခါ ဒီလိုထည့်ပြီးဟောတော့ အားလုံးလည်းပဲ ဒီသံဝေဂကို သဘောကျပုံပေါ်တယ်။ ဆိုပါစို့ရဲ့။ ဒီသံဝေဂ ဓမ္မလင်္ကာကို ယပ်တောင်ထဲထည့်ရိုက်ပြီးတော့ မင်းကွန်း တိပိဋကဆရာတော်၏

ဓမ္မသံဝေဂ ဓမ္မလင်္ကာဆိုပြီး ယပ်တောင်ထဲထည့်ပြီးရိုက်ကြ၊ တော်တော်နှစ်သက်ကြပုံ ပေါ်တယ်။

ဒါနဲ့ ဒီဟာကတော့ဖြင့် ဓမ္မနယ်ပယ်မှာ အလင်္ကာအနေနဲ့ရောက်အောင်၊ ပါဠိအနေနဲ့ရောက်အောင် ငါလုပ်ဦးမှ ဒီဂါထာကို စီဦးမှတော်မယ်လို့ စဉ်းစားမိလို့ စီလိုက်၊ အလွယ်နဲ့ပဲ။

အပ္ပမတ္တာ သဒါ ယောဓာ၊ ဥတ္တာ သခ်ါရ ဓမ္မတံ၊

သကိစ္စ အနုယုဥ္ဆတော၊ နတ္တိ နော မစ္စု အဂံရဲ၊


ဆိုတဲ့ ဒီဂါထာ အလွယ်နဲ့ပဲပေါ်တယ်။ အနက်ကို ရေးလိုက်တော့လည်း ယခုပြောမယ့်အတိုင်း လွယ်လွယ်နဲ့ပဲ ပြီးသွားတယ်။

သာရဝေါ–နလုံးပျော့ပြောင်း၊ သူတော်ကောင်းတို့၊ ဝါ သာရဝေါ–ကိုယ့်ကျိုးသူ့ကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင်၊ ရွက်ဆောင်ဘိတောင်း၊ အိုသူတော်ကောင်းတို့၊ သခ်ါရဓမ္မတံ– ရုပ်နာမ်ဓမ္မ၊ သခ်ါရတို့၊ ကိုယ်က ဤပုံ၊ ဖြစ်လိုတဲ့လည်း၊ တစ်ပုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ဥတ္တာစာနာထ၊ ယခုပင်လျှင် မအိုခင်က၊ ယခုပင်လျှင် မနာခင်က၊ ယခုပင်လျှင် မသေခင်က၊ ကြိုတင်ကာကြိုးကုတ်၊ သိမြင်အောင် အားထုတ်ကြကုန်လော့။ ဥတ္တာ– ကြိုတင်ကာအားထုတ်၊ သိမြင်အောင် အားထုတ်ကြပြီးလျှင်၊ သဒါ–နေ့နေ့ညညာ၊ ခပ်သိမ်းသောကာလ၌ အပ္ပမတ္တာ–အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်၊ (ဝါ) အပ္ပမတ္တာ– ကုသိုလ်ဆယ်စု၊ မြတ်ကောင်းမှု၌၊ ဂရုကာရ၊ ကြိုးလုံ့လဖြင့်၊ အပ္ပမာဒတရား၊ လက်ကိုင်ထားကြကုန်သည်၊ (ဝါ) အပ္ပမတ္တာ–မမျှော်လင့်ဘဲ၊ ဖြုန်းခနဲရောက်ခွဲ၊ နာဗျာဓိ၊ မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလည်းအိုနိုင်၏။ မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ဖောက်လွဲသေနိုင်၏ဟု သတိလျှိုက်လှဲ၊ စိတ်ဝယ်စွဲကြကုန်သည်၊ ယောဓာ–မြေကြီးလက်ခတ်၊ မလွဲလတ်သို့၊ စင်စစ်ကေန်၊ အမှန်ဖြစ်ကြပါကုန်လော့။ နော–တဏှာမာရ်ညွှတ်၊ ခန္ဓာဝဋ်မှကျွတ်ဆုရည်ခြေ၊ တို့တစ်တွေအား၊ နော–တဏှာတည်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း၊ ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်းမှ၊ လွတ်ကင်းရန် ရည်ခြေ၊ တို့တစ်တွေအား၊ မစ္စုသင်္ဂရံ–မစ္စုမည်ရင်း၊ ရှင်သေမင်းနှင့် အတွင်းကျိတ်ပူး၊ မက်ရည်လူး၍၊ နှစ်ဦးနှစ်ဖက်၊ ချိတ်အဆက်ဖြင့်၊ ဤရက်ခါမှ သေအံ့ဟူ၍ လည်းကောင်း၊ ဤလခါမှ သေအံ့ဟူ၍လည်းကောင်း၊ ဤနှစ်ခါမှ သေအံ့ဟူ၍ လည်းကောင်း သဘောတူချိန်းအချက်၊ စာချုပ်စာတမ်း၊ စာရွက်တို့နှင့်တကွ၊ လက်ဆောင်တံစိုး ထိုး၍ထားခြင်းပင်၊ နတ္တိ–လူတိုင်းကေန် မရှိနိုင်။ တသ္မာ–ထို့ကြောင့်၊ သကိစ္စ–ခုဝတ္တာမာန်၊ ပစ္စုပ္ပန်နှင့်၊ တမလွန်နောက်နှောင်း၊ တောက်လျှောက်ကောင်းအောင်၊ ရွယ်ကြောင်း

ဆုပန်၊ စိတ်ရည်သန်သည့်၊ နှစ်တန်သောလောက၊ ဓမ္မစီးပွား၊ ကိုယ့်ကိစ္စများကို၊ အနယုဋ္ဌဟော–လုံ့လကြီးကုတ်၊ အားထုတ်ကြပါကုန်လော၊ (ဝါ)သကိစ္စမန ယုဋ္ဌဟော–ရုပ်နာမ်နှစ်ပြင်၊ ကိုယ်ဖြစ်ချင်သလိုမဖြစ်ဘဲ၊ သူတို့ဖြစ်ချင်သလိုဖြစ်ကြတဲ့ သဘာဝ၊ သူ့ဉာဉ်ကို သမ္မဇဉ်နိုင်းညှိ၊ အမှန်အတိုင်းသိကြ၍၊ မိမိတို့ဆိုင်ရာ၊ နှစ်ဖြာ သောလောက၊ ဓမ္မစီးပွား၊ ကိုယ့်ကိစ္စများကို၊ ရှည်လျားကာလ၊ အချိန်ကို မဆွဲ ကြဘဲ၊ ယခုကပင် ကြိုတင်ကာကြီးကုတ်၊ အားထုတ်ကြပါကုန်လော့လို့။

အဲဒီလို ပါဠိနဲ့အနက်နဲ့ ဒီလိုပဲ အလွယ်တကူထင်လာပါတယ်။ မပြတ်မလပ် လည်းပဲ ဒီသံဝေဂသုံးခုကို မမေ့မလျော့ကြနဲ့ ဒါမှ သာသနာမှာ အပ္ပမာဒတရားသည် သာသနာရဲ့ အကျွပ်တရား၊ 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ' ဆိုတာ သာသနာရဲ့ အကျွပ်တရားဖြစ်ပါတယ်။ ပြီးတော့ တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး ဆိုတာက ဘဒ္ဒေကရတ္တသုတ္တန်မှာလာတဲ့ 'နတ္ထိ နော မစ္စုသင်္ဂရံ' ဒါနဲ့ သွားညီတယ်။ တို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိဘူး၊ ဒီတော့ မအိုခင်၊ မနာခင်၊ မသေခင် ကြိုတင်ကောင်းမှု ကြိုးစားပြုဆိုတာကလည်း ဘဒ္ဒေကရတ္တသုတ္တန်မှာ 'အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ' ဆိုတဲ့ အဲဒီဂါထာနဲ့ သွားညီတယ်။ 'နတ္ထိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ' ဆိုတာ ငါတို့မှာ သေခြင်းတရားနဲ့ အချိန်း အချက်မရှိကြဘူးဆိုတာ အဲဒီ 'နတ္ထိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ' ဆိုတဲ့ ဘဒ္ဒေ ကရတ္တသုတ္တန်က တရားနဲ့သွားညီမျှပါတယ်။ ဒါကြောင့် ဒီသံဝေဂ ဓမ္မကထာကို တရားနာယူချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များကို ၁။ မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရဆရာတော်၏ သံဝေဂဓမ္မလင်္ကာဆိုပြီး စကားပြေ မမေ့ မလျော့ကြနဲ့၊ ငါတို့မှာ သေခြင်းတရားနဲ့ အချိန်းအချက်မရှိကြဘူး၊ ဒီတော့ မိမိတို့ ရည်သန်တဲ့ လောကဓမ္မ အစီးအပွားကို လျင်မြန်စွာအားထုတ်ကြ၊ အဲဒီလိုပြော လိုက်ရရင် မိမိတို့ဝတ္တရား ကျေပွန်တယ်လို့ အောက်မေ့တယ်။ အခုလဲပဲ ဒကာကြီး များ မမေ့မလျော့ကြနဲ့။ ဒါတစ်ခွန်း။ ငါတို့မှာ သေခြင်းတရားနဲ့ အချိန်းအချက် မရှိကြဘူး။ ဒါတစ်ခွန်း။ မိမိတို့ ရည်သန်တဲ့ လောကစီးပွား၊ ဓမ္မစီးပွား လျင်မြန်စွာ အားထုတ်ကြလော့လို့ ဩဝါဒ သုံးခွန်း၊ ဒကာဦးနေဝင်းအား ဓမ္မလက်ဆောင် အဖြစ်နဲ့ ပေးအပ်ပါတယ်။ ဒါကို သုံးစွဲပါ။ မပြတ်မလပ် နှလုံးသွင်း၍ နှလုံးသွင်း ရင် ပိုပြီး ကိုယ့်ဟာကိုယ် သဘောကျလာပါလိမ့်မယ်။ ဒါပဲ ဘုန်းကြီးရဲ့ ဩဝါဒ သံဝေဂဓမ္မကထာ။ ဤမျှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည်။ ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတို့။

သာဓု၊ သာဓု၊ သာဓု



အရှင် သုပညိန္ဒာဘိဝံသ

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ

## အရှင်သုမင်္ဂလာဘိဝံသ

ဆရာတော်ကြီးကို စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်၊ သခွပ်တောရွာတွင် ၁၂၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ သောကြာနေ့တွင် အဘ ဦးပု၊ အမိ ဒေါ်မျိုးတို့မှ ဖွားမြင်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၁ နှစ်အရွယ်တွင် ရှင်သာမဏေပြု သည်။ ၁၂၉၄ ခုနှစ်တွင် ရဟန်းပြုတော်မူသည်။ ဆရာတော်သည် မန္တလေး၊ စစ်ကိုင်း၊ အမရပူရ၊ ရွှေဘို၊ ဝက်လက်မြို့တို့၌ ကျမ်းတတ်အကျော် ဆရာ တော်ကြီးများထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့သည်။ အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် မဟာ ဝိနယ ပရိယတ္တိ ဝိသာဒေ ဝိနယအကျော်ဘွဲ့တို့ကို အောင်မြင် ရရှိတော်မူခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံကျောင်းတိုက်၌ စာသင်သား သံဃာတော်များအား ပရိယတ္တိစာပေများ သင်ကြား ပို့ချတော်မူခဲ့ ရာ စာပေတတ်မြောက်ထင်ရှားသောတပည့် အမြောက်အမြားပေါ်ထွန်းခဲ့သည်။ ဆရာတော်သည် ၁၃၀၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ ပထမ ဂန္ဓာရုံကျောင်း တိုက်ကြီး၏ ဦးစီးပဓာနနာယက အဖြစ် ဆောင်ရွက်တော်မူပြီး ကစ္စာယန သုတ္တ ဆိုရိုးကျမ်း၊ ကစ္စာယန သင်္ခေပတ္တကျမ်း၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်နှင့် သမ္မာပရိဗ္ဗာဇနိယသုတ် နိဿယကျမ်းတို့ကို ရေးသား ပြုစုခဲ့ပါသည်။ ထို့ပြင် ဆရာတော်သည် ရွှေကျင်ဂိုဏ်း စုပေါင်း ပါဠိတက္ကသိုလ် ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုဥက္ကဋ္ဌ၊ ထေရဝါဒ ပြည်ပသာသနာပြု စွယ်တော်ပင့်ဆောင်ရေး ဦးဆောင်မဟာထေရ် အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ယခုအခါ နိုင်ငံတော် ဩဝါဒစရိယနှင့် ရွှေကျင်နိကာယဂိုဏ်းကြီး၏ ဒုဥက္ကဋ္ဌ၊ ဒုတိယ သာသနာပိုင် အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါ သည်။

ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၉၈၅ ခုနှစ်တွင် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၁၉၉၆ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

## စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ
## အရှင်သုပညိန္ဒာဘိဝံသ
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

သူတော်စင်၊ သူတော်မြတ်တို့ နေထိုင်ရာ စစ်ကိုင်းတောင်ရိုးကို ကျွန်တော်ရောက်ရှိခဲ့စဉ်က ပထမဂန္ဓာရုံတိုက်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိပြီး ဆရာတော်ကြီးကို အခုလို လျှောက်ထားမေးမြန်းခွင့် ရရှိခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။၇၄ နှစ်ကျော်ကျော်၊ ၇၅ နှစ်ထဲရောက်နေပြီ ဒကာကြီး။

မေး။ ။ဆရာတော်ဘုရား သက်တော် ၇၅ နှစ် ရှိပြီဆိုတော့ အခုအချိန်မှာ ဆွမ်းကွမ်းကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုမျှတအောင် နေပါသလဲ ဘုရား။

ဖြေ။ ။ဆွမ်းခံပြီးတော့သာ ဘုန်းကြီးက ဘုဉ်းပေးပါတယ်။

မေး။ ။တပည့်တော်တို့ သက်တော် ၇၅ နှစ် ရှိပြီဆိုတော့ ငယ်တဲ့အရွယ်လို့ မဆိုနိုင်ပါဘူး ဘုရား။ သက်တော် ၇၅ နှစ်ထိ ဆွမ်းခံတုန်း ဆိုလို့ရှိရင်ဖြင့် ပင်ပန်းဆင်းရဲတယ်လို့ မအောက်မေ့ဘူးလား ဘုရား။

ဖြေ။ ။ဆွမ်းခံတာဟာ ဘယ်ပင်ပန်းဆင်းရဲမလဲ ဒကာကြီးရယ်။ ဆွမ်းခံသွားရတာကို ဘုန်းကြီးစိတ်ထဲ ပေါ့နေတယ်။ ဆွမ်းခံပြီးတော့ သံဃာတွေကို ကျွေးနေတာ ဒကာကြီးရဲ့။

မေး။ ။ဆရာတော်ဘုရား၊ ဒီအဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ဘယ်တုန်းက ရရှိခဲ့ပါသလဲ ဘုရား။

ဖြေ။ ။၁၃၄၆ ခုနှစ်ကပဲ အစိုးရက လှူဒါန်းတယ် ဒကာကြီး။

မေး။ ။တင်ပါ့ဘုရား၊ ဒါကတော့ အစိုးရက ဆက်ကပ်လှူဒါန်းတဲ့ဘွဲ့ပေါ့ ဘုရား။ စာမေးပွဲတွေဖြေပြီးတော့ ယူရတဲ့ ဘွဲ့တံဆိပ်တွေက ဘာတွေများရခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ သကျသီဟရယ်၊ အစိုးရ ဓမ္မာစရိယရယ်ပါပဲ ဒကာကြီး။

မေး။ ။တင်ပါ့ဘုရား၊ သကျသီဟာဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ နှစ်ခုရခဲ့တယ်၊ ဒီတော့ ဆရာတော်ဘုရားကြီး ပရိယတ္တိလုပ်ငန်းနဲ့ပတ်သက်လို့ ဘာတွေများ ဆောင်ရွက်ပါသလဲ ဘုရား။

ဖြေ။ ။တော်တော် ငယ်ရွယ်စဉ်အခါတုန်းကတော့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေကို သင်ကြားပို့ချပေးနေတာပဲ။ အခု တော်တော်ကြီးလာတော့ ၆၀ ဒီဘက် ၇၀ လောက်ရောက်တဲ့အခါကျတော့ အဲဒီ အဋ္ဌကထာ၊ ဋီကာတွေကို ဘုန်းကြီးတပည့်များက ပို့ချပေးနေကြတယ်။ဘုန်းကြီးကတော့သဂြိုဟ်၊ ဒါလောက်ပဲ။ ရှင်ငယ် သာမဏေငယ်များကို သဒ္ဒါရဲ့ သဘော သဘာဝတွေ နားလည်အောင်၊ သဂြိုဟ်ရဲ့သဘော သဘာဝတွေနားလည်အောင် ငယ်ငယ်ကလေးတွေကိုပဲ များသောအားဖြင့် သင်ကြားပေးတယ် ဒကာကြီး။

မေး။ ။တပည့်တော် တစ်ခုကြားမိပါတယ် ဆရာတော်ဘုရား။ စာသင်သားတွေ လက်ခံတဲ့နေရာမှာ ဉာဏ်ဘယ်လောက်ထိုင်းထိုင်း၊ ဘယ်လောက် လေးလေး၊ ဘယ်လောက်ပျင်းပျင်း လက်ခံတယ်လို့ သိရပါတယ်၊ ဟုတ်ပါသလား ဘုရား။

ဖြေ။ ။ဉာဏ်လေးလည်း ဘုန်းကြီးကတော့ လက်ခံတာပဲ။ ကောင်းလည်း လက်ခံတာပဲ။ ဉာဏ်လေးတဲ့ ပုဂ္ဂိုလ်တွေကို သင်ကြားချပေးရတာ ပါရမီဖြစ်တယ် ဒကာကြီး။ ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ လွယ်လွယ် လွယ်လွယ်နဲ့ ပို့ချလို့ရတော့ ပါရမီဖြစ်တန်သလောက်ဖြစ်ပါရဲ့။

မေး။ ။တင်ပါ့။ ဆရာတော်ဘုရား စာချတဲ့နေရာမှာတော့ စိတ်ရှည်လက်ရှည်ချဆိုပါတော့ ဘုရား။

ဖြေ။ ။စိတ်ရှည်ပါတယ်။ စာမရ ရအောင် မရမချင်း တစ်ခေါက်ပြီး တစ်ခေါက်၊ တစ်ခါပြီး တစ်ခါ၊ တစ်ရက်ပြီး တစ်ရက် သိသွားအောင် နားလည်သွားအောင် ပြောပေးနေတာပါ။

မေး။ ။တင်ပါ့ဘုရား။ အခုလို ပရိယတ္တိလုပ်ငန်းတွေကို ဆောင်ရွက်ရင်း ဆရာတော် ပဋိပတ္တိကိုရော ဘယ်လို နှလုံးသွင်းပါသလဲ ဘုရား။

ဖြေ။ ။ပဋိပတ္တိကိုတော့ အထူးသဖြင့် နှလုံးသွင်းတယ်မရှိပါဘူး။ ဘုန်းကြီး သွားရင်း လာရင်း ဂေါစရသမ္ပဇဉ် သဘောနဲ့ ဘုရားထားတော်မူတဲ့ ဝိနည်းပါဠိတော်၊ ဘိက္ခုပါတိမောက်အစရှိတဲ့ ဝိနည်းပါတိမောက် ခုဒ္ဒသိက္ခာနိဿယတွေ၊ သဂြိုဟ်တွေ၊ ထိုစာတွေကိုပဲ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဂေါစရသမ္ပဇဉ်အနေနဲ့ သွားလာနေတာပါပဲ။ အဲဒါတွေကိုလည်း ပရိကံပြုပြီးတော့ ကြိုးစားအားထုတ်နေပါတယ်။

မေး။ ။တပည့်တော်တို့ သွားရင်း လာရင်း ဘိက္ခုပါတိမောက်ကို နှလုံးသွင်းတာထက် 'ဂစ္ဆန္တောဝါ ဂစ္ဆန္တောမိတိ ပဇာနာတိ' သွားရင် သွားတယ်လို့ သိသိနေတာက ပိုပြီးတော့ မကောင်းဘူးလား ဘုရား။

ဖြေ။ ။ဒါကတော့ အလွန်ကောင်းတဲ့အလုပ်ပေါ့ ဒကာကြီးရယ်။ အဲဒီ ဂစ္ဆန္တောဝါ ဂစ္ဆန္တောမိတိ စသည်အားထုတ်ပြီးတော့ သွားလာနေတာက စိပ်တယ်။ အလွန်စိပ်တော့ အာရုံပြုနိုင်ခဲတယ်။ အာရုံငြိမ်မယ့် ဘုရားစကားတော်တွေကို နှလုံးသွင်းပြီးတော့ သွားနေတာက နှလုံးသွင်းနေကျမို့ အာရုံနိုင်တယ်။ သမာဓိရတယ် ဒကာကြီး။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော်ဘုရားကြီး အမိန့်ရှိတာက အဲဒီလို နှလုံးသွင်းဖို့ဟာ ကြွ လှမ်း ချ ထိ ဆိုတာမိအောင် နှလုံးသွင်းနိုင်ဖို့ ခက်တယ် ဒီလိုဆိုလိုတာပါလား ဘုရား။

ဖြေ။ ။ မိအောင်နှလုံးသွင်းနိုင်ဖို့ ခက်တယ်။ အာရုံက စိတ်ကို သမာဓိရခဲတယ်လို့ ဘုန်းကြီးက သဘောပေါက်နေတယ်။ ဘုန်းကြီးတို့နှလုံးသွင်းနေကျ ဘုရားစကားတော်တွေကို နှလုံးသွင်းတာကတော့ နှလုံးသွင်းနေကျ၊ အားထုတ်နေကျ၊ ကြိုးစားပြီးသားတွေမို့ သမာဓိရတယ်လို့ ဘုန်းကြီးက သဘောပေါက်တယ်။ ဒါနဲ့ပဲ သမာဓိရရနဲ့ သွားလာပြီးတော့ သမာဓိရအောင် ကြိုးစားအားထုတ်နေတာပဲ။

မေး။ ။တင်ပါ့ဘုရား။ ဒီတော့ တပည့်တော်တို့ အကယ်၍ အထပ်ထပ်အခါခါများ နှလုံးသွင်းတယ်ဆိုရင်ကော ပေခုံပေါ်မှာ တူရိုက်တဲ့အခါ အရာထင်မှန်းမသိ ထင်ထင် ထင်ထင် လာသလို မဖြစ်နိုင်ဘူးလား ဘုရား။

ဖြေ။ ။ထပ်ကာ ထပ်ကာရိုက်တော့ အရာထင်လို့မှ ဘုရားရှင်လက်ထက်က စပြီးတော့ ဒီတရား ကြိုးစားအားထုတ်လို့ သမာဓိရပြီးတော့ တရားရသွားကြတာတွေ အများကြီးပဲ။ ကိုယ်ပိုင်ရာ ကိုယ်နိုင်ရာ ကိုယ့်စိတ်ကူးနဲ့ ကိုယ်ကြိုက်တဲ့နေရာ ကြိုးစားအားထုတ်မှ တရားရလွယ်တယ် ဒကာကြီးရဲ့။

မေး။ ။တင်ပါ့ဘုရား။ တပည့်တော်သိသလောက် ဆရာတော်ဘုရားက ဒီပရိတ်တရားတော်တွေ၊ အာဋာနာဋိယသုတ်အပါအဝင်ပေါ့လေ။ မဟာသမယသုတ်၊ အနတ္တလက္ခဏာသုတ်၊ ဓမ္မစကြာစတဲ့ ပရိတ်နဲ့ သုတ်တွေကို အမြဲမပြတ် ရွတ်တယ်လို့ ကြားပါတယ်ဘုရား။ ဟုတ်ပါသလား။

ဖြေ။ ။ပရိတ်တွေကတော့ အမြဲရွတ်ပါတယ်။ ပရိတ်ကြီးပါဠိ၊ နိဿယ ရွတ်ပါတယ်။ ဓမ္မစကြာပါဠိရွတ်ပါတယ်။ အနတ္တလက္ခဏာသုတ်ပါဠိနိဿယတွေ အမြဲရွတ်ပါတယ်။ ဘုန်းကြီးရွတ်နေတဲ့စာဟာ တစ်လမှာ ဆယ့်ငါးရက်

တစ်ခေါက်၊ ဆယ့်ငါးရက်တစ်ခေါက်၊ တစ်လ နှစ်ခေါက်လောက်ပဲ ရပါတယ်။ ဒီစာတွေပဲ အမြဲရွတ်ဖတ် သရဇ္ဈာယ်ပြီးတော့ ပရိကံပြုနေပါရတယ်။ ဒါတွေပဲ အားကိုးပြီးတော့ ဒီရွတ်ဖတ်သရဇ္ဈာယ်တဲ့ တရားတွေထဲက စသည်ပါတဲ့ အထူးသဖြင့်တော့ အနတ္တလက္ခဏာသုတ်ထဲမှာပါတဲ့ အနတ္တလက္ခဏာသဘာဝတွေကို စဉ်းစားဆင်ခြင်ပြီးတော့ ရွတ်တဲ့အခါများကျလို့ ရှိရင်ဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတွေကို အစိတ်စိတ်အဖြာဖြာ မြင်ပြီးတော့ ခန္ဓာကိုယ်ကို မရှိသလောက်မြင်ရတယ် ဒကာကြီးရေ။ အနတ္တလက္ခဏာသုတ်က အလွန်တန်ဖိုးရှိတဲ့ တရား။

မေး။ ။တင်ပါ့ဘုရား။ အဲဒီလို အနတ္တလက္ခဏာသုတ်ကို ရွတ်ရင် တပည့်တော်တို့ ရုပ်နာမ်ခန္ဓာတို့ရဲ့ မမြဲတဲ့ အနိစ္စသဘောတရား၊ ဒုက္ခသဘောတရား၊အနတ္တသဘောတရားကို မြင်ပြီးတော့ သက္ကာယဒိဋ္ဌိကွာတဲ့ အဆင့်ထိပေါ့ဘုရား။ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာတဲ့အဆင့်အထိများ မရောက်နိုင်ဘူးလားဘုရား။

ဖြေ။ ။ရောက်ဖို့ရာသေချာတဲ့လမ်းပေါ့ ဒကာကြီးရ။ အလွန်သေချာတဲ့လမ်း။ ဒါကြောင့်မို့ ဒီအနတ္တလက္ခဏာသုတ်ကို အထူးသဖြင့် ကြိုးစားပြီးတော့ အာရုံပြုပြီးတော့ ရွတ်နေရတာပေါ့ ဒကာကြီးရဲ့။ ရွတ်တဲ့ပရိကံများတဲ့ အခါကျတော့ ပရိကံတွေအားကောင်းလာပြီး သမာဓိရတော့ ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ် မရသေးသော်လည်း နောက်ဘဝနီးတဲ့ တစ်ချိန်မှာ ဖြွန်းခနဲ ဒိုင်းခနဲ ရသွားပြီးတော့ ပကတိသာဝကအဖြစ်မျိုးနဲ့ ရောက်သွားတာပေါ့ ဒကာကြီးရ။ ရောက်လွယ်တယ်။

မေး။ ။ဆရာတော်တို့လို ပညာတတ်ပုဂ္ဂိုလ်ကြီးတွေ ပါရမီဖြည့်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေကမှ ဘုရားဆုတို့ အဂ္ဂသာဝက မဟာသာဝကဆုတို့ မပန်ဘဲနဲ့ ပကတိသာဝကနဲ့ သွားချင်တယ်ဆိုရင် သတ္တဝါတွေအတွက်ဖြင့် တပည့်တော် ရင်လေးမိပါတယ် ဘုရား။

ဖြေ။ ။ပကတိသာဝကအဖြစ်ဆိုတာက ဒကာကြီးရေ တစ်မဂ်တစ်ဖိုလ်ရလွယ်တဲ့ နည်းကိုသာပြောတာကိုး။ ပကတိသာဝကဆိုတာ တစ်မဂ် တစ်ဖိုလ် ရလွယ်တယ်၊ ပါရမီတွေကို ကြာရှည်မဖြည့်ရဘူး။ ပကတိသာဝက ဖြစ်လာတဲ့ တစ်ချိန်ရောက်တော့ကို အခြားသော လူနတ်ဗြဟ္မာ သတ္တဝါတွေကို ချွတ်နိုင်တဲ့အချိန်တွေအများကြီးရှိတာယ် ဒကာကြီးရေ။ အားမငယ်နဲ့၊အားမငယ်နဲ့။ ရှိတယ်။ အဲဒီအချိန်မှာ ငယ်ငယ်လေးကများ ပကတိသာဝကဖြစ်ပြီးတော့ နေမယ်ဆိုရင် အသက်တမ်းရှည်သွားလို့ရှိရင် လူနတ်ဗြဟ္မာ သတ္တဝါတွေ ချွတ်ဖို့ အချိန်တွေအများကြီး ဒကာကြီးရေ။ အဲဒီအားတွေက သိပ်ကောင်းတယ်နော်။

မေး။ ။တပည့်တော်ဆိုလိုတာက ဒီလိုမဟုတ်ပါဘူး ဘုရား။ ဆရာတော်တို့လို ပုဂ္ဂိုလ်တွေကမှ ဘုရားဆုတို့ဘာတို့ မပန်ရင် ဘယ်သူက ပန်ဦးမှာတုံးလို့ တပည့်တော် ဆိုလိုတာပါ။

ဖြေ။ ။ပါရမီဖြည့်လိုတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိကြပါတယ်။ ကိုယ်လည်း ကိုယ်နိုင်ရာ ကိုယ်ပိုင်ရာ ကိုယ်လည်း ကိုယ်စိတ်ကူးရာနဲ့ စိတ်ကူးပြီးတော့ ပါရမီဖြည့်တဲ့ အပြည့်ဖြည့်တဲ့ တစ်ချိန်ရောက်တော့ကို ကိုယ်တတ်နိုင်တဲ့ ပါရမီဉာဏ်နဲ့ သတ္တာတွေကို ချေချွတ်ဖို့ကတော့ အမြဲ စိတ်ကူးခဲ့ပါတယ် ဒကာကြီးရယ်။

မေး။ ။ဆရာတော်ဘုရား၊ ပကတိသာဝကအနေနဲ့ရရင်၊ ရတဲ့အချိန်မိရင် မိတဲ့ရထားနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုမယ်လို့ စိတ်ကူးနေပါရက်နဲ့ ဒီဘဝတွင် ဘာကြောင့် တစ်မဂ် တစ်ဖိုလ်ရအောင် ဆရာတော်ဘုရား အားမထုတ်ပါသလဲ ဘုရား။

ဖြေ။ ။တစ်မဂ် တစ်ဖိုလ်ကတော့ ဒီဘဝတွင်တော့ ရဖို့ရာ စိတ်ကူးထဲ မတွေ့သေးဘူး။ နောက်ဘဝကစပြီးတော့ ရဖို့ရာ စိတ်ထဲမှာ အဲသလိုလောက်ပဲ မြင်တယ်။ ဒါကြောင့် ဒီဘဝမှာတော့ နင်လား ငါလား မကြိုးစားဘူး ဆိုပေမယ့် ဘုန်းကြီးက အလွန်သဘောကျနေတဲ့ ပညာတွေကို ပွားလာအောင် တိုးလာအောင် ပညာတွေကြီးကျယ်လာအောင် ကြိုးစားနေတယ် ဒကာကြီးရေ။ ဒီပါရမီပဲ ကြိုးစားအားထုတ်နေတယ်။

မေး။ ။ဒီတော့ တပည့်တော်တို့ ဆရာတော်ဘုရား။ ပါရမီတွေကို ကြိုးစားအားထုတ်နေတယ်ဆိုတော့ လျင်မြန်စွာပေါ့လေ။ မဂ်ဖိုလ်ကို ပါရမီဖြည့်တဲ့အခါ မျက်မှောက်ပြုနိုင်မယ်လို့ အဲသလိုယူဆပါသလား ဘုရား။

ဖြေ။ ။ဒါ သဘောအကျဆုံးပေါ့။ မြန်မြန်အရချင်ဆုံးပေါ့။ ဒီဘဝတွေ မြန်မြန်ကုန်ချင်ဆုံးပေါ့။ ပကတိသာဝကအဖြစ်နဲ့ မြန်မြန်ဘဝကုန်အောင် နောက်ဆုံးဘဝမှ ကိုယ်တတ်နိုင်သမျှ သတ္တာတွေကို ချေချွတ်နိုင်သလောက် ချေချွတ်ချင်တဲ့သဘောရှိပါတယ် ဒကာကြီး။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ မြန်မြန် ခိပ္ပါဘိညာပေါ့လေ။ သုခပဋိပဒါနည်းနဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုချင်တယ်ဆိုတော့ တပည့်တော်တို့ ဗာဟိရဒါရုစိရိယလိုများလား ဘုရား။

ဖြေ။ ။အဲဒီလိုတော့ မဖြစ်ချင်ဘူး ဒကာကြီးရေ။ ဒါကြောင့်မို့ ဖြစ်ရတဲ့အခါမှာလည်း ဆင်းဆင်းရဲရဲနဲ့တော့ ဖြစ်ဖို့ရန် မရည်ရွယ်ဘူး။ ဒါကြောင့်မို့ပဲ ကိုယ့်ကြည့်နေတဲ့ ပရိသတ်တွေကို ကျွေးမွေးပြုစု၊ အဝတ်အရုံစသည်၊ နေရာ

ထိုင်ခင်း စသည် စောင့်ရှောက်ပြီးတော့ နေတာပဲ။ အဲဒီလို ဒါရုစိရိယတို့လို ဆင်းဆင်းရဲရဲနဲ့တော့ တစ်ကိုယ်တည်းသွားလိုတဲ့ ကိစ္စကတော့ မရှိဘူး။ ပကတိသာဝကဆိုပေမယ့်လို့ မြိုင်မြိုင်ဆိုင်ဆိုင်ပေါ့ ဒကာကြီးရယ်။

မေး။ ။တင်ပါ့ဘုရား။ တပည့်တော်ဆိုလိုတာက ဗာဟိရဒါရုစိရိယလို တုတ်ချောင်းတွေ စိတ်ရင်းနဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး ဘုရား။ ဗာဟိရဒါရုစိရိယလို ဆရာတော်ဘုရား နိဗ္ဗာန်ကိုအမြန်ဆုံး မြင်တယ်ဆိုတဲ့အကြောင်းကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်ဘုရား။ ဆရာတော်ဘုရားအနေနဲ့ တပည့်တော်တို့ကို ဆုံးမစကား မိန့်ကြားတော်မူပါဘုရား။

ဖြေ။ ။ဘုန်းကြီးအနေနဲ့ ဆိုလို့ရှိရင်တော့ကို ကမ္ဘာကြီးနှင့်တကွ သတ္တဝါတွေဟူသမျှ လောဘ ဒေါသ မောဟကင်းသွားအောင် ဆုံးမချင်တာပဲ။ သတ္တဝါတွေ လောဘကြီးနေသမျှ ကာလပတ်လုံး အကုန်လုံးသတ္တဝါတွေဟာ လောဘမသိမ်းနိုင်ပဲနဲ့ အမျိုးမျိုးသောဒုက္ခတွေ ရောက်ကြရတယ်။ ဒေါသကြီးနေသမျှကာလပတ်လုံး၊ မေတ္တာ မရှိနေသမျှ ကာလပတ်လုံး၊ သတ္တဝါတွေဟာ တစ်ဦးနဲ့တစ်ဦး မတည့်တတ်ကြဘူး။ ဒါကြောင့် သတ္တဝါတွေဟူသမျှ မောဟကုန်စေချင်တယ်။ အမှားတွေသိပြီးတော့ အမှန်တွေ မသိကြဘဲနေတယ်။ သတ္တဝါတွေဟာ ဒါကြောင့်မို့ လောဘ၊ ဒေါသ၊ မောဟကုန်ရာဖြစ်တဲ့ သဘောတရားတွေကို ကမ္ဘာလောကကြီး တစ်လောကလုံး ချမ်းသာစေချင်လွန်းလို့ သတ္တဝါတွေဟူသမျှ လောဘကင်းအောင်၊ ဒေါသကင်းအောင်၊ မောဟကင်းအောင် သို့မဟုတ် မကင်းနိုင် မကုန်နိုင်သော်လည်းပဲ လောဘနည်းအောင်၊ ဒေါသနည်းအောင်၊ မောဟနည်းအောင် ကြိုးစားစေချင်တယ်။ ကမ္ဘာလောကရှိ သတ္တဝါတွေမှန်သမျှ ဆင်းရဲနေတာဟာ လောဘကြောင့် ဆင်းရဲနေကြတယ်။ ဒေါသကြောင့် ဆင်းရဲနေကြတယ်။ မောဟကြောင့် ဆင်းရဲနေကြတယ်။ ဒီအကုသိုလ်တရားတွေ သတ္တဝါတွေသန္တာန်မှာ ရှိနေသမျှကာလပတ်လုံး လောဘ ဒေါသ မောဟ အားကြီးပြီးနေသည်ဖြစ်၍ ကမ္ဘာလောကကြီးနှင့်တကွ ၃၁ ဘုံမှာ ဆင်းရဲ နေကြရတယ်။ ဒီလောဘ ဒေါသ မောဟတွေ နှိပ်စက်နေကြတယ် ဒကာကြီးရေ။ လောဘ ဒေါသ မောဟကုန်အောင် နည်းအောင် ကြိုးစားစေချင်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ လောဘ ဒေါသ မောဟ ကင်းရေးကို ဆင်ခြင်ရင်း ကျွန်တော်တို့တစ်တွေ စစ်ကိုင်းတောင်ရိုးကနေ ကျမ်းပြုဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ တည်ထောင်တော်မူခဲ့တဲ့ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်ဆီသို့ ရှေ့ရှုထွက်ခွာခဲ့ကြပါတယ်။



ဆရာတော် ဦးကောသလ္လ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

## ဆရာတော် ဦးကောသလ္လ

ဆရာတော်လောင်းလျာကို ပြည်မြို့နယ်၊ ဝက်ထီးကန် ဝါးရုံဆိပ်ရွာ၌ အဘ ဦးဘိုးရင်၊ အမိ ဒေါ်ဒေါင်းစိန်တို့မှ ၁၂၈၉ ခုနှစ်၊ တော်သလင်း လဆန်း ၁၀ ရက်၊ တနင်းလာနေ့တွင် ဖွားမြင်တော်မူပါသည်။ မွေးချင်း သုံးယောက် အနက် သားကြီး ဖြစ်သည်။ ငယ်နာမည်မှာ မောင်ကျော်စိန် ဖြစ်သည်။ ၁၃ နှစ်သားအရွယ်တွင် ဝါးရုံဆိပ်ရွာကျောင်းတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ကောသလ္လ ဖြစ်သည်။ ၁၃၀၈ ခုနှစ်တွင် ပွင့်လှသိမ်ကုန်း ကျောင်းတိုက် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိ သည်။ ပွင့်လှသိမ်ကုန်းကျောင်း၊ မန္တလေးမြို့ ဘုရားကြီးတိုက်၊ စကုတိုက်၊ မိုးကောင်းတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ ရန်ကုန်မြို့ ခြောက်ထပ် ကြီး၊ ညောင်တုန်း ကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများကို သင်ယူတော် မူသည်။

၁၃၂၅ ခုနှစ်၊ ၁၆ ကြိမ်မြောက် တိပိဋက စာမေးပွဲကြီးတွင် တိပိဋကဓရ အောင်ပန်းကို ဆွတ်ခူးခဲ့ပါသည်။ ၁၃၃၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်တွင် ရန်ကင်းမြို့နယ်၊ ကံဘဲ့ သစ္စာဝါဒီကုန်းမြေရှိ ပဋ္ဌာနိကာယ သာသနာ့ဗိမာန်တော် သို့ ရောက်ရှိ၍ သီတင်းသုံးကာ သာသနာရေးကိစ္စများကို သာသနာပြု ဆောင်ရွက်တော်မူသည်။ ပရိယတ်၊ ပဋိပတ်အပြင် ကျမ်းစာများလည်း ရေးသားတော်မူခဲ့ပါသည်။

သက်တော် ၆၉ ခုနှစ်၊ ၁၃၅၇ ခုနှစ်တွင် ရန်ကုန်မြို့ ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်၌ တစ်ဘဝ ဇာတ်သိမ်းတော်မူပါသည်။

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

## ဆရာတော် ဦးကောသလ္လ

## နှင့်

## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

တိပိဋကဓရ ဆရာတော်ဦးကောသလ္လကို စတင်ဖူးမြော်ခွင့်ရခြင်းမှာ ၁၉၈၇ ခုနှစ်က ဖြစ်ပါသည်။ ဆရာတော်ကြီး ကျောက်ကပ်ရောဂါဖြစ်၍ ကျောက်ကပ်လဲလှယ် ခွဲစိတ်ကုသခံရန် လန်ဒန်မြို့သို့ရောက်လာစဉ်က ကျွန်တော် ဆရာတော်ကြီးကိုနေအိမ်သို့ပင့်၍ ဆွမ်းကပ်လှူဒါန်းခွင့်ရခဲ့ပါသည်။ဆရာတော် ခွဲစိတ်ကုသမှု အောင်မြင်စွာ ခံယူပြီးသောအချိန်နှင့် ကထိန်ရာသီ တိုက်ဆိုင်နေသဖြင့် ဝါးရစ်တောရကျောင်း ကထိန်သို့ ပင့်ဖိတ်ပြီး တရားနာယူခွင့်လည်းရခဲ့ပါသည်။ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် ကျွန်တော် မြန်မာပြည်သို့ ခေတ္တပြန်လည်ရောက်ရှိစဉ် မြင့်မြင့်ခိုင် ဓာတ်ပုံတိုက်ပိုင်ရှင် ဦးအုံးရွှေ စီစဉ်ပို့ဆောင်ပေးသဖြင့် ဆရာတော် ဦးကောသလ္လကို မေးမြန်းလျှောက်ထားခွင့်ရခဲ့ပါသည်။ ကျွန်တော်တို့ရောက်ရှိစဉ် ညဦးပိုင်းတွင် ပဋ္ဌာန်းကာယကျောင်းကိုက် သံဃာတော်သုံးရာခန့် ညီညီညာညာ ဘုရားဝတ်ပြုနေသည်ကို ကြားနာရသည်မှာ ကြည်နူးမဆုံးဖြစ်ရပါ၏။ သံဃာတော်များ ဘုရားရှိခိုးပြီးမှပင် ဆရာတော်ကို လျှောက်ထားမေးမြန်းခဲ့ပါသည်။

မေး။ ။ဆရာတော်ဘုရား၊ ဘယ်ဇာတိပါလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ ပဲခူးတိုင်း၊ ပြည်မြို့၊ ဝက်ထီးကန်တိုက်နယ်၊ ဝါးရုံဆိပ်ကျေးရွာ ဇာတိဖြစ်ပါတယ်။

မေး။ ။ဆရာတော် သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး ၆၀ ကျော်လို့ တော်သလင်းလက ၆၀ ပြည့်ခဲ့တယ်။ ၆၁ နှစ်ထဲ ရောက်လာပါပြီ။

မေး။ ။တင်ပါ့။ ဆရာတော်ဘုရားဟာ ဘယ်ကျောင်းတိုက်မှာ ဘယ်ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ပဉ္စင်းရဟန်းအဖြစ် ခံယူခဲ့ပါသလဲဘုရား။

ဖြေ။ ။ဘုန်းကြီးက ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဝေဠုဝန်နိကာယ သာသနာပိုင် ပွင့်လှသိမ်ကုန်း ဆရာတော်ဘုရားကြီးထံမှာ ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်ခဲ့ပါတယ်။

မေး။ ။ဆရာတော် ပညာသင်ကြားခဲ့တဲ့ ကျောင်းတိုက်များနဲ့ ဆရာတော်ဘုရားများကို တပည့်တော်တို့ သိရှိအောင် အမိန့်ရှိတော်မူပါဦး ဘုရား။

ဖြေ။ ။ဘုန်းကြီးရဲ့ ကျေးဇူးရှင် ဆရာတော်တွေကတော့ ပထမဆုံးဆရာတော်ကတော့ ဇာတိ ဝက်ထီးကန်တိုက်နယ် ၊ ဝါးရုံဆိပ်ရွာ၊ မူလဆရာတော်အရှင်ဣန္ဒာစက္ကထံမှာ အခြေခံသာသနာနဲ့ ပတ်သက်၍ ပရိယတ္တိအလုပ်ကို နိုင်နိုင်မာမာသင်ကြားခဲ့ပါတယ်။ ထို့နောက် ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှာ သင်ကြားခဲ့ပါတယ်။ ထို့နောက် ဓမ္မာစရိယ စာချတန်းအထိ ပွင့်လှသိမ်ကုန်း ကျောင်းတိုက်မှာ သင်ကြားခဲ့ရပါတယ်။ ထို့နောက် ဓမ္မာစရိယ စာမေးပွဲပြီးတဲ့အခါကျမှ ပိဋကတ်တော် ဗဟုသုတပြည့်စုံအောင် ရည်ရွယ်ပြီးတော့ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းတိုက်၊ မန္တလေးမြို့ ဘုရားကြီးတိုက်၊ စကုတိုက်၊ နောက်တစ်ခါ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တော်ကြီးမှာ ပိဋကတ်တော်များကို အထက်တန်းအဓိပ္ပာယ်တွေရော၊ပါဠိတော်သွားနည်း ဝါကျသွားနည်း အမျိုးမျိုးရော နားလည်အောင် အတော်အပါးဝအောင် ဆရာတော် သံဃာတော်ကြီးတွေ၊ အကျော်အမော်ကြီးတွေဆီမှာ သင်ကြားခဲ့ရပါတယ်။ အဲဒီ သင်ကြားပြီးတော့မှ ၁၃၁၆ ခုနှစ်၊ ပြည်မြို့ပြန်ပြီး ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှာ စာချဘုန်းကြီး လုပ်ရပါတယ်။

မေး။ ။တပည့်တော်တို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို ဘယ်နှခုနှစ်က ရရှိခဲ့ပါသလဲ ဘုရား။

ဖြေ။ ။၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပတဲ့ ၁၆ ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးမှာ ဒီဘွဲ့ကို ရရှိခဲ့ပါတယ်။

မေး။ ။ဆရာတော်ရရှိတဲ့အချိန်က တတိယမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်လို့ တပည့်တော်တို့ သိရှိရပါတယ် ဘုရား။

ဖြေ။ ။ဟုတ်ပါတယ်။ ပထမဆုံး မင်းကွန်းဆရာတော်ဘုရားကြီး ခြောက်ကြိမ်မြောက်မှာ ဘွဲ့ရ၊ ပခုက္ကူဆရာတော်က ခြောက်နှစ်ခြားပြီး ၁၂ ကြိမ်မြောက်မှာ ဘွဲ့ရပါတယ်။ ထို့နောက် လေးနှစ်ခြားပြီး ဘုန်းကြီးအနေနဲ့ တတိယ

၁၆ ကြိမ်မြောက် တိပိဋကစာမေးပွဲ မြန်မာလိုဆိုရင် ၁၃၂၅ ခုနှစ်မှာ ဒီဘွဲ့ကိုရရှိခဲ့ပါတယ်။

မေး။ ။ဆရာတော် ဒီဘွဲ့ကိုရရှိအောင် ကြိုးပမ်းခဲ့ရတဲ့ အခြေအနေမှာ ခက်ခက်ခဲခဲ ရှိပါသလား။ မခက်ခဲပဲ လွယ်လွယ်ကူကူ ရှိပါသလား။ ဘယ်လို အခြေအနေနဲ့ ကြိုးပမ်းခဲ့ရတယ်ဆိုတာ တပည့်တော်များသိအောင် အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဒီဘွဲ့ကတော့ လွယ်လွယ်လေးနဲ့ ရတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မည်သည့်ပုဂ္ဂိုလ်မဆို အလွန်ကို 'ဝီရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ' ဆိုတဲ့အတိုင်း ဝီရိယအထူးကြိုးစားပြီး အားထုတ်ကြရပါတယ်။ အဲဒီအထဲမှာ ဘုန်းကြီးတို့အနေနဲ့တော့ တိုက်တာ ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက် စာသင်တိုက်တာဝန်ကို ယူရင်း ဒီပိဋကတ်တော်ကိုလည်း ကျက်မှတ်ရတယ်ဆိုတော့ တစ်နေ့မှာ ပိဋကတ်တော်ကျက်မှတ်ဖို့အချိန် လေးနာရီလောက်သာ ရပါတယ်။ ရနိုင်တဲ့အချိန်လေးမှာ အပတ်တကုတ် အားထုတ်ပြီးတော့ လွယ်လွယ်နဲ့မရဘူး။ အပတ်တကုတ် အားထုတ် ရတယ်လို့ ဒီလိုပဲ ဖြေကြားလိုပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော်အနေနဲ့ကတော့ တစ်ဖက်က စာသင်တိုက်တာဝန်ယူရင်းဆိုတော့ တစ်နေ့မှာ လေးနာရီလောက်ပဲ ပိဋကတ်စာမေးပွဲအတွက် အချိန်ပေးရတော့ ပေးရတဲ့အချိန်လည်းများလှတယ်လို့ မထင်ပါဘူး။ ဆရာတော်ရဲ့ ဉာဏ်ပါရမီလည်း အတော်ကောင်းတယ်လို့ တပည့်တော်တို့ ဒီလိုပဲခံယူပါတယ် ဘုရား။

ဖြေ။ ။ဉာဏ်ပါရမီကတော့ သူများထက်ထူးချွန်တယ်လို့ ဘုန်းကြီးတို့ မပြောလိုပါဘူး။ လုံ့လဝီရိယကြိုးစားပြီးတော့ ဝီရိယရှိရင် အောင်မြင်ရမယ်၊ မိမိဆန္ဒရှိရင်လည်း အောင်မြင်ရမယ်ဆိုတဲ့ အနေအထားမျိုးထားပြီးတော့ သမာဓိပေါ့လေ။ အထူးအားဖြင့်တော့ ဘုန်းကြီးတို့ငယ်စဉ်ကလည်း သမာဓိအထူးပြု အားထုတ်ခဲ့တဲ့အတိုင်း၊ ပြီးတော့ ဒီအလုပ်ကို မလုပ်ခင် ဘုန်းကြီးတို့ ပဋိပတ်အလုပ်ကိုလည်း သမာဓိလေးတော်တော် အောင်မြင်အောင် အားထုတ်ခဲ့ရပါတယ်။ ဒီအားထုတ်ခဲ့တဲ့ သမာဓိကကျေးဇူးပြုလို့ အောင်မြင် တယ်လို့ ဘုန်းကြီးတို့ယူဆပြီးတော့ မှတ်နိုင်ပါတယ်။

မေး။ ။တပည့်တော်တို့ ယခု မျက်မှောက်ဘဝမှာတင် အကယ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို ရမယ်ဆိုရင် မျက်မှောက်ပြုလိုပါသလားဘုရား။ သို့မဟုတ် ဆရာတော်ဟာ ဆုကြီးပန်ဖြစ်ပါသလား ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ စောစောပိုင်းကတော့ ဆုကြီးပန်သဘောမျိုး နှလုံးသွင်းမိပါတယ်။ ဒါပေမယ့်လို့ ၁၃၁၆ ခုနှစ်၊ ရိပ်သာတစ်ခုမှာ အားထုတ်ပြီးတဲ့အချိန်ကစပြီးတော့ ယခုဘဝမှာပဲ တစ်မဂ်တစ်ဖိုလ် အပြည့်အစုံ ရချင်ပါတယ်။ သံသရာမှာ အချိန်အကြာကြီး အပါယ်လေးပါးနှင့်ရောစပ်ပြီး မနေချင်ပါဘူး။ ဒါကြောင့် တစ်မဂ် တစ်ဖိုလ် ရရေးကို ဘုန်းကြီးရဲ့စိတ်ထဲမှာ အဓိကအရေးကြီးဆုံးအကြောင်းလို့ အမြဲတစေ နှလုံးသွင်းနေပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော်တပည့်တော်တို့ ဒီကျောင်းတိုက်မှာ သံဃာတော် ဘယ်လောက်ရှိပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ ဒီကျောင်းမှာ ကျောင်းထိုင်တာ ၁၁ ဝါရှိပါပြီ။ ၃၅ ပါးနဲ့စတင်ခဲ့ပါတယ်။ စတုတ္ထမြောက်နှစ်မှာ သံဃာ ၁၂၀ လောက် ရှိပါတယ်။ အခု ၁၁ နှစ်မြောက်မှာ ဝါဆိုသံဃာတော် ၂၆၈ ပါး ဝါဆိုပါတယ်။

မေး။ ။အဲဒီ သံဃာတော်တွေအတွက် ပစ္စည်းလေးပါးကော လုံလောက်ပါသလား ဘုရား။

ဖြေ။ ။ပစ္စည်းလေးပါး။ ဘုန်းကြီးတို့ ကျောင်းတိုက်ကိုကြည်ညိုတဲ့ ဒကာဒကာမတွေရော၊ ပတ်ဝန်းကျင်ကော ဝိုင်းဝန်း အထူးအားဖြင့် ပဓာနကျောင်းတိုက်မကြီးဖြစ်တဲ့ လှူပျံတော်ပတ္တမြား ဆေးတိုက်ကတော့ အခါခပ်သိမ်းပဲ အကူအညီပေးလို့ သောဒကာ ဒကာမများနဲ့ဆိုတော့ သံဃာတော် ၂၆၈ ပါးအတွက် ခက်ခက်ခဲခဲမရှိဘဲနဲ့ မျှတပြည့်စုံနေပါတယ်လို့ ဖြေရပါမယ်။

မေး။ ။တင်ပါ့ဘုရား။ ဝမ်းသာစရာပါပဲဘုရား။ ဆရာတော် ကျမ်းတွေကော ဘယ်လိုကျမ်းတွေ ပြုစုထားပါသလဲ ဘုရား။

ဖြေ။ ။ကျမ်းတွေကတော့ ဘုန်းကြီးတို့ တိပိဋကရောဘွဲ့ရတော့ ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီးများ အစဉ်အလာပို့ချခဲ့တဲ့ အဘိဓမ္မာဆိုင်ရာကျမ်း၊ စက်တင်ပုံနှိပ်ခွင့် တစ်ခါမှ မကြုံကြိုက်ခဲ့ပါဘူး။ အများလည်း သုံးစွဲနေကြတယ်။ အဲဒါကြောင့် ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဘုန်းကြီးများ အဘိဓမ္မတ္ထသရူပမာလာ အဖွင့်နှင့် အဓိပ္ပာယ်ကျမ်းကို စက်တင်ပုံနှိပ်ပြီး သာသနာမှာ ဖြန့်ချိခဲ့ပါတယ်။ ထို့နောက် ပဲခူး ရွှေခြူးဒကာကြီးက သာသနာတော်မှာ ဒကာ ဒကာမတွေဟာ မကြည်ညိုတဲ့အကွက်ကိုကြည့်ပြီး သဒ္ဓါတရားပျက်ကြပါတယ်၊ သာသနာတော်ဟာ ကြည်ညိုစရာကောင်းတဲ့ အခြေနေတွေကို ဖော်ပြပြီးတော့

ကျမ်းတစ်စောင် ပြုသင့်ပါတယ်ဘုရားလို့ ဘုန်းကြီးတို့ကို လျှောက်ထားလို့ 'အနဂါရိယ ဂုဏ်တော်နှင့် အဂါရိယရှုဖွယ်'လို့ ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ ဒကာ ဒကာမများ ပြုကျင့်ရမယ့် အခြေအနေကို ပါဝင်စေတဲ့ ကျမ်းတစ်ကျမ်း ဘုန်းကြီးတို့ ရေးထုတ်ပါတယ်။ တတိယကတော့ အခြေခံ သာသနာရေးကျမ်း၊ ဘုန်းကြီးတို့ မြတ်စွာဘုရားသာသနာတော်မှာ တချို့ကျတော့လည်း သဒ္ဓါတရားရှိတာယ်၊ ရှိပေမယ့် အသိပညာအနေနဲ့ သာသနာတော်ဆိုင်ရာ အောက်ခြေက မလုံလောက်တတ်ဘူးလို့ ဘုန်းကြီးတို့ စိတ်ထဲမှာ ယူဆပါတယ်။ ဒါကြောင့်မို့လို့ အခြေခံခိုင်ခိုင်မာမာဖြစ်စိမ့်သောငှာ အခြေခံ သာသနာပြုကျမ်းကို ဘုန်းကြီးစီစဉ်ပါတယ်။ ထို့နောက် ဘုန်းကြီးတို့ ကျောင်းတိုက်ထဲက ဒီဃနိကာယ်ကျောင်းဆောက်တဲ့ ဒကာက ဒီဃနိကာယ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာ လျှောက်ထားလို့ ဒီဃနိကာယ်ကျမ်း မြန်မာလိုပြန်၍ ဘုန်းကြီးများ ပြုစုခဲ့ပါတယ်။ ပြီးတော့ ဘုန်းကြီးတို့ကျောင်းတိုက်ထဲမှာ ပဥ္စနိကာယဆိုတဲ့အတိုင်း နိကာယ်ကျောင်း ငါးကျောင်းရှိလို့ အင်္ဂုတ္တရနိကာယ်နဲ့ ပတ်သက်လို့ပဲ ဒကာ ဒကာမတွေ သာသနာတော်ကိုကြည်ညိုနိုင်အောင် ပါဠိတော်၊ အဋ္ဌကထာ မတတ်ပေမယ့်လို့ အင်္ဂုတ္တရနိကာယ်မှာ ဘာတွေ မြတ်စွာဘုရား ဟောထားတယ်ဆိုတာ သိရအောင်လို့ အင်္ဂုတ္တရနိကာယ် မြန်မာပြန်ကျမ်းကိုလည်း ဘုန်းကြီး ရေးပါတယ်။ အခု ဘုန်းကြီးရေးတာ ငါးကျမ်းလောက်ရှိသွားပါပြီ။

မေး။ ။တင်ပါ့ ဘုရား။ ဆရာတော်အခုလို ကျမ်းတွေပြုစုရင်း ပရိယတ္တိသာသနာမှာ ရှေ့ဆောင်လမ်းပြဆောင်ရွက်ရင်း ပဋိပတ္တိကိုရော ဆရာတော် ဘယ်လို အားထုတ်ပါသလဲ ဘုရား။

ဖြေ။ ။ပဋိပတ္တိကတော့ ဘုန်းကြီးတို့ ၁၃၁၆ ခုနှစ်၊ ပခုက္ကူမှာ စာကြီးတွေကို နိုင်ငံတော်မှာ အမြင့်ဆုံးဖြစ်တော်မူတဲ့ အဘိဓမ္မမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဦးသုန်တို့၊ ဆရာတော်ဘုရားကြီး ဦးနန္ဒဝံတို့ဆီမှာ စာလိုက်ပြီးသွားပါတယ်။ စာလိုက်ပြီးလို့ ကျောင်းတိုက်ကိုလည်း ပြန်ဖို့ရာအချိန်အခါရောက် ဆဋ္ဌသင်္ဂါယနာတင်လည်း စတော့မှာမို့ ဘုန်းကြီးတို့ကိုယ်တိုင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်းတိုက် ဆဋ္ဌသင်္ဂါယနာပါဠိဝိသောဓကအဖွဲ့ထဲမှာ ပါလို့ ကျောင်းပြန်ရမယ်၊ ဆဋ္ဌသင်္ဂါယနာတင်ဝင်ရမယ်။ ဒါကိုသိတော့ ကြိုကြိုတင်တင်ပဲ ကျောင်းတိုက်ရောက်ရင် ပရိယတ်အလုပ်တွေနဲ့ လက်မလည်အောင် အလုပ်တွေရှုပ်တော့မယ်၊ ပဋိပတ်အလုပ်ကို အချိန်လည်း

ယူဖို့ မလွယ်ဘူး၊ အဲဒီလို နှလုံးသွင်းပြီး ဘုန်းကြီး သုံးလ လေးလ ပခုက္ကူမြို့၊ ခန်တောရပ် ရိပ်သာဆရာတော် ဦးဇောတိကတို့ထံမှာ ပဋိပတ်နည်းခံ၍ သုံးလ အချိန်ပြည့်အားထုတ်ခဲ့ပါတယ်။ အဲသည်နောက်လည်းပဲ အားတဲ့ အချိန်တိုင်း အချိန်တိုင်းဟာ ဘုန်းကြီးတို့ရဲ့အလုပ်ဟာ ပဋိပတ္တိပါပဲ။ အခု သံဃာတော်တွေနဲ့ မြောက်မြားစွာနေပေမယ်လို့ သံဃာတော်တွေအတွက် စိစဉ်စရာစိစဉ်၊ ချပို့စရာချပို့၊ အုပ်ချုပ်စရာအုပ်ချုပ်၊ ကျန်တဲ့အချိန်တွေ ကတော့ ဘုန်းကြီးတို့အတွက် ပဋိပတ္တိအလုပ်ပါပဲ။

မေး။ ။တပည့်တော်တို့ သာသနာတော်ကို ထောက်ပံ့နေတဲ့ ဒကာ ဒကာမတွေ သာသနာတော်မှာ မိရိုးဖလာမဟုတ်ဘဲ အခိုင်အမာ သက်ဝင်ယုံကြည်လာဖို့ ကိစ္စဟာ အရေးကြီးတယ်လို့ ဆရာတော် ယူဆပါသလား ဘုရား။

ဖြေ။ ။ယူဆပါတယ်။ သာသနာတော်မှာ ဘုန်းကြီးတို့ 'သာဂရာ အနာဂါရာစ၊ ဥဘော အညောည မိဿိတာ၊ အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ' လို့ ဣတိဝုတ်ပါဠိတော်မှာ မြတ်စွာဘုရား ဟောတဲ့အတိုင်း ဆရာချည်း သက်သက်နဲ့တော့ သာသနာတော်ဟာ ခရီးမတွင်ပါဘူး။ နောက်ကပါမှ ထမြောက်လိမ့်မယ်လို့ ဘုန်းကြီးတို့ယူဆပါတယ်။ ချီးမြှောက်ပေးတဲ့ ဒကာ ဒကာမတွေပါ အခိုင်အမာ ရပ်တည်ချက်ရှိပါမှ သာသနာတော် ဟာ အောင်မြင် ထမြောက်လိမ့်မယ်လို့ ဘုန်းကြီးတို့ ယူဆပါတယ်။

မေး။ ။တင်ပါ့ ဘုရား။ ဆရာတော်ဘုရား တပည့်တော်တို့ ပရိသတ်အတွက် ဆုံးမတရားစကား ချီးမြှင့်ဖို့ ရှိသေစွာလျှောက်ထားပါရစေ ဘုရား။

ဖြေ။ ။ဒကာကြီးဦးနေဝင်း လျှောက်ထားချက်အရ ဘုန်းကြီးများ အလွယ်ဆုံးနဲ့ သိအောင်ပြောပါ့မယ်။ ဘုန်းကြီးတို့ ဗုဒ္ဓရဲ့ဝါဒက ကမ္မဝါဒဖြစ်ပါတယ်။ အားလုံး ၃၁ ဘုံမှာ သင့်လျော်သလို အကျိုးပေးကြရပါတယ်။ အဲဒီလို အကျိုးပေးတဲ့နေရာမှာ ရှေးကကောင်းလို့ ခုကောင်းတယ်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မယ်လို့ ရှေးဆရာတော်ကြီးများ 'သဗ္ဗေသတ္တာ ကမ္မ သကာ၊ ကမ္မံသတ္တေ ဝိဘဇ္ဇတိ'လို့မြတ်စွာဘုရားရဲ့ ဒေသနာတော်ကို ကိုးကားပြီး မိန့်တော်မူတဲ့ ဆောင်ပုဒ်ကလေးရှိတယ်။ ဘုန်းကြီးတို့ တပည့် များကိုလည်း ဒီလိုပဲဩဝါဒပေး ဆုံးမရပါတယ်။ အခုမျက်မှောက်အခြေ အနေမှာ ကောင်းကျိုးချမ်းသာ မင်္ဂလာတရားတော်တွေနဲ့ ပြည့်စုံနေကြတဲ့ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှ ရှေးကံကြောင့်ပါပဲ။ မိမိတို့အကြောင်းကံ၊ ရှေးကံ မပြည့်စုံဘဲနဲ့ အဲဒီလို ကောင်းကျိုးချမ်းသာ မင်္ဂလာတရားများ

မရနိုင်ပါဘူး။ ထိုနည်းအတူ မိမိတို့ရရှိတဲ့ ဘုံဘဝအဆင့်မှာ နိမ့်ကျပြီးတော့ အမျိုးမျိုးချို့တဲ့ ဆင်းရဲနေကြတဲ့ သတ္တဝါတွေဟာလည်း ရှေးကပြုခဲ့တဲ့ အကြောင်းကံဟာ ခိုင်ခိုင်မာမာ ကောင်းကောင်းမွန်မွန် မရှိလို့ပဲလို့ ယူဆရပါမယ်။ ဒါကြောင့် ရှေးဆရာတော်ဘုရားကြီးများက 'ရှေးက ကောင်းလို့ ခုကောင်းတယ်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မယ်' လို့ မိန့်တော်မူကြပါတယ်။ ဒါကြောင့် သူသူငါငါ ဘုန်းကြီးတို့ကိုယ်တိုင်လည်း ယခုလို သာသနာတော်မှာရောက်၊ သာသနာ့အလုပ်ကို ကူပံ့ပေးကြတဲ့ ဒကာကောင်း၊ ဒကာမကောင်းတွေနဲ့ တွေ့ရလို့ ချမ်းချမ်းသာသာ သာသနာပြုရတယ်။ ဒါက ရှေးက မိမိတို့ကောင်းခဲ့လို့ပဲ။ အဲဒီလို နှလုံးသွင်းပြီး ယခု မိမိတို့ အထိုက်အလျောက်အသိဉာဏ်မွေးနိုင်တဲ့ အချိန်ကစပြီး အကောင်းဆုံးဖြစ်အောင် ဘုန်းကြီးတို့ ကြိုးစားရပါတယ်။ ဒါကြောင့် ပရိသတ်များအနေနဲ့ ဘုန်းကြီးတို့ပြောလိုတာက 'ရှေးက ကောင်းလို့ ခုကောင်းတယ်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မယ်' ဆိုတဲ့ ဆောင်ပုဒ်ကလေးကို မိမိတို့ နှုတ်ထဲမှာ၊ အသိဉာဏ်ထဲမှာ၊ စိတ်ထဲမှာရပြီး အခု ကောင်းနေကြတဲ့ အားလုံးသောပုဂ္ဂိုလ်များဟာ နောင်သံသရာမှာလည်း ကောင်းအောင် ပစ္စုပ္ပန်မှာ အကောင်းဆုံးဖြစ်တဲ့ အလုပ်များ လုပ်ကြပါလို့ ဘုန်းကြီးတို့က တိုက်တွန်းလိုပါတယ်။

အကောင်းဆုံးအလုပ်ဆိုတာကတော့ တိုတိုလေးပြောရရင် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ အဆူဆူသော မြတ်ဗုဒ္ဓတို့ရဲ့ ဩဝါဒပါတိမောက်ခေါ်တဲ့ အဆုံးအမလေးတစ်ခု ရှိတယ်။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ၊

ဒါက ပါဠိစကားဖြစ်ပါတယ်။ မြန်မာလို ရှင်းရှင်းကလေး တိုတိုလေးပြောရရင်တော့ 'မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူပါစေ' ဒီသုံးချက်ပါပဲ။ သတ္တဝါမှန်သမျှ မကောင်းမှုခေါ်တဲ့ အပြစ်ရှိတဲ့ ကိုယ်အမူအရာအားလုံး ဘာမှမပြုဖို့၊ နှုတ်အမူအရာအားလုံး ဘာမှမပြုဖို့၊ စိတ်အမူအရာအားလုံး ဘာမှမကြံဖို့ ဒါက 'မကောင်းမှုရှင်း' လို့ ဆိုပါတယ်။ 'ကောင်းမှုသွင်း' ဆိုတာ အပြစ်မရှိတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာနှင့်တကွ ဒါန သီလစတဲ့ ကောင်းမှုများအားလုံးကို မိမိတို့ အစွမ်းကုန် ကြိုးစားပွားများ အားထုတ်ရမယ်လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောကြားတော်မူပါတယ်။

'သစိတ္တ ပရိယောဒပနံ' တတိယအပိုင်းကတော့ ပင်ကိုပကတိ မိမိတို့ရဲ့ ဖြူစင်သန့်ရှင်း အပြစ်ကင်းနေတဲ့ စိတ်ကလေးကို လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ် ကိလေသာတွေနဲ့ မရောစေဘဲနဲ့ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းကလေး ဖြစ်အောင် 'အတ္တသမ္မာ ပဏိဓိ'ခေါ်တဲ့ နှလုံးသွင်းမှန်မှန် ယောနိသောမနသိကာရ ကောင်းကောင်းနဲ့ဖြစ်အောင် အားထုတ်ကြပါလို့ မြတ်စွာဘုရား ဟောပါတယ်။ အဲဒီ အဆုံးအမသုံးမျိုးဟာ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား တစ်ဆူရဲ့ ဩဝါဒ မဟုတ်ပါဘူး။ အဆူဆူသော ဘုရားရှင်တို့ရဲ့ ဩဝါဒပါ။

ဒါကြောင့် 'ဧတံ ဗုဒ္ဓါနံ သာသနံ' ဤမည်သော 'မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူပါစေ'ဟူသော သုံးမဩဝါဒသည် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်ကိုယ်တော်မြတ် အားလုံးတို့၏ အဆုံးအမဖြစ်ပါ သည်လို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောပါတယ်။ ဒါကြောင့် ဒုတိယ ဆောင်ပုဒ် ဖြစ်တဲ့ 'မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူပါစေ'ဆိုတဲ့ ဒုတိယဆောင်ပုဒ် ကလေးကိုလည်း နားသောတဆင်ကြတဲ့ တရားနာပရိသတ်အပေါင်း သူတော် ကောင်းတို့သည် အရကျက်၍ နားထောင်ကြ၍ ဒီအတိုင်း ကျင့်ကြံကြိုးစား ပွားများနိုင်ကြပါစေလို့ ဘုန်းကြီးတို့ ရည်ရွယ်ပါတယ်။

**သာဓု၊ သာဓု၊ သာဓု**



အရှင် ကုဏ္ဍလာဘိဝံသ

### အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်၊ နာယကချုပ်ဆရာတော်

## အရှင် ကုဏ္ဍာလာဘိဝံသ

ဆရာတော်ကြီးကို မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆည်သည်ရွာ၌ ၁၂၄၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ တနင်းလာနေ့တွင် အဘ ဦးဖေဘာ၊ အမိ ဒေါ်မယ်မ တို့မှ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် ၇ နှစ်သားအရွယ်တွင် ရှင်သာမဏေပြုသည်။ ထို့နောက် ၁၃၁၄ ခုနှစ်တွင် ရဟန်းပြုတော်မူသည်။ ဆရာတော်သည် အမရပူရမြို့၊ မန္တလေးမြို့ တို့ရှိ ကျမ်းတတ် ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။ အင်္ဂလိပ်စာနှင့် သက္ကတ၊ ဘာသန္တရကျမ်းစာများကိုလည်း သင်ယူဆည်းပူးခဲ့သည်။ သာသနလင်္ကာရ သာမဏေကျော်ဘွဲ့၊ သာသနဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကို အောင်မြင် ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ရဟန်းတစ်ဝါအရကပင် ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသနှင့် တွဲဖက်၍ ရှင်ရဟန်းတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချခဲ့သည်။ မဟာဂန္ဓာရုံဆရာတော်ကြီး ပြုစုသော ကျမ်းစာများကိုလည်း ကူညီရေးသားခဲ့သည်။ ထို့အပြင် စာပေကျမ်းဂန်များ ပို့ချတော်မူရင်း နှစ်ပေါင်း ၃၀ ကျော် အမြို့မြို့ အရွာရွာသို့ လှည့်လည်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူခဲ့သည်။ ဆရာတော် ကိုယ်တိုင် ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ ၁။ သာသနာ့အသက်ကျမ်းစာ၊ ၂။ သဂါထာဝဂ္ဂသံယုတ် မြန်မာဘာသာဋီကာ၊ ၃။ အောင်ခြင်းတရားတော်၊ ၄။ စနစ်ပြဓမ္မာစရိယ၊ ၅။ ဟောစဉ်တရားတော်များတို့ဖြစ်သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ၁၉၉၆ ခုနှစ်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

## အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက်၊ နာယကချုပ်
## အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဓမ္မကထိက ဗဟုဇနဟိတဓရ
# ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသ
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

စစ်ကိုင်းတောင်ရိုးတစ်ခိုက လက်လှမ်းမီသမျှ ဆရာတော် သံဃာတော်ကြီးများကို တွေ့ဆုံလျှောက်ထားမေးမြန်းပြီးတော့ ကျွန်တော်တို့ တစ်တွေဟာ ကျေးဇူးရှင်ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ပြုစုပျိုးထောင်ခဲ့တဲ့ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကို ညခုနစ်နာရီ သာသာလောက် ရောက်ရှိခဲ့ပါတယ်။ ကျောင်းတိုက်ဆရာတော်များကို ဂါရဝပြု ဦးချပြီး ညှိသည်များ တည်းခိုဖို့ပေးထားတဲ့ အဆောင်မှာပဲ ညအိပ်ကြပါတယ်။ မနက်အစော သံဃာတော်များ အရုဏ်ဆွမ်းဘုဉ်းပေးပြီး ဘုရားဖူး၊ မေတ္တာပို့၊ ဆုံးမဩဝါဒနာယူတာများကို ကြည်ညိုပြီးတဲ့နောက် နာယကဆရာတော်များ အဖွဲ့ကို တွေ့ဆုံဖူးမြော်ပါတယ်။ နာယကဆရာတော်များအဖွဲ့ကိုယ်စား ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသနှင့် အခုလို လျှောက်ထားမေးမြန်းခွင့် ရရှိခဲ့ပါတယ်။

မေး။ ။တပည့်တော်များ မနေ့ညတုန်းက ဒီကျောင်းတိုက်ကို စတင်ရောက်ရှိပါတယ်။ ရောက်ရှိတဲ့အခါမှာ သံဃာတော်ရှစ်ရာခန့် နေထိုင်တဲ့ ကျောင်းကြီး ဖြစ်ပေမယ့် ကျောင်းတိုက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတာကို တွေ့ရှိရပါတယ်။ စာကြည့်တဲ့ သံဃာတော်များကလည်း တိတ်ဆိတ်ငြိမ်သက်စွာပဲ ကြည့်ပြီး စကြံ့ကြွတဲ့ သံဃာများကလည်း တိတ်ဆိတ်ငြိမ်သက်စွာ စကြံ့ကြွနေတာကို တွေ့ရပါတယ်။ တပည့်တော်အနေနဲ့တော့ မြတ်စွာဘုရားသခင်ရဲ့ ဇေတဝန်ကျောင်းတော်ကြီးထဲကို ဆိုက်ရောက်နေသလို ခံစားမိပါတယ် ဘုရား။ ဒီကျောင်းတိုက်ကြီးဟာ အမြဲတမ်း ဒီလိုပါပဲလား ဘုရား။

ဖြေ။ ။ဒီလိုပဲ တိတ်ဆိတ်ငြိမ်သက်နေအောင် ပျံလွန်တော်မူသွားတဲ့ ဆရာတော်ဘုရားကြီးများ လက်ထက်ကတည်းကပဲ ဒီလိုပဲအုပ်ချုပ်စီမံသွားတော်မူတာဖြစ်တော့ အခု ဘုန်းကြီးတို့လက်ထက်မှာလဲပဲ ဆရာတော်ချထားတဲ့မူအတိုင်း ဆက်လက်အုပ်ချုပ်နေလို့ ဒီလိုပဲအမြဲတမ်း ငြိမ်သက်နေပါတယ်။

မေး။ ။မနက်ပိုင်းမှာ စောစောပေါ့လေ။ အရုဏ်မှာ သံဃာတော်များဆွမ်းခံကြတယ်။ ဆွမ်းခံပြီးတဲ့အခါ ဆွမ်းဘုဉ်းပေးကြတယ်။ အဲဒီနောက် တပည့်တော်တို့ ဩဝါဒနာယူကြပါတယ်။ ကြည့်ရတာ တပည့်တော်တို့ ရာနဲ့ချီပြီးရှိတဲ့ သံဃာတော်တွေကို ဆရာတော်တို့ သွားပုံ၊ လာပုံ၊ နေပုံ၊ ထိုင်ပုံ အားလုံးကြည့်ရတဲ့အခါမှာ တပ်ရင်းကြီးတစ်ရင်းကို အုပ်ချုပ်နေတဲ့ ပုံစံမျိုးလိုပဲ စည်းစနစ်သိပ်ကျတာတွေ့ရပါတယ် ဘုရား။ အဲဒါ အုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီးတော့ ဆရာတော်တို့ ဒီလောက်များပြားတဲ့ သံဃာတော်တွေကို ဘယ်လိုများအုပ်ချုပ်သလဲဆိုတာ အမိန့်ရှိတော်မူပါ ဘုရား။

ဖြေ။ ။အဲဒီအုပ်ချုပ်ရေးနဲ့ ပတ်သက်လို့တော့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး မပျံလွန်ခင်ကတည်းက ဆရာတော်ဘုရားကြီးက ခေါင်ထိပ်က အုပ်ချုပ်၊ အဲဒီအောက် နာယကငါးပါး၊ အနုနာယက အပါး ၂၀ စသည် ဆက်လက်အုပ်ချုပ်ကြပါတယ်။ အခုလဲပဲ ဆရာတော်ဘုရားကြီး မရှိပေမယ့်လို့ နာယကဆရာတော် ငါးပါးက အထက်က အုပ်ချုပ်တယ်။ အဲဒီအောက်က အနုနာယက အပါး ၂၀၊ အဲဒီအောက်က ကျောင်းဘုန်းကြီးအသီးသီး၊ ဒီတော့ ဘုန်းကြီးတို့ ကျောင်းတိုက်ကြီးက ကျောင်းအကြီး၊ အငယ် ၁၀၂ ကျောင်းရှိတော့ အဲဒီ ၁၀၂ ကျောင်းကို အုပ်စုကြီးငါးခု ဖွဲ့ထားလိုက်ပြီးတော့ အဲဒီအုပ်စုငါးခုမှာ နာယကဆရာတော်ငါးပါးက ထိပ်ကအုပ်ချုပ်၊ အဲဒီအောက်မှာ အနုနာယက အပါး ၂၀ ကတာဝန်ယူ၊ ဌာနကြီး ၂၀ ကို အသီးသီးတာဝန်ယူပြီးတော့ အုပ်ချုပ်ကြပါတယ်။ အဲဒီလို အုပ်ချုပ်တဲ့အတွက် နိုင်နိုင်နင်းနင်း အုပ်ချုပ်ကြပါတယ်။

မေး။ ။တပည့်တော်တို့ နာယကဆရာတော်များရဲ့ဘွဲ့နဲ့ အစဉ်အလိုက်ဆရာတော် အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။အခုလက်ရှိ နာယကဆရာတော် ငါးပါးထဲမှာ အကြီးဆုံး နာယကချုပ်ဆရာတော်ကတော့ ဆရာတော်ဦးစန္ဒောဘာသလို့ ခေါ်ပါတယ်။ ဒုတိယနာယကဆရာတော်ကတော့ ဆရာတော် ဦးမဟိန္ဒလို့ ခေါ်ပါတယ်။ တတိယ နာယကဆရာတော်ကတော့ ဦးဣန္ဒောဘာသလို့ ခေါ်ပါတယ်။

စတုတ္ထနာယကဆရာတော်ကတော့ ဆရာတော် ဦးအဂ္ဂဝံသလို့ ခေါ်ပါတယ်။ ပဉ္စမ နာယကဆရာတော်ကတော့ ဘုန်းကြီးပါပဲ။

မေး။ ။တပည့်တော်တို့ ဒီဆွမ်းကွမ်း ပစ္စည်းလေးပါးနဲ့ ပတ်သက်လို့တော့ ဒီလောက်များပြားတဲ့ သံဃာတော်တွေ ဘယ်လို မျှတကြတယ်ဆိုတာ တပည့်တော်သိပါရစေ ဘုရား။

ဖြေ။ ။ဆွမ်းကွမ်းနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ကျောင်းတိုက်ကနေပြီးတော့ သံဃာအများစုအတွက် တာဝန်ယူနေတဲ့ အပိုင်းကြီးသုံးပိုင်းရှိပါတယ်။ မနက်စောစော ဒီသံဃာတော်ရှစ်ရာကျော်ကို အရုဏ်ဆွမ်းအဖြစ်နဲ့ ဘုန်းကြီးတို့ ကျောင်းတိုက်က တာဝန်ယူပြီးတော့ ကျွေးပါတယ်။ နေ့လယ်ကျတော့ ဟင်းနှစ်ခွက် ဟင်းအိုးကြီးနှစ်လုံးချက်ပြီးတော့ အကူအညီပေးပါတယ်။ ညနေပိုင်းကျတော့ သူတို့ ဆာလောင်မွတ်သိပ်မှုဒဏ်၊ ထလာတဲ့ လေပူရောဂါတွေကို ငြိမ်အောင်ဆိုပြီးတော့ နွေရာသီဆိုရင်တော့ မန်ကျည်းဖျော်ရည်၊ ဆောင်းနဲ့မိုးဆိုရင်တော့ ထန်းလျက်ရည်၊ ပြီးတော့ ဖျော်ရည် တာဝန်ယူပါတယ်။ အဲဒီသုံးချက်ကို တာဝန်ယူတာကတော့ ဘုန်းကြီးတို့ တစ်နိုင်ငံလုံးရှိ ဒကာ ဒကာမတွေနဲ့ တစ်ခါတစ်ခါ ကမ္ဘာကထိအောင်တောင် ပါလာပါတယ်။ အမေရိကန်တို့ ဘယ်တို့က လှမ်းထောက်ပံ့တာတွေအထိ ရှိပါတယ်။ ဂျပန်တို့၊ အမေရိကန်တို့ စသည်ဖြင့် ကမ္ဘာကပါ ထောက်ပံ့လှူဒါန်းလာတာတွေ ရောက်လာပါတယ်။ ဒီတော့ အဲဒီ ဆွမ်းကွမ်းကိစ္စ ပစ္စည်းလေးပါးကိစ္စကိုတော့ ဒီအမရပူရမြို့ ပတ်ဝန်းကျင်ကျေးရွာတွေနှင့်တကွ တစ်နိုင်ငံလုံးက တစ်ကမ္ဘာလုံးက ဒကာ ဒကာမတွေက ထောက်ပံ့လှူဒါန်းနေတယ်လို့ပဲ ပြောရပါမယ်။

မေး။ ။ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူပြီးတဲ့နောက် ဒီကျောင်းတိုက်ကြီးဟာ ဆရာတော်ကြီးချမှတ်တဲ့မူနဲ့ တည်မှတည်ပါ့မလား၊ မြဲမှ မြဲပါ့မလားလို့ တပည့်တော်တို့ စိုးရိမ်မိကြပါတယ်။ ဒါပေမယ့် ခုလို လက်တွေ့ရောက်လာပြီးတော့ လေ့လာတဲ့အခါမှာ ကျောင်းတိုက်ကြီးဟာ တိုးတက်လာတာတောင်မှ တွေ့ရပါတယ် ဘုရား။ အဲဒါ ဘာအကြောင်းကြောင့်ပါလဲ ဘုရား။

ဖြေ။ ။အဲဒါကတော့ ဆရာတော်ဘုရားကြီးကိုယ်တိုင်က အမြော်အမြင် ကြီးမားစွာနဲ့ စီမံကိန်းချပြီးတော့ လုပ်သွားခဲ့တာ ဖြစ်ပါတယ်။ ဘုန်းကြီးတို့

ခုလို ညီညီညွတ်ညွတ်ဖြစ်နေအောင် ဆရာတော်ဘုရားကြီးက အာမိသပိုင်း၊ ဓမ္မပိုင်းဆိုပြီး ဒီအပိုင်း နှစ်ပိုင်းကနေပြီးတော့ ညီညွတ်ရေးအတွက် အားထုတ်တော်မူသွားခဲ့ပါတယ်။ အာမိသပိုင်းဆိုတာ ဆွမ်း သင်္ကန်း ကျောင်း ဆေး လောကီပစ္စည်းတွေကို အာမိသလို့ခေါ်ထားတာဖြစ်တော့ အဲဒီ အာမိသနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ဒီကျောင်းတိုက်မှာလာပြီး တစ်နိုင်ငံလုံးက ဆိုပါတော့ ခုနလို စပ်ရာ စပ်ရာ ကမ္ဘာကလာကြတဲ့ အလှူအတန်းတွေမှန်သမျှ ဘုန်းကြီးတို့ သံဃိက ကပ်လှူဒါန်းစေပါတယ်။ သံဃိက ဘုံဆိုင် အများဆိုင် အလှူခံတယ်။ ဘုန်းကြီးတို့ အများစုလုပ်ပါတယ်။ အဲဒီလို တစ်ပါးရတာဟာ အများအတွက်ဆိုပြီးတော့ ဒီလိုလုပ်ထားလိုက်တဲ့အတွက် အားလုံးညီညီမျှမျှ၊ သစ်သီးတစ်လုံးရ တစ်လုံးမို့လို့ မျှမျှတတ၊ ဒီလိုဘုဉ်းပေးပြီးတော့ နေကြရ၊ သင်္ကန်းတစ်တည်ရ တစ်ထည်ချင်း အစရှိသည်ဖြင့် ဒီလိုမျှတစွာ ပစ္စည်းလေးပါးကို သုံးစွဲနေတဲ့အတွက်လည်း ညီညွတ်ရေးဟာမပျက်ဘဲနဲ့ တိုးတက်လာပါတယ်။ ဒါအာမိသပိုင်းပြောပါတယ်။ ဓမ္မပိုင်းအနေနဲ့ကတော့ ဝိနည်းတရားတော် စည်းကမ်းမှုဘောင်အပေါ်မှာ အမြဲတမ်းနေကြပါတယ်။ ဝိနည်းစည်းကမ်းမှုဘောင်ပေါ်မှာ နာယကရော၊ အနုနာယကရော၊ စာသင်သားတွေရော၊ စာချတွေရော ဖိုးသူတော်လေးတွေအထိ ဘုရားဝိနည်းမှုပေါ်မှာ တတ်နိုင်သမျှ ဒီပေါ်နေရတာဖြစ်တော့ အားလုံး ဓမ္မပိုင်းအနေနဲ့ တစ်ဖြောင့်တည်း၊ တစ်စုတည်းဖြစ်နေပါတယ်။ အထူးသဖြင့် ဒကာကြီးများ မနက်ကကြွေလိုက်ရတဲ့ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာဆိုတဲ့ ဒီကမ္မဋ္ဌာန်းနှစ်မျိုးကိုလည်း ဆရာတော်ဘုရားကြီး အဓိကထားပြီးတော့ ပွားစေတဲ့အတွက် အဲဒီ မေတ္တာဆိုတဲ့ ကမ္မဋ္ဌာန်း၊ တစ်ပါးနဲ့တစ်ပါး ကာယကံ ဝစီကံ မနောကံ နူးညံ့သိမ်မွေ့စွာ ဆက်ဆံမိအောင် အကျိုးပြုတဲ့ ကမ္မဋ္ဌာန်းဖြစ်ပါတယ်။ပြီးတော့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းက ဒီသံဃာတော်တွေရဲ့ အရှိန်တွေ သတ္တိတွေ အဟုန်တွေ တိုးတက်လာစေတဲ့ ကမ္မဋ္ဌာန်းဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကမ္မဋ္ဌာန်းနဲ့ရော ဝိနည်းမှုဘောင်ပေါ်မှာ ဝိနည်းလေးစားပြီးတော့ ဝိနည်းစည်းကမ်းနဲ့နေစေတဲ့ အဲဒီ ဓမ္မပိုင်းနဲ့ စည်းရုံးထားတဲ့ အတွက်လည်း ဆရာတော်ဘုရားကြီးရဲ့ မူအတိုင်း ဘုန်းကြီးတို့ ခုဆက်လုပ်နေတာမို့လို့ ဒီကျောင်းတိုက်ကြီးဟာ မပြိုမကွဲဘဲ ဆက်လက်ပြီးတော့ တည်တံ့နေတယ်လို့ ဘုန်းကြီးတို့ ဒီလိုပဲ ယုံကြည်ပါတယ်။ ယုံကြည်တဲ့အတိုင်းလည်း အလုပ်လုပ်နေပါတယ်။

မေး။ ။တပည့်တော်တို့ ပရိယတ္တိလုပ်ငန်းပိုင်းမှာ ဆရာတော်တို့ ဆောင်ရွက်တယ်၊ ဆောင်ရွက်တဲ့အလျောက် ဘယ်လိုပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာတယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။အဲဒီပရိယတ္တိပိုင်းနဲ့ ပတ်သက်လို့လည်းပဲ ဆရာတော်ဘုရားကြီးက ပိဋကတ် သုံးပုံက သူက သိပ်ကျေပြီးတော့ တတ်စွမ်းတော်မူလာတဲ့အတိုင်း ဘယ်လိုသင်ရင် တတ်လွယ်မယ်ဆိုတဲ့ စိတ်ကူးတော် စဉ်းစားတော်မူချက်အရ စာသင်နည်းကို ထွင်ပြီးတော့ ဆရာတော်ဘုရားကြီး အသုံးပြုသွားခဲ့ပါတယ်။ အဲဒါ ဘုန်းကြီးတို့ ဂန္ဓာရုံကျောင်းတိုက်နဲ့ ဒိဂန္ဓာရုံကျောင်းတိုက်ခွဲတွေ တစ်နိုင်ငံလုံးရှိနေတဲ့ ကျောင်းတိုက်ခွဲတွေက ဒီမူအတိုင်းသင်နေကြပါတယ်။ အဲဒီလို သင်နေတဲ့အတိုင်းလည်းပဲ ဂန္ဓာရုံကျောင်းတိုက်ကထွက်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ထိပ်ဆုံး တိပိဋကစရ အခု မြန်မာနိုင်ငံမှာတိပိဋက ငါးပါးရှိတဲ့အနက် စတုတ္ထမြောက် တိပိဋကစရ ဦးသုမင်္ဂလာလင်္ကာရ၊ ရန်ကုန်ကမ္ဘာအေးကျောင်းတိုက် မဟာဂန္ဓာရုံကျောင်းတိုက်ဟာ တိပိဋကစရဆရာတော် အဖြစ်နဲ့ ဒီကျောင်းတိုက်ထွက်ဖြစ်ပါတယ်။ အဲဒီနောက်လည်း ပထမကျော်တွေ၊ ပါဠိပါရဂူတွေ၊ ဓမ္မာစရိယတွေ၊ ဝင့်သကာတွေ၊ အဘိဝံသတွေ၊ မြောက်မြားစွာပေါက်ဖွားပြီးတော့ ထွက်နေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဒီကစာသင်နည်းမူနဲ့ သင်လိုက်တဲ့အတွက် တတ်လွယ်ပြီးတော့ အင်မတန်အကျိုးသက်ရောက်နေတာကို တွေ့ရပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ပဋိပတ္တိလုပ်ငန်းမှာတော့ ဆရာတော်တို့ ဘယ်လိုဆောင်ရွက်ကြပါသလဲ ဘုရား။

ဖြေ။ ။အဲဒီ ပဋိပတ္တိကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ပျံလွန်တော်မူတဲ့ ဆရာတော်ဘုရားကြီး လက်ထက်ကတည်းက နေ့ပရိယတ်၊ ညပဋိပတ်ဆိုတဲ့ ရေးမူကိုပြန်ကောက်ပြီးတော့ ဆရာတော်ကြီးက စီမံထားခဲ့ပါတယ်။ ဒါကြောင့်နေ့မှာ ပရိယတ္တိစာပေ သင်အံပို့ချလေ့လာပြီးတော့ ညခုနစ်နာရီလောက်ကနေပြီးတော့ ဘုရားဝတ်တက်၊ ဘုရားရှိခိုးပြီး တောက်လျှောက်တစ်နာရီခန့် အားလုံးတစ်ကျောင်းလုံးသံဃာတွေ ဝိပဿနာ တရားထိုင်ကြရပါတယ်။ ညပဋိပတ်လုပ်ငန်းဖြစ်ပါတယ်။ ဒီကြားထဲမလဲ ဆရာတော်ဘုရားကြီးရဲ့ ခံယူချက်က ပရိယတ်အားထုတ်ရင်းလည်း တံမြက်တလင်း ကျောင်းဝင်းရှင်းလင်းသုတ်သင်ခြင်း၊ သောက်ရေအိုးရေဖြည့်ခြင်း စတဲ့ သီလကုသိုလ် ပဋိပတ်တွေကို အမြဲ

အားထုတ်နေတာ ဖြစ်တယ်။ အဲဒီလိုလည်း အားထုတ်ကြဆိုပြီးတော့ ပရိယတ်၊ ပဋိပတ်ကို အဲဒီလို တွဲပေးထားပါတယ်။

မေး။ ။ဒီကျောင်းတိုက်ကြီးဟာ ပရိယတ္တိကို သင်ကြားပို့ချပေးနေတဲ့ အဓိက ကျောင်းတိုက်ကြီးဖြစ်ပေမယ်လို့ အချက်ကြီး ၁၀ ချက်မှာ ပရိယတ္တိကို နောက်ဆုံးကထားတာ တွေ့ရပါတယ်။ အဲဒီ အချက်ကြီး ၁၀ ချက်ဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့အတွက် ဆရာတော် အစဉ်အလိုက် အမိန့်ရှိတော်မူပါ ဘုရား။

ဖြေ။ ။အဲဒီအချက်ကြီး ၁၀ ချက်က ၁။ စိတ်ကောင်းရှိဖို့၊ ၂။ ဝိနည်းလေးစားဖို့၊ ၃။ ကျန်းမာဖို့၊ ၄။ သန့်ရှင်းဖို့၊ ၅။ အဝတ်အစားတတ်ဖို့၊ ၆။ အနေအထိုင်တတ်ဖို့၊ ၇။ အပြောအဆိုတတ်ဖို့၊ ၈။ အသွားအလာတတ်ဖို့၊ ၉။ စည်းကမ်းလိုက်နာဖို့၊ ၁၀။ စာတတ်ဖို့လို့ အဲဒီအချက်ကြီး ၁၀ ချက် ဖြစ်ပါတယ်။

မေး။ ။နောက် တပည့်တော် ဆရာတော်ဘုရားကို တစ်ချက်လျှောက်ချင်တာက မနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီးတဲ့အခါကျတော့ကို တပည့်တော်တို့ ဆရာ တော်များ မေတ္တာဘာဝနာပွားတာကို နာရပါတယ်။ အင်မတန်မှ ပီတိ သောမနဿဖြစ်ရပါတယ် ဘုရား။ ဒီမေတ္တာပို့ခြင်းအလုပ်ကို ဆရာတော်ဘုရားများ နေ့တိုင်းပြုလုပ်ပါသလား ဘုရား။

ဖြေ။ ။နေ့စဉ်ပွားများ အားထုတ်နေတဲ့ အလုပ်ကြီးဖြစ်ပါတယ်။ မေတ္တာပို့နဲ့ ဗုဒ္ဓါနုဿတိအလုပ်ဟာ နေ့စဉ်လုပ်တဲ့ အလုပ်ပါပဲ။

မေး။ ။ဆရာတော်ဘုရား၊ အခု မနက်ခင်း အာရုံဆွမ်း ဘုဉ်းပေးပြီးတဲ့အခါ သံဃာတော်များကို နေတတ် ထိုင်တတ် သွားတတ် လာတတ် စားတတ် သောက်တတ်အောင် သွန်သင်ဆုံးမတာကို တပည့်တော်များလည်း နာယူရပါတယ်။ အဲဒီလို ဩဝါဒပေးတယ်ဆိုတာဟာ နေ့တိုင်းပေးတာပါလား ဘုရား။

ဖြေ။ ။နေ့တိုင်းပေးတဲ့အလုပ် ဖြစ်ပါတယ်။ သူ့အကြောင်းအားလျော်စွာ အခွင့်အားလျော်စွာ ကြည့်ပြီးတော့ ဩဝါဒပေးတယ်ဆိုတာ ဒီကျောင်းတိုက်မှာ ဆရာတော်ရှိကတည်းက နေ့စဉ်လုပ်တဲ့အလုပ် ဖြစ်ပါတယ်။

မေး။ ။အဲသလိုပဲ တစ်နေ့တာ လုပ်ငန်းတွေကိုတော့ ဒီမနက်ခင်း သံဃာ့အစည်းအဝေးကြီးမှာ အမြဲတမ်းပြောရပါသလား ဘုရား။

ဖြေ။ ။ဒီဩဝါဒခန်းမဆောင်ကြီးဆိုတာဟာ အမှန်ကတော့ ဘုန်းကြီးတို့ နိုင်ငံတစ်နိုင်ငံလို ပြောရင် လွှတ်တော်ကြီးတစ်ခုလိုပဲ ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးက ကျောင်းပေါင်းတစ်ရာကျော်၊ သံဃာတော် ရှစ်ရာကျော်ကို ဒီလို ထိန်းသိမ်းအုပ်ချုပ်တဲ့ ကိစ္စအတွက် စီစဉ်ဆောင်ရွက်ခဲ့တဲ့အတိုင်း ဘုန်းကြီးတို့ အခုလုပ်နေတဲ့ အလုပ်ဟာလည်း ဒီဩဝါဒပေးတယ်ဆိုတာ ရှိနေတဲ့ သံဃာတွေရဲ့ တစ်နေ့တာ ဘာလုပ်ရမယ်၊ ရှေ့ဘာလုပ်ရမယ်၊ အခုလောလောဆယ်ဘာရှိနေတယ်၊ ဘာရှိနေမယ် ဆိုတာ အသိနေ့တိုင်းပေးနေတဲ့ ဌာနကြီးလည်းဖြစ်ပါတယ်။ တစ်နည်းပြောလို့ရှိရင် တရားရုံးကြီးလို့လည်း ဆိုနိုင်ပါတယ်။ ဒီကျောင်းတိုက်ထဲမှာ စည်းကမ်းကို ကျော်လွန်လာတဲ့ ပုဂ္ဂိုလ်တွေကို အပြစ်ပေးတဲ့နေရာမှာ အဲဒီဩဝါဒခန်းမဆောင်ကြီးထဲမှာ သူ့ကို မတ်တတ်ထပြီးတော့ သူ့ရဲ့ဆိုင်ရာတာဝန်တွေနဲ့တကွ ဖော်ပြီးတော့ ဘာအပြစ်ဒဏ်ပေး၊ နှင်ရမှာဖြင့် နှင်တဲ့ အပြစ်ဒဏ်စသည်ပေးတာမို့လို့ အုပ်ချုပ်ရေးပိုင်းအနေနဲ့ရော၊ တရားရေးပိုင်းအနေနဲ့ပါ တရားဆုံးဖြတ်တဲ့ ဌာနကြီး၊ အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေးအတွက် ဌာနကြီးလို့လည်း ဆိုနိုင်ပါတယ်။ အဲဒီလိုနည်း ဩဝါဒနေ့စဉ်ရှိနေပါတယ်။

မေး။ ။တပည့်တော်တို့ ဒီကျောင်းတိုက်ကို နိုင်ငံခြားကများ လာပြီးတော့ လေ့လာတာတွေ၊ တပည့်တော်တို့ အားထုတ်တာတွေများ ရှိပါသလား ဘုရား။

ဖြေ။ ။အင်း၊ နိုင်ငံခြားကလာပြီးတော့ လေ့လာကြတာကတော့ နေ့စဉ်လိုပဲ လာပြီးတော့ ကြည့်ရှုကြပါတယ်။ နိုင်ငံခြားသားတွေရဲ့ သူတို့မြန်မာပြည်မှာ လေ့လာဖို့ဌာနတွေထဲမှာ တစ်ခုအပါအဝင်အဖြစ်နဲ့ သူတို့ လမ်းညွှန်ပြီးတော့ ထားတယ်လို့လည်း သိရပါတယ်။ နေ့တိုင်းလိုပဲ မပြတ် မပြတ် ရောက်ပါတယ်။ ဒီထဲမှာ အထူးတလည်အနေနဲ့လာပြီးတော့ ကမ္ဘာအရပ်ရပ်က နိုင်ငံအသီးသီးက စိတ်ဝင်စားပြီး ဘာသာရေး၊ ဓမ္မရေး၊ လေ့လာချင်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ မကြာ မကြာ ရောက်လာတတ်ပါတယ်။

မေး။ ။ကျေးဇူးတင်ပါတယ် ဘုရား။ ဆရာတော်ဘုရား တပည့်တော်တို့နဲ့တကွ ပရိသတ်တွေအတွက် တရားစကားလေး ဆုံးမဖို့ တပည့်တော် လျှောက်ထားပါရစေ ဘုရား။


ဖြေ။ ။အဲဒီလို ဆုံးမရမယ်ဆိုရင်တော့ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတဲ့အချိန်မှာ စောစောက ဘယ်သူ့ကိုမှ ရေးသား

ဆုံးမခြင်း မရှိသေးဘဲ ပျံလွန်တော်မူပြီးတဲ့နောက်မှ အံဆွဲထဲက လက်ရေးမူလေးနဲ့ တွေ့တဲ့ ဆုံးမတော်မူချက် ၁၀ ချက်နဲ့ ပြောရမယ်ဆိုရင်တော့

၁။ ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာ အုပ်စိုးသည်၊
၂။ တဏှာစေရာ၊ မနေသာ၊ ဖွေရှာ ဆက်ရသည်၊
၃။ ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာ သွားရသည်၊
၄။ တကဲ့အရေး၊ တကဲ့ဘေး၊ ဘယ်သွေးဘယ်သား မကယ်ပြီ၊
၅။ ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူ သေကြများလှပြီ၊
၆။ ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လည်း သေဘက်နီးခဲ့ပြီ၊
၇။ ဇရာမီးတောင်၊ ကိုယ်တည်းလောင်၊ သေအောင်မြိုက်တော့သည်၊
၈။ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင် ပြင်သင့်သည်၊
၉။ ဒါန၊ သီလာ၊ ဘာဝနာ လမ်းသာ ထွင်လိမ့်မည်၊
၁၀။ မဂ္ဂင်ဖောင်ကြီး၊ အမြန်စီး၊ ခရီး ဆက်ရမည်။

ဒါ ဆရာတော်ကြီး ဆုံးမခဲ့တာပါ။ ဒါကြောင့် မသေရခင် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ လမ်းထွင်ပြီးတော့ လွတ်အောင်ရုန်းကြလို့ ဆုံးမတော်မူခဲ့တဲ့ အဆုံးအမကိုပဲ ဘုန်းကြီးက အားလုံးကို ဆုံးမသွန်သင်တဲ့တရားလို့ မှတ်သားစေလိုပါတယ်။

သာဓု၊ သာဓု၊ သာဓု



မြောင်းမြဆရာတော် အရှင်ဉာဏိက

## မြောင်းမြဆရာတော် အရှင်ဉာဏိက အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်လောင်းလျာကို ၁၂၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့တွင် ပုသိမ်မြို့ အရှေ့ပိုင်း ဒါးက ဘူတာအနီး၊ ဘုရားကုန်းရွာ၌ အဘ ဦးဖိုးထင်၊ အမိ ဒေါ်စိန်တို့မှ ဖွားမြင်ပါသည်။ ၈ နှစ်သားအရွယ်တွင် ကွမ်းခြံကြီးကျေးရွာကျောင်း ဦးရိုးဆရာတော်ထံတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏိကဖြစ်သည်။ ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် မြောင်းမြမြို့ ပဋ္ဌာနတာရုံကျောင်းတိုက်၊ မြောင်းမြဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။

ပုသိမ်မြို့၊ ဝေဠုဝန်ကျောင်းတိုက်၊ မြောင်းမြမြို့ ပဋ္ဌာနတာရုံ ကျောင်းတိုက်၊ ပခုက္ကူနှင့် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်၊ ညောင်တုန်းမြို့ သာသနာ့ဇောတိပါလတိုက်တို့တွင် ပရိယတ္တိစာပေကို သင်ယူသည်။ သာသနာ့ဓဇသီရိပရဝဓမ္မာစရိယ အောင်မြင်တော်မူခဲ့သည်။ စာသင်ခဲ့သည့် ကျောင်းတိုက်များတွင် စာဝါပို့ချရင်း သက္ကတ၊ ဟိန္ဒီ စာပေနှင့် ရှင်အာဒိစ္စဝံသဆရာတော်ထံတွင် အင်္ဂလိပ်စာပေကို သင်ယူခဲ့သည်။

၂၈ နှစ်အရွယ်တွင် မြောင်းမြ ပဋ္ဌာနတာရုံကျောင်းတိုက်ကို အုပ်ချုပ်ခဲ့သည်။ ၁၃၁၉ ခုနှစ်တွင် အိန္ဒိယသို့ကြွ၍ ဒေလီမြို့ ဟန်ဆရာ့ဂျ် တက္ကသိုလ်မှ ဘီအေ (သက္ကတ) ဂုဏ်ထူးကို အောင်မြင်ခဲ့သည်။ ၁၃၄၄ ခုနှစ်တွင် ဆရာတော် ဦးသေဋ္ဌိလာဘိဝံသနှင့် အင်္ဂလန်သို့ ကြွရောက်၍ သာသနာပြုသည်။ လန်ဒန်တွင် ဗုဒ္ဓဝိဟာရကျောင်းကို တည်ထောင်သည်။ ဘာမင်ဂန်မြို့အနီးတွင် တိသရဏစင်တာကျောင်းကို ထူထောင်၍ ပြင်သစ်၊ ဆွီဒင်၊ အမေရိကန်စသည့် နိုင်ငံများတွင် ပရိယတ်၊ ပဋိပတ်သာသနာတော်ကို ဖြန့်ချိ၍ သာသနာပြုခဲ့သည်။ ကျမ်း ၁၂ ကျမ်း ရေးသားခဲ့သည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတွင် ဗဟိုသံဃာ့ဝန်ဆောင်နှင့် ကြောင်ပန်း၊ ကျောက်ပုံ၊ လှူသေလှူဖြစ်ဝါဒ ဝိနိစ္ဆယတွင် ပါဝင် ဆောင်ရွက်တော်မူသည်။ ၁၃၅၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည်။ ၁၃၅၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

## မြောင်းမြဆရာတော်
## အရှင်ဉာနိက (အဂ္ဂမဟာပဏ္ဍိတ)
## နှင့် ကျွန်တော်

မြောင်းမြဆရာတော် အရှင်ဉာနိက အင်္ဂလန်နိုင်ငံသို့ စတင်ရောက်ရှိချိန် မှစ၍ ကျွန်တော်သည် ဆရာတော်၏ ဒကာရင်းတစ်ဦး ဖြစ်ခဲ့ပါသည်။ ဆရာတော်နှင့်အကြိမ်တော်တော်များများ တွေ့ဆုံလျှောက်ထား မေးမြန်း ခန်းများ ပြုလုပ်ခဲ့ဖူးပါသည်။ ဤစာအုပ်တွင် တွေ့ဆုံလျှောက်ထား မေးမြန်း ခန်းတစ်ခုကိုသာ ဖော်ပြလိုက်ပါသည်။ ဆရာတော်၏သာသနာပြု လုပ်ငန်း များနှင့်ပတ်သက်၍လည်း သတင်းစာ၊ မဂ္ဂဇင်း စသောနေရာများမှ အကြိမ် တော်တော်များများ ရေးသားခဲ့ဖူးပါသည်။ ဆရာဒကာရင်း ဖြစ်သည့် အလျောက် ဆရာနှင့် ဒကာ ဝေဖန်ပြောဆို စရာများ ရှိသည့်အခါတွင်လည်း ပြောင်ပြောင်ရှင်းရှင်း ဘွင်းဘွင်းပင် ပြောဆိုခဲ့ကြပါသည်။ ဆရာတော်ကြီး တည်ထောင်သွားသော ယခုလက်ရှိ လန်ဒန်မြို့တွင် တွစ်ကင်ဟန်မြို့နယ်၊ နယ်လ်ဆင်လမ်းရှိ တိသရဏဝိဟာရကျောင်းတိုက် အဆောက်အအုံကို စာရေးသူနှင့် ဇနီး ဒေါ်ခင်မြဝင်းတို့ ရှာဖွေတွေ့ရှိပြီး ကျောင်းတိုက်အဖြစ် ဝယ်ယူရေးကိစ္စကို စာရေးသူကိုယ်တိုင်ပင် အစမှအဆုံး တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုကျောင်းဝယ်ယူရန် ဆောင်ရွက်နေစဉ်က ဆရာတော်ကြီးက ဩစတြေးလျသို့ ခေတ္တရောက်ရှိနေရာ စာရေးသူထံ စာတစ်စောင် ပေးပို့ခဲ့ပါသည်။ ထိုစာထဲတွင် ဆရာတော်ကြီးက 'လန်ဒန် ကျောင်းအတွက် ရည်ရွယ်ထားတဲ့အိမ်ကော ဘယ်အခြေအနေ ရောက်နေ ပြီလဲ၊ ဒကာ ဦးနေဝင်းက အရာရာနားလည်တဲ့အတွက် စိတ်ရှည်ရှည်နဲ့ ညွှန်ပြဆွဲဆောင် စည်းရုံးစေလိုပါတယ်'ဟု ရေးသားပေးပို့ခဲ့သည့်အတိုင်း ထိုအိမ်ကို ကျောင်းအဖြစ် လှူဒါန်းနိုင်ရန် အောင်မြင်စွာ ဝယ်ယူနိုင်ခဲ့ပါ၏။

မှတ်ချက်။ ။ဆရာတော်ကြီး၏ စာမူရင်း စာရေးသူတွင်ရှိပါသည်။ ထိုကျောင်းသစ် ရေစက်ချပွဲတွင် ဆရာတော်ကြီး အရှင်ဉာနိက ကိုယ်တိုင်ရေးသားခဲ့သော သာသနာပြုမှတ်တမ်းကို ရဟန်းရှင်လူ ပရိသတ်ရှေ့၌ စာရေးသူကိုယ်တိုင် အသံနေအသံထားဖြင့် ကောင်းစွာ ဖတ်ကြားခွင့်ရခဲ့ပါ၏။ ဆရာတော်ကြီးမှာ ယခုအခါ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်ရာ ထိုသာသနာပြု မှတ်တမ်းကို အလွမ်းပြေဖော်ပြလိုက်ရပါသည်။

နေဝင်း

## မြောင်းမြဆရာတော်ဘုရားကြီး၏ သာသနာပြုမှတ်တမ်း

ဩော်၊ ကမ္ဘာ့စုတစ်ဝှမ်း၊ သာနာပြုစွမ်းမည်ဟု အချမ်းနှင့်အအေး၊ လျော်သလို တွေးပြီး၊ ဘေးမသိရန်မခ၊ မှူတအောင်နေစား၊ ကျန်းမာရန်သတိထား၍ အလကား မနေ၊ အသိဖြန့်တရားဝေ၊ တစ်နေ့ကုန်အောင်ဆောင်ရွက်၊ ညဥ့်နက်မှစခန်းသိမ်း၊ စိတ်အေးငြိမ်းသုခ၊ အမှန်ပင်ရလိုလှပါပေသည်။

ကိုယ့်ဒေသ ကိုယ့်ရပ်မြေ၊ ကိုယ့်ကျောင်းတိုက်ဌာနေမှာ၊ တရားကိုသင်၊ ဘုရားကိုမြင်ရအောင်၊ အစဉ်ဟောပြော၊ မောဟိုက်သည်ဟု စိတ်မနွမ်း၊ ပန်းသည်ဟု မထင်မြင်၊ မြေပြင်မှာခြေလျင်လျှောက်၊ ခရီးပေါက်ရန်တစ်နည်းအားဖြင့်၊ မီးရထား နှင့် သွားတန်သွား၊ တစ်ခါတစ်ရံ ယာဉ်ကားနှင့်၊ ရေမြေခြားလို့ အလှမ်းကွာလျှင်၊ ချမ်းသာအောင်လေယာဉ်စီး၊ သုတ်သီးသုတ်ပျာ၊ မညည်းမတွားသာပဲ၊ ခရီးသွားလာ ခဲ့ရပါသည်။

အေး ချိန်ခါလိုက်၊ အဖြစ်အရှိတွေနှင့်၊ ခေတ်အသိ နောက်မကျန်စေဘဲ၊ မှောက်လှန်လို့ အမှန်မြင်ရန်၊ ဂန္ထဝင်တွေ မပြတ်စဲစေဖို့၊ စပ်တွဲကာရှာဖွေဆပြီး၊ သုတေသနလည်း လုပ်ရသေးသည်ကော။

ရှုပ်လှတဲ့လူမှုရေးတွင်၊ အစွမ်းကုန်စိတ်ကြိုက်ရွေးလျက်၊ အပြေးအလွှား၊ တွေ့သမျှအာရုံငါး၊ ခံစားမှုစခန်းစုံ၊ ဘယ်မျှပင်ထုံသော်လည်း၊ ကုန်သည်ဟူ၍မရှိ၊ ပြည့်သည်ဟူ၍ မဆိုရာ၊ အလိုဆိုး ထိုအာသာ၊ ထိုတဏှာ ဝင်ပူးလို့၊ စိတ်ရူး စိတ်သွမ်း၊ လူတိုင်းကို လွှမ်းခဲ့ကြ၊ ရမ်းကြသူ ကြမ်းကြသူ၊ ပြောထူလှသည့်၊ အနောက် ကမ္ဘာတွင်၊ ရောက်ပေါက်ရာဒေသတိုင်း၊ စိတ်ရိုင်းကို ဘယ်အသွင်၊ ဘယ်နည်းနှင့် ပြင်ဆင်ရလည်ဟု၊ သင်လည်းသင် ဟောလည်းဟော၊ တောမရှိ တောင်မရှိ၊ ချောင် မရှိ လှိုမနီးပေမင့်၊ ကိုယ့်နည်းနှင့်ကိုယ့်ဟန်၊ သင့်တော်အောင်ဖန်လို့မို့၊ သတိပဋ္ဌာန် ပွားမပြတ်၊ ကိုယ်တိုင်လည်း တရားမှတ်ကာ၊ အသားဓာတ်ယူရသေးသည်။

ဩော် မဝေးလှတဲ့ ဆယ်နှစ်ကျော်၊ အသက်တော်မငယ်လှ၊ အရွယ်က သိသိအို၊ အနောက်ဖက်ရောက်ပြီဆိုတော့၊ သိအိုရိသဘောကပ်ပေမယ့်၊ အပြော မတတ်လျှင် မပေါက်ရောက်၊ အနောက်မှာနေမှဖြင့်၊ သူ့ဒေသ သူ့ဝေါဟာ၊ လိမ္မာမှ အရာရောက်မပေါ့၊ မျှော်ထောက်ကာစဉ်းစား၊ ကိုယ့်ဉာဏ်နှင့်ပိုင်းခြား၍၊

'စကားကို နားလည်မှ၊ တရားကိုပွားစည်အောင်၊ တစ်ပါးပြည်နိုင်ငံခြား၊ လူအများ အတွေးတတ်စေဖို့၊ ရေးစပ်ကာ ဘာသာတစ်မျိုးနှင့်၊ စာချိုးလို့ဖြစ်မည်'ဟု ခေတ်မီတဲ့ သင်တန်းကျောင်းကို၊ ခြောက်ဆယ်ကျော် အရွယ်နှောင်းပေမယ့်၊ ကောင်းကောင်းကြီးတက်လိုက်သေး၊ ဟိုရေးက 'ပါမောက်'ထုံး၊ နှလုံးပိုက်အကြံယူ၊ စံနမူနာထောက်စာ၍၊ ကြောက်စရာဟု မရေတွက်၊ ရှက်ဖွယ်ဟု ယူမနှော၊ အမှားမစင်၊ စကားသင်ခိုက်၊ တရားပင် ဟောလိုက်သေးသကော။

ပြောတတ်ဟောတတ်၊ ရေးချွတ်တတ်ပြီမို့၊ လျှောက်ပတ်တဲ့နေရာမှာ၊ လက်ချာပေးတန်ပေး၊ ဆွေးနွေးရာဝင်နှော၊ ဟောတန်လည်း ဟောပစ်သည်၊ သို့ဖြစ်လင့်ကစား၊ တရားမာန်ဟုန်ရောက်၊ ကိုယ့်စွမ်းရည် အစုံမြောက်ပြီဟု၊ ဂုဏ်မောက်ခြင်းမရှိ၊ မသိသူအမြင်ထွေးပြီး၊ အထင်သေးမှာလည်းမစိုးရိမ်၊ ဟိုတစ်ချိန်ကြမ္မာစောင်းစဉ်က၊ လန်ဒန်မြို့ မြန်မာကျောင်းက၊ အရှင်ဘုရား ဂျူလဒီကျောင်း၊ ဤကျောင်းမှ အမြန်ပြောင်းဟု မောင်းချလည်း၊ အခါမရွေးဘဲ၊ အသာကလေး ကင်းကွာဖုံ၊ ဆင်းလာခဲ့ရပါလေသေး၊ အသေးမှန်အရည်တောက်၊ အဖိုးတန် ပတ္တမြားကျောက်၊ ရွှံ့ညွန်ထဲကျရောက်၊ ကောက်မယ့်သူမပေါ်ထွက်၊ အရောင်အဆင်း၊ မပြောင်လင်း၊ မှောင်းတွင်းကြီးနက်ခဲ့သေးသည်။

တစ်ဖက်က အမြင်မှန်၍၊ လျှင်မြန်မှောင် အနုပ်က၊ ဆောင်ထုတ်မည့် ရှင်နှင့်လူ၊ ကောက်မည့်သူ မြှောက်မည့်သူ၊ အဆူဆူရေတွက်၊ လန်ဒန်သား မြန်ပြည်ဖွား၊ အများကြီးပေါ်ထွက်၊ ဘယ်ဘက်ကမှ မပူနှင့်၊ နေစရာအဆင်သင့်၊ စားစရာအဆင်သင့်၊ ကျောင်းနှင့်ဗိမာန်၊ အာရာမ်နှင့်ခြံနှင့်၊ အဆင့်မြင့်မြင့်စုပေါင်းပြီး၊ ကျောင်းတော်ကြီးဆောက်လိုက်ရာ၊ ဂုဏ်မြှောက်သည့်မည်နာမ၊ တိသရဏ ဝိဟာရတဲ့၊ မဇ္ဈိမ အင်္ဂလန်၊ ဝူလဗာဟင်ပတန်၊ Midland အမည်ခံ၊ ဘူမန္တ ရ၊ သူရကန်တမျှ၊ အလင်းထွက်ပြီး၊ သတင်းဂုဏ်လည်း တက်ခဲ့သပေါ့။

တစ်ကွက်ပေါ်တစ်ကွက်လောင်း၊ မစောင်းမရွဲ့၊ အကောင်းတဲ့ချင်တော့၊ ပေါင်းဖွဲ့ကာ ဒကာအများ၊ ညြဆိုတဲ့ စကြေးလျှားက၊ စကားနဲ့ဝေးလံ၊ ဖုန်းခေါ်၍ အတန်တန်၊ စာတမန် အထူးလွှတ်၊ ဦးညွှတ်ကာ ပင့်လာကြ၊ အခွင့်သာသမျှ ထောက်ဆ၍၊ ခြောက်လစီတစ်ခေါက်၊ နှစ်စဉ်ပင်ရောက်ခဲ့၊ နှစ်ကြိမ်မြောက် ယခု အရှိတွင်၊ သမ္မတိဝိဟာရံ၊ တိသရဏအမည်မှန်နှင့်၊ ရည်သန်တိုင်း အရောင်ကွယ် လို့ အင်း၊ အကောင်အထည်ကြီးပေါ်လာပြန်ပြီကိုး။

မျှော်မှန်းတိုင်းအပြစ်ကွာပြီး၊ ဖြစ်လာတဲ့ အကျိုးအမြတ်တို့က၊ ထပ်၍ ထပ်၍ဆင့်၊ မြင့်၍ မြင့်၍လာ၊ ကြော်ငြာချက်ထုတ်မဝေရဘဲ၊ ဟုတ်ပေစွာ

ကောင်းပေစွာ့ဟု၊ ဓမ္မအနှစ်အပေါ်ဆီ၊ ဗုဒ္ဓရဲ့ဖိလော်ဆိုဖိကို၊ မျှော်ရည်ကာအတန်း တက်ကြတဲ့၊ မန်ချက်စတာအသင်းသားတို့က၊ မယွင်းမမှား၊ မငြင်းအားအောင်၊ သတင်းကြားနှင့်ပင့်ကြလို့၊ အဆင့်မြင့် ပဋ္ဌာန်းယမိုက်တို့ကို၊ စခန်းဆိုက်အောင် သင်ကြား၍၊ အမှားကို သန့်စေလျက်၊ တရားပင် ဖြန့်ဝေလိုက်ရသေးသည်။

အေး အခြေသင့် အခွင့်ဆိုက်လာတော့၊ လန်ဒန်မြို့နှင့်တစ်ဝိုက်က၊ အမြင့်ကြိုက်စဉ်းစားကြသည့်၊ ဗြိတိသျှအသင်းသားတို့၏၊ အကျဉ်းနှစ်ပါး ပူးပေါင်း ယှက်သည့်၊ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်ကို၊ အနက်နှင့်သရုပ်၊ တိကျစွာ ဖွင့်ထုတ်၍၊ သင့်ယုတ္တိထင်အရှားနှင့်၊ သင်ကြားရန် တောင်းဆိုချက်ကို၊ နှစ်ခြိုက်စွာ လက်ခံ၊ အထက်အောက်စုန်အဆန်၊ ရထားနှင့်အဖန်ဖန်၊ ပြန်လိုက်သွားလိုက်၊ မရပ်မနား၊ နှစ်ပတ်ခြား၊ သွား၍ပင်သင်လိုက်သေး၊ ခရီးဝေးသော်လည်း၊ ကျွေးစရာ ပေးစရာ၊ ကျွေးရမှာ မနှမျော၊ ပေးရမှာ ဒလဟော၊ စိတ်မမောလူမပန်း၊ သာလို့ပင် လန်းသေးတော့သည်။

သို့စွမ်းအင် အလျင်ရနေခိုက်၊ မြင်ရသူ ဒကာအများက၊ ဆရာဘုရား အပန်းမရှုနိုင်လို့၊ လန်ဒန်မြို့ စခန်းတစ်ခုတွင်၊ ကျမ်းပြုရင်းအနေသာအောင်၊ တစ်နေရာ ဖွေရှာမှသင့်မည်ဟု၊ မျှော်ချင့်ကာထောက်တွေး၊ ဆွေးနွေးကာအတည် ပြုလို့၊ ယခုလက်ရှိ နယ်လ်ဆင်လမ်း၊ ဝှစ်တန်းရပ်အိမ်တစ်ခြမ်းကို၊ ကျောင်းသခ်မ်း အဖြစ်မျှော်၊ တိသရဏအမည်ဖော်၍၊ အနေတော်တည်ဆောက်၊ ဗိမာန်ကြီးပေါက် လိုက်ရာ၊ ဝမ်းမြောက်ဖွယ်ဆန်းကြွသည့်၊ နောက်ဖက်ခြံပန်းအလှတို့နှင့်၊ ခန်းမကြီး ဓမ္မဟော၊ သင့်ဖက်ကာလိုက်လျော၊ အဟောဝတ၊ ချီးမကုန်နည်းစုံလှလို့၊ ဗိမာန နတ်ဘုံသွင်၊ မယုံလျှင် ပုံပြင်မှတ်ကြတော့၊ ဖြစ်ရပ်ကြီး အဟုတ်အမှန်ကို၊ ထုတ်ပြန်ကာ ကဗျာအနုနှင့်၊ စာပြုလို့ မှတ်တမ်းတင်လိုက်ရပေသည်။

တိသရဏ၊ နာမပညတ်၊ သုံးရပ်သောကိုးကွယ်ရာ၊ သညာကနွဲ့နှောင်း၊ အနက်ကပျော့ပျောင်း၊ အကောင်းကြိုက်သည့်အများတကာတို့၊ အမှားမပါအောင် အသားရှာကြရာမှ၊ တရားဘာဝနာအငြိမ်းဆိုက်သဖြင့်၊ အခြားကမ္ဘာကပါ သိမ်းပိုက် လာကြ၍၊ တြိန်းအမြိုက်၊ အမိအရနှင့်၊ တိသရဏတွေအရပ်ရပ်ထွန်းတည်အောင်၊ နတ်ညွှန်းစာခွေ ကဗျာပန်းနှင့်၊ ရွှေစာလွှာ ကမ်းလှမ်းလိုက်ရပါကြောင်း။

## အဂ္ဂမဟာပဏ္ဍိတ ဘာသန္တရဆေက
## မြောင်းမြဆရာတော် ဦးဉာဏိက
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

မေး။ ။ဆရာတော်ဘုရား၊ ဆရာတော် လန်ဒန်ကြွရောက် သီတင်းသုံးနေတာ ယခုဆို ဘယ်နနှစ်လောက် ရှိသွားပါပြီလဲ ဘုရား။

ဖြေ။ ။ငါးနှစ်ရှိသွားပါပြီ။ လာမယ့် ဩဂုတ်လ ၁၀ ရက်ဆိုရင် ငါးနှစ်တင်းတင်း ပြည့်ရောပေါ့။

မေး။ ။ဒီငါးနှစ်အတွင်း ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းများအကြောင်း နည်းနည်းသိပါရစေ ဘုရား။

ဖြေ။ ။ဘုန်းကြီး အင်္ဂလန်ကိုလာခဲ့တာဟာ သာသနာပြုသက်သက်လာတာ မဟုတ်ပါဘူး။ စာပေရေးရာနဲ့ပတ်သက်လို့ လာခဲ့တာပါ။ ဘာသာပြန်လက်စ ကျမ်းစာကို ပြီးဆုံးအောင်ဆက်လက်ပြန်ဆိုဖို့၊ ပြန်ပြီးသားကို ပညာရှင်တွေနဲ့ ညှိနှိုင်းပြင်ဆင် သုတ်သင်ဖို့၊ အခြားဘာသာရေးရာနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေကို လေ့လာဖို့၊ စုဆောင်းဖို့၊ အနောက်နိုင်ငံမှာ ရောက်ရှိနေပြီဖြစ်တဲ့ ဗုဒ္ဓဘာသာရဲ့အတိမ်အနက်၊ ရှေ့ဖြစ်ပေါ်လာမယ့် အလားအလာစတဲ့ အချက်အလက်တွေကို ကိုယ့်ဉာဏ်မြင်သလောက် မှတ်တမ်းတင်ဖို့လာခဲ့ခြင်းပါပဲ။ သာသနာပြုဆိုတဲ့စကားက အများနားလည်ထားတဲ့အတိုင်းဆိုရင် တစ်နေရာတည်းထိုင်ပြီး အေးအေးနေဖို့ မဟုတ်ဘဲ ဟိုဟိုဒီဒီ သွားရမယ်၊ ရောက်တဲ့နေရာတိုင်းမှာ တွေ့တဲ့လူနဲ့၊ သို့မဟုတ် တွေ့တဲ့ပရိသတ်နဲ့ တစ်လုံးတစ်ပါဒကစပြီး ဗုဒ္ဓ ဓမ္မကို ပြောဟောရမယ်၊ ဆွေးနွေးရမယ်၊ ခြေကုတ်တစ်နေရာရလာရင် အချိန်မှန်မှန် သင်တန်းပေးရမယ်၊ ဒီအဓိပ္ပာယ် ကောက်ယူခြင်းမျိုးနဲ့ဆိုရင် ဘုန်းကြီးရဲ့ မူလရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်ဟာ သာသနာပြုဆိုတဲ့ စကားနဲ့ ဆောင်မဝင်လှပါဘူး၊ တစ်ဖက်ကနေ ကြည့်လိုက်တဲ့အခါကျတော့ ကျမ်းစာရေးသားခြင်း၊ စာပေပို့ချခြင်း၊ ဗုဒ္ဓ ဓမ္မနဲ့ စပ်ဆိုင်တဲ့ အကြောင်းအချက်တွေကို လေ့လာစုဆောင်း

မှတ်တမ်းတင်ခြင်းဟာ ရေရှည်လုပ်ငန်းအနေနဲ့ သာသနာကို အလွန် အကျိုးပြုတာမို့ သာသနာပြုလို့ ခေါ်နိုင်ပါတယ်။ ဒီအဓိပ္ပာယ်နဲ့ဆိုရင် ဘုန်းကြီးလုပ်ငန်းတွေဟာ သာသနာပြုလုပ်ငန်းတွေပါပဲ။

မေး။ ။တပည့်တော် မြင်နေရတာကတော့ ဆရာတော် စာရေးနေတာချည်း မဟုတ်ဘဲ ဟိုဟိုဒီဒီကြွပြီး ဟောပြောနေတာ၊ မြန်မာပရိသတ်၊ နိုင်ငံခြား ဘာသာခြား ပရိသတ်တွေထဲမှာ သင်ကြားဟောပြောနေတာ မြင်နေရ၊ ကြားနေရတာမို့ ခြုံပြောရရင် ဆရာတော်သာသနာပြုနေတာပဲ မဟုတ်ပါ လား ဘုရား။

ဖြေ။ ။ဟုတ်ပါတယ်။ ဒါပေမယ့် သာသနာပြုဆိုတဲ့စကားက ကြီးကျယ်လွန်းလို့ ကြွားရာရောက်မှာစိုးတာနဲ့ ဒီစကားလုံးကို ပထမ ဒီဖနီရှင်း ဝိဂြိုဟ်ကျင်း လိုက်ရတာပါ။ ခုန စကားပြောလိုက်ရင် ဘာသာပြန်တဲ့ကိစ္စက ပြီးသွား ပါပြီ။ အချောသတ် သုတ်သင်ပြင်ဆင်တာက အချိန်နည်းနည်းယူရ ပါတယ်။ စာအုပ်မျိုးစုံဖတ်၊ ပညာရှိအတော်များများနဲ့ တွေ့ဆုံပြီး စကား တစ်လုံးရဲ့ လက်ရှိ အများလက်ခံပြီး ဘာသာပြန်ဆိုချက်ဟာ မူလ အဓိပ္ပာယ်နဲ့ကိုက်ညီရဲ့လား၊ ပေါ့နေသလား၊ မြင့်လွန်းနေသလား၊ ချော်နေ သလားဆိုတာ ဆွေးနွေးရပါတယ်။ လေ့လာသုံးသပ်ရပါတယ်။ နှစ်နှစ်တာ ကာလအပိုင်းအခြားအတွင်းမှာ အတော်ပဲ တိုးတက်ပြည့်စုံလာတယ်။ ဒီအတွင်း အင်္ဂလိပ်စာပေကို အရေးရော၊ အပြောပါ အဆင့်မြင့်လာအောင် လုံးပန်းရပါတယ်။ တော်လှပြီ၊ တတ်လှပြီလို့ ဘယ်တော့မှ မထင်ပါဘူး။ တစ်သက်လုံးလေ့လာနေရမယ့် မျက်စိနဲ့ နား အမြဲဖွင့်ထားပြီး မှတ်သား သင်ယူနေရမယ့် ဘာသာစကားတစ်ရပ်လို့ မှတ်ထားပါတယ်။

စာပေစုဆောင်းဖတ်ရှုတာနဲ့ ပတ်သက်လို့ လန်ဒန်က ဘုန်းကြီး ပထမနေခဲ့တဲ့ ဘာမင်ဂန်ထက် ပိုပြီး ပြည့်စုံအဆင်ပြေတာမို့ လန်ဒန်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ နေထိုင်ဖို့၊ စားသောက်ဖို့ မပူမပင်ရအောင် ကူညီပြီး သာသနာပြုမယ့် ဒေါက်တာမောင်နုမနဲ့ တွေ့ရတာလည်းအလွန်ကံကောင်း တယ်လို့ ဆိုရမှာပဲ။ လန်ဒန်မှာ ဖတ်ချင်တာ ဖတ်၊ မှတ်ချင်တာ မှတ်ဖို့ ထင်ရှားကျော်ကြားသလောက် ပြည့်စုံလှတဲ့ စာကြည့်တိုက်ကြီး သုံးတိုက် ဟာ ဘုန်းကြီးရဲ့ ပဒေသာပင်ကြီးများပါပဲ။ တစ်ခုက British Library, Oriental Section နောက်တစ်ခုက Indian Office Library ၊ နောက်တစ်ခု ကတော့ အတိုခေါ်ရင် SOAS အရှည်ဆိုတော့ School of Oriental and

African Studies ခေါ်တဲ့ စာကြည့်တိုက်ကြီးပါပဲ။ ဒီလိုနဲ့ စုဆောင်းလေ့လာနေတုန်း လန်ဒန်မှာ ဒကာဦးနေဝင်းအပါအဝင် ဗုဒ္ဓဘာသာဝင်၊ မြန်မာရော အခြားလူမျိုးတွေပါပါတဲ့ အဖွဲ့ကြီးက Britain Burma Buddhist Trust ဆိုတဲ့ အမည်နဲ့ ကျောင်းတော်ကြီးတစ်ခုတည်ဆောက်လိုက်ကာ ဘုန်းကြီးကို ကူညီစောင့်ရှောက် သာသနာပြုပေးပါရန် လျှောက်ထား တောင်းပန်လို့ နှစ်နှစ်တာဝန်ယူပြီး နေလိုက်ရတယ်။ ဒီအခါကျတော့ ကိုယ်လုပ်ချင်တာ တစ်ခုတည်း ကိုယ့်ဦးတည်ချက်တစ်ဖက်တည်း လုပ်လို့မဖြစ်၊ လုပ်လည်း မလုပ်သင့်တာတစ်ကြောင်း၊ သာသနာ ကျယ်ကျယ်ပြန့်ပြန့်ပြုဖို့ အခွင့်ကောင်းကြီးရပြီဟဲ့လို့ တရားဟောတယ်၊ ကမ္မဋ္ဌာန်းပြတယ်၊ တနင်္ဂနွေနေ့တိုင်း ဓမ္မပဒကိုအခြေခံထားပြီး ဘာသာရေးသင်တန်းတစ်ခု လုပ်ပေးတယ်။ စနေနေ့တိုင်း အဘိဓမ္မာသင်တန်းပေးတယ်။

မေး။ ။ဓမ္မပဒသင်တန်းဆိုတာ ဘယ်လိုကစပြီး ဘာဦးတည်ချက်နဲ့ ပို့ချပါသလဲဘုရား။

ဖြေ။ ။ဓမ္မပဒဆိုတာဟာ ဗုဒ္ဓတရားတော်နဲ့ပတ်သက်လို့ စွယ်စုံကျမ်းကလေးတစ်ခုပါပဲ။ နေ့စဉ် နေထိုင်ရေးနဲ့စပ်လို့ သင်ကြားချက်တွေ၊ သမာဓိခန်း၊ ပညာခန်း၊ အထက်တန်းကျတဲ့ ကျင့်စဉ်ကျင့်ဝတ်တွေ အတော်စုံစုံပါတယ်။ ဗုဒ္ဓလက်ထက်တော်က ပေါ်ပေါက်လာတဲ့ အခြေအနေ အကြောင်းအချက်တွေကို ရုပ်ရှင် ရုပ်သေ ထိုးပြတာကို ပုံစံ၊ ဥပမာ၊ နမူနာကလေးတွေနဲ့ ခြယ်မှုန်းပြလိုက်တော့ ဖတ်သူ၊ မှတ်သူ၊ နားထောင်သူတွေဟာ ငြီးငွေ့မသွားဘဲ၊ မှတ်စရာကလေး တစ်ခု နှစ်ခု ကျန်ပြီး စွဲသွားစေတယ်။ ဒါကြောင့် ဒီနေ့ စိတ်အကြောင်းပြောမယ်လို့ဆိုလိုက်ရင် စိတ်ရဲ့သဘာဝ၊ လက္ခဏာသရုပ်၊ အချုပ်လောက် ရှင်းပြပြီး ဒီလောက်အပြောင်းအလဲမြန်၊ ဒီလိုဖောက်ပြန်တတ်တဲ့ စိတ်ကလေးကို နဖားကြိုး ဘယ်ပုံတပ်ရတယ်၊ ချည်တိုင်မှာ ဘယ်လိုချည်ရတယ်ဆိုတာ ကမ္မဋ္ဌာန်းပါ အတန်ထည့်သွင်းရှင်းပြတယ်။ သန္တတိအမတ်ကြီးတို့၊ စိတ္တဟတ္ထရဟန်းတို့ ပုံဝတ္ထုကလေးညှပ်ပြောတယ်။ ကမ္မဋ္ဌာန်းကြီးသက်သက်ဆို ဆွဲဆောင်မှုအပြည့်မရှိလှဘူး။ ဘာကိုဦးတည်သလဲလို့ဆိုရင် ရှေ့ဦးဆုံး မြန်မာ့ယဉ်ကျေးမှု၊ ဘာသာရေး၊ ယဉ်ကျေးမှုကစပြီး လူ့လိမ္မာ လူယဉ်ကျေးတစ်ယောက်အနေနဲ့ ဗုဒ္ဓတရားတော်များ တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံလိုတဲ့စိတ် ဝင်စားလာအောင် ကျင့်ကြံသွားနိုင်လာအောင်လို့ပါပဲ။

မေး။ ။ပရိသတ်သင်တန်းသားကော ဘယ်လောက်များပါသလဲ။ ဘယ်ဘာသာစကားနဲ့ ဟောပြောသင်ကြားပါသလဲ ဘုရား။

ဖြေ။ ။ပရိသတ်တော့ မများလှပါဘူး။ ခြောက်ဦး ခုနစ်ဦးကနေ ဆယ်ဦး ဆယ့်တစ်ဦးလောက် ရှိပါတယ်။ တစ်ခါတစ်ရံတော့ နှစ်ဆယ်လောက် ရှိပါတယ်။ မြန်မာပရိသတ်ချည်းပဲရှိတဲ့နေ့ကျတော့ မြန်မာလိုဟောတယ်။ မြန်မာဘာသာနားမလည်တဲ့လူ အနည်းဆုံးတစ်ယောက်တလေ ပါလာတောင်မှ အင်္ဂလိပ်ဘာသာနဲ့ ဟောပါတယ်။ အလေ့အကျင့် အမြဲတမ်းရနေစေရန် အင်္ဂလိပ်လို အမြဲပြင်ထားတယ်။ စကားလုံးတွေ ရွေးထားတယ်။ မေးခွန်းမေးတဲ့လူရှိရင် ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် ရှိတယ်။

မေး။ ။အဘိဓမ္မာသင်တန်းကျတော့ သင်တန်းသား ရှိပါရဲ့လား ဘုရား။

ဖြေ။ ။သိပ်မရှိပါဘူး။ ဒကာကြီးဦးခင်တို့ သားအဖသုံးယောက်၊ ဦးစိန်ထွန်းအောင်တို့ ဇနီးမောင်နှံ၊ ဒေါက်တာသိန်းမြင့်၊ မလေးရှန်းကျောင်းသားတစ်ယောက်၊ အင်္ဂလိပ်နဲ့ သီဟိုဠ်ဇနီးမောင်နှံ၊ သူတို့က ပုံမှန်တက်ကြတယ်။ ဒေါက်တာမစ္စစ်ဂိုလ်ဝေါတားလည်း ရက်မမှန်ပေမယ့် မကြာမကြာ လာရောက်လေ့ကျက်ပါတယ်။ သင်တော့ အင်္ဂလိပ်လို သင်ပါတယ်။ ဘာမင်ဂန်တုန်းက အန်တိုနီယိုနဲ့ ဒေးဗစ်တို့ကို သင်္ဂြိုဟ်သင်ပေးဖူးတယ်။ သူတို့သင်တုန်းက ရခဲ့တဲ့အတွေ့အကြုံ၊ ချစ်ဆစ်ဗုဒ္ဓဝိဟာရမှာ သင်ပေးတုန်းက ကြုံရတဲ့ပြဿနာကလေးတွေကို အထောက်အကူပြုစဉ်းစား၊ ကြိုတင်ပြင်ဆင်ပြီး စာရွက်စာတမ်းကလေးတွေနဲ့ မှတ်စုပေးပြီး သင်ပါတယ်။

မေး။ ။မြန်မာပြည်မှာတော့ အဘိဓမ္မာသင်တယ်ဆိုရင် သင်္ဂြိုဟ်ကစသင်ကြတယ်။ စိတ်ပိုင်းက စကြတယ်။ ဆရာတော်က ဘယ်မှုနဲ့ ဘယ်လိုသင်ပေးပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးကတော့ ရုပ်ပိုင်းက စသင်တယ်။ လူတစ်ကိုယ်မှာရှိတဲ့ ရုပ်တွေကို ကံကြောင့်ဖြစ်တဲ့ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ် စသည်ခွဲပေးထားပြီး နာမ်နဲ့ရုပ် ဖက်စပ်ပြီး ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ နာမ်ကိုဖော်ထုတ်ရင်း နာမ်ထဲမှာ စေတသိက်တွေက ကြိုးကိုင်တဲ့အခါ ကိုင်ကြပုံကိုပြပေးပါတယ်။ ပြီးတော့မှ အဲဒီအဲဒီ စေတသိက်တွေ အကြောင်းခံပြီး စိတ်တစ်ခုတည်းက အမျိုးအစားခြားနားလာပုံ၊ အာရုံဆိုတာလည်း စိတ်ကို ကွဲပြားခြားနားအောင် လုပ်တတ်ပုံတွေကို သင်ပြပါတယ်။ သင်္ဂြိုဟ်အတိုင်း

မသွားဘဲ ဓမ္မသင်္ဂဏီနဲ့ ဝိဘင်းပါဠိတော်ကြီးတွေထဲက သင့်တော်မယ့်ဟာတွေ ရွေးကောက်သင်ပေးပါတယ်။

မေး။ ။ဆရာတော်သင်တာတွေဟာ နည်းနည်းမြင့်နေမလားလို့ ထင်မိပါတယ်။ သင်တန်းရက်က ဘယ်လောက်ကြာပါသလဲ။ သူတို့ သဘောပေါက်နားလည်မှုကော တော်တော်ကလေး အဆင့်မြင့်ပါရဲ့လား ဘုရား။

ဖြေ။ ။သင်တန်းသုံးလစီ နှစ်ပိုင်းခွဲထားပါတယ်။ ဒုတိယပိုင်းကျတော့ နိယာမငါးပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းကြောင်းကျိုး ပစ္စည်းဆက်စပ်ပုံတွေ၊ ဝီထိစိတ်ခေါ်တဲ့ thought process တွေ ဖြစ်ပုံကို ဇယားတွေ၊ ပုံတွေ ဆွဲပြဝေငှထားပြီးတော့မှ သင်တော့ ပထမတန်းမှာထက် တိုးတက် စိတ်ဝင်စားမှုပိုလာပါတယ်။ ဂျကက်တာခေါ်တဲ့ အင်္ဂလိပ်တပည့်မက ဘယ်လိုပြောလဲဆိုတော့ ပထမပိုင်းတုန်းက စေတသိက်တွေ ရုပ်တွေကို ဒီလောက် အသေးစိတ် နေရမလားလို့ စိတ်မရှည်သလို ခံစားမိပါတယ်တဲ့။ အိမ်တစ်ဆောင်နေဖို့ဝယ်မယ်ဆိုပြီး သွားကြည့်တော့ ဒီအိမ်ကို ဘယ်လို အုတ်မြစ်ချတယ်၊ ဘာတွေနဲ့ ဆောက်တားတယ်ဆိုတာတွေ လျှောက်စစ်မနေပါဘူး။ အခန်းဘယ်လိုဖွဲ့တယ်၊ လေဝင်လေထွက်၊ အလင်းရောင် ဘယ်လိုယူထားတယ်၊ အပူဓာတ်ပေးကိရိယာတွေ ကောင်းမွန်ပြည့်စုံခြင်း ရှိ မရှိ ပြင်ဆင်မွမ်းမံမှုကောင်း မကောင်း၊ ဒါတွေပဲကြည့်ပါတယ်တဲ့။ အဲဒီလိုတွေးခဲ့မိတယ်တဲ့။ အခု ဒုတိယပိုင်းကျတော့မှ ပထမပိုင်းတုန်းက သင်ကြားချက်တွေ အသုံးဝင်လှပါလားလို့ ပြန်ပြန်လေ့လာရတယ်။ ပိုပြီးလည်း သဘောပေါက်လာပါတယ်လို့ ပြောရှာတယ်။

မေး။ ။ပြီးတော့ ဆရာတော် မန်ချက်စတာ ယူနီဗာစတီမှာ စာသွားသင်ပေးရတယ်လို့ ကြားပါတယ်။ ဒါက ဘာအကြောင်းအရာများပါလဲ ဘုရား။

ဖြေ။ ။ပထမဆုံးအကြိမ်က နှစ်ညကြာပါတယ်။ စိတ်ကို တစ်စ တစ်စ တိုးတက်ဖြူစင်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ခေါင်းစဉ်ကိုပေးပြီး သတိပဋ္ဌာန်နည်းစနစ်ကို သင်ပေးပြီး လက်တွေ့တရားအထိုင်ခိုင်းပါတယ်။ ဒီနောက်တရားပွဲသိမ်းပြီးတော့ 'သမထစင်တာ'မှာ အိပ်ဖို့ နေရာချထားကြတယ်။ အဲဒီနေရာကျတော့မှ အဘိဓမ္မာလေ့လာရေးအဖွဲ့သားတွေက အဘိဓမ္မာကို ထောင့်ပေါင်းမြောက်မြားစွာက မေးခွန်းတွေမေးကြတယ်။ ဖြေတဲ့ အဖြေတွေကိုလည်း သဘောကျတယ်။ ညသန်းခေါင်ကျော်အထိ မပြီးကြသေးဘူး။ ဘုန်းကြီးကို အားနာတာနဲ့ ရပ်သွားကြတယ်။ နောက်တစ်နေ့ နံနက်

ကိုးနာရီကနေ ဆွမ်းစားချိန်အထိ၊ နောက်နေ့လယ်စာအားလုံးပြီးစီးတဲ့အခါ ရထား လိုက်မပို့မီလည်း နှစ်နာရီလောက် ပဌာန်းသဘောတရားတွေ မေးကြပြန်တယ်။

မေး။ ။သူတို့ ပဌာန်းဆက်ပုံတွေကိုပါ လေ့လာထားကြပါသလား ဘုရား။ အဘိဓမ္မာအခြေခံ အတော်ရထားကြတဲ့ပုံပဲ။

ဖြေ။ ။ဟုတ်တယ်။ တစ်နှစ်တုန်းက ဂျာမနီက ဥမ္မာခင်ကိုဖိတ်ပြီး ပဌာန်းသင်ကြတယ်။ ပစ္စယနိဒ္ဒေသနဲ့ ပဉှာဝါရကို အကျဉ်းချုပ်သင်ပေးသွားတယ်။ ပြီးတော့လည်း 'လန်ဒန် မြန်မာကျောင်းမှာ မြန်မာဘုန်းကြီးတစ်ပါးရှိတယ်၊ နားမလည်တာ၊ မရှင်းတာများရှိရင် အဲဒီဘုန်းတော်ကြီးကို ပင့်ပြီးမေးကြပါ' လို့ ဥမ္မာက ပြောသွားတယ်။ ဒါကြောင့် မန်ချက်စတာက ဘုန်းကြီးကို လှမ်းပင့်တာ၊ ပဌာန်းပစ္စည်းဆက်ပုံ မရှင်းလင်းတာတွေထပ်ပြီးမေးကြတော့ လန်ဒန်မှာလည်း မကြာမီကမှ ပူပူနွေးနွေး သင်ပြီးခါစဖြစ်လို့ ချေသေချာချာ ရှင်းရှင်းလင်းလင်း ပြောပြနိုင်တယ်။ ပြီးတော့ ယမိုက်အကြောင်းကို ဆက်မေးကြပြန်တယ်။ ယမိုက်ဆိုတာ အဘိဓမ္မာခုနစ်ကျမ်းထဲက ခြောက်ခုမြောက်ကျမ်းဖြစ်တယ်။ သစ္စ၊ သင်္ခါရ၊ ဓမ္မယမိုက်တွေ ဆိုတာအလွန်နက်နဲပါတယ်။ ရက်တစ်ပတ်လောက် တစ်ဆက်တည်းသင်ကြားလိုတယ်။ နာယူလိုကြတယ်။ ရက်သတ်ပြီး ပင့်ပါရစေလို့ တောင်းပန်ကြတာနဲ့ ပြီးခဲ့တဲ့ မေ ၂၄ ရက်ကစ၊ ၃၀ ရက်နေ့အထိ သွားရောက်သင်ကြားပေးခဲ့ရပါတယ်။

မေး။ ။သူတို့ နားလည်သဘောပေါက်ကြပါရဲ့လား ဘုရား။

ဖြေ။ ။နားလည်ကြပါတယ်။ ဘုန်းကြီးကလည်း ရက် ၂၀ လောက်ကတည်းက ဘယ်လို သင်ရလျှင် နားလည်ကြမလဲလို့ စဉ်းစားပြီး နုတ်တွေ စီစဉ်ရေးသား၊ စာကူးစက်နဲ့ကူးထားတယ်။ နုတ်ကိုကြည့်ပြီးသင်ရတာ လွယ်ကူတယ်။ မှတ်တဲ့သူကလည်း မှတ်လို့လွယ်ကူတယ်။ ပြန်ဖတ်၊ ပြန်သုံးသပ်ပြီး သဘောမပေါက်သေးရင် ထပ်မေးနိုင်ကြတယ်။ နောက် တော်တော်ကြာမေ့သွားလည်း ပြန်ကြည့်နိုင်တယ်။ ခုကြိမ်တော့ အကျဉ်းချုပ်ငုံမိရုံလောက်၊ လမ်းစဖော်ရုံလောက်ပဲ တတ်နိုင်ပါသေးတယ်။ အကုန် အသေးစိတ် မသင်နိုင်ခဲ့ပါဘူး။ သင်ပြီးလို့ မေးခွန်းမေးချိန်ရောက်ပြီဆိုမှဖြင့် ရောက်တတ်ရာရာ မေးခွန်းသောင်းခြောက်ထောင် မေးကြပါတယ်။ တချို့မေးခွန်းတွေဟာ လေးနက်သလောက် အဖြေရတဲ့အခါ အလွန် ကျေနပ်ပျော်ရွှင်ကြတာ တွေ့ရပါတယ်။

မေး။ ။ရက်သတ္တပတ်တစ်ပတ်တည်းနဲ့ ယမိုက်တစ်ကျမ်းလုံး ဘယ့်နှယ်လုပ်ပြီး သင်ပေးနိုင်ပါ့မလဲ။

ဖြေ။ ။အကုန်မဟုတ်ပါဘူး။ ခက်ခဲနက်နဲတဲ့ ယမိုက်များရဲ့ အစိတ်အပိုင်းကို သူတို့ နားလည်သဘောပေါက်နိုင်လောက်တဲ့ နေရာကနေ ကွက်ပြီး ပြလိုက်တယ်။ ပင်လယ်ကြီးတစ်ခုလုံး အကုန်မမြင်ရပေမယ့် ကမ်းနားပိုင်း မြင်လောက်တဲ့နေရာက ပြလိုက်ရင် ပင်လယ်ရဲ့ နက်ရှိုင်းကျယ်ပြန့်ပုံကို သိသလို သိသွားကြတာပေါ့။

မေး။ ။နောက်ထပ်သင်ပေးရဦးမှာပေါ့ ဘုရား။ ဒီလောက်နားလည်သွားရင် ရှေ့ဆက်ပြီး သင်ယူချင်ကြဦးမယ်လို့ ထင်ပါတယ်။

ဖြေ။ ။ဟာ ဟုတ်ပါတယ်။ မြန်မာပြည်က ပြန်ရောက်လာတဲ့အခါ အနည်းဆုံး သုံးပတ်လောက်အချိန်ယူပြီး ပြပေးပါဦးလို့ တောင်းပန်ကြပါတယ်။ အကြောင်းညီညွတ်ရင် သင်ပေးပါ့မယ်လို့ ဝန်ခံခဲ့ရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အိန္ဒိယရောက်တော့လည်း ဗာရာဏသီ သက္ကတယူနီဗာစတီက ဟိုတစ်ချိန်တုန်းက ဘုန်းကြီးတို့ဆရာ ဖြစ်ခဲ့ဖူးတဲ့ ရာမသျှန်ကရ်တြိပါဌီ ဆိုတဲ့ ပါမောက္ခကြီးက သူ့ကို ယမိုက်နဲ့ ပဋ္ဌာန်း သင်ပေးပါမယ့်အကြောင်း နေထိုင်စားသောက်ရေးနဲ့ အသွားအပြန်လက်မှတ်များကို တာဝန်ယူပါ့မယ်လို့ လျှောက်ပါတယ်။ ဒါလည်း အကြောင်းညီညွတ်ရင် သင်ပေးရဦးမယ်။ သူက သင်္ကြိုဟ်နဲ့ ဋီကာကျော်ကို အတော်ကြေညက်အောင် လေ့လာထားသူ ဖြစ်ပါတယ်။

မေး။ ။ဝမ်းသာစရာပါပဲ ဘုရား။ ဆရာတော် အင်္ဂလိပ်လိုရော ကုလားလိုရော တတ်တော့ သာသနာပြု ခရီးပေါက်ပါတယ်။ ဒါနဲ့ တစ်ဆက်တည်း ဥရောပတိုက်ထဲ ဆရာတော်ကြွပြီး သာသနာပြုပုံ မိန့်တော်မူပါဦး ဘုရား။

ဖြေ။ ။ပထမဦးဆုံး ဥရောပခရီးကတော့ ဆွစ်ဇာလန်၊ ဂျီနီဗာမြို့။ ဗုဒ္ဓနေ့ အခမ်းအနားပင့်လို့ သွားရတာက စတာပဲ။ အဲဒီ အခမ်းအနားမှာ စကားပြောခွင့်၊ တရားဟောခွင့်တော့ မရလိုက်ပါဘူး။ ဆွစ်လူမျိုး ဗုဒ္ဓဘာသာဝင် တစ်ဦးက သူကိုယ်တိုင် ဗုဒ္ဓတရားတော်နဲ့ ပါဠိစာပေ အလွန်စိတ်ဝင်တစား လိုက်စားရာကနေ ဗုဒ္ဓဘာသာခံယူ၊ မြန်မာပြည်၊ ယိုးဒယားပြည်ရောက် ပဉ္စင်းအဖြစ် ခံယူပြီး ကျင့်သုံးခဲ့ဖူးတဲ့အတွက် Buddhayana Vihara ဆိုတဲ့ အဆောက်အအုံတစ်ခု တည်ထောင်ထားတယ်။ ယိုးဒယားက ဗုဒ္ဓရုပ်ပွားတော်ကြီး

တစ်ဆူ မှာယူကိုးကွယ်ထားတယ်။ ကိုရီးယားကျောင်းသူ ကျောင်းသား အနည်းငယ်၊ သီဟိုဠ် မြန်မာ ဗုဒ္ဓဘာသာဝင်တွေပါ စုရုံးပြီး တရားဆွေးနွေးကြ၊ ကမ္မဋ္ဌာန်းထိုင်ကြပါတယ်။ ဒီမှာ ဘုန်းကြီးကို ဆွမ်းပင့်ကျွေး၊ တရားနာကြ၊ ဆွေးနွေးကြပါတယ်။ အဲဒီအခမ်းအနားတွေပြီးတော့ ဂျာမနီကို ပထမဆုံးအကြိမ် သွားခဲ့ပါတယ်။ မြန်မာလူမျိုး စစ်တကောင်း ဗရူးဝါး အနွယ် တစ်ယောက်ထံမှာ တည်းခိုပြီး ဥမ္မာခင်နဲ့တွေ့၊ သူတို့ ယူနီဗာစတီ ရောက်၊ ပါမောက္ခကြီးနဲ့တွေ့ပြီး Frankfurt ကနေပြီး ကော့ဘလင်းဇ်ဆိုတဲ့ မြို့အနီးမှာ ကေမနောက်ခေါ်တဲ့ တရားဌာနတစ်ခုကို ပင့်သွားလို့ လိုက်ပါ သွားရတယ်။ ကမ္မဋ္ဌာန်းပြ၊ တရားဟော၊ သူတို့ တိုးတက်ရာ တိုးတက် ကြောင်း နည်းလမ်းကောင်းများကို ပြည့်ပြည့်စုံစုံ သုံးရက်နေထိုင်ခဲ့ပါတယ်။ နောက် ဟမ်းဗွတ်က မြန်မာတချို့၊ ဗွန်းက မြန်မာ ဒကာ ဒကာမတွေပါ စုစည်းပြီး ဝါကျွတ်မီးပူဇော်ပွဲ၊ ကဆုန်လ ဗုဒ္ဓနေ့ပွဲတော်များ တစ်နှစ်နှစ်ကြိမ် ကျင်းပသွားပါ့မယ်၊ ကြွရောက် ဦးဆောင်မှုပေးကာ မြန်မာ့ထေရဝါဒ သာသနာပြုပေးတော်မူပါလို့ ဝိုင်းလျှောက်ကြတယ်။ ဒါကြောင့် တစ်နှစ် နှစ်ခေါက် အမြဲကြွရောက်ဟောပြော သာသနာပြုရပါတယ်။ နောက်ပိုင်း တော့ ဆွစ်ဇာလန်မှာ တစ်ကြိမ်ဆုံပြီး သာသနာရေးတွေ ဆွေးနွေးခဲ့ဖူးတဲ့ လာအိုပြည်သား အရှင်ဉာဏစရော ပင့်ဖိတ်ချက်အရ ပြင်သစ်ကိုပါ သွားရောက် တရားဟောရပါတယ်။ နောက် လွန်ခဲ့တဲ့နှစ် ၈၆ နိဝင်ဘာလ တရားပွဲမှာ ဂျာမနီတွင်တရားနာခွင့်၊ ဆွေးနွေးခွင့်ရပြီး သဘောကျတာနဲ့ ဩစတြီးယားပြည် ဗုဒ္ဓအသင်းတစ်ခုရဲ့ ဥက္ကဋ္ဌ မစ္စတာလိုင်ယန်က အထူး အစီအစဉ်တစ်ရပ်ပြုလုပ်ကာ ၁၀ ရက်၊ သို့မဟုတ် တစ်ပတ် ဓမ္မသင်တန်း တစ်ခု လုပ်ပေးရန်တောင်းပန်တဲ့အတွက် ပြီးခဲ့တဲ့ မေလ ၄ ရက်နေ့ကနေ ၁၃ ရက်နေ့အထိ ဗုဒ္ဓဘာသာဝင် ဟုတ်သူရော မဟုတ်သူပါ ၂၅ ဦးလောက် ရှိတဲ့ အဖွဲ့ကလေးကို နေ့စဉ်လိုလို တရားဟော တရားမှတ်ခိုင်းပြီး သာသနာ ပြုခဲ့ရပါတယ်။

မေး။ ။တရားဟောတဲ့အခါ ပရိသတ်ထဲက ဓမ္မကိုလက်ခံသူရော၊ လက်မခံသူပါ သူတို့စိတ်ထဲမှာရှိတာ သိချင်လို့မေးတာလည်းရှိမယ်၊ မယုံကြည်လို့ မေးတာ လည်း ရှိမယ်၊ ခွ မေးခွန်းတွေ မေးတာလည်းရှိမယ် ထင်ပါတယ် ဘုရား။

ဖြေ။ ။အများအားဖြင့် တရားပွဲတွေမှာ တွေ့ရတာကတော့ ဗုဒ္ဓဓမ္မကိုခံယူပြီးသား လက်တွေ့ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဓမ္မကိုစိတ်ဝင်စားပြီး လိုက်ရှာနေတဲ့

ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ မယုံကြည်လို့၊ လက်တွေ့မကျလို့၊ သူတို့ မူလခံယူထားတဲ့ ဘာသာတရားနဲ့ ဆန့်ကျင်နေလို့ ထထမေးကြသူတွေလည်း ကြုံရတွေ့ရပါတယ်။ ဆွစ်ဇာလန်မှာ တစ်ခါက တရားဟောနေတုန်း စိတ်ဇာတ်ဖြူရေး၊ စိတ်ကြည်လင်အေးမြရေးနဲ့စပြီး မေတ္တာအကြောင်းရောက်တော့ Business အောင်မြင်နေတဲ့ အဘိုးကြီးတစ်ဦးက လက်တွေ့သုံးမရတဲ့ မေတ္တာဆိုတာကို လူကြားကောင်းရုံဟောပြောနေတာ အကျိုးမရှိတဲ့အကြောင်း၊ လက်တွေ့မျက်တွေ့ အကျိုးရမယ့် အကြံကောင်း၊ ဉာဏ်ကောင်းများရမလားလို့ လာနားထောင်မိပါတယ်၊ မဖြစ်နိုင်တာတွေ သူကြားနေရလို့၊ ယခုလိုထပြောရကြောင်း စကားချီးပြောပြီး 'ကိုယ်တော်ရဲ့ မေတ္တာတရား၊ ခန္တီတရားအတိုင်း လူတစ်ဖက်သားကို သည်းခံရမယ်၊ ချစ်ရမယ်ဆိုရင် ကိုယ်တော့်ကို လူတစ်ယောက်က ပါးလာရိုက်ရင် ကိုယ်တော်ခံနေမလား၊ ကျွန်တော်ဆိုရင်တော့ သူတစ်ချက်ရိုက်ရင် ဟိုဘက်ဒီဘက် နှစ်ဖက်စလုံးကို ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်မယ်၊ တောထဲမှာ ကျားတစ်ကောင်က ကိုယ်တော့်ကို ကိုက်မယ်လို့လာနေတယ်၊ ကိုယ်တော့်လက်ထဲမှာလည်း သေနတ်ရှိမယ်ဆိုရင် ကိုယ်တော်ဒီကျားကို ထိုင်ပြီး မေတ္တာပို့နေမလား၊ ကျွန်တော်မယုံဘူး၊ ကျွန်တော်ဆိုရင်လား တစ်ချီတည်း အပြတ်ချပစ်လိုက်မယ်၊ ခရစ်တော်ကလည်း ဒီလိုမျိုးဟောတာပဲ၊ ဒီဘက်ပါးရိုက်ရင် သူ့ကိုပြန်လှန်ရိုက်မယ့်အစား ဟိုဘက်ပါးကိုပါ လှည့်ပေးရမယ်လို့ ဟောတာပဲ၊ ခရစ်ယာန်တွေ ဘယ်လောက်များဒီတရားကို လက်တွေ့လိုက်နာလို့လဲ၊ ကိုယ့်သား ကိုယ့်မယားကို သူတစ်ပါး စော်ကားလာရင် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကို လာရောက်ကျူးကျော်စော်ကားရင် ဘယ်နိုင်ငံ ဘယ်လူမျိုးမှ ငုံ့ခံမနေဘူး၊ ဒါကြောင့် ဒီခန္တီ၊ မေတ္တာ၊ ကရုဏာ ဆိုတာတွေဟာ စကားလုံးသာရှိတယ်၊ အနက်အဓိပ္ပာယ်မပါဘူး။ ထိုသူဟာ ဒီလိုစကားမာမာပြောပြီး ဘုန်းကြီးရဲ့အဖြေကို နားထောင်မနေတော့ဘဲ ထသွားပါတယ်။

မေး။ ။ဒီတော့ ဆရာတော်က ဘယ်လိုဆက်လက်ပြီး ဒီလို ခိုးလိုးခုလု အခြေအနေမျိုးမှာ ရပ်တည်ကျင့်သုံးပါသလဲ ဘုရား။

ဖြေ။ ။ဒီလိုအခြေအနေမျိုးဟာ ဘုန်းကြီးတို့မှာ မဆန်းလှပါဘူး။ ဆဲရေးတိုင်းထွာခြင်း၊ ခဲနဲ့ပေါက်၊ အသီးတွေနဲ့ပစ်ခြင်း၊ ဟီဟီဟာဟာ ရယ်စရာလုပ်ပစ်ခြင်း တွေ့ကြုံရဖူးပါတယ်။ အများကောင်းကျိုးလုပ်ဆောင်ခြင်း၊ လူတန်း

စား အသီးသီး၊ အလှူအမျိုးမျိုး၊ ဘယ်သူ့ကိုမဆို အခက်အခဲရှိရင် ကူညီ ဖြေရှင်းပေးခြင်း၊ နိုင်ငံနဲ့ချီ၊ လူမျိုးတစ်မျိုးလုံးနဲ့ချီပြီး အများသက်သာအောင်၊ ပြေပြစ်ချောမောအောင် လူမှုရေး၊ စီးပွားရေး၊ ပေါင်းသင်း ဆက်ဆံရေး တွေမှာ အခံအခု အဖုအထစ်မရှိရအောင် ဘာသာရေးအသင်း အဖွဲ့တွေက ဖြစ်စေ၊ နိုင်ငံရေးအစည်းအရုံးတွေက ဖြစ်စေ၊ တစ်ဦးချင်း အနေအားဖြင့် ဖြစ်စေ၊ ဆောင်ရွက် ဟောပြော ရေးသားချီးဆော်မှုတွေ အားလုံးဟာ မေတ္တာ တရားရဲ့သရုပ်သကန်တွေပါပဲ။ အင်္ဂလိပ်လိုတော့ Altruism. Benevolence, Love, Kindheartedness, Friendliness ဆိုတာတွေ ဟာ မေတ္တာရဲ့ ဝိဂြိုဟ်တွေပဲ၊ ဒါတွေကို စကားလုံးအနေနဲ့သာ ရှိမနေစေဘဲ လက်တွေ့လုပ် ဆောင် အောင်မြင်နေကြတာ နိုင်ငံအများ၊ လူမျိုးစုံတွေရဲ့ အကြားမှာ ထင်ရှားနေသားပဲ၊ ဗုဒ္ဓရဲ့ဟောညွှန်ချက်တွေထဲမှာ လူသားချင်း အတူတူ လက်တွဲအလုပ်လုပ်နိုင်ရေးအတွက် ဘာကိုရှောင်၊ ဘာကိုလုပ် ရမယ်ဆိုတာ ပရာဘဝသုတ်၊ ဝသလသုတ် သိင်္ဂါလောဝါဒသုတ် စသည်တွေမှာ ဟောစရာ အများကြီး ရှိပါတယ်။ ဒါတွေကို လူအများနားမလည်ကြဘူး။ ကြားဖူး နားဝ ရှိပေမယ့် ဒါမှမဟုတ် သိထားပေမယ့် လက်တွေ့ကျတော့ သတိမရ၊ လောဘ ဒေါသတွေ ကြားထဲမှာ နစ်မြုပ်နေတတ်တယ်။ ဒါကြောင့် ဘာသာရေးခေါင်းဆောင်တွေက အထူးအားဖြင့် ဗုဒ္ဓရဲ့ သားတပည့်တွေ ဟာ ဟောနေ ပြောနေ ရေးသားလှုံ့ဆော်နေရပါတယ်။

မေး။ ။ကောင်းလှပါဘုရား။ ဒီလို မယုံကြည်သူတွေ၊ ဘာသာအယူကွဲပြားနေသူ တွေနဲ့ တွေ့ရတာလိုပဲ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူချင်းမှာလည်း တောင်ပိုင်း၊ မြောက်ပိုင်း၊ ဟီနယာန၊ မဟာယာနဆိုတဲ့ ကွဲပြားမှုကလေး တွေ ရှိနေတော့ ဆရာတော်ရဲ့ ထေရဝါဒ ဟောပြောသွန်သင်ချက်တွေကို စောဒနာတက်သူတွေနဲ့လည်း တွေ့ရလိမ့်မယ်ထင်ပါတယ် ဘုရား။ အဲဒါ ကြောင့် ပရိသတ်ရဲ့ကိုယ်စား တပည့်တော် လျှောက်ထားပါရစေ။ ဒီမဟာ ယာနနဲ့ ထေရဝါဒဟာ ဘယ်ကနေစပြီး ခြားခြားနားနားဖြစ်လာကြသလဲ၊ ဘယ်ရွေ့ဘယ်မျှတူညီ၍ ဘယ်ရွေ့ဘယ်မျှကွဲပြားတယ် ဒီကွဲပြားမှုတွေကို ယခုလို InternationalReligion အနိုင်နိုင်ငံရဲ့ ဘာသာကြီးအဖြစ် ဦးတည် နေတဲ့အချိန်မျိုးမှာ ညှိနှိုင်းစုစည်းလို့ရနိုင်၊ မရနိုင်ဆိုတာ ဆရာတော် ထင်မြင်ယူဆချက် အသိပညာကို ဖြန့်ဖြူးတဲ့အနေနဲ့ အမိန့်ရှိပေး စေချင် ပါတယ် ဘုရား။

ဖြေ။ ။ဒီ Subject က ပုဂံရာဇဝင်လို တုတ်ထမ်းပြောရမယ့် အမျိုးအစားထဲက ဖြစ်ပါတယ်။ ဒီလိုတိုတောင်းတဲ့ အချိန်ပိုင်းကလေးအတွင်းမှာ ပြည့်စုံအောင်တော့ ပြောနိုင်မှာ မဟုတ်ဘူး။ General Idea လောက်ပဲပြောနိုင်ပါမယ်။ အခု အင်္ဂလန်မှာတင်ပဲ တချို့ မဟာယာနစင်တာကခေါင်းဆောင် လာမာတွေမှာ သားနဲ့မယားနဲ့၊ ဥပမာ စကော့တလန် ဆမြေလင်းက လာမာမှာဆို အင်္ဂလိပ်မဇနီးသည်နှင့် သားသမီးတွေရှိနေတယ်။ တချို့က ဘောင်းဘီဝတ်၊ နက်ကတိုင်နဲ့ ဥရောပဝတ်စုံနဲ့ လခစား အလုပ်လုပ်ပြီး အင်္ဂလိပ်ဇနီးသည်နဲ့ သားသမီးတွေနဲ့။ တစ်ခါတော့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ 'တရုတ်အစိုးရသိမ်းပိုက်ပြီး တိဘက်ပြည်ရဲ့ အခြေအနေ'ဆိုတဲ့ ဗီဒီယိုတိတ်လာဖွင့်ပြတဲ့အခါ အဲဒီလာမာက လာမာ သင်္ကန်းဝတ်စုံဝတ်ပြီး အင်္ဂလိပ် လို ရှင်းလင်းပြောပြနေတယ်။ အင်္ဂလိပ်ဗုဒ္ဓဘာသာတွေရော အခြားလူမျိုး ဗုဒ္ဓဘာသာဝင်တွေပါ အဲဒီ တိဘက်လာမာကို ရိုသေလေးစားစွာ ရှိခိုးကြတယ်။ ဝိနည်းနားလည်တဲ့လူက ဝိနည်းရှုထောင့်နဲ့ ကြည့်လိုက်ရင် ဒီပုဂ္ဂိုလ်ကို ဘယ်လိုမှ ရှိခိုးနိုင်မယ် မဟုတ်ဘူး။ နောက် ဒီအောက်စဖို့ ယူနီဗာစတီမှာ ပီအိပ်ချ်ဒီလာလုပ်သွားတဲ့ ဂျပန်ဆိုရင်လည်း ဘုန်းကြီးထံ ခဏခဏလာပြီး ဝိနည်းဆိုင်ရာ အချက်အလက်တွေမေးလို့ သင်ကြားပြသပေးနေရတာမို့ ကောင်းကောင်း သိနေတယ်။ သူ့သီးဇစ်က 'ဝိနယသင်္ဂဟ' ဖြစ်နေတယ်။ သူကိုယ်တိုင် ဂျပန်ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးဖြစ်နေပေမယ့် ဝိနည်းမရှိတဲ့အတွက် ဝိနည်းဗဟုသုတ ဘာမှမရှိလေတော့၊ တချို့အချက် အတော်များများဆိုပါတော့ ဒီက အစိပ္ပာယ် ရှင်းလင်းပြောပြလို့ သိသွားတဲ့အခါ သက်ပြင်း မကြာမကြာချတာ တွေ့ရပါတယ်။ သူလည်း သားသုံးယောက်ဖခင် ဂျပန်ဇနီးရှိတယ်။ ပညာသင်နေတဲ့အခိုက် အင်္ဂလန်မှာ နေတုန်းတော့ ဥရောပဝတ်စုံနဲ့ လူလိုနေတာပေါ့။

မေး။ ။တပည့်တော်များလည်း မြင်တွေ့ ကြားသိနေပါတယ်။ ဂျပန်၊ ကိုရီးယား၊ လာမာတွေထဲမှာ အိမ်ထောင်ပြုနိုင်တဲ့ဂိုဏ်းရှိသလို မပြုနိုင်တဲ့ဂိုဏ်းလည်း ရှိတယ်လို့ သိရပါတယ်။ တပည့်တော်တို့ သိထားတာကတော့ မဟာယာနဆိုရင် ဝိနည်း မရှိ အဘိဓမ္မာဆိုတာ မရှိလို့ သိထားပါတယ်။ တစ်ခါ အချို့ဂိုဏ်းက အိမ်ထောင်ပြုခွင့် ရှိ၊ အချို့ဂိုဏ်းက မရှိဆိုပြန်တော့ မျက်စိလည်၊ ယောင်ချာချာဖြစ်ရပါတယ်။ ဒါ နည်းနည်း ရှင်းပေးတော်မူပါဘုရား။

ဖြေ။ ။မဟာယာနဆိုတဲ့ စကားလုံးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပွင့်ကားလာတဲ့ ခလေ့ထုံးစံအယူအဆ ကျမ်းစာတွေပါ ခေတ်နဲ့ပိုင်းခြားပြောရရင် အေဒီ ၁ ရာစုနှစ်လောက်က စတင်လာတာပါ။ ဒါပေမယ့် တိဘက်ပညာရှင် တာရာနာထက History of Buddhism မှာ ဆိုထားပုံက မဟာယာန သုတ္တဆိုတာ ဗုဒ္ဓကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်က ဟောတော်မူခဲ့တာတဲ့။ ကျယ်ပြန့်ပွင့်ကားခြင်းမရှိသေးတာကတော့ အရည်အချင်းပြည့်ဝသော ဆရာများ မပေါ်လာသေးခြင်း၊ ဉာဏ်ထက်မြက်သော တပည့်များ မထွန်းကားသေးခြင်း စတဲ့အကြောင်းများကြောင့် ဖြစ်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။ မဟာယာနကို စတင်ဖော်ထုတ်သူတွေဟာ အများအားဖြင့် အိန္ဒိယတောင်ပိုင်းသားတွေ ဖြစ်တယ်။ ရှေ့တန်းကျော်ကြားတဲ့ ဆရာကြီးတွေဟာ နာဂါရ်ဇုန် စတဲ့ပုဂ္ဂိုလ်များပါပဲ။ နောက် အရှေ့ဘက်နဲ့ အနောက်ဘက်ကို တရွေ့ရွေ့ပျံ့နှံ့သွားတယ်။ နာလန္ဒာဟာ အလွန်ထင်ရှားတဲ့ မဟာနာယ ကျမ်းစာသင်တန်းကျောင်းကြီးဖြစ်လာတယ်။ နာဂါရ်ဇုန် ကုဏ္ဍာခေါ်တဲ့ အိန္ဒိယတောင်ပိုင်း အမရဝတီမှာ တစ်ခါတုန်းက အတော်ဖွံ့ဖြိုးကြီးထွားခဲ့တဲ့ မဟာယာနဗဟိုဌာနကြီးတစ်ခု ရှိခဲ့တယ်။ ယခုခေတ်အထိ ရှေးဟောင်းဌာနက ဖော်ထုတ်ထားလို့ အဆောက်အုံ အထိမ်းအမှတ်တွေ၊ တွေ့နိုင်ပါသေးတယ်။ နောက်တစ်ခုက တတိယ သင်္ဂါယနာတင်ရခြင်းရဲ့ အကြောင်းကို ရှင်ဗုဒ္ဓဃောသ ဖော်ပြရာမှာ အယူမမှန် မူမမှန်တဲ့ ရဟန်းတုတွေ သာသနာ့အရေခြုံပြီး ဝင်ရောက်လာလို့ သုတ်သင်ရှင်းလင်းပွဲကြီး အကြီးအကျယ်လုပ်ခဲ့ရကြောင်း၊ အရှင်မောဂ္ဂလိ ပုတ္တတိဿထေရ်က သံဃာ့အလယ်မှာ အတုအယောင် အယူမှား အမြင်မှားတွေကို ဗုဒ္ဓဝစန အကိုးသာဓကတွေ ယုတ္တိ ယုတ္တာ အထောက်အထားအမျိုးမျိုးတွေပြပြီး ဖြေရှင်းခဲ့ရတယ်။ ဒါကို ကထာဝတ္ထုဆိုပြီး အဘိဓမ္မာခုနစ်ကျမ်းထဲမှာ တစ်ကျမ်းတစ်ဖွဲ့အဖြစ် တင်ထားရတယ်။ ဟိုစဉ်အခါ ဂိုဏ်းကြီး ၁၈ ဂိုဏ်း ကွဲပြားနေတဲ့အကြောင်းလည်း ရှင်ဗုဒ္ဓဃောသ မှတ်တမ်းတင်ခဲ့လို့ ထေရဝါဒ သံဃာတော်တိုင်း သိမှတ်နေကြရပါတယ်။

ဒီဂိုဏ်းကြီး ၁၈ ဂိုဏ်းပေါ်စဉ်က မဟာယာနဆိုတာ အထင်အရှားပေါ်သေးတာ မဟုတ်ဘူး။ ဘီစီ ၃ရာစု ပတ်ဝန်းကျင်နော်။ အဲဒီခေတ်ဟာ သို့ပေမယ့် မဟာယာနမျိုးစေ့တွေ ရှိနေပြီ။ အဲဒီအထဲမှာ 'ရဟန္တာဆိုတာ ဒီဘဝနောက်ဆုံး၊ ကိစ္စအားလုံးပြီးပြီ၊ နောက်ဘဝသံသရာရယ်လို့ မရှိတော့

ဘူး၊ ထေရဝါဒနှင့်အတူ မဟာသာဃိက ဓမ္မဂုတ္တိက ဂိုဏ်းကြီးများက ယူဆထားတဲ့ ပုံမှန်အယူဝါဒပါပဲ။ သဗ္ဗတ္ထိဝါဒနှင့် ကဿပီယဂိုဏ်းတို့က 'An Arahanta can relapse. His perfection is not absolute' ရဟန္တာဆိုတာ ကိစ္စမပြီးသေးဘူးတဲ့၊ ပြောင်းနိုင်သေးတယ်၊ ပြောင်းရဦးမယ်တဲ့။

ခုနပြောတဲ့ သဗ္ဗတ္ထိဝါဒဂိုဏ်းဟာ ဝိနည်းနဲ့အဘိဓမ္မာကို မပစ်ပယ်သေးဘူး။ သို့သော် ထေရဝါဒနှင့်မတူ၊ နုတ်ပစ်ထားတာ၊ အသစ်ထည့်ထားတာတွေ ရှိနေပြီ။ အဘိဓမ္မာဆိုတာမှာလည်း အကုန်လုံး လက်မခံတော့ပဲ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းတွေ ရှိနေပါပြီ။ အဘိဓမ္မာကောသတို့၊ အဘိဓမ္မသမုစ္စယတို့ ဆိုတာတွေဟာ သဗ္ဗတ္ထိဝါဒဂိုဏ်းက ဆင်းသက်ဆက်နွယ်လာတဲ့ အဘိဓမ္မာကျမ်းစာတွေပါပဲ။ နောက် မဟာယာန ပေါ်လာတော့ လူတိုင်း ဘုရားလောင်းချည်းပဲ၊ လူတိုင်းဗုဒ္ဓဖြစ်ရမယ်၊ လူတိုင်းမှာ ဗုဒ္ဓမျိုးစေ့ရှိတယ်။ အများကောင်းကျိုး ကျင့်ဆောင်ရမယ်၊ ကျင့်တဲ့နေရာမှာ ကိုယ်ကျိုးကို အဟုတ်တကယ် စွန့်ရမယ်၊ ပါရမီခြောက်ပါးကို အစွမ်းကုန် ဖြည့်ကျင့်ရမယ်။ ပါရမီ ၁၀ ပါး မဟုတ်ဘူးနော်၊ ခြောက်ပါးတည်းရယ်။ ဒါန၊ သီလ၊ ခန္တိ၊ ဝီရိယ၊ ပညာနှင့် ဘာဝနာတဲ့။

ဗုဒ္ဓဆိုတာမှာလည်း Transcendent Buddha ဆိုပြီး ငါးဆူဖြစ်လာတယ်။ ဝေရောစန ဗုဒ္ဓ၊ အမိတာဘဗုဒ္ဓ၊ အမောဃသိဒ္ဓိဗုဒ္ဓ၊ ရတနသမ္ဘဝဗုဒ္ဓ၊ အက္ခောဘဗုဒ္ဓတဲ့။ အလွန်ရှုပ်ထွေးကျယ်ပြန့်တဲ့ အတွေးအခေါ်တွေနဲ့ အရပ်ဒေသအမျိုးမျိုးမှာ ဆရာအမျိုးမျိုးတို့က အဓိပ္ပာယ်ကောက်ယူပုံ အမျိုးမျိုးနဲ့ချဲ့ကားလာလိုက်ကြတာ နောက်ဆုံးဗုဒ္ဓဖြစ်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဝိနည်းဆိုတဲ့ အနှောင်အဖွဲ့မျိုး မလိုအပ်ဘူးဆိုပြီး ဝိနည်းကို ပစ်ပယ်လိုက်ကြတော့တယ်။ ဒါပေမယ့် သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပါဒ်၊ မဂ္ဂင်ရှစ်ပါးတို့တော့ ရှိနေပါသေးတယ်။ အဓိပ္ပာယ်တော့ နည်းနည်း ကွဲပြားနေတာတွေရှိပါတယ်။ သို့သော် မဟာယာနလို့ သိမ်းကျုံးခေါ်တဲ့ အထဲမှာ ခုနပြောခဲ့တဲ့ သုတ္တန္တိက တစ်နည်း သဗ္ဗတ္ထိဝါဒ အဆက်အနွယ်တွေမှာ ဝိနည်းရှိသေးတယ်။ အိမ်ထောင်ပြုခြင်းခွင့်မပြုဘူး။ ကဲ၊ အချိန်ကလည်း စေ့သွားပြီ၊ ဒါလောက်နဲ့ပဲ အဆုံးသတ်ထားလိုက်ကြပါဦးစို့။ နည်းနည်းတော့ အချုပ်ကို နားလည်သွားလောက်ပါပြီ။ အားလုံးသော သောတရှင်များ အတုနဲ့အစစ်၊ အမှန်နဲ့အမှား ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပြီး အစစ်အမှန်ကို ရွေးကောက်ကျင့်ကြံနိုင်ကြပါစေ။

## မြောင်းမြဆရာတော် အရှင်ဉာဏိက

'ဆရာများ၏ ကြိုးစားလုပ်ရပ်၊ အတ္ထုပ္ပတ်ကို၊ ကျမ်းမြတ်တစ်ဆူ၊ သမိုင်းထူ၏၊ ဗိုလ်လူအများ၊ ဤယောကျ်ားကို၊ စံထားသမှု၊ ပမာပြု၍၊ လူ့ဘ သာသနာ၊ ထွန်းစိမ့် ငှာဟု၊ ဒေသစာစက်၊ ခုပြန့်ကျက်လော့၊ အခက်အခဲ၊ ရှိစမြဲတည့်၊ ဆင်းရဲဒုက္ခ၊ ရင်းတည်မှလျှင်၊ သုခအကျိုး၊ ဆဆတိုးလိမ့်'

အထက်ပါကဗျာကား ကျေးဇူးရှင်ဆရာတော်ဘုရားကြီး အရှင်ဉာဏိက၏ လက်ရာပင်ဖြစ်၏။ ယူကေနိုင်ငံတွင် တိသရဏဝိဟာရကျောင်းတိုက် တည်ထောင် တော်မူသွားသော ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများကို အစမှ နေ၍ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည့် အချိန်အထိ ပစ္စည်းလေးပါးဖြင့် လည်းကောင်း၊ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားဖြင့်လည်းကောင်း ဆရာတော်ဘုရား ကြီး၏ သာသနာပြုလုပ်ငန်းများကို စာရေးသူအစွမ်းကုန် ထောက်ပံ့ကြိုးစား အားပေး ဆောင်ရွက်ခဲ့ပါသည်။ ဆရာဒကာ ရင်းရင်းနှီးနှီးလည်းရှိခဲ့ပါသည်။ ဤသို့သော အကြောင်းများကြောင့်ပင် ယခုလက်ရှိ တိသရဏဝိဟာရ၏ ပဓာန နာယက ကျောင်းထိုင်ဆရာတော် ဦးအဘယာလင်္ကာရက မြောင်းမြဆရာတော် ဘုရားကြီး အရှင်ဉာဏိကအပေါ် ကျွန်တော်၏ ထင်မြင်သုံးသပ်ချက်ကို အကျဉ်းမျှ ရေးပေးရန် ၂၉၊ ၅၊ ၂၀၀၀ နေ့တွင် အမိန့်ရှိလာပါသည်။ ဤသို့ တာဝန်တစ်ရပ် ပေးလိုက် ချိန်မှစ၍ ဆရာတော်ကြီး၏အကြောင်းကို မည်သို့စရလျှင် ကောင်းပါမည်နည်းဟု ကျွန်တော် စဉ်းစားပါသည်။ အထက်နိဒါန်းတွင်ဖော်ပြခဲ့သော ဆရာတော်ဘုရား ကြီး၏ ရတုပိုဒ်စုံမှ ကောက်နုတ်ချက်ဖြင့်ပင် စရသော် ကောင်းမွန်၍ သဘာဝကျ မည်ဟု ယူဆပြီး ထိုကောက်နုတ်ချက်ဖြင့်ပင် ဆရာတော်ဘုရားကြီးအပေါ် ကျွန်တော်၏ တွေ့မြင်သုံးသပ်ချက်ကို စတင်ပါမည်။

## ဆရာတော် အရှင်ဉာဏိကာ၏ တင်ကြိုနိမိတ်ပုံ

မည်သည့်အတွက် ထိုရတုပိုဒ်စုံမှ ကောက်နုတ်ချက်ဖြင့် စရပါသနည်းဟု မေးလာခဲ့သော် ထိုစာပိုဒ်သည် ဆရာတော်၏ သာသနာပြုလုပ်ငန်းအကြောင်း မီးမောင်းထိုး ဖော်ပြသကဲ့သို့ဖြစ်၍ ထိုကောက်နုတ်ချက်ဖြင့် စရပါသည်။ အကယ်စင်စစ် ထိုရတုပိုဒ်စုံမှ ကောက်နုတ်ချက်မှာ ကျေးဇူးရှင် ကမ္ဘာ့သာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပထမကျော်၊ ဆရာတော်အရှင်သေဋ္ဌိလ၏ သာသနာပြုလုပ်ငန်းဆောင်တာများကို မြောင်းမြဆရာတော် အရှင်ဉာဏိက ရေးသားပူဇော်ထားသည့် ရတုပိုဒ်စုံမှ ကောက်နုတ်ချက်ဖြစ်ပါသည်။ ထိုရတုပိုဒ်စုံရေးသားစဉ်က ဆရာတော် အရှင်ဉာဏိကမှာ ယူကေနိုင်ငံသို့ ရောက်ခါစမျှသာရှိသေးပြီး မည်သည့်သာသနာပြုလုပ်ငန်းမျှ စတင်ခြင်းမရှိသေးပါ။ ထိုအချိန်တွင်စပ်ဆိုခဲ့သော ရတုပိုဒ်စုံမှာ ယူကေနိုင်ငံတွင် ဆရာတော်အရှင်ဉာဏိက သာသနာပြုရာတွင် တွေ့ကြုံရမည့်အခက်အခဲများ၊ ဆင်းရဲဒုက္ခများ၊ ထိုမှတစ်ဆင့် အရင်းတည်၍ ရရှိလာမည့် ကောင်းမွန်သည့် သုခအကျိုးဆက်များကို နိမိတ်ဖတ်သည့်နှယ်ပင် ဖြစ်ပါတော့သည်။ 'လူ့ဘ သာသနာ၊ ထွန်းစိမ့်ငှာဟု၊ ဒေသစာစက်၊ ခုဖြန့်ကျက်လော့၊ အခက်အခဲ၊ ရှိစမြဲတည့်၊ ဆင်းရဲဒုက္ခ၊ ရင်းတည်မှလျှင်၊ သုခအကျိုး၊ ဆဆတိုးလိမ့်' ဗုဒ္ဓသာသနာကို ပြန့်ပွားအောင် ပြုလုပ်ရာတွင် အခက်အခဲများ ရှိစမြဲပင်ဖြစ်ကြောင်း၊ အခက်အခဲတွေ မည်မျှပင်ရှိသော်လည်း ဆင်းရဲဒုက္ခကိုအရင်းခံ၍ တည်ထောင်ပါက ချမ်းသာသုခ မုချရရှိလာမည်ဟု ဆရာတော်က အခိုင်အမာ ယုံကြည်ခဲ့ပါ၏။ ဤရတုပိုဒ်စုံကောက်နုတ်ချက်သည် ဆရာတော်၏ဘဝကို အရှင်းသားမီးမောင်းထိုးပြသကဲ့သို့ပင် ဖြစ်ပါသည်။ ဆရာတော်အရှင်ဉာဏိက တွေ့ကြုံခဲ့ရသော ဒုက္ခတို့ကား များလှပါ၏။ ဆင်းရဲလှပါ၏။ ခက်ခဲလှပါ၏။ ဆူးငြောင့်ခလုတ်ပေါများသည့် ခရောင်းလမ်းသဖွယ် အလွန်ပင် ကြမ်းတမ်းလှပါ၏။ ဆင်းရဲလှပါ၏။ သည်းခံနိုင်ရန် မလွယ်ကူသော ဒုက္ခများပင်ဖြစ်ပါသည်။ ခန္တီပါရမီကို ကောင်းစွာဖြည့်ခွင့် ရသည့်နှယ်လည်း ဖြစ်ပါ၏။

## ဆရာတော်အရှင်ဉာဏိကနှင့် ကျွန်တော်တို့မိသားစု

ဆရာတော်အရှင်ဉာဏိက၏ ယူကေ သာသနာပြုလုပ်ငန်းများအကြောင်း အကျဉ်းမျှဖော်ပြရန် စတင်ကြပါစို့။ ဘာမင်ဂန်ဆရာတော် ဒေါက်တာဦးရေဝတမေ့၏ မိတ်ဆက်ပေးချက်အရ ဆရာတော်အရှင်ဉာဏိကကို ဖူးမျှော်သိရှိခွင့်ရခဲ့ပါသည်။ ကျွန်တော်ကောင်းစွာ မှတ်မိပါသေးသည်။ ၁၉၈၃ ခုနှစ်၊ ဖော်ဖော်ဝါရီလ ၂၆

ရက်နေ့တွင် ဆရာတော်အရှင်ဉာဏိကကို ဘီဘီစီ မြန်မာပိုင်းအစီအစဉ်သို့ပင့်ဖိတ်၍ ပထမဆုံးအချိန် တွေ့ဆုံလျှောက်ထားမေးမြန်းခန်း ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံလျှောက်ထား မေးမြန်းခန်းပြုလုပ်ပြီး နောက်တစ်နေ့ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဆရာတော်အရှင်ဉာဏိကနှင့် ဆရာတော်ဒေါက်တာဦးရေဝတဓမ္မတို့အား ချစ်ဇစ်ရပ်တွင်ရှိသော စာရေးသူ၏နေအိမ်သို့ပင့်ဖိတ်၍ အရုဏ် ထမနဲဆွမ်း ဆက်ကပ်လှူဒါန်းခွင့် ရရှိခဲ့ပါသည်။

ထိုအချိန်မှစ၍ ဆရာတော်အရှင်ဉာဏိကမှာ သာသနာတော်၏ အသက်ဟုဆိုအပ်သော ဘုရားရှင်၏ ဥပဒေတော်ကြီးဖြစ်သည့် ဝိနည်းသိက္ခာပုဒ်များကို အလေးအနက်လိုက်နာသော ရဟန်းတော်တစ်ပါးဖြစ်ကြောင်း အကဲခတ်ခွင့်ရရှိလိုက်ပါသည်။ ထိုစဉ်က ဆရာတော်မှာ ဘာမင်ဂန်ဆရာတော် ဒေါက်တာဦးရေဝတဓမ္မ၏ ဘာမင်ဂန်ဗုဒ္ဓဝိဟာရကျောင်းတွင် သီတင်းသုံးရင်း အင်္ဂလိပ်ဘာသာကို ဆက်လက်လေ့လာနေချိန် ဖြစ်ပါသည်။ တစ်ဖက်ကလည်း ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး အရှင်သေဋ္ဌိလ၏ အတ္ထုပ္ပတ္တိစာအုပ်ကို စတင်ရေးသားနေချိန်ဖြစ်သည်ဟုလည်း ယူဆရပါသည်။

ထိုစဉ် ၁၉၈၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျွန်တော်နှင့်သားအငယ်ဆုံးဖြစ်သော မောင်သိန်းဇော်ဝင်းတို့နှစ်ဦးစလုံး ဘာမင်ဂန်ကျောင်းသို့သွားပြီး တစ်ပတ်ခန့် သက်နံးဝတ်ခဲ့ကြပါသည်။ ထိုသို့ သက်နံးဝတ်ပြီး တရားအားထုတ်စဉ် ကျွန်တော်၏ ဒုတိယသမီး မလှလှဝင်းက အတူလိုက်ပါပြီး ကျောင်းရှိသံဃာကုန် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ချက်ပြုတ်ဆက်ကပ်ပါသည်။ ထိုစဉ်မှစ၍ ဆရာတော်အရှင်ဉာဏိကသည် မားမိုက် ဘဉ်းပေးသုံးဆောင်တော်မူကြောင်း မလှလှဝင်းသိရှိရာ ဆရာတော် ပျံလွန်တော်မူချိန်အထိ မလှလှဝင်းက မားမိုက်ကို အဆက်မပြတ် ကပ်လှူခဲ့ပါသည်။ ဘာမင်ဂန်တွင် သက်နံးဝတ်ဖြင့် တစ်ပတ်ခန့်နေစဉ် ဆရာတော်အရှင်ဉာဏိကနှင့် ကျွန်တော်အပါအဝင် မောင်သိန်းဇော်ဝင်း၊ မလှလှဝင်းတို့သည် ဆရာဒကာ ပိုမိုရင်းနှီးခဲ့ရာ မောင်သိန်းဇော်ဝင်းမှာ ဆရာတော်ကြီးဝှဘာလ်ဟင်မတန်ကျောင်းတွင် သီတင်းသုံးစဉ် လူဝတ်ဖြင့်လည်းကောင်း၊ လန်ဒန်တိသရဏဝိဟာရတွင် သီတင်းသုံးစဉ် ရဟန်းဝတ်ဖြင့်လည်းကောင်း ဆရာတော်ကြီး၏ အဆုံးအမကို အနီးကပ်ခံယူခဲ့သူဖြစ်ပါသည်။ ယခုထက်တိုင် တိသရဏဝိဟာရသို့ ရောက်တိုင်း မောင်သိန်းဇော်ဝင်းသည် ဘုရားကို ရှိခိုးဦးချပြီးလျှင် ဆရာတော်ကြီး သက်တော်ထင်ရှားရှိသည့်ပမာ ဆရာတော်ကြီး၏ ဓာတ်ပုံကို ရိုသေစွာ အမြဲတမ်း ဦးချသည်ကို တွေ့နေပါသည်။

## လန်ဒန်မြို့ မြန်မာကျောင်း

၁၉၈၅ ခု၊ အစောပိုင်းနှစ်များတွင် ယူကေနိုင်ငံ၌ ဘာမင်ဂန်မြို့ရှိ ဆရာတော် ဒေါက်တာဦးရေဝတ၏ ကျောင်းတစ်ကျောင်းသာ မြန်မာဗုဒ္ဓဘာသာ ကျောင်းအဖြစ်တည်ရှိပြီး အခြားနေရာ မြို့ရွာများတွင် မည်သည့်မြန်မာကျောင်းမှ မပေါ်ပေါက်သေးပါ။ ဆရာတော် အရှင်သေဋ္ဌိလ၊ ချမ်းမြေ့ဆရာတော် အရှင်ဇနကာ ဘိဝံသ၊ သပိတ်အိုင် (သဲကုန်း) ဆရာတော်အရှင်ဉာဏိဿရတို့ လန်ဒန်သို့ ကြွရောက်သည့်အခါများတွင် အခြားသော သီရိလင်္ကာစသည့် ကျောင်းများတွင်သာ တည်းခိုခဲ့ကြရသည်။ မဟာစည်ဆရာတော်ဘုရားကြီး၊ တောင်ပုလုဆရာတော်ဘုရားကြီးတို့လည်း အခြားသောကျောင်းများ၌ပင် တည်းခို သီတင်းသုံးခဲ့ကြရပါသည်။ တောင်ပုလုဆရာတော်ဘုရားကြီး ချစ်ဇစ်ရှိ သီရိလင်္ကာကျောင်းတွင် တစ်ပတ်ခန့် သီတင်းသုံးသွားခိုက် ညစဉ်ဝတ်ပြုခဲ့ရသော ကုသိုလ်များကိုလည်း ကျွန်တော် ကောင်းစွာ မှတ်မိပါသေးသည်။ ထိုစဉ်က အခြေအနေနှင့် အချိန်အခါက လန်ဒန်တွင် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အလျင်အမြန် လိုအပ်နေပြီဆိုသည်ကို အထင်းသားဖော်ပြနေပါသည်။ ဆရာတော်အရှင်သေဋ္ဌိလ၊ မဟာစည်ဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ သဲကုန်းဆရာတော်တို့ကလည်း လန်ဒန်တွင် မြန်မာကျောင်းလိုအပ်နေပြီဟု အသီးသီးအမိန့်ရှိကြပါသည်။ ထိုသို့သောအခြေအနေများကြောင့် ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၊ သဲကုန်း ဆရာတော်၏ တရားပွဲအပြီးတွင် စာရေးသူက ဦးဆောင်၍ လန်ဒန်မြို့၊ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြပါသည်။

ထိုသို့ဖွဲ့စည်းခဲ့ပြီးနောက် ဗြိတိန် မြန်မာဗုဒ္ဓဘာသာထရပ်စ်အဖွဲ့ (Britain Burma Buddhist Trust) က ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ပါရန် ကမ်းလှမ်း ဖိတ်ကြားချက်အရ နှစ်ဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။ စာရေးသူကိုယ်တိုင်ပင် အဖွဲ့၏ အတွင်းရေးမှူးအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ စတင်လှုပ်ရှားဆောင်ရွက်နေချိန်တွင် ဆရာတော်အရှင်ဉာဏိက ယူကေသို့ ရောက်ရှိလာပါသည်။ စာရေးသူမှာ ထိုစဉ်က ဘီဘီစီ မြန်မာပိုင်းအစီအစဉ်တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ရာ ကျောင်းဖြစ်မြောက်ရေးနှင့်ပတ်သက်၍ ဘီဘီစီမြန်မာပိုင်း အစီအစဉ်မှ အကြိမ်ကြိမ်အသံလွှင့်ဆော်ဩခဲ့သည်သာမက စာရေးသူနှင့် မိသားစု ရှစ်ယောက်လုံး နေ့မအား ညမအား ယူကေရှိ မြန်မာမိသားစုထံ အလှူခံစာများ ပေးပို့၍လည်းကောင်း၊ လူကိုယ်တိုင်သွားရောက်၍လည်းကောင်း အလှူငွေကောက်ခံ

ခဲ့ရာ လိုအပ်သောအလှူငွေများ ရရှိလာသဖြင့် ၁၉၈၅ ခုနှစ်၊ ဩဂုတ်လထဲတွင် ဝင်ဘာလီရပ်ရှိ ပထမဆုံး လန်ဒန်-မြန်မာကျောင်းကို ဝယ်ယူနိုင်ခဲ့သည်။ ထိုသို့ ဝယ်ယူပြီးနောက် စာရေးသူကိုယ်တိုင်ပင် ဆရာတော်အရှင်ဉာဏိကကို ဝင်ဘာလီ ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးရန် ပင့်ဆောင်ခဲ့ပါသည်။ ထို့နောက် ၂၇၊ ၁၀၊ ၈၅ တနင်္ဂနွေနေ့တွင် ကျောင်းကို သံဃိကကျောင်းအဖြစ် စည်ကားသိုက်မြိုက်စွာ ရေစက်သွန်းချ လှူဒါန်းနိုင်ခဲ့ကြပါသည်။

## ထွက်တော်မူ နန်းကခွာ

ဆရာတော်အရှင်ဉာဏိက သီတင်းသုံးစဉ်အတွင်း ကျောင်းတိုက် ထရပ်စတီးအဖွဲ့၏ ပင့်လျှောက်ချက်အရ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာမှ အရှင်ပညာသာမိနှင့် အရှင်ပညာသီဟတို့ ဝင်ဘာလီ မြန်မာကျောင်းသို့ ရောက်ရှိလာကြပါသည်။ ကျောင်းတိုက်ဖြစ်ပေါ်ပြီး တစ်နှစ်ကျော်သည့်အခါ အကြောင်းအမျိုးမျိုးကြောင့် ၁၉၈၆ ခုနှစ်မှစ၍ ဘဏ္ဍာထိန်းအဖွဲ့အတွင်း သဘောထားကွဲလွဲမှု အကြီးအကျယ် ပေါ်ပေါက်ခဲ့ပါသည်။ အဖွဲ့ဝင်အချို့က ဆရာတော်အရှင်ဉာဏိကအား ဝင်ဘာလီကျောင်း၌ ဆက်လက်မထားလိုတော့ကြောင်း အစည်းအဝေးတစ်ခုတွင် တင်ပြလာရာ စာရေးသူနှင့် အခြားဘဏ္ဍာထိန်းအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးခင်တို့က ဆရာတော်အရှင်ဉာဏိကမှာ ဝိနည်းတော်အတိုင်းအေးချမ်းစွာ စာပေသုတေသနပြုနေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ကျောင်းတွင် ဆက်လက်သီတင်းသုံးပါက ကျောင်းတိုက် ကြီးပွားတိုးတက်မည်ဖြစ်ကြောင်းဖြင့် ပြောဆိုကြပါသည်။ တစ်ဖက်နှင့်တစ်ဖက် အလျှော့မပေးကြဘဲ မဲခွဲကြရာ ဆရာတော်ကျောင်းတွင် ဆက်လက်သီတင်းသုံးရေးအတွက် စာရေးသူနှင့် ဦးခင် နှစ်ဦးသာ ထောက်ခံရာ လေးမဲ နှစ်မဲဖြင့် အရေးမလှဖြစ်ခဲ့ရပါသည်။

ယူကေဥပဒေအရ တရားရုံးတစ်ရုံးက အမှုကြားနာစစ်ဆေးပြီး အမိန့်ချမှတ်ခြင်း မရှိသမျှကာလပတ်လုံး ဆရာတော်အရှင်ဉာဏိကကို ထိုကျောင်းမှ ထွက်ခွာသွားအောင် မည်သူမျှလုပ်ဆောင်ရန် အခွင့်အာဏာမရှိပါ။ မလုပ်ဆောင်နိုင်ပါ။ သို့သော် ထိုကျောင်း၌ ဆက်လက်သီတင်းသုံးနေသော် ဒကာ ဒကာမများ အကုသိုလ်ဖြစ်ပွားဖွယ်ရာရှိခြင်း၊ ဆရာတော်ကိုယ်တိုင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိမည်မဟုတ်ခြင်း စသော အကြောင်းများကြောင့် ဆရာတော်အား ဒေါက်တာခင်သက်မော်၊ ဒေါက်တာဦးမြင့်ဝင်းတို့၏ ဆေးခန်းအပေါ်ထပ်သို့ ယာယီကျောင်းအဖြစ် ကြွရောက်သီတင်းသုံးရန် ပင့်ဆောင်ခဲ့ရာ ဆရာတော်အရှင်ဉာဏိကနှင့်အတူ

ဆရာတော်အား ကြည်ညိုလေးစားအားထားသော ဒကာ ဒကာမအားလုံးသည် ဝင်ဘလီ မြန်မာကျောင်းမှ အောင်မြင်စွာ ဆုတ်ခွာခဲ့ကြရပါတော့သည်။

ဆရာတော်အား ရိုသေကြည်ညိုကြသော တပည့် ဒကာ ဒကာမအပေါင်း ဥမကွဲ သိုက်မပျက် ဖြစ်ကြစေရန် ဘာသာရေးဆိုင်ရာ ကထိန်ပွဲတော်၊ ဗုဒ္ဓနေ့ပွဲတော် စသည်တို့ကို ဝါးရစ်ရှိ ဦးခေမာဓမ္မော၏ တောရကျောင်းတွင်ဆက်လက်ပြုလုပ်ခဲ့ကြသည်။ 'အခက်အခဲ၊ ရှိစမြဲတည့်၊ ဆင်းရဲဒုက္ခ၊ ရင်းတည်မှလျှင်'ဆိုသည့် ရတုကဗျာ၏ အဓိပ္ပာယ်အတိုင်းပင် ထိုစဉ်ကကြုံတွေ့ခဲ့ရသော အခက်အခဲ ဆင်းရဲဒုက္ခများ ပြန်လည်စဉ်းစားမိပါလျှင် ယခုထက်တိုင် ရင်မောမိပါသေးသည်။ မနက်မိုးလင်းလျှင် စာပို့သမားနှင့်အတူ အထွေထွေသော မဟုတ်မမှန်ပစ်စာများ၊ လုပ်ကြံပစ်စာများ ရောက်၍ ရောက်၍ လာတတ်ပါသည်။ ဆရာတော်အရှင်ဉာဏိကလည်း မဟုတ်မမှန် လုပ်ကြံပစ်စာဒဏ် ထိခဲ့ပါ၏။ စာရေးသူအပါအဝင် ဆရာတော်အား ကြည်ညိုလေးစားထောက်ပံ့ကြသော ဒကာ ဒကာမများလည်း ပစ်စာဒဏ် အကြိမ်ကြိမ်ခံခဲ့ရပါ၏။ ဆရာတော်အရှင်ဉာဏိကလည်း သည်းခံတရားလက်ကိုင်ထားကြရန် ဒကာ ဒကာမများအား အမြဲတမ်း ပြောဆိုဆုံးမတော်မူပါ၏။

'အများအကျိုး၊ ရွက်သည်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့'ဟုဆိုသည့် ကျေးဇူးရှင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊ စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အဆုံးအမနှင့်အညီ ဆရာတော်အရှင်ဉာဏိက၏ တပည့်များက သည်းခံတရားလက်ကိုင်ထား၍ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ဦးလည်မသုန်ဆက်လက်ချီတက်ခဲ့ကြပါသည်။ ပစ်စာများကိုလည်း လျစ်လျူရှုခဲ့ကြပါသည်။

## တိသရဏဝိဟာရ လမ်းစပေါ်ပြီ

ဆရာတော်အတွက် ယာယီကျောင်းတစ်ဆောင် အမြန်ပေါ်လာစေရန် ပင်လယ်ရပ်ခြား မြန်မာကုမ္ပဏီလီမိတက်တစ်ခုမှ၍ ဂူဘာဟင်တန်မြို့၊ ဂျက်ဖကော့လမ်းတွင် အဆောက်အအုံတစ်ခုဝယ်ပြီး ၂၆၊ ၃၊ ၈၉ နေ့တွင် ထိုအဆောက်အဦး၌ ဆရာတော်သီတင်းသုံးရန် ပင့်ဖိတ်လျှောက်ထားခဲ့ကြသည်။ ကျောင်းဖွင့်ပွဲကို ၂၃၊ ၄၊ ၈၉ နေ့တွင် အောင်မြင်စွာပြုလုပ်နိုင်ပြီး ကျောင်းအမည်ကို အပြည်ပြည်ဆိုင်ရာ တိသရဏစင်တာဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ကြသည်။ ထိုစဉ်က တိသရဏစင်တာကို ဒေါက်တာဦးကျော်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဦးဆောင်ခဲ့ပါသည်။ ဆရာတော်ဘုရားအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းရန် ဗုဒ္ဓဘာသာ

ကလျာဏယုဝအသင်းကိုလည်း ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြသည်။ တစ်ဖန် အသင်းဝင်များထဲမှ ဗုဒ္ဓဘာသာကို အမှန်တကယ်တမ်း သက်ဝင်ယုံကြည်သူများက ကုမ္ပဏီပိုင် အဆောက်အအုံကို လွှဲပြောင်းဝယ်ယူလျက် ၃၀၊ ၈၊ ၉၂ နေ့တွင် ဆရာတော်ဘုရားနှင့်အတူ ပင့်သံဃာများ၏ရှေ့မှောက်၌ သံဃိကရေစက်ချ၍ သံဃာပိုင်ကျောင်းတိုက်အဖြစ် လှူဒါန်းခဲ့ကြသည်။ ကျောင်းတိုက်အမည်ကိုလည်း 'တိသရဏဝိဟာရ' ဟု ပြောင်းခဲ့သည်။

ဤသို့ဖြင့် ဆရာတော်သည် ဂူဘာဟင်တန်မြို့တွင် ငါးနှစ်ခန့်သီတင်းသုံးခဲ့ရပါသည်။ ဆရာတော်ဘုရား၏ သုတေသနလုပ်ငန်းအတွက် လန်ဒန်ရှိ ဗြိတိသျှစာကြည့်တိုက်သို့ ဂူဘာဟင်တန်မှ အပတ်စဉ်လိုလို ကြွရောက်နေရာ ခရီးဝေးသဖြင့် ဆင်းရဲပင်ပန်းလှပါသည်။ ထိုအခါမျိုးတွင် ဆရာတော်ဘုရားသည် ကပ္ပိယက အရဏ်တက်အပြီး ကပ်ပေးလိုက်သော အသားညှပ်ပေါင်မုန့်တစ်ချပ်၊ နှစ်ချပ်မျှဖြင့်ပင် နေ့ဆွမ်းကိုစွပြီးရသော ရက်များလည်း မနည်းလှပါ။ ဆရာတော်ဘုရားမှာ ဆွမ်းဒုက္ခ မည်မျှပင် ခံရ ခံရ စာပေလေ့လာကြည့်ရှုခြင်း မပြုဘဲ မနေနိုင်သည့် ဆရာတော်ကြီးဖြစ်ပါသည်။ ပျံလွန်တော်မူသည့် သက်တော်ရှစ်ဆယ်တိုင် စာမကြည့်သောနေ့ဟူ၍ မရှိသလောက်ပင်။ ထို့ကြောင့် ပါဠိ၊ မြန်မာ သက္ကတ အင်္ဂလိပ် ဘာသာ စသည်ကို ကောင်းစွာပိုင်နိုင်ခြင်းဖြစ်ပါ၏။ ဆရာတော်ဘုရား၏ မြန်မာကဗျာအရေးအသား၊ မေတ္တာစာအရေးအသားမှာ ရှေးမြန်မာ စာဆိုကြီးများကိုပင် ကောင်းစွာမီပါပေသည်။ ဆရာတော်ဘုရားသည် နေ့စဉ်ဒိုင်ယာရီမှတ်တမ်းများကို ပါဠိ မြန်မာ အင်္ဂလိပ်ဘာသာများဖြင့် လျော်သလို ရေးလေ့ရှိရာ ဘာသာမျိုးစုံ နိုင်နင်းပုံမှာလည်း ဆရာတစ်ဆူ ပီသပါပေသည်ဟု တပည့်များက ပြောပါသည်။

## လန်ဒန် တိသရဏဝိဟာရ

စာပေလေ့လာမှုကို အထူးအားထားတော်မူသော ဆရာတော်ဘုရား အဆင်ပြေစေရန် ၁၉၉၄၊ ဇူလိုင်လ ၇ ရက်နေ့တွင် ယခုလက်ရှိ ၃၅၇ Nelson Road, Whitton, Twickenham, TW2 7AG, London ရှိ အဆောက်အအုံကို ဝယ်ယူရန် စရန်ငွေပေးနိုင်ခဲ့သည်။ ၁၄၊ ၇၊ ၉၄ နေ့တွင် အဆောက်အအုံကို ငွေအပြေပေးချေကာ ဆရာတော်ဘုရားအား ကျောင်းအဖြစ်သီတင်းသုံးရန် သံဃိကရေစက်ချ၍လှူဒါန်းခဲ့ကြသည်။ ထိုပထမဆုံး အဆောက်အအုံကို ဝယ်ယူရန် လက်ရှိအလှူငွေဖြင့် ထိုစဉ်က မလုံလောက်၍ စာရေးသူအပါအဝင် ဒေါက်တာဒေါ်ခင်သက်မော်၊ ဒေါက်တာ ဦးမြင့်ဝင်း၊ ဒေါက်တာဦးညီညီ၊ ဒေါက်တာမမိုးမိုးကျော်လွင် စုစုပေါင်း

ငါးဦးတို့က တိသရဏဝိဟာရအသင်းသို့ အတိုးမဲ့ချေးငွေပေးအပ်ပြီး အဆောက်အအုံကို ဝယ်ယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ယုံကြည်ကြသဖြင့်လည်း ထိုကိစ္စ ထမြောက်အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုအတိုးမဲ့ချေးငွေကြောင့် ကျောင်းတွင်ရရှိလာသော လှူဒါန်းငွေများစုမိပြီး တိသရဏဝိဟာရ တစ်ကျောင်းမှသည် နောက်တစ်ကျောင်းထပ်၍တိုးလာပြီလည်း ဖြစ်ပါသည်။ ထိုမှဆက်၍ လွန်ခဲ့ပြီးသော အတိတ်နောက်ကြောင်းကို ပြန်လည်ငဲ့စောင်း သုံးသပ်မိပါသည်။ အကယ်၍သာ ဆရာတော်ကြီးသည် ဝင်ဘလီကျောင်း၌ ဆက်လက်သီတင်းသုံးနေပါက အဖွဲ့အစည်းပိုင်မဟုတ်သော ဆရာတော်ကြီးသဘောကျ စီမံအုပ်ချုပ်ရသည့် သံဃိက (သံဃာပိုင်) တိသရဏဝိဟာရများ ပေါ်ပေါက်လာဖွယ် မရှိပါပေ။ ကံတရားကား အလွန်ဆန်းကြယ်ပေစွ။ အဆိုးဟု ထင်ခဲ့ရာမှ အကောင်းဖြစ်လာသည်မှာ ထင်ရှားပါ၏။ ကံ၏ လှည့်ကွက်ပင် ဖြစ်ပါ၏။

လန်ဒန် တိသရဏဝိဟာရ စတင်စဉ်က ယခုလောက် အရှိန်မရသေးပါ။ ဆရာတော်ဘုရားတွင် ကပ္ပိယလည်းမရှိသေး။ ဂူဘာမင်တန်တွင်ရှိခဲ့သော ကပ္ပိယကလည်း အမေရိကန်သို့ကူးသွားခဲ့သည်။ အမာခံဆွမ်းဒကာများအဖြစ် စာရေးသူတို့မိသားစု၊ ဒေါက်တာဒေါ်ခင်သက်မော်၊ ဒေါ်မော်လီစိုး၊ ဒေါက်တာခင်မောင်ထွန်းတို့သာ ရှိသေးသည်။ စာရေးသူတို့က တစ်ပတ်မှာ နေ့ဆွမ်းအလှည့်သုံးကြိမ်တာဝန်ယူ၍ ဆက်ကပ်ခဲ့ရပါသည်။ ကပ္ပိယလိုနေသောအခါများတွင် သားငယ်မောင်သိန်းဇော်ဝင်းက ကပ္ပိယအဖြစ် ကုသိုလ်ယူခဲ့ရပါ၏။ ဆရာတော်ဘုရားသည် ခက်ခက်ခဲခဲဖြင့် တိသရဏပန်းခင်းကို ပျိုးခဲ့ရပါ၏။ သို့သော်လည်း ယခုအခါ ရတနာသုံးပါးနှင့် ဆရာတော်ဘုရားကြီး၏ တန်ခိုးရှိန်ဝါအဖြာဖြာကြောင့် ထိုတိသရဏပန်းခင်းသည် များစွာမှ တင့်တယ်လန်းဆန်း စိုပြည်လျက်ရှိချေပြီ။ ဆွမ်းကပ်လိုသောအခါ၌ ရက်ရရန် မလွယ်ကူသော တိုးတက်မှုမျိုးပင်ဖြစ်နေပေပြီ။ ထိုအခြေအနေသို့ရောက်ရန် အခက်အခဲများကြားမှ ဆရာတော်ဘုရားသည် ပျံလွန်တော်မူသည့်အချိန်အထိ ဒကာ ဒကာမများကို ဆုံးမဦးဆောင်တော်မူခဲ့သည်။ မည်သည့် ဒကာ၊ မည်သည့်ဒကာမကိုမျှ မျက်နှာမလိုက် ဝိနည်းစည်းကမ်းအတိုင်းသာ ဆောင်ရွက်နေထိုင်တော်မူခဲ့ပါသည်။

## ဒုက္ခနှင့်ရင်းမှ သုခအကျိုးရမည်

ဆရာတော် အရှင်ဉာဏိကသည် 'စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ' ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ပြု၍ အခက်အခဲများ၊ အတိုက်အခိုက်

များ၊ အခြောက်အလှန့်များကြားမှပင် ရဲဝံ့ပြတ်သားစွာဖြင့် ခန္တီပါရမီ၊ မေတ္တာပါရမီတို့ကို အလီလီဖြည့်၍ သာသနာပြုခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်လာရခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရား ခက်ခက်ခဲခဲပျိုးခဲ့သော တိသရဏပန်းခင်းကြီးမှာ ယခုလက်ရှိဆရာတော် ဦးဘယာအလင်္ကာရ၏ ဆက်လက်ဦးဆောင်မှုဖြင့် ငွားငွားစွင့်စွင့် တင့်တင့်တယ်တယ် ဖူးပွင့်ဝေဆာလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် ပီတိသောမနဿ ကုသိုလ်အဖန်ဖန် ပွားရပါတော့သည်။

'အခက်အခဲ၊ ရှိစမြဲတည်၊ ဆင်းရဲဒုက္ခ၊ ရင်းတည်မှလျှင်၊ သုခအကျိုး၊ ဆဆတိုးလိမ့်'



ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ

## ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသ

ဆရာတော်လောင်းလျာကို ၁၂၉၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် တောင်တွင်းကြီးမြို့ ပျဉ်းမရွာတွင် အဘဦးဖြူမြင်း၊ အမိ ဒေါ်ရွှေရီတို့မှ ဖွားမြင်ပါသည်။ လေးတန်းအထိ ပညာသင်ကြားပြီး တောင်တွင်းကြီးမြို့၊ တောရဝိမာန်ကျောင်းတွင် ပရိယတ္တိစာပေကို စတင် သင်ယူသည်။ ၁၅ နှစ်သားအရွယ်တွင် သောရဝိမာန်တိုက်အုပ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင်ဇနက ဖြစ်သည်။ ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် တောရဝိမာန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တောင်ပြင်၊ အနောက်ပြင်တိုက်များ၌ ပရိယတ္တိစာပေကို သင်ကြားခဲ့သည်။ သက္ကျသီဟ၊ ဓမ္မာစရိယစာမေးပွဲများ အောင်မြင်ခဲ့သည်။ ၁၃၁၅ ခုနှစ်တွင် မဟာစည်ရိပ်သာကြီး၌ ပရိယတ္တိလုပ်ငန်းခွင်သို့ စတင် ဝင်ရောက်တော်မူသည်။

အင်္ဂလိပ်စာပေကို ပုသိမ်မြို့၊ မြောင်းမြကျောင်းဆရာတော်၊ အမေရိကန်အမျိုးသားတစ်ဦးထံမှ (Bible) ကို သင်ယူခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် သီဟိုဠ်ကျွန်း၊ ကိုလံဘိုမြို့ မဟာဝိသုတာရာမတိုက်တွင် သီတင်းသုံး၍ အင်္ဂလိပ်၊ သက္ကတ၊ သီဟိုဠ်၊ ဟိန္ဒီဘာသာတို့ကို လေ့လာခဲ့သည်။

၁၉၆၇ ခုနှစ်တွင် သာသနာ့ရိပ်သာသို့ရောက်ရှိပြီး အမျိုးသမီး ယောဂီများနှင့် နိုင်ငံခြားသားယောဂီများကို တရားပြ တရားစစ်ဆေးခဲ့သည်။ ၁၉၇၇ ခုနှစ်မှစ၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၅၅ တွင် ချမ်းမြေ့ရိပ်သာကို တည်ထောင်၍ ပြည်တွင်း ပြည်ပ ယောဂီများကို တရားပြသလျက်ရှိပါသည်။

## ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း (ပထမပိုင်း)

ကျွန်တော် ၁၉၈၇ ခု၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် ချမ်းမြေ့ရိပ်သာ ဆရာတော် အရှင်ဇနကာဘိဝံသနှင့် တွေ့ဆုံခွင့်ရခဲ့ရာ ကျွန်တော်က အခုလို စတင်လျှောက်ထား မေးမြန်းခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား ချမ်းမြေ့ရိပ်သာကျောင်းကို ဘယ်နှခုနှစ်က စတင်ခဲ့ပါသလဲ ဘုရား။

ဖြေ။ ။၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလက စပြီး တည်ထောင်ခဲ့ပါတယ်။

မေး။ ။တပည့်တော်တို့ တည်ထောင်စ အခြေအနေနဲ့ အခု လက်ရှိအခြေအနေရဲ့ သဘောတရားကို အနည်းငယ်မျှ အမိန့်ရှိပါဘုရား။

ဖြေ။ ။တည်ထောင်စ အခြေအနေနဲ့ လက်ရှိအခြေအနေ ဝတ္ထုပစ္စည်းအရဆိုလို့ ရှိရင်တော့ဘုန်းကြီးတို့ချမ်းမြေ့ရိပ်သာစတည်ထောင်စဉ်က ဒီနေရာမှာဘာမှ မရှိပါဘူး။ သစ်ပင်တွေနဲ့ မြက်ရိုင်းပင်တွေ။ ချောင်းကြီးနဲ့ နွားတွေ ကျွဲတွေ ရေချိုးနေကြ၊ စားကျက်ချနေကြတာ ဒီလိုပဲရှိပါတယ်။ အဲဒါကိုမှ ဘုန်းကြီးတို့ ဓနိမိုးတဲကစပြီးတော့ တည်ထောင်လာတာ အခုတော့ ယောဂီတွေလည်း နေလောက်အောင် အဆောက်အအုံတော်တော်ရှိနေပါပြီ။ မွှာရုံကြီးဆိုလို့ ရှိရင်လည်းပဲ နှစ်ထပ်။ အောက်ထပ်က အမျိုးသမီးယောဂီတွေ၊ အထက်ထပ်က ရဟန်းယောဂီနဲ့ အမျိုးသားယောဂီတွေ အားထုတ်လို့ ဒီတော့ ဘုန်းကြီးတို့ သံဃာတော်များနေဖို့လည်း အဆောင်ရှိသင့်လောက် ရှိပါပြီ။ လုံတော့ မလုံလောက်သေးပါဘူး။ ဘုန်းကြီးနေဖို့အတွက် သီးခြား စံကျောင်းဆိုတာ လည်းပဲ မနှစ်ကပဲ ကိစ္စအပြီးသတ်ပါတယ်။ ဒါကတော့ ရုပ်ဝတ္ထုပစ္စည်း အနေနဲ့ ပိုတိုးတက်လာတာပေါ့လေ။ ယောဂီအနေနဲ့ကတော့ပထမဆုံး စတဲ့နှစ်မှာ ယောဂီ အစိတ်လောက်ရှိပါတယ်။ အခုတော့ အနည်းဆုံး ယောဂီ လေးဆယ်၊ ငါးဆယ်ရှိပါတယ်။ အများဆုံးဆိုလို့ရှိရင်တော့ သုံးရာလောက် နွေအခါမှာ ရှိပါတယ်။ အဲဒါ ယောဂီဘက်က တိုးတက်မှုပေါ့လေ။

မေး။ ။ တပည့်တော်တို့ သာသနာပြုကိစ္စတွေနဲ့ပတ်သက်လို့လည်းပဲ ဆရာတော် ဆောင်ရွက်ခဲ့တာ တပည့်တော်များ သိရပါတယ်။ တချို့လည်း ကိုယ်တွေ့ဖြစ်ရပါတယ်။ အများပြည်သူသိရအောင် ဆရာတော်ဘယ်နှကြိမ် နိုင်ငံခြား

သို့ထွက်ပြီးတော့ သာသနာပြုခရီးလှည့်လည်တယ်၊ ဘယ်နနိုင်ငံ ရောက်ခဲ့တယ်ဆိုတာ တပည့်တော်တို့ကို အနည်းငယ် အမိန့်ရှိပါဘုရား။

ဖြေ။ ။ဘုန်းကြီး နိုင်ငံခြားသာသနာပြုခရီး ဆိုကြပါစို့ပေါ့လေ၊ ဓမ္မခရီးလှည့်လည်တာ အကြိမ်ငါးကြိမ်ပါ။ ပထမဆုံးကတော့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ ၇၉ ခုနှစ်က တစ်ကြိမ်၊ ၈၀ ခုနှစ်က တစ်ကြိမ်၊ နောက် ၈၁၊ ၈၂၊ ၈၃၊ ၈၄ မှာတော့ ဘုန်းကြီးချည်းသက်သက်ပါပဲ။ ကပ္ပိယတစ်ယောက်နဲ့သွားခဲ့ပါတယ်။ အဲဒါမှာ အမေရိက၊ ကနေဒါ၊ ဥရောပကနိုင်ငံလေးငါးခြောက်နိုင်ငံရယ်၊ အာရှကဆိုလို့ရှိရင်တော့ ဟောင်ကောင်၊ ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဒီဘက်က စင်္ကာပူ၊ မလေးရှား အပါအဝင် နိုင်ငံတော်တော်များပါတယ်။ အားလုံးတော့ နိုင်ငံ နှစ်ဆယ်လောက် ဘုန်းကြီးသွားခဲ့ပါတယ်။

မေး။ ။ တပည့်တော်တို့ အဲဒီလိုသွားတဲ့အခါမှာလည်း ဒီတရားနာရတဲ့အခါပေါ့လေ၊ တစ်ခါတလေ ဆရာတော်ဘုရား မြန်မာလိုဟောကြားသလို တစ်ခါတလေမှာလဲပဲ အင်္ဂလိပ်လို ကျွမ်းကျင်စွာ ဟောပြောပြသသွားတာတွေလည်းပဲ တပည့်တော်တို့ နာယူခဲ့ရပါတယ်။ အင်္ဂလိပ်စာကိုရော ဘယ်မှာသင်ယူပါသလဲ ဘုရား။

ဖြေ။ ။အင်္ဂလိပ်စာကတော့ ပထမအခြေခံအနေနဲ့ကတော့ မြန်မာပြည်မှာသင်တာပါပဲ။ မြန်မာပြည်ကတည်းက အင်္ဂလိပ်စာကို စကားပြောနိုင်သည်အထိ သင်ပြီးသားပါပဲ။ နောက်တော့ သီဟိုဠ်မှာသွားပြီးတော့ ခြောက်နှစ်အင်္ဂလိပ်ဘာသာနှင့်တကွ တခြားဘာသာရပ်တွေ လေ့လာခဲ့ပါတယ်။

မေး။ ။တပည့်တော်တို့ဆရာတော် နိုင်ငံခြားမှာ အဲသလို သွားရောက်ပြီးတော့ ဓမ္မခရီးလှည့်လည်စဉ် မြန်မာဒကာ၊ ဒကာမတွေနဲ့ တွေ့တဲ့အခါများမှာနိုင်ငံခြားတိုင်းပြည်များမှာ မြန်မာထေရဝါဒ ဗုဒ္ဓဘာသာကျောင်းတွေ ဖြစ်ပေါ်လာရေးအတွက် ဆရာတော်အမိန့်ရှိတာတွေ ရှိရပါတယ်။ အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့လည်း အများပြည်သူများသိရအောင် ဆရာတော် အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။အဲသလို ရောက်တဲ့နေရာတိုင်းမှာ ဘုန်းကြီးရှိနေလို့ရှိရင် မြန်မာမိသားစုဟာဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားများဖြစ်မှာလည်း တစ်ကြောင်းကြောင့် ရောက်တဲ့နေရာတိုင်းမှာလည်း ကျောင်းဖြစ်ဖို့ရန် ဘုန်းကြီးတိုက်တွန်း နှိုးဆော်ပါတယ်။ ဥပမာ ကနေဒါမှာဆိုလို့ရှိရင် ခုထိတော့မဖြစ်သေးပါဘူး။ ဘုန်းကြီး နှိုးဆော်ရုံတင်မကဘူး၊ ဒေါ်လာငါးရာတောင်မှပဲမတည်ပြီး လှူထားခဲ့ပါတယ်။ နောက် နယူးယောက်မှာလဲပဲ ကျောင်းဖြစ်ဖို့

ရာ အဖွဲ့အစည်းလုပ်ဖို့ရာအကြံဉာဏ်ပေးပြီးတော့ လုပ်ခဲ့ပါတယ်။ အင်္ဂလန်မှာတော့ ၇၉ ခုနှစ်၊ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ ပထမဆုံးအကြိမ်သွားစဉ်က မပြန်မီညမှာမြန်မာ ကျောင်းဖြစ်မြောက် ရေးအခြေခံအဖွဲ့ဆိုတာဘုန်းကြီးဦးဆောင်ပြီး ဖွဲ့ပေးခဲ့ပါတယ်။ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးရဲ့ အမိန့်အရပဲ။ သို့သော်လည်းပဲ အဲဒီအခါတုန်းက စိတ်ဝင်စားတဲ့လူများလည်းပဲ နည်းသေးတော့ လှူပ်ရှားမှုတော့နည်းပုံရပါတယ်။ နောက်နှစ်တွေ နောက်နှစ်တွေ ဘုန်းကြီးရောက်တဲ့အခါမှာ လှုပ်ရှားမှုနည်းတာတွေ့ရတဲ့အတွက် ဘုန်းကြီး ထပ်ထပ်ပြီး သတိပေးပါတယ်။ တိုက်တွန်းပါတယ်။အဲသလို တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။ စတုတ္ထအကြိမ် ဘုန်းကြီး အင်္ဂလန်ရောက်တဲ့အချိန်မှာတော့ တော်တော်ပဲပြောခဲ့ပါတယ်။ အမေရိကမှာတော့ ကျောင်းတွေ ဖြစ်နေပြီ။ စတာက အင်္ဂလန်က စတာ၊ စလေမယ့်လို့ အင်္ဂလန်က ဘာမှမဖြစ်သေးဘူးဖြစ်နေတယ်၊ ဒါကြောင့်မို့လို့ ကြိုးစားကြပါဆိုပြီးတော့ အဲဒီသဘော ဘုန်းကြီး အများကြီး ပြောခဲ့ပါတယ်။ နောက် အင်္ဂလန်ကနေ ဘုန်းကြီး အမေရိက ကူးသွားလို့ အမေရိကရောက်တဲ့အခါကျတော့ ဟိုမှာ အဲဒီနှစ်က ဝါဆိုရပါတယ်။ ၁၉၈၂ ခုနှစ်လို့ထင်ပါတယ်။ အဲဒီတုန်းကလည်းပဲ အမေရိကမှာ တွေ့ရတဲ့ ကျောင်းတွေကို မြင်ရသိရတဲ့အခါကျတော့ ဘုန်းကြီးက အားကျတယ်။ ဒါကြောင့် အင်္ဂလန်ပြန်ပြီးတော့ နောက်ကပါတဲ့ ကပ္ပိယ မောင်ကျော်စိုး စာရေးစမ်းပါဦး၊ အင်္ဂလန်မှာ ကျောင်းဖြစ်အောင် မဖြစ်မနေ ဆောင်ရွက်ကြပါဦး၊ အမေရိကမှာတော့ ဒီလိုဖြစ်နေပြီ၊ အင်္ဂလန်ကစပြီးတော့ အခု ဘာမှ မဖြစ်သေးတော့ ရှက်စရာလိုလိုတောင် ဖြစ်နေတယ် အစရှိသည်ဖြင့် ပြန်ပြီး စာရေးခိုင်းပါတယ်။ ဒါ ဦးနေဝင်း သိပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဒီစာကို ဆရာတော်ရဲ့ကပ္ပိယ ဦးကျော်စိုးက တပည့်တော်ဆီကို ရေးလိုက်ပါတယ်။ ဒီစာလဲပဲ တပည့်တော်တို့ရပါတယ်။ အဲဒီအချိန်အထိ တပည့်တော်တို့အနေနဲ့က ကျောင်းဖြစ်မြောက်ရေးအနေနဲ့ စိတ်ပင်ရှိသော်လည်း စတင်လှုပ်ရှားခြင်း မရှိသေးပါဘူး။ အဲဒီနောက်ပိုင်းမှာမှ အဲဒီအကြောင်း အဓိကအပါအဝင်နဲ့ အခြား အခြားသော အကြောင်းများကြောင့် လန်ဒန်မြို့မှာ ကျောင်းဖြစ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြပါတယ်။ ဒီသမိုင်းကိုအရှည်အဝေးပြန်ပြောရင် ရှည်မှာဖြစ်တဲ့အတွက် မလျှောက်ထားတော့ပါဘူး ဘုရား။ ကျောင်းတော့ဖြစ်ပေါ်လာပါတယ်ဘုရား။ နောက် တပည့်တော်တို့သိချင်တာက ချမ်းမြေ့ရိပ်သာကျောင်းတိုက်မှာ ဆရာတော်ဘုရား၊ သံဃာတော်များအပါအဝင် ဒကာ ဒကာမများကို

ပြသနေတဲ့ တရားအားထုတ်နည်း၊ တရားထိုင်နည်းကို တပည့်တော်တို့ အများပြည်သူအကျိုးငှာ အနည်းငယ်မျှ မိန့်ကြားတော်မူပါ ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ချမ်းမြေ့ရိပ်သာမှာ အားထုတ်ကြတဲ့ အားထုတ်နည်းကတော့ မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်လာတဲ့အတိုင်း ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြားတဲ့ဒီနည်းပါပဲ။ ဘုန်းကြီးက ဆရာတော်ဘုရားကြီးထံမှာ အချိန်အတော်ကြာကြာ အားထုတ်ခဲ့တာ ဖြစ်တော့ ဒီရောက်တဲ့အခါလည်း ဆရာတော်ဘုရားကြီး မဟာသတိပဋ္ဌာန သုတ် ဒေသနာနဲ့အညီ ညွှန်ကြားတဲ့နည်းကိုပဲ ဘုန်းကြီးက ညွှန်ကြားပြသ ပါတယ်။ အဲဒီနည်းကတော့ လွယ်လွယ်ပါပဲ။ 'ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ' မြတ်စွာဘုရား ထပ်ကာ ထပ်ကာ မိန့်ကြားတဲ့စကား 'ယထာဘူတံ– အရှိသဘာဝအတိုင်း၊ သမ္မပ္ပညာယ– အမှန်အသိဉာဏ်ဖြင့်၊ ဒဋ္ဌဗ္ဗံ–ရှုသိ ရမည်'လို့ မိန့်ကြားတဲ့အတိုင်း ရုပ်ခန္ဓာမှာဖြစ်နေတဲ့ သဘောတွေ ဖြစ်နေ ရှိနေတဲ့အတိုင်း၊ စိတ်နာမ်တရားမှာ ဖြစ်နေတဲ့သဘောတွေ ဖြစ်နေရှိနေတဲ့ အတိုင်း၊ အရှိ အရှိအတိုင်း သတိနဲ့ စောင့်ပြီးတော့ ရှုတဲ့နည်းပါပဲ။ အဲဒီလို သတိစောင့်ရှုရာမှာ ရှုပါများလာတော့ တဖြည်းဖြည်း စိတ်က တည်ငြိမ်လာပါတယ်။ တည်ငြိမ်လာတဲ့အခါကျရင် အဲဒါ သမာဓိဖြစ်လာ ပါတယ်။ သမာဓိဟာ လုံလောက်အောင် အင်အားကောင်းလာတဲ့အခါမှာ ရုပ်နာမ်တို့မှာရှိတဲ့၊ ဖြစ်ပြီးပျက်လို့ မတည်မြဲတဲ့ အနိစ္စသဘော၊ ဖြစ်ပျက် နှိပ်စက်လို့ နှိပ်စက်တယ်ဆိုတဲ့ ဒုက္ခသဘော၊ ပုဂ္ဂိုလ်သတ္တဝါ အတ္တ အသက် ဝိညာဉ် မရှိဆိုတဲ့ အနတ္တသဘောတွေကို သူ့အလိုလို သိလာပါတယ်။ အဲသလို သိလာတာဟာ အဲဒီ ဝိပဿနာဉာဏ်ပါပဲ။ ဒါဟာ ဘုန်းကြီးတို့ ချမ်းမြေ့ရိပ်သာမှာ အားထုတ်တဲ့ အခြေခံသဘော အကျဉ်းချုပ်ပါပဲ။

မေး။ ။ကောင်းပါ့ဘုရား။ တပည့်တော်တို့ အခုလိုသိရတာ ဆရာတော် ဒီပဋိပတ္တိ ဘက်မှာ အခုလိုပြသသလို ပရိယတ္တိဘက်မှာရော ဆရာတော်ဘုရား ဆောင်ရွက်တာ ရှိပါသေးသလား ဘုရား။

ဖြေ။ ။ချမ်းမြေ့ရိပ်သာ မူလတည်ထောင်စဉ် ရည်ရွယ်ချက်က ပရိယတ္တိကို ပဓာနထား လုပ်မယ်ဆိုပြီး တည်ထောင်ခဲ့ပါတယ်။ တည်ထောင်သော် လည်းပဲ နောက်ကျတော့ ယောဂီက ပထမဦးဆုံးရောက်လာပြီး နောက် ယောဂီတွေက များများလာတော့ ပဋိပတ်လုပ်ငန်းက အားကောင်းသလို ဖြစ်ပါတယ်။ သို့သော်လည်းပဲ စကတည်းက ပရိယတ်လုပ်ငန်းကို ခုချိန်ထိ လုပ်ပါတယ်။ ကျောင်းမှာရှိတဲ့ ဦးပဥ္စင်းများ၊ ကိုရင်များကို

ဘုန်းကြီးကိုယ်တိုင်လည်း စာချပေးပါတယ်။ တခြားစာချဘုန်းကြီးတွေလည်း ရှိတယ်။ အခုဆိုရင် ဓမ္မာစရိယစာချပုဂ္ဂိုလ်တစ်ပါးက ဓမ္မာစရိယစာမေးပွဲဖြေမယ့် ပုဂ္ဂိုလ်တစ်ပါးကိုတောင်မှပဲ စာချပေးနေတာရှိပါတယ်။ ဘုန်းကြီးတို့ ပရိယတ်ရော၊ ပဋိပတ်ရော နှစ်မျိုးစွမ်းနိုင်သမျှ လုပ်ပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ ဒါဟာ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။ ဆရာတော်ရဲ့ အမြဲတမ်းလက်သုံးစကားဖြစ်တဲ့ 'သတ္တာဟူသမျှ၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ' ဆိုတဲ့နည်းပေါ့ ဘုရား။ တပည့်တော်တို့နှင့် အားလုံးပြည်သူတွေအတွက် ဘယ်လို နေထိုင်ကျင့်ကြံရင် ချမ်းမြေ့မလဲဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။အဲဒါက ဘုန်းကြီး တစ်ချိန်က ၈၁ ခုနှစ်က ထင်ပါတယ်။ အသံလွှင့်ရုံက တရားချီးမြှင့်ဖို့ပင့်တဲ့အခါမှာ ဒီဟာ ဘုန်းကြီးဟောခဲ့ဖူးပါတယ်။ တရားခေါင်းစဉ်ကတော့ 'ဗုဒ္ဓနည်းကျ ချမ်းသာစွာ နေထိုင်နည်း'လို့ ခေါင်းစဉ်တပ်ထားပါတယ်။ အဲဒီထဲမှာ ချမ်းသာစွာနေထိုင်နည်းတွေပါပါတယ်။ အကျဉ်းချုပ် ပြောရမယ်ဆိုလို့ရှိရင်တော့ ချမ်းသာစွာနေထိုင်နည်းမှာ ရေရှည်နည်း၊ ရေတိုနည်းလို့ နှစ်မျိုးရှိပါတယ်။ ရေတိုနည်းဆိုတာကတော့ လူတိုင်းလိုက်နာပြီးတော့ ကျင့်ကြံနိုင်တဲ့နည်းပါပဲ။ အဲဒါကတော့ ဘာလဲဆိုတော့ 'ယောနိသော မနသိကာရ = သင့်တင့်အောင် နှလုံးသွင်းခြင်း၊ အဆင်ပြေအောင်နှလုံးသွင်းခြင်း၊ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းခြင်း'ပါပဲ။ ဆိုလိုတာကတော့ တွေ့ကြုံလာရတဲ့ အခြေအနေအကြောင်းအရပ် အဖြစ်အပျက်အပေါ်မှာ အဆိုးဘက်ကမကြည့်ဘဲနဲ့ အကောင်းဘက်ကပဲကြည့်ပြီး မိမိစိတ်ချမ်းသာအောင်၊ ကုသိုလ်ဖြစ်အောင်၊ အဆင်ပြေအောင် နှလုံးသွင်းလို့ရှိရင် ချမ်းသာတာပါပဲ။ ဒါကလည်း လေ့ကျင့်ထားလို့ရှိရင် ရပါတယ်။ လေ့ကျင့်မထားရင်တော့ မရဘူးလို့ ထင်ပါတယ်။ အဲဒီ ယောနိသောမနသိကာရဟာ ဘုန်းကြီးရဲ့ လက်သုံးနည်းပါပဲ။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ ယောနိသောမနသိကာရဆိုတဲ့ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းခြင်းဆိုတာ သာမန် တပည့်တော်တို့လို ပုထုဇဉ်တွေအတွက် အင်မတန် လိုအပ်တဲ့ တရားပါဘုရား။ ဥပမာလေး အနည်းငယ်ပေးတော်မူပါ ဘုရား။

ဖြေ။ ။အဲဒါ ဥပမာပေးရမယ်ဆိုရင်တော့ ဘုန်းကြီးငယ်ငယ်တုန်းက အဖြစ်အပျက်ကလေးတစ်ခု၊ ဘုန်းကြီးက အဲဒါ အမြဲသတိရနေတယ်။ အဲဒါလေး ပြောရမယ်။ ဘုန်းကြီး ရှစ်နှစ်သားလောက်ဆိုပါတော့။ ရေခပ်ချင်တော့ ရွာမှာ ရေအိုးလှည်းကလည်းလာနေတော့ မိခင်ကို ရေအိုးတစ်လုံးဝယ်ပေးဖို့

ပူဆာတော့ မိမိနဲ့တော်တဲ့ ရေအိုးသေးသေးကလေးတစ်လုံး မိခင်က ဝယ်ပေးပါတယ်။ ဒါနဲ့ အဲဒီရေအိုးလေးနဲ့ ရေတွင်းကရေကို ခပ်ခပ်ပြီးတော့ အိမ်ကိုပို့ရတာ စိတ်ထဲမှာ သိပ်ပျော်တယ်။ သိပ်ဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ ရေခပ်နိုင်တဲ့ လူကြီးအရာဝင်ပြီလို့ ကိုယ့်ကိုယ်ကိုယ် စိတ်က အောက်မေ့တယ်။ ဒါနဲ့ ဒီရေအိုးလေးရတာ သိပ်ဝမ်းသာနေပေမယ့် တစ်ခါတော့ လူကြီးတွေက ရေတွင်းထဲကရေကို ပုံးနဲ့ခပ်ပြီး ရေအိုးထဲထည့်လို့ ပြည့်တဲ့အခါ ဘုန်းကြီးက အဲဒီရေအိုးကို နှုတ်ခမ်းကဆွဲပြီးတော့ ပခုံးပေါ်တင်ဖို့ မလိုက်တာမှာ ရေအိုးကလေးက အုံပွင့်ပြီးတော့ ကျသွားပါတယ်။ ရေအိုးနှုတ်ခမ်းကတော့ အခွေလိုက်ပဲ လက်ထဲမှာ ပါလာပါတယ်။ ပါလာတော့ ဘုန်းကြီးပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။ စိတ်ထဲရှိတဲ့အတိုင်း ပါးစပ်ကထွက်သွားတာပေါ့လေ။ ဘယ်လိုထွက်သွား သလဲဆိုတော့ 'အိုးကွဲတော့ ကရွတ်တောင်ရသေးတယ်' လို့ ဘုန်းကြီးက ပြောလိုက်ပါတယ်။ ရေတွင်းအနားက လူတွေက ဝိုင်းရယ်ကြပါတယ်။ ဒါနဲ့ဘုန်းကြီးက အဲဒါမှတ်မိနေတယ်။ အဲဒီမှာ သဘောကတော့ ဒီလောက် နှစ်သက်နေတဲ့အိုးကွဲသွားတာ စိတ်ဆင်းရဲမှု ဝမ်းနည်းမှု မဖြစ်ဘဲနဲ့ အိုးကွဲပေမယ့်လို့ ကရွတ်ရတာဟာ အမြတ်ပဲဆိုတဲ့ နှလုံးသွင်းဟာ 'ယောနိသော မနသိကာရ'ပါပဲ။ ဒါပေမယ့် နောက်တစ်ခုပြောချင်တာက မြတ်စွာဘုရားက အရှင်ပုဏ္ဏကို သုနာပရန္တ တိုင်း သာသနာပြုဖို့ရာ အရှင်ပုဏ္ဏက သွားလိုပါတယ် လျှောက်တော့ မြတ်စွာဘုရားက အဲဒီ သုနာပရန္တ တိုင်းက လူတွေက အင်မတန်ရိုင်းစိုင်းကြမ်းတမ်းတယ်။ ပုဏ္ဏ၊ သင် သွားလို့ရပါ့မလားဆိုတော့ အရှင်ပုဏ္ဏက ရပါတယ်ဘုရားလို့ လျှောက်တယ်။ ဒါဖြင့် သင် တရားဟောပြောလို့မို့ အဲဒီကလူတွေက သင့်ကို ဆဲမယ် ဆိုမယ်ဆိုရင် သင်ဘယ်လိုလုပ်မလဲ။ 'ဆဲရုံဆဲသေး ခဲနဲ့ မပေါက်သေးပါဘူး' လို့ နှလုံးသွင်းပါမယ် ဘုရား။ ခဲနဲ့ပေါက်ရင်ကော၊ 'ခဲနဲ့သာ ပေါက်တာ တုတ်နဲ့မရိုက်သေးပါဘူး' လို့ နှလုံးသွင်းပါမယ် ဘုရား။ တုတ်နဲ့ ရိုက်ရင်ကော၊ 'တုတ်နဲ့သာရိုက်တာ ဓားနဲ့ မခုတ်သေးပါဘူး' လို့ နှလုံးသွင်း ပါမယ် ဘုရား။ ဒါဖြင့် ဓားနဲ့ခုတ်ရင်ရော ဘယ်လိုနှလုံးသွင်းမလဲ၊ 'သြော်၊ သူများတွေသေချင်လို့ ဓားတွေ၊ တုတ်တွေ၊ လက်နက်တွေ ရှာနေရတယ်၊ ငါ့မှာ ရှာစရာမလိုဘဲနဲ့ အဆင်သင့်ရတယ်' လို့ အဲဒီလို နှလုံးသွင်းပါမယ် ဘုရားလို့ အရှင်ပုဏ္ဏက လျှောက်ပါတယ်။ အဲဒါက အဆိုးထဲက အကောင်း ရွေးကြည့်တဲ့ သင့်တင့်အောင် နှလုံးသွင်းခြင်း၊ အဆင်ပြေအောင် နှလုံးသွင်းခြင်းဆိုတဲ့ 'ယောနိသောမနသိကာရ' ရဲ့ ပုံစံပါပဲ။

## ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ

## နှင့်

## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း (ဒုတိယပိုင်း)

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ တရားပြ စာချအလုပ်အပြင် ကျမ်းစာများကော ရေးသားပါသေးသလား ဘုရား။

ဖြေ။ ။ကျမ်းစာသီးခြားရယ်လို့တော့ သိပ်မရေးသားနိုင်ပါဘူး။ သို့သော် ဟောတဲ့တရားတွေကို ကျမ်းစာဖြစ်အောင်လုပ်တာ များပါတယ်။ ဘုန်းကြီးပြုစုတဲ့ကျမ်းတွေကတော့

၁။ နိုင်ငံခြားမှ ပေးစာများ

၂။ ချမ်းမြေ့အခြေပြု ဗုဒ္ဓဘာသာ

၃။ အနောက်တိုင်းမှ ဘဝပြဿနာ

၄။ အသံလွှင့်တရားတော်များ

၅။ ဆင်းရဲငြိမ်းအေးချမ်းသာရေး

၆။ ချမ်းမြေ့သာသနာတော်လျှောက်စာတမ်း

စသည်ဖြစ်ပါတယ်။ အားလုံး ၁၀ အုပ်လောက်တော့ ရှိတယ် ထင်ပါတယ်။

မေး။ ။တင်ပါ့ဘုရား၊ အဲဒီထဲက ဆင်းရဲငြိမ်းအေး ချမ်းသာရေးဆိုတဲ့တရားတော်စာအုပ်ကိုတော့ ဖတ်ရပါတယ်။ သဘောလည်းကျပါတယ်။ အဲဒီ အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ဆရာတော်ရဲ့ ရည်ရွယ်ချက်၊ သဘောထားအခြေအနေ စသည်တို့ကို သိပါရစေ ဘုရား။

ဖြေ။ ။အဲဒီကျမ်းစာနဲ့ ပတ်သက်လို့တော့ ဒီစာအုပ်က ခရစ်ယာန်တွေက သူတို့ဗုဒ္ဓတရားတော်နာကြားလိုလို့ ချီးမြှင့်ပါဆိုလို့ သွားပြီးဟောတဲ့တရားကို ပြန်ပြီး စာအုပ်ရိုက်ထားတာပါပဲ။ ကလေးမြို့နယ်၊ ခရစ်ယာန်အသင်းတော်များကောင်စီက သူတို့ချင်းဆွေးနွေးပြီးတော့ ဗုဒ္ဓတရားတော် လေ့လာဖို့ ဆုံးဖြတ်ပြီး ဘုန်းကြီးကို ပင့်ပါတယ်။ ဒီလိုပင့်တာမှာ သူတို့ချည်း

သက်သက်မဟုတ်ပါဘူး။ သူတို့ဗုဒ္ဓဘာသာ ဒကာများရဲ့ အကူအညီယူပါတယ်။ ပါတီကောင်စီတို့ရဲ့ အကူအညီယူပြီးတော့ ပါတီကောင်စီ ဗုဒ္ဓဘာသာ ဒကာများရော ခရစ်ယာန်ဘုန်းကြီးများရော အားလုံးပေါင်းပြီးတော့ တရားပွဲဖြစ်မြောက်ရေး ဖွဲ့စည်းပြီး အကြိမ်ကြိမ်ဆွေးနွေးဆုံးဖြတ်ပြီးမှ ဘုန်းကြီးဆီ သူတို့ ပင့်စာပို့ကြပါတယ်။ အဲဒါ ၁၉၈၂ ခုနှစ်ကပါ။ ပင့်စာပို့တော့ ဘုန်းကြီးလည်းဟောနိုင်ပါတယ်ဆိုပြီး စာပြန်လိုက်ပါတယ်။ ဒါနဲ့ ၈၂ ခုနှစ်၊ မေလ ၃ ရက်၊ ၄ ရက်၊ ၅ ရက်မှာ သူတို့ဆီသွားပြီး တရားဟောရပါတယ်။ ဘုန်းကြီး ရည်ရွယ်ချက်ကတော့ တခြားဘာသာတွေဟာ မိမိတို့ ဗုဒ္ဓဘာသာဘက်ကို ဝင်ဖို့ဆိုတဲ့ရည်ရွယ်ချက် လုံးဝ မရှိပါဘူး။ ဘုန်းကြီးရည်ရွယ်ချက်က သူတို့က ဗုဒ္ဓတရားတော်ကို နားလည်ချင်တယ်၊ နားလည်ချင်တော့ သူတို့နားလည်အောင် နားလည်နိုင်တဲ့နည်းနဲ့ မိမိစွမ်းနိုင်သမျှ သူတို့ကို ရှင်းလင်းပြောပြဖို့ ရည်ရွယ်ချက်ပါပဲ။ အဲဒီ ရည်ရွယ်ချက်နဲ့ပဲ ဘုန်းကြီးသွားပါတယ်။ ဟောတဲ့အခါမှာလည်း အဲဒီရည်ရွယ်ချက်နဲ့ပဲ ဘုန်းကြီး ဟောပါတယ်။ ဘုန်းကြီးစာအုပ်ကို ဖတ်ကြည့်လို့ရှိရင် ဒီရည်ရွယ်ချက်ရှိတယ်ဆိုတာ ဖတ်တဲ့ပုဂ္ဂိုလ်တိုင်း သိနိုင်ပါတယ်။သွားဟောတဲ့အခါမှာ တရားနာပရိသတ်က တော်တော်များပါတယ်။ ပထမနေ့မှာ ပရိသတ်သုံးထောင်ကျော် ရှိပါတယ်။ ဒုတိယနေ့မှာ ငါးထောင်ကျော်ရှိပါတယ်။ တတိယနေ့ဆိုလို့ရှိရင် ခြောက်ထောင်ကျော် ရှိပါတယ်။ တရားပွဲကတော့ နေ့တရားပွဲပါ။ ဒီလို တရားနာပရိသတ် ဒီလောက် များပြားတယ်ဆိုတာလည်း တရားပွဲဖြစ်မြောက်ရေးအဖွဲ့က ဘုန်းကြီးကိုလျှောက်လို့သိရပါတယ်။ ဘုန်းကြီးကတော့ ဓမ္မာရုံထဲကဟောနေတာဆိုတော့ ပရိသတ်ကြီးသာမြင်တယ်။ ဘယ်လောက်ဆိုတာ မခန့်မှန်းနိုင်ပါဘူး။ အဲသလို နာတဲ့အထဲမှာ ခရစ်ယာန်ပရိသတ်က သုံးပုံ နှစ်ပုံလောက် ပါပါတယ်လို့ ဒကာတွေကလျှောက်ပါတယ်။ အဲဒီတရားကို ခရစ်ယာန်ပရိသတ်ရော၊ မြန်မာပရိသတ်ရော၊ ဗုဒ္ဓဘာသာပရိသတ်ရော တော်တော်စိတ်ဝင်တစား ငြိမ်ငြိမ်ဆိမ်ဆိမ်နဲ့ နာကြပါတယ်။ နောက်ဆုံးနေ့မှာဆိုရင် ဘုန်းကြီးဟောတာ နေ့လယ် တစ်နာရီခွဲကနေ ညနေခြောက်နာရီအထိ ဟောပါတယ်။ ဒီထဲမှာ သူတို့မေးချင်တဲ့ မေးခွန်းလေးတွေကို ဖြေတဲ့ အမေးအဖြေလည်း ပါပါတယ်။ အဲဒီအထိတောင်မှ တရားနာပရိသတ်က ဆက်ဟောဦးမယ်ဆိုရင် နာပါဦးမယ်လို့ အဲဒီလို လျှောက်ပါတယ်။ ပရိသတ် အဲဒီလို စိတ်ဝင်စားမှု

ရှိပါတယ်။ နောက် အဲဒီတရားကို စာအုပ်အဖြစ် ပြန်ရိုက်တော့လည်း ဘုန်းကြီးတို့ ခုချိန်ထိ စာအုပ်လေးကြိမ်၊ စတုတ္ထအကြိမ်ထိ ရိုက်ရပါပြီ။ အုပ်ရေပေါင်း နှစ်သောင်းလေးထောင် ထုတ်ဝေပြီးပါပြီ။ ဒီစာအုပ်ကို ဖတ်တဲ့ ပုဂ္ဂိုလ်တိုင်း ဘာသာမရွေး နှစ်သက်ကြပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သဘာဝတရား ကို သဘာဝကျကျ ရှင်းပြပေးတာဖြစ်ပြီးတော့ ဘယ်ဘာသာ တရားမှ မထိခိုက်ဘဲနဲ့ ဗုဒ္ဓတရားနဲ့ သဘာဝတရား ယှဉ်ပြ ပြီးတော့ ဟောထားတာဖြစ်လို့မို့ အင်မတန် နှစ်သက်ကြပါတယ်။ နောက် ဘုန်းကြီးလည်း ၈၂ ခုနှစ် အဲဒီမှာ တရားဟောပြီးတော့ နိုင်ငံခြား ဓမ္မခရီး ထွက်ပါတယ်။ အဲဒီအခါတုန်းက ဓမ္မခရီးထွက်လိုက်တာ ဘုန်းကြီး ၁၁ လလောက် ကြာပါတယ်။ စတုတ္ထအကြိမ် မေလကထွက်တာ ဘုန်းကြီး ၈၃ ခု ဧပြီလမှာပြန်ရောက်ပါတယ်။ ပြန်ရောက်တော့ အဲဒီ ၈၃ ခုနှစ်၊ ဩဂုတ်လမှာ ဒီခရစ်ယာန် ဆင်းရဲငြိမ်းအေး ချမ်းသာရေးစာအုပ်မှာလည်း သူ့နာမည် ပါပါတယ်။


ခရစ်ယာန်အသင်းတော်မှာ ကောင်စီဥက္ကဋ္ဌ ဦးမန်ကျစ်ထံဆိုတာ ဘုန်းကြီးကျောင်းလာပြီး သူ တရားအားထုတ်ပါတယ်။ ပထမတော့ သူ စမ်းကြည့်တာပါပဲ။ ဟောတုန်းက ဟောတာကို သူ နားလည်သဘော ပေါက်တော့ စမ်းကြည့်ချင်တဲ့စိတ်နဲ့ လာပြီးတော့ စမ်းကြည့်အားထုတ် တာနဲ့ တူပါတယ်။ အဲဒီတစ်ကြိမ်တင် မဟုတ်ဘူး။ နောက် သူ နှစ်ကြိမ် သုံးကြိမ်လာပြီးတော့ အားထုတ်ပါတယ်။ အားထုတ်ပြီးတော့ သူ ဗုဒ္ဓ ဘာသာအဖြစ် ခံယူလိုက်ပါတယ်။ နောက်ဆုံးမှာ ၈၅ ခုနှစ်၊ သီတင်းကျွတ် လကဆိုရင် ခရစ်ယာန်ဓမ္မဆရာကြီး ဦးမန်ကျစ်ထံ သူတို့တော့ ဘုန်းကြီး ခေါ်တယ်နဲ့တူပါတယ်။ ဦးမန်ကျစ်ထံဟာ ဘုန်းကြီးကျောင်းမှာလာပြီး ဒုလ္လဘရဟန်းခံပြီးတော့ တရားထပ်ပြီး အားထုတ်ပါတယ်။ နောက် တရားတော်ကို တရားခွေနာရတဲ့ ခရစ်ယာန် ပုဂ္ဂိုလ်တွေရော၊ စာအုပ်ဖတ် ရတဲ့ ပုဂ္ဂိုလ်တွေရော တချို့လည်းပဲ နှစ်သက်ကြလို့မို့ လက်ခံကြတယ်လို့ ဘုန်းကြီးနယ်တွေမှာ တရားဟောထွက်တဲ့အခါကျတော့ နယ်က ဒကာ တွေက လျှောက်လို့သိရပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဒီတပည့်တော်တို့ ဆင်းရဲငြိမ်းအေး ချမ်းသာရေး စာအုပ် ဟာ တပည့်တော်တို့သိရသလောက် ဘာသာရေးတစ်ခုနဲ့တစ်ခု၊ ဘာသာ ဝင် တစ်ခုနဲ့တစ်ခု၊ Peaceful Coexistence ပေါ့ ဘုရား။ တပည့်တော်တို့

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ သူ့အယူအဆလည်း ကိုယ်သိထား ရင် ကောင်းတယ်၊ ကိုယ့်အယူအဆလည်း သူသိထားရင် ကောင်းတယ်။ ဒီလို သဘောတရားလေးတွေလည်းပဲ တွေ့ရပါတယ်။ အဲဒီ ဥစ္စာကိုရော ဆရာတော် ဘယ်လို သိမြင်ပါသလဲ။ ဆရာတော်ကိုယ်တိုင်–

ဖြေ။ ။ဟုတ်ပါတယ်။ ဘုန်းကြီးလဲပဲ အဲဒီရည်ရွယ်ချက်နဲ့ပဲ ဟောတာပါပဲ။ ပြီးတော့ အဲဒီမှာ နာရတဲ့ ခရစ်ယာန်လူကြီး ခပ်ကြီးကြီးတစ်ယောက်က လျှောက်ပါတယ်။ ဘယ်လိုလျှောက်သလဲဆိုတော့ ဆရာတော်တရားက ဘာသာရေးသွေးစည်းမှုတင် မဟုတ်ပါဘူး ဘုရား၊ တပည့်တော်တို့ ပင်လုံကွန်ဖရင့်နဲ့တူပါတယ်။ လူမျိုးရေးသွေးစည်းမှုပါရပါတယ်လို့ အဲဒီလို လျှောက်ပါတယ်။ နောက်တစ်ခါ စာအုပ်ထွက်လာပြန်တဲ့အခါ ကျတော့ စာအုပ်ကိုဖတ်ရတဲ့ ခရစ်ယာန် အသက် ၆၀ ကျော် ဒကာကြီးတစ်ယောက် က ကျောင်းလာပြီး စာအုပ်ဝယ်ရင်းနဲ့ လျှောက်ပါတယ်။ ခုန လျှောက်နည်း မျိုးပါပဲ။ ဆရာတော့်စာအုပ်က ဘာသာသွေးစည်းမှုတင် မဟုတ်ပါဘူး ဘုရား၊ လူမျိုးရေးသွေးစည်းမှုပါ ရပါတယ်၊ တပည့်တော်တို့ ပင်လုံကွန်ဖရင့်လိုပါပဲလို့ သူလည်းပဲ တစ်ထပ်တည်းနီးပါးလောက် အဲဒီလိုပဲ ပြောပါတယ်။ ဒါကြောင့်မို့ ဒီတရားဟာဖြင့်ရင် ခုနက ဦးနေဝင်း ပြောသလို Peaceful Coexistence ငြိမ်းချမ်းစွာအတူနေထိုင်ရေး ရှေးရှုတဲ့တရားလို့ ဆိုနိုင်ပါတယ်။

တင်ပါ့ဘုရား၊ တပည့်တော်တို့ အခုလိုသိရတဲ့အတွက် ကျေးဇူးအထူး တင်ပါတယ် ဘုရား။



ရွှေတောင်ကုန်း ဆရာတော် ဦးပဏ္ဍိတာဘိဝံသ

## ရွှေတောင်ကုန်း ဆရာတော် ဦးပဏ္ဍိတာဘိဝံသ

ဆရာတော်လောင်းလျာကို ၁၂၈၃ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်၊ ကြာသပတေးနေ့တွင် အင်းစိန်မြို့နယ်၊ တံတားကလေးရွာ၊ ရွှေဘိုစု၌ အဘ ဦးဖေ၊ အမိဒေါ်ချစ်စုတို့မှ ဖွားမြင်ပါသည်။ မွေးချင်း ၁၀ ဦး အနက် နဝမမြောက် ဖြစ်သည်။ ၇ နှစ်သားအရွယ်တွင် ကဝမြို့နယ်၊ ကော့ချဲ့ရွာကျောင်းတွင် ပညာ စတင်သင်ကြားသည်။ ၁၂ နှစ်သား အရွယ်တွင် ကော့ချဲ့ရွာကျောင်း ဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍိတဖြစ်သည်။ ၁၃၀၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့တွင် ကျောက်တန်းရွာ ဦးဘိုးဟန်၊ ဒေါ်သော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မဟာဗောဓိတိုက်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဘဝသို့ ရောက်သည်။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ မစိုးရိမ်တိုက်သစ်၊ ပဌာန်းဆရာတော်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက်၊ သပြေကန် ဓမ္မိကာရာမတိုက်တို့တွင် ပရိယတ္တိစာပေသင်ယူသည်။ ၁၃၁၃ ခုနှစ်တွင် သီရိပဝရ ဓမ္မာစရိယ ၁၃၁၂ ခုနှစ်တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး၏ အရိပ်ကိုခိုလှုံ၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သည်။ ၁၃၁၄ ခုနှစ်တွင် စေတီယင်္ဂဏ စာချတန်းတို့ကို အောင်မြင်ခဲ့သည်။ ဆရာတော်ကြီးနှင့်အတူ ပြည်တွင်းပြည်ပများတွင် သာသနာပြုခွင့်များစွာရရှိခဲ့ပြီး ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသည်။

ယခုအခါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို ဦးစီးတည်ထောင်၍ ပြည်တွင်းပြည်ပ ယောဂီများအား တရားပြလျက် သာသနာပြုတော်မူ၍ သီတင်းသုံးနေတော်မူပါသည်။

## အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ

## ရွှေတောင်ကုန်းဆရာတော် ဦးပဏ္ဍိတာဘိဝံသ

## နှင့်

## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

မေး။ ။ဆရာတော်ဘုရားကြီး အခု တပည့်တော်တို့ လီဗာပူးမြို့အနီး ဗီးလင့်ချ် အရပ်မှာရှိတဲ့ မဟာစည်ရိပ်သာကို ဘယ်တုန်းကကြွရောက်လာပါသလဲ ဘုရား။

ဖြေ။ ။ဂျူလိုင်လ ၁၁ ရက်နေ့က ရောက်ပါတယ်။

မေး။ ။ဆရာတော်ဘုရား ဒီကိုကြွရောက်လာတဲ့ကိစ္စဟာ ဘယ်လိုရည်ရွယ်ချက် ဆိုတာ တပည့်တော်တို့ သိရအောင် ဆရာတော်ကြီး အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ရည်ရွယ်ချက်ကတော့ အခု ယူကေမှာ အကြောင်းအားလျော်စွာ အခြေချ နေထိုင်ကြတဲ့ မြန်မာဆရာဝန်များဦးစီးပြီးတော့ ဖွဲ့စည်းထားတဲ့ မဟာစည် ဓမ္မဖဲလိုးရှစ် အသင်းက တရားဌာနအနေနဲ့ ရှာဖွေထားတဲ့ ဒီနေရာဌာနကို ကမ္မဋ္ဌာန်းဌာနဖွင့်ဖို့ ဖိတ်ကြားတာနဲ့မို့လို့ ရောက်လာတဲ့သဘောပါပဲ။

မေး။ ။ဆရာတော်ဘုရားကြီး အခု ဒီကမ္မဋ္ဌာန်းဌာနကို မဟာစည်ရိပ်သာအဖြစ် ဖွင့်လှစ်ပြီးရင် ဒီဌာနမှာကြီးကြပ်ဖို့အတွက် ဘယ်ဆရာတော်ကို လွှဲအပ်ခဲ့ ပါမလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးနဲ့အတူ တရားဂုဏ်ရည်ပြ ဓမ္မဒူတခရီးတွဲပြီးတော့ ပါလာတဲ့ ရိပ်သာက နာယက ကမ္မဋ္ဌာနာစရိယဖြစ်တဲ့ အရှင်ပညာဒီပက ဒီမှာတာဝန် ယူပြီးတော့ ဆက်လက်ဆောင်ရွက်သွားပါလိမ့်မယ်။

မေး။ ။တင်ပါဘုရား။ တပည့်တော်တို့ ယူကေမှာ အခု ဒီဌာနအပြင် တပည့် တော်တို့ သိရသလောက် ကမ္ဘာအရပ်ရပ်မှာလည်းပဲ ဆရာတော်ဘုရားကြီး မဟာစည် ရိပ်သာတွေကို ဖွင့်လှစ်ပြီးတော့ ဓမ္မဒူတ၊ ဓမ္မဂုဏ်ရည်ပြ ကိစ္စတွေဆောင်ရွက်နေကြောင်း သိရပါတယ် ဘုရား။ အဲဒါအများပြည်သူ ပိုမိုပြီး အသေးစိတ်သိရအောင် ဘယ်နိုင်ငံတွေမှာ ဘယ်လိုဆောင်ရွက်တယ် ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ပထမဆုံး ဆောင်ရွက်တာကတော့ ဘုန်းကြီးများ တိုင်းပြည်ပါပဲ။ အမေရိက၊ မက်ဆာချူးဆက်၊ ဘော်စတန် မဟာစည်ကမ္မဋ္ဌာန်းဌာနမှာ မဟာစည်ဆရာတော်ဘုရားကြီး ကြွခဲ့ဖူးတဲ့နေရာဌာနမှာ နှစ်လ တရားပြခဲ့ ဖူးပါတယ်။ အဲဒီ နေရာဌာနကတော့ မဟာစည် ကမ္မဋ္ဌာန်းဌာနရယ်လို့ တော့ မဟုတ်ပါဘူး။ သူကတော့ ဘုံအနေနဲ့ပါပဲ။ ဟင်းလေးအိုးကြီးပါပဲ။ ကမ္ဘာအရပ်ရပ်က လာရောက်ပြီးတော့ ကမ္မဋ္ဌာန်းဆရာတွေပေါ့လေ။ တစ်လတန်သည်၊ နှစ်လတန်သည်စသည်ပြသွားတာရှိပါတယ်။ ဘုန်းကြီး ကတော့ အဲဒီတုန်းက မဟာစည်ဆရာတော်ရဲ့နည်းအတိုင်း အားထုတ် ထားတဲ့ ပုဂ္ဂိုလ်တွေက ဖိတ်ကြားတာနဲ့မို့လို့ ဘုန်းကြီး မဟာစည်ကမ္မဋ္ဌာနာ စရိယအဖြစ်နဲ့ သွားပြီးတော့ ပြတာပါပဲ။ နေရာဌာနကတော့ မဟာစည် ဌာန မဟုတ်ပါဘူး။ အဲဒါပဲ ဘုန်းကြီးသိရပါတယ်။ အဲဒီကမှတစ်ဆင့် ဒီမလေးရှားပေါ့လေ။ မလေးရှားကတော့ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ဩဝါဒတော်အတိုင်းပေါ့လေ။ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေများ ပါတယ်။ ဘုန်းကြီးတို့ မဟာစည်သာသနာ့ရိပ်သာကပို့ထားတဲ့ ကမ္မဋ္ဌာန်း ဆရာလည်း ဖြစ်ပါတယ်။ အဲဒီနေရာဌာနကတော့ မဟာစည်ဌာနလို့ဆိုရ မှာပဲ။ ပြီးတော့ နောက်တစ်ခုက လွန်ခဲ့တဲ့လေးနှစ်ကျော်ကျော်လောက်က နီပေါပြည် ခတ္တမန္ဒူမြို့ တစ်နေရာမှာပေါ့လေ။ အရှင်ဉာဏပုဏ္ဏိကရဲ့ ရဟန်းအမ ကျောင်းအမကပေါ့လေ။ သူ့လယ်မြေကွက်ကို မဟာစည် ဩဝါဒခံ ကမ္မဋ္ဌာန်းဌာန ပြုလုပ်လိုပါတယ်ဆိုတဲ့အကြောင်း လျှောက်ထား လို့ ဘုန်းကြီးကိုယ်တိုင်ပဲ ရေစက်ချပြီးတော့ နောက်နှစ်မှာ ကမ္မဋ္ဌာန်း အဆောက်အအုံတွေ ဖြစ်လာပါတယ်။ ခုထိပါပဲ။ အဲဒါကတော့ မဟာစည် ဩဝါဒခံ သက်သက်ပါပဲ။ အခြား တိုင်းပြည်တွေမှာဆိုလို့ရှိရင် အဲဒါ

လောက်ပဲရှိပါသေးတယ်။ အခု ယူကေမှာဆိုလို့ရှိရင်တော့ မဟာစည်ဆိုတဲ့ အမည်ခံပြီးတော့ ကမ္မဋ္ဌာန်းဌာနဖွင့်တာကတော့ အခု ဒီတစ်ဌာနပဲ ရှိပါသေးတယ်။ ဘုန်းကြီးအမြင်ပြောရရင်–

မေး။ ။တင်ပါ့ဘုရား။ တပည့်တော်တို့ မလေးရှားနိုင်ငံအကြောင်းနဲ့ ပတ်သက်ပြီးတော့ နည်းနည်းပိုပြီးတော့ သိချင်ပါတယ် ဘုရား။ မလေးရှားနိုင်ငံမှာ ဘယ်လို ဘယ်လို တပည့်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာတဲ့ စိတ်ဝင်စားဖွယ်အကြောင်းများရှိလို့ရှိရင် ဆရာတော်ဘုရားကြီး အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဘုန်းကြီး သိရသလောက် အတိုချုပ်ပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် မလေးရှားနိုင်ငံဟာ အများသိ မူဆလင်နိုင်ငံပါပဲ။ အဲဒီ မူဆလင်နိုင်ငံမှာ နေကြတဲ့ တရုတ်လူမျိုးတွေဟာ တော်တော်များများရှိပါတယ်။ တရုတ်လူမျိုးတွေက ရာခိုင်နှုန်း ၄၀ ကျော်လောက်ရှိပါတယ်။ အများအားဖြင့် တရုတ်တွေကတော့ မဟာယာနပါပဲ။ မဟာယာနကတော့ အားလုံးသိကြတဲ့အတိုင်း ဒီလို ကျောင်းကန်တွေသွားပြီးတော့ ဘုရားပူဇော်တာတွေ၊ ပြီးတော့ ရွတ်တာ ဖတ်တာတွေ ဒါလောက်နဲ့ပဲ သူတို့ပြီးကြပါတယ်။ လက်တွေ့ကျကျ ကျင့်သုံးတယ်ဆိုတဲ့အပိုင်းကတော့ ထိထိရောက်ရောက်တယ်ပြီးတော့ မရှိလှပါဘူး။ ဒီတော့ မလေးရှားမှာနေတဲ့ တရုတ်တွေကလဲပဲ အင်္ဂလိပ်စာတတ် ခေတ်ပညာတတ်ပုဂ္ဂိုလ်တွေဆိုတော့ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရဟာ ဒါလောက်တင်တော့ မဟုတ်ဘူး၊ ဒီထက်ပိုပြီးတော့ လေးနက်ဖို့ရာရှိတယ်၊ အဲဒီတော့ မဟာယာနထဲမှာ ရှာကြည့်လို့တော့ လေးလေးနက်နက် လက်တွေ့ကျင့်သုံးရတဲ့ဟာမျိုးတော့ မရှိဘူး။ ထေရဝါဒ တစေ့တစောင်း လိုက်ပြီးတော့ ကြည့်ဦးမှပဲဆိုပြီးတော့ သူတို့လိုက်ဘရေရီတို့၊ ဘာတို့မှာရှိတဲ့ ထေရဝါဒဆိုင်ရာ စာအုပ်တွေ သူတို့ဖတ်ကြပါတယ်။ ဖတ်ပြီးတော့ အဲဒီမှာ စာကညွှန်းတဲ့အတိုင်းပေါ့လေ။ ကျင့်သုံးတဲ့အခါမှာ ထိုက်တန်သမျှ အရသာကလေးတွေ သူတို့ သိကြပါတယ်။ ဒီလောက်နဲ့ မတင်းတိမ်ဘဲနဲ့ တကယ့်ဆရာကောင်းကို ရှာဖွေပြီးတော့ ကျင့်သုံးရရင် ပိုမိုပြီးတော့ ကောင်းမှာပဲဆိုပြီးတော့ အဲဒီလို အသိစိတ်ဓာတ်နဲ့ မဟာစည်ဆရာတော်ထံ လာရောက်ပြီးတော့ပေါ့လေ။

အားထုတ်တဲ့ ယောဂီတွေရှိပါတယ်။ အဲဒီ ယောဂီတွေက တဖြည်းဖြည်း တစ်ယောက်ကစ တစ်ရာဆိုတဲ့အတိုင်းပေါ့လေ။ ပြန်သွားပြီးတော့ မဟာယာနတွေကို သူတို့ တိုက်တွန်းတာနဲ့ မဟာယာနတွေဟာ တဖြည်းဖြည်း လက်တွေ့ကျတဲ့ ထေရဝါဒ တရားတွေကို ကျင့်သုံးလို့ တော်တော်လေးတော့ အခုတရားသိတဲ့ ဗုဒ္ဓဘာသာဝင်တွေ တော်တော်များလာတာပါပဲ။

မေး။ ။တပည့်တော်တို့ စင်္ကာပူနိုင်ငံမှာလည်းပဲ မဟာယာန ဗုဒ္ဓဘာသာဝင်တွေ တော်တော်များတာ တွေ့ရပါတယ်။ ထေရဝါဒလည်းပဲ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိတာ တွေ့ရပါတယ်။ စင်္ကာပူနိုင်ငံနဲ့ပတ်သက်ပြီးတော့လည်း ဆရာတော်ဘုရားကြီး အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။စင်္ကာပူနိုင်ငံနဲ့ ပတ်သက်လို့တော့ ဘုန်းကြီးကတော့ တရားနဲ့စပ်လို့ နှစ်နှစ်ပဲ။ အချို့ တရားလိုလားတဲ့ပုဂ္ဂိုလ်များ အချိန်ပိုင်းလေးပဲ ဟောဖူးပါတယ်။ တရားဌာနဖွင့်လှစ်ပြီးတော့ ပိပိသသရယ်လို့ အခုထိတော့ မလုပ်ရသေးပါဘူး။ မဟောရသေးပါဘူး။ အဲဒီတော့ အခုဟောသမျှတော့ အချိန်ပိုင်းလေးလာပြီးတော့ အားထုတ်ကြတဲ့ပုဂ္ဂိုလ်များ ကြားနာမှုနဲ့ ကျေနပ်ကြတာ၊ တစ်အောင့်ထိုင်လို့ကျေနပ်ကြတာ ဒီအပိုင်းလောက်ပဲ ရှိပါတယ်။ ဘယ်အခါကျမှ သူတို့ ကမ္မဋ္ဌာန်းဌာန တည်ဆောက်ပြီးတော့ မလေးရှားတို့လို ဖြစ်လာမယ်ဆိုတာတော့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် တော်တော်များများကတော့ ဒီတရားကို စိတ်ဝင်စားလာတာတော့ တွေ့ပါတယ်။

မေး။ ။တင်ပါ့ဘုရား။ တပည့်တော်တို့ သြစတြေးလျနိုင်ငံအကြောင်းကော ဆရာတော်ဘုရားကြီး အနည်းအကျဉ်း အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။သြစတြေးလျနိုင်ငံကတော့ လွန်ခဲ့တဲ့ လေးနှစ်ကျော်က ဘုန်းကြီးများကို ပင့်လို့ သွားရောက်ပြီးတော့ တရားပြပါတယ်။ အဲဒီ ပင့်တဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ မဟာစည်ဆရာတော်ဘုရားကြီး သြဝါဒတော်အတိုင်း ထိုက်တန်သမျှ တရားအားထုတ်လို့ တရားသဘောလေးတွေ သိမြင်တဲ့ ပုဂ္ဂိုလ်လည်း ရှိပါတယ်။ ပြီးတော့ အမေရိက လာရောက်ပြီးတော့ ပြတဲ့ ကမ္မဋ္ဌာန်းဆရာများရဲ့ မဟာစည်ဆရာတော်ရဲ့တပည့် ကမ္မဋ္ဌာန်းဆရာများနည်းခံပြီးတော့ အားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေက လွန်ခဲ့တဲ့

လေးနှစ်ကျော်ကျော်က ဘုန်းကြီးကိုပင့်တာနဲ့မို့လို့ သွားရောက်ပြီးတော့ တရားပြရပါတယ်။ ဒီတရားဌာနကတော့ တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူက ရိုမန်ကက်သလစ် ခရစ်ယာန်ကျောင်းပဲ။ အဲဒီခရစ်ယာန်ကျောင်းမှာ လက်တွေ့ ထေရဝါဒ ဗုဒ္ဓတရားတော်သွားပြီးပြရတာ တစ်မျိုးအားဖြင့် ထူးဆန်းနေပါတယ်။ တချို့ ရိုမန်ကက်သလစ်ဘာသာဝင်တွေလည်း လာပါတယ်။အခြားအခြား ခရစ်ယာန်ဘာသာဝင်တွေလည်း လာပါတယ်။ ဘာသာမဲ့တွေလည်း လာပါတယ်၊ အဲဒီမှာ လာရောက်ပြီးတော့ လက်တွေ့ တော်တော်လေး ကြာကြာ အားထုတ်တဲ့အခါမှာ တရားသဘောလေးတွေ သိမြင်ပြီးတော့ ထေရဝါဒရဲ့ အနှစ်သာရကို တော်တော်လေးနားလည်ပြီးတော့ သဒ္ဓါတရား တွေ ဖြစ်ပေါ်လာတာ။ အဲဒါတော့ တော်တော်များများ တွေ့ရပါတယ်။ နောက်နောက်နှစ်တွေလည်းပဲ ဆက်လက်ပြီးတော့ ဒီတရားမျိုးကိုအားထုတ် ဖို့ရန်၊ ဖွင့်ဖို့ရန်အတွက် သူတို့မှာ စိတ်ရှိနေကြပါတယ်။ အထူးသဖြင့်တော့ နဂိုက ပထမနေ့ သွားခါစဆိုလို့ရှိရင်တော့ စိမ်းနေတဲ့ပုဂ္ဂိုလ်က တရားနဲ့ ရင်းနှီးသွားတယ်။ နဂိုက နည်းနည်းရင်းနှီးစ ပုဂ္ဂိုလ်က ပိုပြီးတော့ ရင်းနှီး လာတယ်။ နောက်ဆုံးသွားခဲ့တဲ့နှစ်ကတော့ ရင့်ကျက်တဲ့ပုဂ္ဂိုလ်များကတော့ တော်တော်လေးကို တရားသဘောလေးတွေ သိနားလည်ပြီးတော့ သတိ ပဋ္ဌာန်ဒေသနာနည်းကျ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတော် အတိုင်း တရားပြတဲ့ ဌာနတစ်ခုတော့ လိုအပ်ပြီလို့ သူတို့မြင်ပြီးတော့ နေရာသစ်ရှာဖွေပြီးတော့ နေရာသစ်ကမ္မဋ္ဌာန်း ဌာနတစ်ခုဖွင့်လှစ်ဖို့ရန် စီစဉ်နေတာ အဲဒါ သိခဲ့ပါတယ်။

မေး။ ။တင်ပါ့ဘုရား။ နောက်အစီအစဉ်တွေကော ဆရာတော်ဘုရားကြီး ဘယ်လိုရှိပါလဲဘုရား။ ဒီမိန့်ကြားပြီးတဲ့ အစီအစဉ်တွေအပြင် နောက်ထပ် ဘာတွေများ တိုးချဲ့ပြီးတော့ ဆောင်ရွက်သွားဖို့များ ရှိပါသလဲ ဘုရား။

ဖြေ။ ။နောက်ထပ် အစီအစဉ်ကတော့ နောက်ဆုံး ဘုန်းကြီး အခု ဘုန်းကြီး ဩစတြေးလျမှာ ယောဂီတွေနဲ့ တွေ့ခဲ့ရတာ ဩစတြေးလျယောဂီတွေက လည်းပဲ နောက်နောက်နှစ်တွေမှာ ဆယ်ရက် ဆယ်ရက်ပေါ့လေ။ နေရာ အနှံ့အပြား အနည်းဆုံး နှစ်နေရာလောက်၊ ဖြစ်နိုင်လို့ရှိရင်တော့ သုံးနေရာ လောက်ပေါ့လေ။ အဲဒါ ကမ္မဋ္ဌာန်းဌာနဖွင့်လှစ်ဖို့ရန် သူတို့ အစီအစဉ်ရှိပါ

တယ်။ အဲဒီကမှတစ်ဆင့် အဲဒီအတွက်လည်းပဲ သူတို့ ကြိုတင်ပြီးတော့ စီစဉ်ပြီးပါပြီ။ နောက် အမေရိကယောဂီများကလည်း ဩစတြေးလျလာပြီး တော့ အားထုတ်ကြပါတယ်။ အားထုတ်တော့ သူတို့ဆီမှာလည်း နောက် နှစ် မေလ ၁ ရက်နေ့က စတင်ပြီးတော့ပေါ့လေ။ မက်ဆာချူးဆက်၊ ဘော်စတန် ကမ္ဘဋ္ဌာန်းဌာနမှာ နှစ်လစခန်း ဖွင့်လှစ်ဖို့ပေါ့လေ။ ထူးခြားတာ ကတော့ လွန်ခဲ့တဲ့နှစ်က အမေရိက ကမ္မဋ္ဌာန်းဌာနမှာလည်း ဆယ်ကျော် သက် ကလေးများ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းပေါ့လေ၊ ဖွင့်ရရင် ကောင်းမှာပဲ လို့ ဘုန်းကြီးရဲ့ တိုက်တွန်းချက်အရ အဲဒီက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ စီစဉ် ပေးလို့ ငါးရက်ဗုဒ္ဓယဉ်ကျေးမှုသင်တန်း လူငယ်များအတွက် ဆောင်ရွက်ခဲ့ ပါတယ်။ အဲဒီဆောင်ရွက်ချက် အစလေးရှိထားတော့ နောက်နောက် နှစ်တွေမှာ အဲဒီကလေးများအတွက် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းပေါ့လေ။ တစ်လစခန်းဖွင့်ဖို့ အဲဒါ သူတို့ကြိုပြီးတော့ စီမံမယ်လို့ သိခဲ့ရပါကယ်။ အဲဒါ ထူးခြားတာပါပဲ။

မေး။ ။ဆရာတော်ဘုရားကြီး တပည့်တော်တို့မဟာယာနထွန်းကားတဲ့ ကိုရီးယား နိုင်ငံကို ကြွရောက်ပြီး သာသနာပြုရတယ်လို့ကြားမိပါတယ် ဘုရား။ ထေရဝါဒ ဆရာတော်ကြီး တစ်ပါးအနေနဲ့ မဟာယာနထွန်းကားရာ နိုင်ငံကို ဘယ်အကြောင်းကြောင့် ကြွရောက်ရတယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဒီဟာက တိုတိုလေးပြောလို့တော့ သိပ်ပြီး အဓိပ္ပာယ် ရှင်းရှင်းလင်းလင်း သိမှာ မဟုတ်ဘူး။ နည်းနည်းလေး အကြောင်းအရာလေးစုံအောင်တော့ ပြောရပါလိမ့်မယ်။ ဘုန်းကြီးကြွရခြင်းအကြောင်းကို အခြေခံကစပြီး ပြောရလို့ရှိရင် လွန်ခဲ့တဲ့နှစ်အနည်းငယ်က အမေရိကတိုင်းသားတွေအဖြစ် ခံယူထားတဲ့ ကိုရီးယား ထေရဝါဒရဟန်းတော်တစ်ပါး ဘုန်းကြီးတို့ မဟာစည်သာသနာ့ရိပ်သာ တရားလာအားထုတ်ပါတယ်။ တရားရဲ့ သဘာဝလေးလည်း ထိုက်တန်သမျှသိသွားတော့ သူဟာ တော်တော်လေး ထေရဝါဒသာသနာပေါ်မှာ ယုံကြည်မှု ခိုင်မြဲသွားပါတယ်။ တရားရဲ့ အနှစ်သာရတွေ သိနားလည်ထားတော့ အရသာကောင်းများ စားရပြီဆိုလို့ ရှိရင် အချစ်ခင်ဆုံးပုဂ္ဂိုလ်ကို သတိရဆိုတာလို ဒီအရသာကို သူ့လူမျိုး ကိုရီးယားသွားပြီးပေါ့လေ။ သူ့လူမျိုးတွေကို ဒီတရားလက်တွေ့ကျကျ

ပြလိုတဲ့ဆန္ဒ၊ တိုက်တွန်းလိုတဲ့ ဆန္ဒရှိပါတယ်။ ဆန္ဒရှိတဲ့အတိုင်း သူ သွားရောက်ပြီးတော့ အဲဒီက သူတို့အခေါ်တော့ ဘိက္ခု ဘိက္ခုနီတွေ ထေရဝါဒရဟန်းတော်နဲ့ ရဟန်းအမတွေလိုပေါ့လေ။ ပထမဆုံးလက်လှမ်း မိရာ သူတိုက်တွန်းပါတယ်။ တိုက်တွန်းလို့ ကျေနပ်ပြီးတော့ ဘိက္ခုနီမ တစ်ဖွဲ့ သူနဲ့အတူရောက်လာပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရောက်လာပြီး မဟာစည်သာသနာ့ ရိပ်သာမှာ တော်တော်လေးကြာကြာ တရားအားထုတ်သွားလို့ တော်တော် လေး ကျေနပ်သွားတဲ့အခါမှာ ဘုန်းကြီးကို ဦးတည်ပြီးတော့ သူတို့ ကိုရီးယားကြွရောက်ပြီးတော့ ဒီသတိပဋ္ဌာန်ဘာဝနာတရားပြဖို့ ဘုန်းကြီးကို လျှောက်ထားးပါတယ်။ လျှောက်ထားတော့ ဘုန်းကြီးစဉ်းစားပါတယ်။ မဟာယာနတွေဆိုတာ မာနကလည်းခပ်ကြီးကြီးပြီးတော့သက်သတ်လွတ် စားကြတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သားငါးမရှောင်တဲ့ ထေရဝါဒ ရဟန်းတော် တွေကိုလည်းပဲ အထင်အမြင်သေးတယ်။ အခု လက်တွေ့နယ်ထဲ ရောက် လာတဲ့ အခါကျတော့ တရားသဘောလေးတွေ သိနားလည်သွားတဲ့အခါ အဲဒါတွေ သူတို့မတွက်တော့ဘူး။ သူတို့ မာနကြီးနေတဲ့ ထေရဝါဒကို အထင်အမြင်သေးတဲ့ မဟာယာနတွေက မာန်တွေချိုးနှိမ်ပြီးတော့ တရားပြ ဖို့ရန် သွားဖို့ရန်အတွက်ကတော့ ဒါအခွင့်ကောင်းအခါကောင်းပဲ။ တမင် တကာ သူတို့ဆီသွားပြီးတော့ ထိုးဖောက်ရတာမဟုတ်ဘဲနဲ့ သူတို့တောင်းဆို လို့ သွားရောက်ပြီး သူတို့ဆန္ဒဖြည့်ရတာ ပိုကောင်းတယ်။ အခွင့်အရေး တစ်ရပ် ဆိုတဲ့အနေနဲ့ ဘုန်းကြီး မဟာစည်ကမ္မဋ္ဌာန်းဌာနက နာယက ကမ္မဋ္ဌာနာစရိယတစ်ပါးနဲ့အတူ ကိုရီးယားကို အရက်နှစ်ဆယ်၊ တစ်လခရီး ကြွသွားပါတယ်။ အဲဒီလို ကြွသွားတဲ့အခါမှာ ဟိုရောက်တဲ့အခါကျတော့ ဘိက္ခု၊ ဘိက္ခုနီ တော်တော်များများနဲ့ အမျိုးသား အမျိုးသမီးတွေလည်း တရားဝင်ကြပါတယ်။ တရားလာပြီးတော့ နာကြတာကတော့ တော်တော် လေး များပါတယ်။ အားထုတ်လို့ ရက်အနည်းငယ်အရောက်မှာ တရား သဘောလေးတွေ သူတို့မြင်တော့ ဩော်၊ ဒီလိုတရားမျိုး အခုမှပဲတွေ့ရ တယ်၊ သူတို့ မဟာယာနမှာတော့ ရွတ်တာ၊ ဖတ်တာ၊ ဘုရားပူဇော်တာ၊ ကုလားတက်တီးတာ၊ ဗုံတီးတာနဲ့ပဲ အချိန်ကုန်နေတယ်၊ အခု ဒီတရားမှ တကယ့်အနှစ်သာရနဲ့ပြည့်စုံတာပဲ၊ ဒီတရားမျိုးစောစောကတွေ့လိုက်ရင်

ဘယ်လောက်ကောင်းလိုက်မလဲ၊ တချို့ ရဟန်းတော်များတောင်မှ ဒီလို ပြောပါတယ်။ ပြီးတော့ နောက်သူတို့က ပြောပါတယ်။ မြန်မာပြည်ကို လာရောက်ပြီးတော့ အချိန်ကြာကြာပေါ့လေ။ ဘိက္ခု၊ ဘိက္ခုနီမတွေ လာရောက်ပြီး အားထုတ်မယ်လို့။ အဲဒီလို သူတို့ စာရင်းပေးလိုက်ပါတယ်။ ပေးထားတဲ့အတိုင်းပဲ မြန်မာပြည်ရောက်ပြီးတော့ အားထုတ်တာ ဘိက္ခုထဲက အနည်းငယ်ရှိပြီးတော့ ဘိက္ခုနီမထဲက တော်တော်များများရှိပါတယ်။ အဲဒီမှာ ထူးခြားတာကတော့ ဒီလောက်အစွဲသန်တဲ့ မဟာယာနတွေဟာ လက်တွေ့ထေရဝါဒတရားကို အားထုတ်လို့ အနှစ်သာရတွေ့သွားပြီဆိုတော့ မဟာယာနနဲ့ ထေရဝါဒဟာ တော်တော်လေးထိစပ်သွားပါတယ်။ တော်တော်လေးလည်း ထေရဝါဒအပေါ်မှာ မဟာယာနတွေ အထင်ကြီးသွားပါတယ်။


အထင်ကြီးတော့ နောက် မဟာစည်သြဝါဒခံ ကမ္မဋ္ဌာန်းဋ္ဌာနတွေ ဖြစ်ဖို့ရာအတွက် သူတို့ လုံးပန်းနေကြပါတယ်။ အခုထိတော့ ကမ္မဋ္ဌာန်းဋ္ဌာနပီပီသသ မပေါ်သေးပါဘူး။ နောက်တော့ ပေါ်မှာပါပဲ။ ထူးခြားတဲ့ တစ်ခုကတော့ ကိုရီးယားရဟန်းတော်ပြောပြချက်အရ သူတို့ ကိုရီးယားမှာ ဆိုလို့ရှိရင်တဲ့ အမျိုးသမီးနဲ့အမျိုးသား ဦးရေချင်းက မမျှဘဲဖြစ်နေတယ်တဲ့။ အမျိုးသားက ဦးရေများပြီးတော့ အမျိုးသမီးက ဦးရေနည်းနေတယ်တဲ့။ တစ်လင်တစ်မယားစနစ်နဲ့ အိမ်ထောင်ပြုကြတာဖြစ်တော့ အမျိုးသား ဦးရေက များနေတော့ သူတို့မှာ အခက်ကြုံနေတယ်။ အခက်ကြုံနေတော့ ဒီပြဿနာပြေလည်ဖို့ရန်အတွက် သူတို့ စဉ်းစားကြတဲ့အခါမှာ အခုထိ အဖြေမထွက်သေးဘူး။ ဒီတော့ ဒီကိုယ်တော်ကြီးက နိုးစပ်ရာပုဂ္ဂိုလ်တွေကစ တိုက်တွန်းတယ်။ ကဲ၊ ဒီလိုဆိုလို့ရှိရင်တော့ အကောင်းဆုံးနည်းကတော့၊ အချမ်းသာဆုံးနည်းကတော့ ပိုလျှံနေတဲ့အမျိုးသားတွေ ရှင်ပြုနိုင်တဲ့အရွယ်၊ ရဟန်းခံနိုင်တဲ့အရွယ် စုပေါင်းရှင်ပြု ရဟန်းခံပွဲကြီးလုပ်ရရင် ကောင်းမှာပဲဆိုပြီးတော့ တိုက်တွန်းထားခဲ့တယ်တဲ့။ အဲဒီ တိုက်တွန်းချက် ထမြောက်အောင်မြင်လို့ရှိရင် ဘုန်းကြီးကို ဦးဆောင်ပြီးတော့ မြန်မာပြည်က သံဃာငါးပါးပေါ့လေ။ ရဟန်းခံနိုင်လောက်အောင် အဲဒီလိုပင့်ဖို့ အစီအစဉ်တွေ ဘာတွေ ထမြောက်သွားလို့ရှိရင်တော့ ကိုရီးယားမှာ ထေရဝါဒ ရဟန်း သာမဏေတော်တော်များများ ရှိပြီးတော့ပေါ့လေ။ ဒီထေရဝါဒ

သာသနာ အရှိန် တော်တော်ရပြီးတော့ တဖြည်းဖြည်းနဲ့ တိုးတက်ဖို့ရာရှိတယ်လို့ ဘုန်းကြီး ယုံကြည်ထားပါတယ်။ ဖြစ်ဖို့ရန်လည်းပဲ ဒီကိုယ်တော်ကြီး တော်တော်လေး ကြိုးစားနေပါတယ်။ သိပ်ပြီးတော့လည်း သူ့စိတ်အားထက်သန်ပါတယ်။ အထူးသဖြင့်တော့ ဘိက္ခုနီမပိုင်းက ဆိုလို့ရှိရင် သူတို့ ကိုရီးယားမှာတော့ ဘိက္ခုတွေပေါ်ထက် ဘိက္ခုနီမတွေကို လူတွေက ပိုပြီးတော့ အကြည်ညိုများတယ်။ သူတို့ ဆောင်ရွက်လို့ရှိရင်တော့ မကြာခင်ဖြစ်မြောက်မယ်ဆိုတာ သူတို့ ပြောကြပါတယ်။ အဲဒါလေး သိရှိခဲ့ရပါတယ်။ နောက် မကြာခင်လည်းပဲ စုပေါင်းရှင်ပြု ရဟန်းခံပွဲကြီး ကြွရောက်ပြီးတော့ ဆောင်ရွက်ရလို့ရှိရင်တော့ နောက် အနာဂတ်မှာ ပေါ့လေ။ တကယ် လိုအပ်တဲ့ ထေရဝါဒသာသနာ ဒီအရှေ့တိုင်းမှာ ကိုရီးယားမှာပေါ့လေ။ ထွန်းကားလာလိမ့်မယ်လို့ ဘုန်းကြီး ယုံကြည်ပါတယ်။

မေး။ ။တပည့်တော်တို့ မဟာယာန ဇင်ဗုဒ္ဓဇင်းပေါ့လေ၊ ကြီးပွားနေတဲ့ဂျပန်နိုင်ငံကိုရော ဆရာတော်ဘုရား ကြွရောက်ဖို့ အစီအစဉ်ရှိပါသလား ဘုရား။

ဖြေ။ ။အခုထိတော့ ကြွရောက်ဖို့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်လောက်က ဇင်ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဂျပန်ရဟန်းတော်များဟာ မဟာယာန ကနေ ထေရဝါဒပြောင်းပြီးတော့ အပါး ၂၀ ကျော်လောက် ကမ္ဘာအေးလိုဏ်ဂူမှာပေါ့လေ။ ထေရဝါဒရဟန်းအဖြစ် ခံယူသွားကြပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေဟာ နောက်ပိုင်းကျတဲ့အခါကျတော့ အကုန်လုံး လူထွက်သွားပါတယ်။ ဒီတော့ ပိုမိုပြီးတော့ ရင်းနှီးအောင်ဆိုပြီးတော့ ဗုဒ္ဓသာသနာအဖွဲ့က ဦးစီးပြီးတော့ပေါ့လေ။ ဂျပန်ရဟန်းတော်များကို ထေရဝါဒသာသနာ ထွန်းကားရေးအတွက် ဂျပန်ပြည် မိုချိမြို့မှာ ကမ္ဘာအေးစေတီကြီးတည်၊ အဲဒီ အနီးအပါးမှာ ကျောင်းဆောက်ပြီးတော့ ထေရဝါဒသာသနာ ပြန့်ပွားဖို့ရာ သူတို့ ကြိုးစားနေကြပါတယ်။ အဲဒီ ကြိုးစားတဲ့အဖွဲ့ထဲမှာ မဟာစည်လာပြီးတော့ တရားအားထုတ်သွားတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေက ဇင်ဗုဒ္ဓဘာသာ တောထဲမှာ ထေရဝါဒသာသနာပြန့်ဖို့ သူတို့ ကြိုးစားနေကြပါတယ်။ သူတို့ကြိုးစားနေတာဖြစ်တော့ ဘုန်းကြီးတို့အနေနဲ့ ဘာမှ ကြိုးစားမှုမရှိတော့ပါဘူး။

မှတ်ချက်။ ။အထက်ပါ တွေ့ဆုံလျှောက်ထား မေးမြန်းခန်းမှာ လွန်ခဲ့သော ဆယ်နှစ်ကျော် ၁၉၉၀ ခုနှစ်က ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ ဆရာတော်သည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာကိုလည်းကောင်း၊ ပဲခူး ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တရားရိပ်သာကိုလည်းကောင်း အထူး အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီး နိုင်ငံခြားသာသနာပြု လုပ်ငန်း များကိုလည်း ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။



နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ

## မန္တလေးမြို့ ပရိယတ္တိ သာသနာ့တက္ကသိုလ်
## နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ

ပဲခူးတိုင်း၊ တောင်ငူမြို့၊ အုတ်ကျွတ်တန်း၊ အလယ်ကျွန်းရပ်နေ သစ်ထုတ်လုပ်ရေးတောအုပ် ခမည်းတော် ဦးသန့်၊ မယ်တော် ဒေါ်မြတို့မှ ၁၂၉၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။

အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက် ပေါက်ကုန်းကျောင်း ဆရာတော် ဦးသီဟ ဦးရီးတော်ရင်းထံတွင် အငယ်တန်း၊ အလတ်တန်း၊ နေ့စာဝါ၊ ညစာဝါ အားလုံးကို သင်ကြားခဲ့သည်။

၁၃၀၉ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ပေါက်ကုန်းကျောင်း၌ပင် မိဘနှစ်ပါးတို့၏ မစ္ဆယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

၁၃၁၀ ခုနှစ်တွင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ ဂန္ဓာရုံရနယူပဒေသကျောင်းသို့ ရောက်ခဲ့သည်။

၁၃၁၂ ခုနှစ်တွင် တောင်ပြင်ထီးလင်းတိုက်၊ ဇောတိကာရုံ အုတ်ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၃၁၂ ခုနှစ်တွင် စေတိယင်္ဂဏ စာသင်တန်းအောင်၍ 'ဇောတိကာဘိဝံသ' ဘွဲ့ရသည်။

၁၃၁၅ ခုနှစ်တွင် သကျသီဟ သီးခြားစာသင်တန်းအောင်၍ အသင်းအကိုးအကွယ် ခံရသည်။

၁၃၁၅ ခုနှစ်တွင် 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့ ရရှိသည်။

၁၃၁၉ ခုနှစ်တွင် သကျသီဟ သီးခြား စာချတန်းကို အောင်မြင်သည်။

၁၃၁၉ ခုနှစ်တွင် 'သာသနဓဇ ဓမ္မာစရိယ အဘိဓမ္မပါဠိပါဠိရဂူ' ဘွဲ့ ရရှိသည်။

၁၃၂၀၊ ၂၁၊ ၂၂ ခုနှစ်များတွင် အိန္ဒိယပြည်သို့သွား၍ ဗာရာဏသီမြို့ ဆန်စကရစ် ယူနီဗာစီတီ၌ နေခွင့်ရကာ မဂျမတန်းနှင့် ဥတ္တရ မဂျမတန်းနှင့် ပြဋ္ဌာန်းသော သက္ကတ၊ ပါကတ၊ ပါဠိ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ ဘာသန္တရစာပေများကို သင်ကြားကာ စာမေးပွဲဖြေဆို အောင်မြင်ခဲ့သည်။

၁၃၂၃ ခုနှစ်တွင် ဓောတိကာရုံ စာချအုတ်ကျောင်းနှင့် ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီးအဖြစ် နေထိုင်ကာ သဒ္ဒါ၊ သင်္ဂဟ၊ ရူပသိဒ္ဓိ၊ ဆန်း၊ အလင်္ကာ၊ ဘောဓိစိန္တာ၊ ကစ္စာယနဘာရနှင့် အဋ္ဌသာလိနီစာချတန်း၊ ထို့ပြင် ကျမ်းရင်း သုံးကျမ်း ဖြေဆိုနည်း လေ့ကျင့်စနစ်စာဝါများကို အကြိမ်ကြိမ် အခါခါ ပို့ချခဲ့သည်။

ထို့ပြင် သက္ကတ၊ ဟိန္ဒီ (အရေး၊ အဖတ်၊ အပြော) ဘာသာရပ် သင်တန်းကိုလည်း မပြတ်သင်ကြားပေးခဲ့ပြီး စာမေးပွဲများပြုလုပ်ကာ ဘုံဘေတက္ကသိုလ်မှ စာအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

၁၃၄၀ ခုနှစ်မှ ၁၃၄၇ ခုနှစ်တိုင် ကမ္ဘာအေးတွင် ပညာရေးအဖွဲ့ဝင်တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၃၄၂ ခုနှစ်၊ ပထမအကြိမ်၌ ဝိနည်းဓိုရ်တာဝန်ကိုလည်းကောင်း၊

၁၃၄၇ ခုနှစ်၊ ဒုတိယအကြိမ်၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။

၁၃၄၇ ခုနှစ်တွင် မန္တလေးမြို့အတွက် နာယကချုပ် (ပါမောက္ခချုပ်) ရွေးချယ်ခြင်းခံရသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တွင် နှစ်နှစ်နှစ်လတိုင်တိုင် တာဝန်ကိုထမ်းဆောင်ခဲ့သည်။

မိမိစိတ်အလိုကျ ဘာသာရပ်သင်ကြားခွင့်ရခဲ့၍ ၁၃၅၀ ခုနှစ်၊ နယုန်လဆုတ် ၂ ရက်နေ့တွင် ကျောင်းသို့ပြန်လာခဲ့သည်။

ယခုအခါ ယခင်ပို့ချမြဲ စာဝါများနှင့် ဘာသာရပ်စာပေများကို နှစ်စဉ်မပြတ်ပို့ချလျက်ရှိသည်။ ပရိယတ္တိသာသနာ့တာဝန်ကို သက်ဆုံးတိုင် ထမ်းဆောင်သွားမည် ဖြစ်ပေသည်။

## မန္တလေးမြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်
## နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသ
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

မန္တလေးမြို့၊ ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော် ဦးဇောတိကာဘိဝံသနှင့် တွေ့ဆုံစဉ် ကျွန်တော်က အခုလို စတင်ပြီး လျှောက်ထားခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား။ ဘာသာရေးဆိုင်ရာ ပညာရပ်တွေကို ဘယ်မှာသင်ယူခဲ့ပြီး ဘာဘွဲ့တွေရရှိခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးအနေနဲ့ကတော့ ရဟန်းဖြစ်ဖြစ်ချင်းပဲ မန္တလေးကို ရောက်လာပါတယ်။ တစ်ဝါမှမရခင် ရောက်လာပြီး မန္တလေးမှာပဲ ပိဋကတ်စာပေတွေကို သင်အံကြိုးကုတ်လာတာ ၁၃၁၅ ခုနှစ်မှာ အစိုးရသီရိပဝရ ဓမ္မာစရိယဘွဲ့ကို ဂုဏ်ထူးခြောက်ကျမ်းနဲ့ အောင်မြင်ခဲ့ပါတယ်။ ၁၃၁၉ ခုနှစ်မှာ အဘိဓမ္မာပါဠိပါရဂူတန်းကို အောင်မြင်ခဲ့ပါတယ်။ ဒီ ၁၃၁၉ ခုနှစ်မှာပဲ သကျသီဟ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့ပါတယ်။ ၂၀၊ ၂၁၊ ၂၂ ခုနှစ်များမှာ အိန္ဒိယပြည်သွားပြီးတော့ ဗာရာဏသီ ဆန်စကရစ် ယူနီဗာစတီမှာ ဆန်စကရစ်၊ ပရာကရစ်၊ ပါဠိ၊ ဟိန္ဒီဘာသာရပ်များကို ကိုစ်အလိုက် သင်ယူခဲ့ပါတယ်။

မေး။ ။ဒီတော့ တပည့်တော်တို့ ဆရာတော်အနေနဲ့ ဘာသာရပ် ဘယ်နှမျိုး ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးအနေနဲ့ကတော့ ဒီဆန်စကရစ် ယူနီဗာစီတီမှာသင်ခဲ့တဲ့ သက္ကတ၊ မာဂဓ၊ ပါဠိ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ ဒီဘာသာရပ်တွေကို အရေး၊ အဖတ်၊ အပြော သုံးမျိုးလုံး ကျွမ်းကျင်ခဲ့ပါတယ်။

မေး။ ။ဒီယခု မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်အဖြစ် ဆရာတော် ဘယ်တုန်းက စတင် ဆောင်ရွက်ခဲ့ပါသလဲ ဘုရား။ ဘယ်လောက် ကြာပါပြီလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး ၁၃၄၈ ခု၊ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ တက္ကသိုလ် စဖွင့်သည့် အချိန်က စပြီးတော့ နာယကချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။

မေး။ ။အခု ဒီတက္ကသိုလ်မှာစာသင်တဲ့ ရဟန်းသံဃာ ဘယ်လောက်ရှိပါသလဲ ဘုရား။

ဖြေ။ ။ဝိနယမဟာဌာန၊ သုတ္တန္တမဟာဌာန၊ အဘိဓမ္မာ မဟာဌာနအနေနဲ့ သုံးတန်းလုံးမှာ ၃၆ ပါး ရှိပါတယ်။

မေး။ ။ဆရာတော်တို့ အရေအတွက် ဘယ်လောက်အထိ လက်ခံပြီးတော့ သင်ကြားပေးမယ်လို့ မျှော်မှန်းထားပါသလဲ ဘုရား။

ဖြေ။ ။နောင်ကျောင်းဆောင်ကြီးတွေ အခု သင်တန်းသားဆောင်တွေ ၁၂ ဆောင်၊ အကုန်လုံး ၂၄ ဆောင်ပြီးရင် တစ်ဆောင် တစ်ဆောင်မှာ ၂၄ ပါးစီထားပြီး တော့ သံဃာလေးငါးရာလောက်အထိ ထားနိုင်တဲ့ အခြေအနေ ရှိပါတယ်။ ဒီအခြေအနေအတိုင်းပဲ ဘုန်းကြီးတို့လက်ခံပြီး ဆောင်ရွက်မှာပါ။

မေး။ ။နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ထောင်ခြင်းဖြင့် ဆောင်ရွက်ခြင်းဖြင့် ဘယ်လို အကျိုးကျေးဇူးတွေ ဖြစ်ထွန်းလာမယ်လို့ ဆရာတော် မျှော်လင့်ယုံကြည်ပါသလဲ ဘုရား။

ဖြေ။ ။ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သူတို့ ချမှတ်ထားတဲ့ မူလေးချက် ရှိပါတယ်။

၁။ အကျင့်သိက္ခာ မြင့်မားလာစေခြင်း

၂။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း

၃။ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း

၄။ မြန်မာစာပေအရေးအသားတော်စေခြင်း

ဆိုတဲ့ မူလေးချက် အခြေခံပြီးတော့ သင်တန်းပို့ချနေတာဖြစ်တာမို့လို့ ဒီဘာသာရပ်တွေမှာ ယခင် အချိန်အခါကထက်ပိုပြီးတော့ သံဃာတော်များက ကျွမ်းကျင်မှုတွေ ဖြစ်လာပါလိမ့်မယ်။ ဒီထက်အပြင် ပြည်တွင်း ပြည်ပ သာသနာပြုစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်များပေါ်ထွန်းဖို့ရာကိုလည်းပဲ ဘုန်းကြီး တို့ရည်သန်လျက်ရှိပါတယ်။ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး မြန်မာပြည်မှာ

သာမကဘဲ နိုင်ငံအရပ်ရပ်မှာ ပြန့်ပွားလာဖို့ ရည်သန်ချက်များထားရှိပြီးတော့ သင်ကြားခြင်း ဖြစ်ပါတယ်။

မေး။ ။အဆောက်အအုံတွေဟာ တချို့တစ်ဝက်ပြီးပြီ၊ မပြီးသေးတဲ့ ဆောက်လုပ်ဆဲ အဆောက်အအုံတွေလည်း ကျန်ရှိနေတာတွေ့ရပါတယ်။အဲဒီ အဆောက်အအုံတွေအားလုံး ဘယ်တော့များပြီးမယ် ထင်ပါသလဲ ဘုရား။

ဖြေ။ ။နောက်သုံးနှစ်လောက်နေရင်တော့ ပြီးနိုင်စရာအကြောင်း ရှိပါတယ်။ အခု သင်တန်းဆောင်တွေအနေနဲ့ နှစ်ထပ်ဆောင်တွေမှာတော့ ဒကာတွေ လိုနေတာလေးတွေ ရှိပါသေးတယ်။ တစ်ထပ်ဆောင်တွေ အနေနဲ့ကတော့ တော်တော်လေးပြည့်စုံပါတယ်။ အခု ဆောက်လုပ်တဲ့ အခြေအနေနဲ့ကလည်းပဲ လုပ်ငန်းရပ်ကို ဆက်လက်ပြီးတော့ ဘုန်းကြီးတို့ခုတုန်းက အမိန့်ရှိတဲ့ အတိုင်း သုံးနှစ်အတွင်းပြီးမြောက်အောင်ဆိုရင်တော့ ဒကာ၊ ဒကာမတွေဘက်က အကူအညီတွေ တော်တော်များများလေး လှုံ့ဆော်ဖို့ရာတွေ လိုပါသေးတယ်။ နေရေးထိုင်ရေးကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ စားသောက်မှုကိစ္စမှာတော့ လိုလေသေးမရှိလောက်အောင် ပြည့်စုံပါတယ်။ နေရေးထိုင်ရေးမှာပဲ ဒကာ ဒကာမတွေက ပိုပြီးတော့ ကြိုးစားဖို့ရာလေးတော့ လိုအပ်တယ်လို့ ဘုန်းကြီး ယူဆပါတယ်။

မေး။ ။တပည့်တော်တို့ တက္ကသိုလ်မှာ စာသင်ကြားရေး အထောက်အကူပြုစာအုပ်စာတမ်းများနဲ့ ပတ်သက်လို့တော့ အခြေအနေ ဘယ်လိုရှိပါသလဲ ဘုရား။

ဖြေ။ ။ဒီ ဘာသန္တရ စာအုပ်အနေနဲ့ဆိုရင်တော့ အင်္ဂလိပ်စာအုပ်အမျိုးပေါင်း ရှစ်ရာလောက် ဘုန်းကြီးတို့ထံမှာ ရှိနေပါပြီ။ သက္ကတ၊ ဟိန္ဒီဘာသာ၊ ဘာသာရပ်စာပေနဲ့ဆိုလို့ရှိရင် အမျိုးပေါင်း ဆယ်မျိုးလောက်၊ ဘုန်းကြီးတို့ ဗာရာဏသီက တိုက်ရိုက်မှာပြီးယူထားလို့ တော်တော်လေးပြည့်စုံနေပါတယ်။ ဘာသန္တရနဲ့ ဗုဒ္ဓစာပေ မြန်မာရေးကျမ်းစာတွေ အနေနဲ့ကတော့ ဘုန်းကြီးတို့ နှစ်သိန်းကျော်လောက် ဝယ်ယူထားပြီးဖြစ်တဲ့အတွက် စာအုပ်စာတမ်းကတော့ ဘုန်းကြီးတို့အနေနဲ့ တော်တော်ကို လုံလောက်နေပါတယ်။

မေး။ ။ဒီတော့ တပည့်တော်တို့ ဒီတက္ကသိုလ်ဟာ ပရိယတ္တိ သင်ကြားရေးသာမက သုတေသနလုပ်လိုလို့ရှိရင်လည်း သုတေသနလုပ်လို့ကောင်းတဲ့ နေရာဌာနကြီးဖြစ်လာမယ်လို့ တပည့်တော်တို့ ထင်မိပါတယ် ဘုရား။ ဟုတ်ပါသလား။

မေး။ ။တပည့်တော်တို့ သင်နည်းနဲ့ပတ်သက်လို့ကော ဆရာတော်တို့ခေတ် တက္ကသိုလ်ကြီးတွေပေါ့လေ။ မန္တလေး၊ ရန်ကုန် တက္ကသိုလ်ကြီးတွေနည်း သုံးပါသလား။ ရှေးမူရှေးနည်းကို သုံးပါသလား ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့အနေနဲ့ ရှေးမူကို မဖျက်ပါဘူး။ ရှေးဆရာတော်ကြီးများ၊ မန္တလေးခေတ်၊ အင်းဝခေတ်၊ ခေတ်အဆက်ဆက်ကနေ သင်ကြားပို့ချတဲ့ နည်းတွေကိုလည်း ဆိတ်သုဉ်းမခံပါဘူး။ ဘုန်းကြီးတို့အနေနဲ့ မူချထားတဲ့ ထဲကမှ နံပါတ်တစ် မေးခွန်းဆိုလို့ရှိရင် အနက်ပေးနည်း။ ဒီအနက်ပေး နည်းဆိုတာက တိုတိုပြောရရင် ပခုက္ကူစာချနည်းပါပဲ။ ပခုက္ကူစာချနည်း မျိုးစုံနဲ့ အနက်ပေးနည်းကို ဘုန်းကြီးတို့ နံပါတ်တစ်မှာ သင်ကြားပါ တယ်။ မန္တလေးနည်းကိုတော့ နံပါတ်နှစ်နဲ့ နံပါတ်သုံးမှာဦးစားပေးပြီးတော့ ဝါကျနည်း အသေးစိတ်၊ ပုဒ်အစိတ်၊ ပုဒ်တစ်ပုဒ်ရဲ့ အသေးစိတ်က သိရမယ့် အဓိပ္ပာယ်၊ အပေါင်းက သိရမယ့်အဓိပ္ပာယ်၊ ဝါကျအနေနဲ့ သိရမယ့် အဓိပ္ပာယ်၊ ခက်ရာ ခက်ဆစ်အဓိပ္ပာယ်တွေကို ဘုန်းကြီးတို့ သင်ကြားနေ ပါတယ်။ နောက် နံပါတ်လေး အနေနဲ့ကတော့ ခေတ်လေ့လာနည်းအနေနဲ့ တက္ကသိုလ်မှာ သင်ကြားတဲ့ ပုံစံစနစ်တွေသွင်းပြီးတော့ ခေတ်မီ လေ့လာ နည်းတွေနဲ့ သင်ကြားနေခြင်းဖြစ်ပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော်တို့ ဒီတက္ကသိုလ်မှာ ဒီလိုသင်ကြားအုပ်ချုပ်ပေး ရတဲ့အတွက် လခပစ္စည်းလေးပါး စသည်အားဖြင့် ဘယ်လိုသတ်မှတ် ပိုင်းခြားထားပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့အနေနဲ့ အထူးလခ အခွင့်အရေးယူခြင်းလည်း မရှိပါဘူး။ အလှူခံ ရယူခြင်းလည်း မရှိပါဘူး။ ဒီအဆင့်အတန်းအလိုက် ပါမောက္ခ၊ ကထိက နယဒေသကတို့ရဲ့ အဆင့်အတန်းအလိုက် သီးသန့်အဆောင်တွေ မှာ သူတို့ နေထိုင်ခွင့် အခွင့်အရေးရပါတယ်။ အဲ၊ နောက်ပြီးတော့ ဒီပုဂ္ဂလိက၊ သံဃိကအနေနဲ့ လှူဒါန်းတဲ့ ဝတ္ထုပစ္စည်းတွေကို ဥပဋ္ဌာက အဖွဲ့များက လှူဒါန်းတဲ့အတိုင်း ဘုန်းကြီးတို့ ခံယူရရှိပါတယ်။ နာဖျား မကျန်း ရှိတဲ့အခါမှာလည်းပဲ တက္ကသိုလ်ဆေးရုံက ကူညီဆောင်ရွက်ပေး ပါတယ်။ နောက်တက္ကသိုလ်နဲ့ ပတ်သက်တဲ့ သွားရေးလာရေးကိစ္စတွေ ကြုံတယ်ဆိုလို့ရှိရင်လဲ တက္ကသိုလ်ကပဲ တာဝန်ယူပြီးတော့ ဆောင်ရွက်ပေး ပါတယ်။ ဒီလောက်ပဲ အခွင့်အရေးရပါတယ်။ ဒီတော့ ပစ္စည်းလေးပါး အားလုံးကို ဥပဋ္ဌာကတို့၊ ဥပတ္ထမ္ဘက အဖွဲ့တို့က ကူညီဆောင်ရွက်တာကိုပဲ

ခံယူရရှိပါတယ်။ လခအနေနဲ့တော့ ဘုန်းကြီးတို့ ဘာမှ သတ်မှတ်ချက် လည်း မရှိပါဘူး။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ 'ပရာကရိ'ဆိုတာ ကြားဖူးပါတယ် ဘုရား။ အဲဒီ ပရာကရိဆိုတဲ့ ဘာသာနဲ့စပ်တဲ့ သက္ကတ၊ ဟိန္ဒီ၊ ပါဠိ အစရှိတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်လို့ တပည့်တော်တို့ ဗဟုသုတ ဖြစ်ဖွယ်ရာ မိန့်ကြားတော်မူပါ ဘုရား။

ဖြေ။ ။ဘုန်းကြီးတို့ 'ပရာကရိ'ဆိုတာက ပကတိမူလဘာသာကို ဆိုတာပါ။ ဒီ 'ပကတိမူလ ဘာသာ' ဆိုတာ အိန္ဒိယပြည်မှာ မူရင်းရှေးဟောင်းလူတွေ သုံးလိုရင်း ဘာသာတစ်ရပ်ဖြစ်ပါတယ်။ ဘုရားလက်ထက်ကလည်း ဒီ ဘာသာရပ်တွေနဲ့ တရားဟောသွားနေတာပါ။ ရှင်းရှင်းပြောရလို့ရှိရင် မာဂဓီဆိုတာဟာ မာဂဓတိုင်းက ပြောဆိုနေတဲ့ ပရာကရိ ဘာသာတစ်ခု ပါပဲ။ နောက် သူရသေနတိုင်းကပြောတဲ့ ပရာကရိကိုတော့ 'သူရသေနီ'လို့ ခေါ်ပါတယ်။ သူရသေနတိုင်းနဲ့ မဂဓတိုင်းနှစ်ခုကြား ဗာရာဏသီတို့၊ ကုသိနာရုံတို့မှာ ပြောနေတဲ့စကားရပ်တွေ၊ သာဝတ္ထိမှာပြောနေတဲ့ စကား ရပ်တွေကျတော့ 'အဒ္ဓမာဂဓီ'လို့ နာမည်တွင်နေပါတယ်။ ဘုန်းကြီးတို့ ပါဠိဆိုတာက နောက်မှပေါ်လာတဲ့ ဘာသာရပ်တွေပါ။ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ အသံတို့ ဘာတို့ ခွဲခြားမှုလေးတွေ ဖြစ်ပါတယ်။ ဒီပရာကရိဆိုတာက အသံပေါ့တယ်။ ဘုန်းကြီးတို့အသံနဲ့ မတူဘူး။ ဥပမာ နမူနာတစ်ခုပြရမယ်ဆိုလို့ရှိရင် 'ဆဟိ နဂျုတ္တံ အဆမဝါသိနော ဇနတ်ဆ အကိရဆက္ကာရံ အဓိတိဝိဆေ ဆံ ဥဇ္ဈိအ ဆဇ္ဈန္တတော ဂမနံ' ဒါပရာကရိသံနဲ့၊ ပရာကရိဘာသာနဲ့။ ဒီဟာကို ဘုန်းကြီးတို့ ပါဠိနဲ့ဆိုတော့ 'သခိနယုတ္တံ အသ္မဝါသိနော ဇနဿ အကတ သက္ကာရံ အဓိတိဝိသေသံ ဥဇ္ဈိယ သဇ္ဈန္တတော ဂမနံ'လို့ အသံနည်းနည်း ပြောင်းသွားတယ်။ သူတို့က ဆဟိကို ဘုန်းကြီးတို့က သခိ၊ ဂျုတ္တံကို ယုတ္တံ၊ ဂျနတ်ဆကို ဘုန်းကြီးတို့က ဇနဿ ဒီလိုဖြစ်လာပါတယ်။ ဒီဟာကိုတစ်ခါ ဆန်ဆကရစ်ဆိုတာမျိုး ထပ်မံပြီးတော့ ပရာကရိဘာသာ ဆိုတာ အရပ်သားတွေသုံးတဲ့ ဘာသာပါ။ အရပ်သမားတွေ၊ အရပ်က မိန်းမတွေ ကလေးတွေပြောနေတဲ့ စကားဆိုလိုက်တော့ တည်မြဲမှုမရှိပါဘူး။ တစ်ခါနည်းမရှိလို့ရှိရင် ဒီပုဒ်၊ ဒီဘာသာရပ်တစ်ခုဟာ ပျက်စီးနိုင်တယ် ဆိုပြီးတော့ ရှေးဟောင်းပုဂ္ဂိုလ်တွေက ဒီဆန်ဆကရစ်ဘာသာအနေဆိုတာ အဆန်းမဟုတ်ပါဘူး။ ပရာကရိဘာသာကိုပင် သဒ္ဒါနည်းနဲ့ ပြန်ပြုပြင်ပြီး

တော့ သတ်မှတ်ထားတဲ့ သဒ္ဒါနည်းဘက် သဒ္ဒါဘောင်ဝင်အောင် လုပ်ပြီး တော့ထားတဲ့ ဘာသာရပ်ကို ဆန်ဆကရစ်ရယ်လို့ ဖြစ်ပေါ်လာတဲ့ ဘာသာ တစ်ခုပါ။ အဲဒါကြောင့် သူက နာမည်ကိုက 'ဆန်ဆကရိ'တဲ့။ ပါဠိလို ပြန်တော့ 'သခ်တ'။ နောက်မှ ပြုပြင်စီရင်ထားတဲ့ ဘာသာလို့ဆိုလို့ ရှိရင် မမှားပါဘူး။ အဲဒါကြောင့်မို့လို့ အသံမှာ ဘယ်လိုကွာနေလဲဆိုတော့ 'ဆခိနယုတ္တံ အဆမဝဆိနော ဂျုနဆယ အကရိတဆက္ကာရံ အစိတိဝိ ဆေဆံ ဥတ်ဂိုတဝါ ဆတ်ဂျန်တတောဂမန်'လို့ ဒီလို အသံလေးနည်းနည်း ပရာကရိရယ်၊ ပါဠိရယ်၊ ဆန်ဆကရိရယ်ဟာ စာလုံးမှာရော အသံမှာပါ နည်းနည်းချင်း နည်းနည်းချင်း ကွာသွားပါတယ်။

မေး။ ။တပည့်တော်တို့ ဟိန္ဒီဘာသာစကားကကော ဘယ်ကနေ ဘယ်လို ဆင်းသက်လာပါသလဲ ဘုရား။

ဖြေ။ ။ဟိန္ဒီဘာသာဆိုတာက ပထမ ခုန ဘုန်းကြီးရှင်းပြတဲ့အတိုင်း မူလကတော့ ပရာကတိတွေ၊ ပရာကတိကနေပြီးတော့ ဆန်ဆကရိ၊ သဒ္ဒါကျမ်းတွေ ပေါ်လာတော့ ဆန်ဆရိသဒ္ဒါကြီးတစ်ခု ဖြစ်ပေါ်လာရော။ အဲဒီနောက်ပိုင်း ကျမှ ဘုန်းကြီးတို့ ပိဋကတ်စာပေတွေကို မှတ်တဲ့ဘာသာကို ပါဠိဘာသာ ခေါ်ပါတယ်။ ပါဠိဘာသာဟာ သိပ်ပြီးတော့ ရှေးမကျဘူး။ ဗုဒ္ဓခေတ် ဒီဘက်ပိုင်း အသောကခေတ်နောက်ပိုင်းကျမှ ပေါ်လာတဲ့ဘာသာဖြစ်ပါ တယ်။ အိန္ဒိယတောင်ပိုင်းသုံး ဘာသာတစ်ခုပဲ။ သူက ပါဠိဘာသာဆိုပြီး တော့ သီးသန့်ဖြစ်နေပေမယ့် အိန္ဒိယပြည်ပင်မအနေနဲ့မှာကတော့ သိပ်ပြီး မတွင်ကျယ်ခဲ့ဘူး။ ဆန်ဆကရစ်ကပဲလွှမ်းနေတယ်။ ဒီဟိန္ဒီဘာသာဆိုတာ က ခုနတုန်းကဘုန်းကြီးပြောတဲ့အတိုင်း သူရသိဂီ၊ မာဂဓီ၊ အတ္တမာဂဓီ အဲဒီဘာသာရပ်တွေကနေ ပျက်ပြီးတော့ အပရဗန်းရှစ်ဆိုတာ ပေသာစိ ဆိုတဲ့ ဘာသာရပ်ရှိတယ်။ အဲဒီ ပေသာစိဆိုတဲ့ဘာသာရပ်တွေကနေ ပျက်ပြီးတော့ အပရဗန်းရှစ်၊ အပရဗန်းရှစ်ဆိုတာ ရွေ့လျောတဲ့ဘာသာလို့ ခေါ်ပါတယ်။ အဲဒီ အပရဗန်းရှစ်ကနေပြီးတော့ ဟိန္ဒီစကား ဖြစ်လာ ပါတယ်။ ဒါကြောင့် ပါဠိဘာသာတို့၊ ဆန်ဆကရစ်ဘာသာတို့ကျတဲ့ အခါကျတော့ နာမ်ပုဒ်နဲ့ ဝိဘတ်ဟာ တွဲပြီးတော့နေပါတယ်။ 'ဂါမေဝိဟ ရတိ' ဆိုလို့ရှိရင် ဂါမနာမ်ပုဒ်နဲ့ (ဋ္ဌ)လို့ပေးရတဲ့ သို့ဝိဘတ်ကို ဧ ပြုပြီး ထားတဲ့ သဝေထိုးလေးနေရာ ပေါင်းစပ်ပြီးတော့ တစ်ပုဒ်တည်းနေပါ တယ်။ ဂါမေလို့ ဟိန္ဒီဘာသာနဲ့ကျတော့ အဲဒီလို မနေပါဘူး။ 'ဂမ်းမေ့' ဂမ်းဆိုတဲ့ နာမ်ပုဒ်နဲ့ မေ့ဆိုတဲ့ ဝိဘတ်၊ တစ်ခုစီ တခြားစီ ခွဲနေပါတယ်။

ဘုန်းကြီးတို့ မြန်မာစကားမှာ 'ရှာဠ်'ဆိုတဲ့နေရာမှာ ရှာကနာမ်ပုဒ်၊ ဠ်က ဝိဘတ်ပြောင်းသလို သူတို့မှာလည်း အဲဒီလို နောက်ထပ်ဖြစ်ပေါ်လာပါတယ်။ အဲဒီလို ဟိန္ဒီဘာသာမှာ ကျတဲ့အခါကျတော့ နာမ်ပုဒ်နဲ့ ဝိဘတ် ကွဲလာတာတွေဟာ အထင်အရှား တွေ့လာရပါတယ်။

မေး။ ။တပည့်တော်နောက်ထပ်တစ်ခု လျှောက်ကြည့်ချင်တာက အသံထွက်နဲ့ ပတ်သက်ပါတယ် ဘုရား။ တပည့်တော်တို့ သီရိလင်္ကာ၊ ထိုင်း၊ အိန္ဒိယ၊ လာအိုစတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ပါဠိရွတ်ပုံဟာတပည့်တော် တို့ မြန်မာနိုင်ငံမှာ ပါဠိရွတ်ဆိုပုံနဲ့ အနည်းငယ် ကွာခြားနေတာတွေ့ရပါ တယ်။ ဥပမာအားဖြင့် 'ဗုဒ်ဓမ် ဆရဏံ ဂတ်ချာမိ၊ ဓမ်မံ ဆရဏံ ဂတ်ချာမိ၊ ဆံဃံ ဆရဏံ ဂတ်ချာမိ'လို့ အဲသလိုရွတ်ပါတယ်။ တပည့်တော် တို့ဆီကတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ အဲဒီလို ရွတ်ပါတယ် ဘုရား။ အဲဒီ အသံထွက်နည်း နှစ်နည်းနဲ့ ပတ်သက်လို့ ဆရာတော်ရှင်းလင်း အမိန့်ရှိပေးပါ ဘုရား။

ဖြေ။ ။ဒီဟာကတော့ ဘုန်းကြီးတို့အနေနဲ့တော့ ပြောရမယ်ဆိုလို့ရှိရင် ပိဋကတ် လည်းကျွမ်းကျင်၊ သက္ကတ၊ ဘာသန္တ ရတွေလည်း ကျွမ်းကျင်တဲ့ ဆရာတော် ဦးပညိန္ဒပြောသွားတဲ့အတိုင်းပဲ။ တို့ငယ်ငယ်တုန်းက ထွက်လာတဲ့ အသံ တွေဟာ အသံမှန်တွေ၊ မိဘတွေက အတင်းရိုက်နှက်လုပ်တာနဲ့ အမှားတွေ ဖြစ်ကုန်တယ်ဆိုတဲ့ အတိုင်းပဲ။ ဘုန်းကြီးတို့တော့ဒီလိုပဲသုံးသပ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရာကတိဆိုတဲ့ ပကတိအသံကို ပဂတိလို့ သုံးထားတော့ ကလေးတွေသုံးတဲ့စကားကို နားထောင်ကြည့်ရမယ်ဆိုရင် ကလေးပေါက်စများဟာ ကဂျားတယ်တို့၊ မကဂျားဘူး၊ မခြားချင်သေး ဘူး၊ ထမန်းမခြားသေးဘူး၊ ဒီလိုစကားတွေ ထောက်တယ်ဆိုရင် ကျချ အသံဟာ မူလအသံတွေ ဖြစ်နေပါတယ်။ ဘုန်းကြီးတို့က အဲဒီ အသံ တွေကို အခုကြီးခါမှ ပြုပြင်လိုက်တဲ့အတွက် အသံတစ်မျိုးပြောင်းသွားပါ တယ်။ ကလေးတွေပြောတဲ့အတိုင်း ထောက်ထားမယ်ဆိုလို့ရှိရင် ထိုင်းတို့၊ သီဟိုဠ်တို့၊ အိန္ဒိယတို့သုံးနေတဲ့ အသံတွေဟာ ပင်မသံတွေလို့ ဘုန်းကြီး အနေနဲ့ ယူဆပါတယ်။

တင်ပါ့ဘုရား။ အခုလို ရှင်းလင်းမိန့်ကြားတဲ့အတွက် အထူးပဲ ကျေးဇူးတင် ပါတယ် ဘုရား။



ဆရာတော် ဦးတိလောက

## မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း
## သီရိပဝရ ဓမ္မာစရိယ ဆရာတော် ဦးတိလောက

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ ကျောက်တန်းကျေးရွာ၊ အဘ ဦးဘအို၊ အမိ ဒေါ်သိန်းခင်တို့မှ ၁၂၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်၊ စနေနေ့တွင် ဖွားမြင်ပါသည်။ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလတွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ နွားထိုးကြီးမြို့နယ်၊ ဖောင်နန်းရွာ၊ အလယ်တိုက်ကျောင်း ဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၇ ခုနှစ်၊ တပို့တွဲလဆုတ် ၆ ရက်နေ့တွင် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်၊ မန်ကျည်းကုန်းကျေးရွာ ဦးညိုတင်၊ ဒေါ်ငွေးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျောက်တန်းရွာ၊ တောင်ကျောင်း ခဏ္ဍာသိမ်၌ ကျောက်တန်းရွာ၊ ကံကျောင်းဆရာတော်ဘုရားကြီး ဦးခေမာကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်ကို ရောက်ရှိတော်မူခဲ့သည်။ ဘွဲ့တော်မှာ ဘဒ္ဒန္တ တိလောက ဖြစ်သည်။

ဆရာတော်သည် နွားထိုးကြီးမြို့နယ်၊ ဖောင်နန်းကျေးရွာ၊ အလယ်တိုက် ဆရာတော် ဦးပဏ္ဍိတ၊ နွားထိုးကြီးမြို့နယ်၊ သဲတောကံရွာ၊ အရှေ့ကျောင်း ဆရာတော် ဦးယသထံတွင်လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး သမ္ဗုကာရာမ ဆရာတော်၊ ဆရာတော်ဦးသိရိဓမ္မ၊ အသိ သုဒ္ဓါရုံဆရာတော်၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်းဆရာတော် ဦးပဏ္ဍိတ၏ အရိပ်ကိုခိုလှုံ၍ စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူတော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၂၄ ခုနှစ်မှစ၍ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် အဖြစ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းသံဃာ့နာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင် အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ် အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်တော်မူလျက်ရှိပြီး မြင်းခြံမြို့ သဒ္ဓမ္မပါလအသင်း ဩဝါဒစရိယအဖြစ်ဖြင့်လည်းကောင်း၊ အစိုးရစာမေးပွဲ ဥက္ကဋ္ဌ အဖြစ်ဖြင့်လည်းကောင်း၊ အတွင်းရေးမှူး အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သံတော်ဆင့်ကျောင်းတွင် စာချ၊ ပါဠိတက္ကသိုလ်၌ ကထိကအဖြစ်ဖြင့် ၁၃၁၅ ခုနှစ်မှစ၍ ယနေ့ထိတိုင်အောင် အတန်းစုံ၊ စာဝါစုံ သင်ကြားပို့ချတော်မူခြင်း စသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိပါသည်။ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ၊ သာသနာ့ဓဇ ဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူဘွဲ့ကို ရရှိ အောင်မြင်တော်မူခဲ့ပါသည်။

## မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း
## သိရိပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ ဆရာတော်ဦးတိလောက
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံကို ကျွန်တော် ခေတ္တပြန်လည်ရောက်ရှိစဉ် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း ဓမ္မာစရိယ ပါဠိပါရဂူ ဆရာတော်ဦးတိလောကနှင့် တွေ့ဆုံလျှောက်ထား မေးမြန်းခွင့် ရရှိခဲ့ရာမှ ကျွန်တော်က အခုလို စတင်လျှောက်ထား မေးမြန်းခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ ပါဠိပါရဂူနှင့် ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်များကို ဘယ်တုန်းက ရရှိခဲ့ပါသလဲဘုရား။

ဖြေ။ ။ဆရာတော် ဓမ္မာစရိယစာမေးပွဲကတော့ ၁၃၁၅ ခု၊ တပေါင်းလမှာ ကျင်းပခဲ့တဲ့ အစိုးရစာမေးပွဲမှာ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့ပါတယ်။ ပါဠိပါရဂူကတော့ ၁၃၂၆ ခုနှစ်မှာ ပါဠိပါရဂူစာမေးပွဲကို အောင်မြင်ခဲ့ပါတယ်။ အစိုးရဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင် ခုနစ်ခုရှိတဲ့ထဲက အားလုံး ၁၀ ကျမ်း ဘုန်းကြီး အောင်မြင်ခဲ့ပြီးဖြစ်ပါတယ်။

မေး။ ။တပည့်တော်တို့ အဲဒီလို အောင်မြင်ပြီးတဲ့နောက် ပရိယတ္တိလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဆရာတော် ဘာတွေ ဆောင်ရွက်နေတယ်ဆိုတာ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဆရာတော်က အဲဒီစာမေးပွဲတွေ အောင်မြင်ပြီးသည့်နောက်မှာ တပည့်တပန်းတွေ မွေးမြူပြီးတော့ကို စာတွေပို့ချခဲ့ပါတယ်။ ယခုတိုင်အောင် ပို့ချလျက်ရှိပါတယ်။ ဆရာတော်လည်းပဲ ဆက်လက်ပြီးတော့ ပရိယတ္တိ သာသနာကို အားထုတ်ဆဲဖြစ်ပါတယ်။

မေး။ ။ဆရာတော် တပည့်လက်သားတွေထဲက ထူးချွန်တဲ့ ပုဂ္ဂိုလ်အချို့ ဘယ်လို ဘယ်လို ရှိတယ်ဆိုတာ အနည်းငယ်မျှ မိန့်ကြားတော်မူပါ ဘုရား။

ဖြေ။ ။ဆရာတော်ရဲ့ တပည့်တပန်းတွေထဲမှာ အစိုးရဓမ္မာစရိယက ၁၇ ပါး လောက် အောင်မြင်ပြီးတော့ကို ပရိယတ္တိသကျသီဟက ခုနစ်ပါးအောင်ခဲ့ ပါတယ်။ အဲဒီထဲက ထူးထူးချွန်ချွန်အားဖြင့် အခု ပဥ္စမမြောက် ယော ဆရာတော် တိပိဋကဟာ ဘုန်းကြီးရဲ့တပည့် ဖြစ်ခဲ့ပါတယ်။

မေး။ ။တပည့်တော်တို့ ဒါဖြင့် ဆရာတော် စာမေးပွဲတွေ ဘာတွေမှာလဲ ကြီးကြပ်ရတယ်လို့ တပည့်တော်တို့ သိရပါတယ်။ ဘာတွေ ဆောင်ရွက် ရပါသလဲ ဘုရား။

ဖြေ။ ။ဆရာတော်ကတော့ အစိုးရစာမေးတွေကိုလည်းပဲ ဓမ္မာစရိယတန်းတွေ အကုန်လုံး ကြီးကြပ်ရပါတယ်။ မြင်းခြံပရိယတ္တိ သဒ္ဓမ္မပါလအသင်းမှာ လည်းပဲ ဘုန်းကြီးကကြီးကြပ်ပြီးတော့ ဆောင်ရွက်ရပါတယ်။ တိုက်တာ စာမေးပွဲတွေမှာလည်းဘုန်းကြီးကကြီးကြပ်ပြီးတော့ဆောင်ရွက်ခဲ့ရပါတယ်။

မေး။ ။အဲဒီတော့ တပည့်တော်တို့ ဒီပရိယတ္တိလုပ်ငန်းမှာပေါ့ ဘုရား။ စာမေးပွဲ တွေ လုပ်ခြင်းနဲ့ပတ်သက်ပြီးတော့ အကျိုးအပြစ်များကို ဆရာတော် မြင်သလောက် အမိန့်ရှိပေးပါဦး ဘုရား။

ဖြေ၊ ။စာမေးပွဲတွေလုပ်ခြင်းအားဖြင့် ယခုကာလ ဂုဏ်ထူး ဘွဲ့ထူးရှိတဲ့ပုဂ္ဂိုလ် တွေဟာ ဂုဏ်ထူးဘွဲ့ထူးရှိမှ အလုပ်လုပ်လို့ဖြစ်နိုင်သလို ဒါကြောင့်မို့လို့ စာမေးပွဲတွေဟာ သူ့အတန်းနဲ့ သူ့အတန်းနဲ့ သူ့အရွယ်နဲ့ သူ့အရွယ်နဲ့ ဂုဏ်ထူးလေး ဘာလေးတွေရမှ အလုပ်လုပ်လို့ဖြစ်ပါတယ်။ ဒါကြောင့် ပထမ ရှေးဦးစွာ ဒီကိုယ်တော်လေးတွေသည် သူ့အရွယ်နဲ့သူ သူ့အတန်းနဲ့ သူ ဂုဏ်ထူးရအောင်လုပ်ဖို့ လိုအပ်ပါတယ်။ အဲဒီ ဂုဏ်ထူးတွေရပြီးတဲ့ နောက် ဒီစာမေးပွဲအောင်ပြီးတဲ့နောက် ဒီစာမေးပွဲနဲ့ ရပ်ဆိုင်းထားလို့တော့ မဖြစ်ပါဘူး။ မြတ်စွာဘုရားသခင် ဟောတော်မူတဲ့ ပါဠိတော်တွေနှင့်တကွ အကုန်လုံးအောင်ပြီးသား စာမေးပွဲတွေကို ကြေညက်စွာနဲ့ လေ့လာပြီး သကာလ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့လည်း လိုအပ်ပါတယ်။ အဲဒါ ကြောင့်မို့လို့ ပရိယတ္တိလုပ်ငန်းကြီးသည် တကယ် မူလဘူတဖြစ်ပြီးတော့ကို ပဋိပတ်ကိုဦးတည်သွားတာဖြစ်လို့ ဘုန်းကြီးဘက်ကတော့ ဒီလိုဟာတွေ အလွန်မတန်မှ ကျေးဇူးများတယ်လို့ မြင်ပါတယ်။

မေး။ ။တပည့်တော်တို့ တောင်သာ သမုတိဂိုဏ်းချုပ် ရေလည်ဆရာတော်ဘုရားကြီး အသက် ၉၆ နှစ်မှာ ပျံလွန်တော်မူသွားပါတယ်ဘုရား။ ဆရာတော်ဘုရားကြီးက တပည့်တော်တို့နဲ့တွေ့တဲ့အခါ အမိန့်ရှိပါတယ်။ အသက်ကြီးလာ ကြီးလာလေ။ စာတွေဖတ်လို့ ပိုမို ကောင်းကောင်းလာလေ၊ ဘုရားကို ပိုပိုပြီး ကြည်ညိုလာလေလို့ အမိန့်ရှိဖူးပါတယ် ဘုရား။ အဲဒါနဲ့ပတ်သက်လို့ ဆရာတော်ရဲ့ အမြင်လေးလည်း တပည့်တော် သိပါရစေဘုရား။

ဖြေ။ ။အဲ၊ ဒကာပြောတဲ့အတိုင်း အင်မတန်မှ မှန်ကန်ပါတယ်။ ဘုန်းကြီးလည်းပဲ ယခု အသက် ၆၀ ကျော်ပြီးတဲ့နောက်မှာ စာပေတွေကိုဖတ်လို့ အားမရနိုင်အောင် ဖြစ်ပါတယ်။ အထူးအားဖြင့် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တွေကို ပါဠိတော်တွေကို လေ့လာရင်း လေ့လာရင်း ဖတ်ရင်း ဖတ်ရင်းနဲ့ ဗုဒ္ဓကို အင်မတန်မှ ကြည်ညိုပြီးတော့ နှစ်သက်ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြည်ညိုနေပါတယ်။

မေး။ ။တပည့်တော်တို့ သိရသလောက်က ပရိယတ္တိပုဂ္ဂိုလ်များဟာ ပဋိပတ္တိလုပ်ငန်းကျတော့ လုံးဝမပါဘဲဖြစ်နေတာမျိုး၊ တပည့်တော်တို့ တွေ့ရပါတယ် ဘုရား။ တပည့်တို့ လူဝတ်ကြောင်ကနေ သင်္ကန်းဝတ်အဖြစ် ပြောင်းလွဲတဲ့အခါမှာ 'သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ' ဆိုတဲ့ ဒီတပည့်တော်တို့ သင်္ကန်းတောင်းအတိုင်းပဲ သင်္ကန်းဝတ်တယ်ဆိုတာ နိဗ္ဗာန်မဂ်ဖိုလ် မျက်မှောက်ပြုရာပြုကြောင်းဟာ အဓိကအဖြစ် ပါဝင်တော့ကို ပဋိပတ္တိလုပ်ငန်းဟာ ပစ်ထားလို့မရတဲ့ လုပ်ငန်းလို့ တပည့်တော်သိပါတယ် ဘုရား။ ပရိယတ္တိနဲ့ ပဋိပတ္တိကို ဆရာတော် အနည်းငယ်မျှအမိန့်ရှိပါ ဘုရား။

ဖြေ။ ။ပရိယတ်သင်ပြီးတဲ့နောက် မိမိတတ်ခဲ့တဲ့ ပရိယတ်တွေကို တပည့်တပန်းတွေကို ပို့ချရင်း ပို့ချရင်းနဲ့ ဒီတရားရဲ့အရသာတွေ သိပြီးတော့ ပရိယတ်ပို့ချနေတဲ့ ဆရာတော်များဟာ ညပိုင်း ညပိုင်း အချိန်ပိုင်း အချိန်ပိုင်းမှာ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့ကာ ပရိယတ်နဲ့ပဋိပတ်တွဲပြီးတော့ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေလို့ပဲ ဘုန်းကြီးက မြင်ပါတယ်။ ဘုန်းကြီးတိုင်း ဘုန်းကြီးတိုင်းမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြတယ်။ မေတ္တာဘာဝနာလည်း ပွားများကြတယ်။ အဲဒါကြောင့်မို့လို့ ညညမှာ သန်းခေါင်ကျော်အထိ အားထုတ်ကြတယ်။ မနက်ခင်း စောစောထပြီးသကာလကျတော့ကို

မေတ္တာပွားကြတယ်။ အဲဒါကြောင့်မို့လို့ ပရိယတ်ကိုအားထုတ်နေတဲ့ ပုဂ္ဂိုလ်များသည် ပဋိပတ်ကိုလျစ်လျူရှုပြီးတော့ မထားဘဲနဲ့ ပဋိပတ်နဲ့တွဲပြီးတော့ ဒွန်တွဲလုပ်နေတာကို ဘုန်းကြီးတွေ့မြင်ရပါတယ်။

မေး။ ။ဒီတော့ တပည့်တော်တို့ ပရိယတ်လုပ်ရင်း ပဋိပတ်ကိုလက်မလွှတ်ဘဲ လုပ်သင့်တယ်လို့ ဆရာတော်မြင်တာပေါ့။


ဖြေ။ ။ဟုတ်ပါတယ်။ အဲဒီအတိုင်းမြင်ပါတယ်။ အဲဒီလိုလုပ်မှလည်းပဲ အကျိုးရှိပါတယ်။ အကျိုးအားနိသင် ထက်မြက်ပါတယ်။

မေး။ ။ပဋိပတ္တိလုပ်ငန်းအတွက် ပရိယတ္တိအရေးကြီးပုံကိုလည်း အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။ပဋိပတ္တိအတွက် ပရိယတ်အရေးကြီးပုံကတော့ဖြင့်ရင် ဗုဒ္ဓဟောထားတာတွေကို ပရိယတ်မပါဘဲနဲ့ ပိုင်ပိုင်နိုင်နိုင်သိဖို့ အင်မတန် ခဲယဉ်းပါတယ်။ ဒါကြောင့် ပဋိယတ်ကိုသင်ပြီးတဲ့နောက် ကမ္မဋ္ဌာန်းနည်းတွေပေးတဲ့နေရာမှာ ဒါဟာ ဒီလို ဒီလိုပဲဆိုတဲ့ပြီးတော့ ဗုဒ္ဓဟောသည့်အတိုင်း ပရိယတ်မသင်လို့ရှိရင်လဲ ဌာန်ကရိုဏ်းမကျဘဲနဲ့၊ နည်းလမ်းမကျဘဲနဲ့ လမ်းတွေလွဲသွားနိုင်ပါတယ်။ ဒါကြောင့် ပရိယတ်ကို ရှေးဦးစွာသင်ပြီးတော့ ပရိယတ်ညွှန်ပြသည့်အတိုင်း ပဋိပတ်ကတော့ ကျင့်ကြံကြိုးကုတ်အားထုတ်ရမှာ ဖြစ်ပါတယ်။

တင်ပါ့ဘုရား။ တပည့်တော်တို့ အခုလို တွေ့ဆုံလျှောက်ထား မေးမြန်းခွင့်ရတဲ့အတွက် ဆရာတော်ကို အထူးကျေးဇူးတင် သာဓုခေါ်မိကြောင်းပါ ဘုရား။

သာဓု၊ သာဓု၊ သာဓု။



အရှင် သီရိန္ဒာဘိဝံသ

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

## အရှင်သီရိန္ဒာဘိဝံသ

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လက်ပံရွာဒွိ အဘ ဦးရဲနိုင်၊ အမိ ဒေါ်တုတ်ခိုင်တို့မှ ၁၃၀၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ သောကြာနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်သာမောင် ဖြစ်သည်။ ၁၈ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်သီရိန္ဒ ဖြစ်သည်။ ၁၃၂၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ စနေနေ့တွင် ကန်တောရကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၁၃၂၄ ခုနှစ်တွင် မန္တလေးမြို့ မဟာဝိသုတာရုံတိုက်နှင့် ၁၃၂၉ ခုနှစ်တွင် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများကို သင်ယူ၍ စာမေးပွဲအောင်ပန်း အဆင့်ဆင့်ကို ရရှိခဲ့သည်။ ၁၃၄၆ ခုနှစ်တွင် ကျင်းပသော တိပိဋကရွေးချယ်ရေး စာမေးပွဲတွင် ပဉ္စမမြောက် တိပိဋကဓရ ဘွဲ့တော်ကို အောင်မြင်ရရှိတော်မူခဲ့သည်။ ဆရာတော်သည် တရားဟောခြင်း၊ စာရေးခြင်းကို နှစ်ခြိုက်တော်မူသည်။ ကျမ်းစာရေးခြင်း၊ တရားဟောခြင်းဖြင့် သာသနာတော်ကို ပြုစုစောင့်ရှောက်၍ သာသနာပြုလျက်ရှိသည်။

ဆရာတော်သည် ယခုအခါ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်တွင် ပဓာနနာယကဆရာတော်အဖြစ် သီတင်းသုံး၍ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
## **အရှင်သီရိန္ဒာဘိဝံသ**
## နှင့်
## **တွေ့ဆုံလျှောက်ထား မေးမြန်းခန်း**

ဆရာတော်ဦးသီရိန္ဒကို တွေ့ဆုံလျှောက်ထားခြင်း မပြုမီက သိကျွမ်းခြင်း မရှိသော်လည်းဆရာတော် ဦးသီရိန္ဒ၏ ဆရာတစ်ပါးဖြစ်သော မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ဆရာတော်ကိုမူ ရှေးကပင် သိကျွမ်းခဲ့ပါသည်။ သိကျွမ်းရခြင်းမှာ ကျွန်တော် မြင်းခြံမြို့တွင် နေထိုင်စဉ်က ပရိယတ္တိသဒ္ဓမ္မပါလအသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ဖူးရာ စာမေးပွဲကျင်းပချိန်တိုင်း ပုစ္ဆကဆရာတော်ဖြစ်သော ဦးတိလောက မန္တလေးမှကြွလာလျှင် ဖခင်ဦးနိုးက ဆရာတော်အား ပင့်ဖိတ်ဆွမ်းကပ်မြဲဖြစ်သောကြောင့် ဖြစ်ပါသည်။ ဆရာတော်ဦးသီရိန္ဒကို တွေ့ဆုံလျှောက်ထားမည့် ၁၉၈၇ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဆရာတော်ဦးတိလောကလည်း ဆရာတော် ဦးသီရိန္ဒသီတင်းသုံးရာ ရန်ကုန်မြို့ ဗဟန်းမဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ရောက်ရှိနေခိုက်ဖြစ်၍ အလွန် အဆင်ပြေပါသည်။ မိတ်ဆွေကြီး ဦးအုန်းရွှေနှင့် ရောက်ရှိသွားချိန်တွင် ဆရာတော်နှစ်ပါးလုံးကို ဖူးတွေ့ရပါသည်။ စာချ၊ စာသင်ချိန် ဖြစ်နေ၍ တိတ်ဆိတ်သော ကျောင်းတစ်ကျောင်းကိုရှာကာ တံခါး ပေါက်များ အားလုံးပိတ်ပြီး လျှောက်ထားမေးမြန်းခန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မေး။ ။ဆရာတော်ဘုရား၊ ဘယ်ဇာတိပါလဲ ဘုရား။

ဖြေ။ ။မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လက်ပံရွာဇာတိ ဖြစ်ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ သက်တော်ဘယ်လောက်ရှိပါပြီလဲ ဘုရား။

ဖြေ။ ။ယခု ၄၅ နှစ်အတွင်း ရောက်နေပါပြီ။ တပေါင်းလဆိုရင် ၄၅ နှစ် ပြည့်ပါတော့မယ်။

မေး။ ။ဆရာတော်ဘုရား၊ ဘယ်ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ဘယ်မှာ ရဟန်းဘောင်သို့ တက်ခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ မကွေးတိုင်း ဂန့်ဂေါမြို့နယ်၊ ကံရွာတောရကျောင်းတိုက် ခဏ္ဍာသိမ်အတွင်းမှာ ကံတောရကျောင်းတိုက်၊ တတိယဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြုပြီးတော့ ရဟန်းအဖြစ်ကို ရောက်ရှိခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ ဘယ်ကျောင်းတိုက်၊ ဘယ်ဆရာတော်များထံမှာ ပညာသင်ကြားခဲ့တယ်ဆိုတာ တပည့်တော်များကို အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ ပထမဦးဆုံးကတော့ ဂန့်ဂေါမြို့နယ်၊ လက်ပံရွာဆရာတော် ဦးတိသ ထံမှာ ပညာသင်ကြားခဲ့ပါတယ်။ ပြီးတော့ နောက် လောကီပညာ ခုနစ်တန်းအထိသင်ကြားခဲ့ပြီး ၁၈ နှစ်သားအရွယ်မှာ ဂန့်ဂေါမြို့နယ်၊ ကံတောရကျောင်းတိုက်အတွင်းမှာ ဆရာတော်ဦးဝိသုဒ္ဓ၊ ဆရာတော် ဦးကေလာသ၊ ဆရာတော် ဦးသာကိန္ဒ၊ ဆရာတော်ဦးနန္ဒိမာ စသော ဆရာတော်များထံမှာ ပညာများကိုသင်ယူပြီးတဲ့နောက် ရဟန်းဖြစ်ပြီးတဲ့ အခါ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ဆရာတော် ဦးတိလောကနှင့် အောင်မြေသာစည်ကျောင်း ဆရာတော် ဦးပဏ္ဍဝံသ အပါအဝင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် စာချဆရာတော်ဘုရားများ၊ မန္တလေးမြို့ တောင်ပြင် ထီးလင်းတိုက်ဆရာတော် ဦးဝဓိရဇ္ဇဒ္ဓိ၊ အဲဒီ ဆရာတော်ဘုရားများထံမှာ ပညာသင်ကြားပြီး ရန်ကုန်မြို့ကိုရောက်လာတဲ့ အခါမှာ ရန်ကုန်မြို့၊ ဗဟန်းဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနဆရာတော် ဦးဝါသဝါဘိဝံသထံမှာ ပညာသင်ကြားခဲ့ပါတယ်။ အဲဒီ ရန်ကုန်မြို့မှာပဲ အလယ်တောရဆရာတော် ဦးသူရိယာဘိဝံသထံမှာလည်း ပညာသင်ကြား ခဲ့ပါတယ်။ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စာချဆရာတော် ဦးသီလာစာရာဘိဝံသထံမှာလည်း ပညာသင်ကြားခဲ့ပါတယ်။ ဩဝါဒ အနေနဲ့ကတော့ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးများ၊ တန်ဖိုးရှိတဲ့ ဆရာတော်ဘုရားများကနေပြီးတော့ မတိမ်းမချွတ်ရအောင် အမြဲတမ်း သတိပေးဆုံးမပြီးတော့ နေခဲ့တဲ့အတွက် ဘုန်းကြီးဘဝတွင် ပညာရေးမှာ ဖြောင့်တန်းပြီးတော့ လာခဲ့ပါတယ်။

မေး။ ။ဆရာတော် တိပိဋကဓရ စာမေးပွဲကို ဘယ်နှစ်ခုနှစ်က အောင်ခဲ့ပါသလဲ ဘုရား။

ဖြေ။ ။၁၃၃၂ ခုနှစ်မှာ ဝိနည်းငါးကျမ်းကို စတင် အောင်မြင်ခဲ့ပြီးနောက် တိပိဋကရေဘွဲ့ရတာကတော့ ၁၃၄၆ ခုနှစ်မှာ တိပိဋကရေဘွဲ့ကို အပြီးအပိုင် အောင်မြင်ရရှိခဲ့ပါတယ်။

မေး။ ။ဆရာတော် အဲလို တိပိဋကစာမေးပွဲဖြေဆိုတဲ့နေရာမှာ တွေ့ကြုံရတဲ့ အတွေ့အကြုံလေးတွေပေါ့ ဘုရား။ အဲဒါ တပည့်တော်တို့ သိပါရစေ။ ဘယ်လိုလေ့လာရတယ်၊ ဘယ်လိုလွယ်ကူတယ်၊ ဘယ်လိုခက်ခဲတယ် စသည်အားဖြင့်ပေါ့ ဘုရား။

ဖြေ။ ။ဘုန်းကြီးအနေနဲ့ကတော့ မြတ်စွာဘုရားဒေသနာတော် စကားတွေကို အာရုံပြုတဲ့ကာလမှာ အမြဲတမ်း စိတ်ပါ လက်ပါစိတ်ဝင်စားပြီးတော့မှ လေ့လာခဲ့ပါတယ်။ နှုတ်တိုက် အာပုကျက်ခြင်းကို သိပ်ပြီးတော့ အသုံး မပြုဘဲနဲ့ စိတ်ဖြင့်ရှုးစိုက်မှုကိုသာ ဦးစားပေးခဲ့ပါတယ်။ အထူးအားဖြင့် စာကျက်တဲ့ အခါကာလမှာ အသံထုတ်ပြီးတော့ ဘယ်တော့မှ မကျက်ခဲ့ ပါဘူး။ စိတ်ဖြင့်သာ မှတ်ပြီးတော့ ကျက်ခဲ့ပါတယ်။ စိတ်ဖြင့်မှတ်လို့ မနိုင်တဲ့အခါမှသာ လက်နဲ့အကူအညီယူပြီးတော့ တရားများ မှတ်သလို အဲသလို မှတ်ပြီးတော့ ကျက်ခဲ့ပါတယ်။ နှုတ်ပူ၊ အာပူတိုက်ခြင်းကို ငယ်စဉ်ကစပြီးတော့ မလုပ်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ စာကို ပင်ပင်ပန်းပန်း ရယ်လို့ မကျက်ခဲ့ရပါဘူး။ သဘောတရားပိုင်းဆိုင်ရာကိုသာ မှတ်ကာဖြင့် သဘောအဖြစ်နဲ့ မှတ်ပြီးတော့ စာပြန်တဲ့အခါမှာလည်း စိတ်ထဲမှာ စီပြီး တော့ တရားများမှတ်သလို မှတ်ပြီးတော့မှ ပြန်ခဲ့ပါတယ်။ အဲဒီလိုလုပ်တာ ဟာ သမာဓိကို အလွန်တရာမှ ကျေးဇူးများပြီးတော့ ဉာဏ်ပွင့်တာကို တွေ့ရပါတယ်။

ကျန်းမာရေးကိုလည်း ဘာမှ မထိခိုက်စေဘဲနဲ့ အလွန်တရာ သက်သာတဲ့ နည်းလည်းဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ စာပေ များကို လေ့လာတဲ့အခါမှာ နှုတ်ပူတိုက်ခြင်း၊ အကြမ်းခံခြင်း၊ အပင်ပန်းခံ ခြင်းများကို အသုံးမပြုဘဲနဲ့ သမာဓိ၊ ပညာနဲ့ပဲ သိမ်သိမ်မွေ့မွေ့ အဲဒီနည်းကို သုံးပြီးတော့ အေးအေးဆေးဆေးပဲ ကျက်မှတ်ခဲ့ပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဒီဥစ္စာဟာ တပည့်တော်တို့ အင်မတန်မှ အံ့သြစရာ ကောင်းတဲ့ အတွေ့အကြုံပါပဲ။ ဘာကြောင့်လဲဆို တိပိဋကစာမေးပွဲဟာ တပည့်တော်တို့သိသလောက် နှုတ်တက်အာဂုံနဲ့ပြန်ဆိုရတယ်၊ ဆရာတော်

အနေနဲ့ နှုတ်တက်အာဂုံ အသံထုတ်မကျက်ဘဲနဲ့ အသံမထွက်ဘဲနဲ့ ကျက်ပြီးတော့ အသံထုတ်ပြီးပြန်ဆိုရတဲ့အခါများမှာ အခက်အခဲများ တွေ့ရပါသလား ဘုရား။

ဖြေ။ ။ဘာမှ အခက်အခဲမတွေ့ရပါဘူး။ မိမိရဲ့စိတ်က စူးစိုက်ပြီးတော့ မှတ်သွားတာဆိုတော့ စိတ်ထဲမှာ စိကာပတ်ကုံး စီစဉ်ပြီးတဲ့အတိုင်း နှုတ်က ရွတ်သွားတာပါပဲ။ အထူးအားဖြင့်တော့ သမာဓိလိုတယ်ပေါ့။ စိတ်လွတ်သွားရင် သမာဓိလွတ်သွားတယ်။ စိတ်ဟာ လွတ်သွားရင်တော့ဖြင့် စာဟာလည်း လွတ်သွားတတ်တယ်ပေါ့။ အခုတော့ သမာဓိကို ဦးစားပေးပြီး လုပ်ရတာဆိုတော့ စိတ်မှာသွားပြီး စွမ်းရည်ထက်မြက်ပြီးတော့ သမာဓိမှာ ပိုအားကောင်းလာတာကို တွေ့ရပါတယ်။

မေး။ ။တင်ပါ့ဘုရား။ တပည့်တော်တို့ ယခု ဆရာတော် သီတင်းသုံးနေတဲ့ ကျောင်းတိုက်မှာကော ပရိယတ္တိလုပ်ငန်းကို ဘယ်လိုဆောင်ရွက်နေပါသလဲ ဘုရား။

ဖြေ။ ။ယခုအခါမှာတော့ ကျောင်းတိုက်မှာ ပဓာနနာယကဆရာတော် အရှင်ကောဏ္ဍညနဲ့ တွဲဖက်ပြီးတော့ ကျောင်းတိုက်မှာ အုပ်ချုပ်ရေး ပညာရေးများကို တာဝန်ယူပြီးတော့ ဆောင်ရွက်နေပါတယ်။ နေ့စဉ် နေ့စဉ်လည်းပဲ ဓမ္မာစရိယ အဆင့်မြင့်တန်းများအတွက် တစ်နေ့လျှင်အနည်းဆုံး စာဝါနှစ်ဝါစီ ချပြီးတော့ နေပါတယ်။ ပြီးတော့လည်း ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့အားလည်း အခွင့်အားလျော်စွာ တရားများကိုဟောပြောပြီးတော့လည်း နေပါတယ်။ ပြီးတော့လည်း မိမိလက်လှမ်းမီရာ ရဟန်းရှင်လူများအတွက် ကျေးဇူးများလောက်တဲ့ စာပေများကိုလည်း ရေးသားပြုစုဖို့ရန်အတွက် ကြိုးစားနေပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ ပရိယတ္တိ သာသနာတော်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရင်း၊ ဆောင်ရွက်ဆဲဖြစ်ရင်းမှာ ပဋိပတ္တိလုပ်ငန်းနဲ့ ပတ်သက်လို့ကော ဆရာတော်ရဲ့ ခံယူချက် အခြေအနေတို့ကို သိပါရစေဘုရား။

ဖြေ။ ။ပရိယတ္တိလုပ်ငန်းကလည်း မိမိစာကျက်စဉ်ကလည်း သမာဓိကို အထိုက်အလျောက်မွေးပြီး ထူထောင်ခဲ့တာဆိုတော့ အခုလည်း စာချရင်း၊ စာကျက်ရင်း၊ စာမှတ်ရင်း တရားဟောပြောရင်းနဲ့ပဲ တရားကို အဲဒီလိုပဲ ရှုမှတ်ရင်းနဲ့ပဲ သွားနေပါတယ်။ အထူးအားဖြင့်တော့ အာနာပါနနုဿတိဘာဝနာ၊

မေတ္တာဘာဝနာ၊ ဣရိယာပုတ်တိုင်း၊ လုပ်ငန်းတိုင်း၊ လုပ်ငန်းတိုင်းမှာ သုံးသပ်တဲ့ သတိပဋ္ဌာန်သမ္မဇဉ်အလုပ်ကိုတော့ ဒီလိုပဲရသလောက်ကြိုးစားပြီးတော့ ပြုလုပ်နေပါတယ်။

မေး။ ။တပည့်တော်တို့ အိမ်ရာတည်ထောင် လူတို့ဘောင်မှာနေတဲ့ ဒကာ ဒကာမတွေအတွက် ပဋိပတ္တိကို ဘယ်လိုများလုပ်ရင် ကောင်းပါမလဲ ဘုရား။

ဖြေ။ ။ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေအတွက်လည်း ဒီလိုပဲ သူတို့အတွက် ရသမျှအချိန်များကို ယူပြီးတော့မှ ဟောပြောသွန်သင်သွားရမှာပေါ့။ သူတို့ရဲ့ စားဝတ်နေရေး၊ လူမှုရေးတွေ၊ လုပ်ငန်းတွေကြားမှာပဲ မြတ်စွာဘုရားရဲ့တရားက လွယ်လွယ်ကူကူလေးနဲ့ ညွှန်ပြပေးနိုင်ပါတယ်။ သတိသမ္မဇဉ်ဆိုတဲ့တရားကို လောကစကားနဲ့ပြောရရင် စိတ်ထိန်းကိရိယာ ခေါ်တာပေါ့။ နေ့စဉ် နေ့စဉ်လုပ်နေတဲ့ လုပ်ငန်းတွေထဲမှာ မြတ်စွာဘုရားရဲ့ ဒေသနာနည်းကတော့ အဲဒီ လုပ်ငန်းတွေထဲမှာ သတိသမ္မဇဉ် စိတ်ထိန်းကိရိယာ လုပ်ငန်းစဉ်လေးကို ထည့်လိုက်မယ်ဆိုလို့ရှိရင် ဒကာ ဒကာမများရဲ့ တရားအလုပ်ဆိုတာ အချိန်ထူးပြီးတော့ မပေးရဘဲနဲ့ နေ့စဉ်နေ့စဉ် လုပ်နေတဲ့အထဲမှာ ရအောင်ယူနိုင်တာမို့လို့ ဦးပဥ္စင်းအနေနဲ့လည်း ဒကာ ဒကာမတွေကို အားမငယ်ဖို့၊ မိမိတို့ နေ့စဉ် လုပ်နေတဲ့ထဲကပဲ တရားအင်အားတွေ ပေါ်ပေါက်လာအောင် သတိသမ္မဇဉ်လေးတွေကိုသွင်းပြီးတော့မှ အလုပ်လုပ်ကြဖို့ အမြဲတမ်းညွှန်ပြပါတယ်။

ရိပ်သာကိုသွားပြီးတော့ အချိန်များများယူပြီး အားထုတ်နိုင်ကြရင်လည်း ကောင်းပါတယ်။ ရိပ်သာမှာရှိနေကြတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘုရားများရဲ့ သင်ပြမှုကိုယူပြီးတော့မှ အချိန်များများယူပြီးမှ အားထုတ်နိုင်ကြရင်လည်း ကောင်းပါတယ်။ သို့သော် အဲဒီထိအောင်မသွားနိုင်ကြသေးဘူးဆိုလို့ရှိရင်လည်း အားမငယ်ကြပါနဲ့လို့။ မိမိတို့ နေ့စဉ် နေ့စဉ် လုပ်နေကြတဲ့ လုပ်ငန်းတွေသည်ပင်လျှင် စိတ်ကလေးကိုပြောင်းပေးလိုက်တဲ့အခါမှာ သတိလေး ဉာဏ်လေးကို ထည့်ပေးလိုက်တဲ့အခါမှာ အမှိုက်ပုံထဲက ရွှေထုပ်ကို ကောက်ရသလိုပဲ နေ့စဉ်လုပ်လိုက်လို့ရှိရင် မိမိတို့ နေ့စဉ်လုပ်ငန်းတွေထဲက အကုန်လုံးဟာ တရားဘောင်ထဲကို ရောက်ပြီးတော့ သတိသမ္မဇဉ်ဒုက္ခရဲ့ – မင်္ဂိုလ်ရကြောင်း၊ သောက၊ ပရိဒေဝ အပူငြိမ်း

ကြောင်းဖြစ်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်ဆိုတာ ဦးပဥ္စင်းအနေနဲ့ တရားဟောတိုင်း ဟောတိုင်းလည်း ညွှန်ပြလေ့ရှိပါတယ်။ အခုလဲ ဒကာ ဒကာမတွေ နေ့စဉ် နေ့စဉ် လုပ်နေတဲ့ အမှိုက်ပုံသက်သက် မဖြစ်ရအောင်၊ အမှိုက်ပုံထဲက ရွှေထုပ်တွေလည်း ရလာအောင် အသိလေး သတိလေး ထိန်းပေးပါ၊ တပ်ဆင်ပေးပါ။ အဲလို တပ်ဆင်ပေးရင် နေ့စဉ်လုပ်နေတဲ့ အလုပ်တွေဟာ တရားအလုပ်တွေချည်းပါပဲ။ ဘာဝနာအလုပ် တွေချည်းပါပဲ။ ဆင်းရဲကင်းကြောင်း အလုပ်တွေချည်းပါပဲ။ အပူငြိမ်းကြောင်း အလုပ်တွေချည်းပါပဲလို့ အမြဲတမ်း ညွှန်ပြလေ့ရှိပါတယ်။ ဒါကြောင့် ဒကာ ဒကာမအပေါင်းသူတော်ကောင်းတို့အတွက်ဆိုရင် ပဓာနအားဖြင့်တော့ သတိသမ္ပဇဉ်တရားကို အမြဲညွှန်ပြပေးပါတယ်။ ရိပ်သာကိုသွားပြီး အားမထုတ်နိုင်ဘူးဆိုရင်လည်း နေ့စဉ် နေ့စဉ်လုပ်နေတဲ့ လုပ်ငန်းတွေထဲက သတိသမ္ပဇဉ်လေး တပ်ဆင်ရှုမှတ်ရင်းနဲ့လုပ်ရင် ဒီအလုပ်တွေဟာ တရားတွေချည်းပါပဲလို့ အဲဒီလိုပဲလွယ်လွယ်လေးနဲ့ နေ့စဉ်နေ့စဉ် လုပ်နိုင်တဲ့နည်းကို အမြဲတမ်း ညွှန်ပြပေးပါတယ်။

မေး။ ။ဆရာတော်အနေနဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ သာသနာနှစ်ရပ်ကို ဆောင်ရွက်နေတဲ့ကာလမှာ ယခု တပည့်တော်တို့ ပစ္စုပ္ပန်သာသနာနဲ့ အနာဂတ်သာသနာမှာ ဆက်လက်ပြီး ဘယ်လိုအခန်းကနေ ဘယ်လို လှုပ်ရှားပါဝင်သွားမယ်ဆိုတာ အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။အသက် ၆၀ အထိ ပရိယတ္တိလုပ်ငန်းများကို အစွမ်းကုန်ဟောပြဖို့ သင်ကြားရေးသားပါ့မယ်။ အသက် ၆၀ ပြည့်ရင်တော့ သာသနာရဲ့ ညွှန်ပြထားတဲ့ လုပ်ငန်းစဉ်များ မိမိအတွက်လည်းပါအောင် ကျင့်ကြံကြိုးကုတ်ဖို့ ဒီလိုပဲစိတ်ကူးထားပါတယ်။

မေး။ ။တပည့်တော်တို့ ပရိသတ်အတွက် ဆုံးမတရားစကား ချီးမြှင့်ပေးပါဦးဘုရား။

ဖြေ။ ။ပရိသတ်အတွက် ဦးပဥ္စင်းအနေနဲ့ တရားလက်ဆောင်ပေးရမှာကတော့ မိမိတို့ရဲ့ ခန္ဓာထဲကနေပြီးတော့ အင်အားကောင်းတွေ ဖော်ထုတ်ဖို့ပဲဖြစ်ပါတယ်။ 'အချိန်သည်လည်း မရပ်ဘဲ အမြဲသွားနေသည်၊ အရွယ်သည်လည်း မရပ်ဘဲ အမြဲကြီးနေသည်'အချိန်ဆိုတာ ဘယ်တန်ခိုး ဘယ်ပညာနဲ့မှ တားလို့မရဘူး။ အမြဲတမ်းသွားနေပါတယ်။ အရွယ်ကြီးဆိုလည်း အချိန်

သွားနေသလောက် ပြောင်းနေသလောက် ကြီးနေပါတယ်။ ဘယ်တန်ခိုး၊ ဘယ်ပညာနဲ့မှ တားလို့မရပါဘူး။ ကြိုးချည်ထားလို့မရပါဘူး။ အချိန်ဟာ တားလို့မရတဲ့အတွက် သွားပါစေ၊ ခွင့်လွှတ်လိုက်ပါ။ အရွယ်ကလည်း တားလို့မရတဲ့အတွက် ကြီးပါစေ၊ ခွင့်လွှတ်လိုက်ပါ။ ကိုယ်လုပ်ရမှာကတော့ ဘာလဲဆိုတော့

'ထို့ကြောင့်သာပဲ အသင်လည်း၊ အမြဲတက်အောင် လုပ်ရမည်၊
ထို့ကြောင့်သာပဲ မိမိလည်း၊ အမြဲတက်အောင် လုပ်ပါမည်'

အချိန်ကလည်း မရပ်ဘဲ အမြဲသွားနေတဲ့အတွက်ကြောင့် အရွယ်ကလည်း မရပ်ဘဲ အမြဲကြီးနေတဲ့အတွက်ကြောင့်မို့လို့ မိမိအနေနဲ့ အမြဲတမ်းတက်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ တက်အောင်ကြိုးစားရမယ်ဆိုတော့ ဒီခန္ဓာထဲက စိတ်စွမ်းရည် ဖော်ထုတ်ကြရမှာပါ။ သာသနာတော်ကြီးဆိုတာ စိတ်စွမ်းရည် ထုတ်လုပ်တဲ့ စက်ရုံနဲ့တူတယ်။ မိမိတို့ရဲ့စိတ်ဆိုတာ ကုန်ကြမ်းပစ္စည်းနဲ့တူတယ်။ အဲဒီ ကုန်ကြမ်းပစ္စည်းနဲ့တူတဲ့ စိတ်ကလေးကို သာသနာ့စက်ရုံထဲမှာထည့်ပြီးတော့မှ အချိန်ကုန်လေတိုင်း ကုန်လေတိုင်း၊ အရွယ်ကြီးလေတိုင်း ကြီးလေတိုင်းမှာ မိမိမှာ ဝမ်းသာစရာတွေ၊ ကြည်နူးစရာတွေ၊ အင်အားကောင်းတွေ ပေါ်လာလေအောင် ဖော်ထုတ်တတ်ဖို့ပဲ ဖြစ်ပါတယ်။

စိတ်ထဲက အင်အားကောင်းတွေ ဉာဏ်အလင်းရောင်တွေပေါ်ထွက်ပြီးလာအောင် အမြဲဖော်ထုတ်ဖို့လိုပါတယ်။ ပရိသတ်များ ယနေ့မျက်မှောက်မှာ မြင်တွေ့နေရတဲ့ လျှပ်စစ်မီးလင်းတာလေးကို ကြည့်ကြတာပေါ့။ လျှပ်စစ်မီးလင်းဖို့အတွက်ဆိုရင် လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ နေရာကနေ မိမိတို့နေအိမ်ကို၊ မိမိတို့ကျောင်းကို ရောက်ရှိအောင် ဓာတ်ကြိုးသွယ်ထားတာကို တွေ့ရလိမ့်မယ်။ နောက်ပြီးတော့လည်း ပင်မခလုတ်ဆိုတာ တစ်နေရာရာမှာရှိကြတယ်။ ဓာတ်ကြိုးဆက်သွယ်ထားလို့ မိမိတို့ခလုတ်ကို ဖွင့်လိုက်လို့ရှိရင်၊ ပင်မခလုတ်လဲ ဖွင့်ထားတယ်ဆိုရင် အချိန်မရွေး မီးခလုတ်ကို ဖွင့်လိုက်လို့ရှိရင် မီးဟာလင်းနေတာပါပဲ။

ဓာတ်ကြိုးပြတ်သွားတယ် ဆိုလို့ရှိရင်လည်း မီးခလုတ်ကိုနှိပ်လို့ မီးမလင်းကြဘူးဆိုတာ သိကြပြီးသားအတိုင်းပဲ၊ ဓာတ်ကြိုးကောင်းနေပေမယ့် မီးခလုတ်ပိတ်ထားရင်လည်း မီးဟာမလင်းဘူးလို့ သိကြပါတယ်။ ဓာတ်ကြိုးရှိပြီးတော့ မီးခလုတ်ရှိပေမယ့် ပင်မ မိန်းဆိုတဲ့ ဗဟိုခလုတ်ကို ပိတ်ထားရင်လည်း မီးရောင်

ဟာ မလင်းဘူးဆိုတာ အားလုံးသိကြပါတယ်။ ဒီတိုင်းပါပဲ၊ ပရိသတ်များနဲ့တကွ ဦးပဥ္ဇင်းတို့ရဲ့ ခန္ဓာမှာ စိတ်အစဉ်မှာ စိတ်စွမ်းအင်ထုတ်လုပ်ရေးဆိုတဲ့ လုပ်ငန်းစဉ်မှာ လည်းပဲ စိတ်ထဲကနေ တရားအင်အား၊ အလင်းရောင်အင်အားတွေဆိုတဲ့ အားတက်စရာ စွမ်းရည်များမြင့်တက်စေဖို့ရာ ဓာတ်ကြိုးနဲ့ အလားတူတာကဘာလဲဆိုတော့ သဒ္ဓါတရားပါ။ အဲဒီ သဒ္ဓါတရားဟာ ကောင်းမှုတရားတွေနဲ့ ဆက်သွယ်ပေးနေတယ်။

မိမိစိတ်နဲ့ ကောင်းမှုတရားတွေ ဆက်သွယ်ပေးနေတယ်။ ဆက်သွယ်ပေးနေတဲ့ ဓာတ်ကြိုးသဖွယ် ဖြစ်တယ်။ သာသနာနဲ့ ဆက်သွယ်ပေးတယ်။ သာသနာ့လုပ်ငန်းစဉ်နဲ့ ဆက်သွယ်ပေးတယ်။ ရတနာသုံးပါးနဲ့ ဆက်သွယ်ပေးတယ်။ ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းတဲ့အကျိုးတရားကို ရမှာဆိုတာ သိထားတာမို့ အကျိုးတရားတွေနဲ့လည်း ဆက်သွယ်ပေးတယ်။ ဒါကြောင့် သဒ္ဓါတရားယုံကြည်မှုဆိုတာ ဓာတ်ကြိုးဆက်သွယ်ပေးတာနဲ့ တူပါတယ်။ ဝီရိယဆိုတဲ့ သမ္မာဝါယမကတော့ အိမ်တွင်းကျောင်းတွင်းမှာရှိတဲ့ မီးခလုတ်နဲ့တူပါတယ်။ ဓာတ်ကြိုးကောင်းနေပေမယ့် မီးခလုတ်ပိတ်ထားရင်လည်း မီးရောင်ဟာ လင်းမလာသလို ထို့အတူ သဒ္ဓါတရားရှိပေမယ့်လို့လဲ ဝီရိယနဲ့ အကောင်အထည်မဖော်ဘူးဆိုလို့ရှိရင် စိတ်ထဲကနေ အချိန်သာကုန်ပေမယ့် အရွယ်သာကြီးပေမယ့် တရားအင်အားဆိုတာ ဒုက္ခအနတ်လက္ခဏာ ငြိမ်းချမ်းကြောင်း အင်အားဟာပေါ်ထွက်လာ့မှာ မဟုတ်ပါဘူး။ တစ်ခါ ဓာတ်ကြိုးလည်းကောင်းပြီးတော့ မီးခလုတ်ရှိပေမယ့် ပင်မမိန်းဆိုတဲ့ ပင်မခလုတ်ကို ပိတ်ထားလို့ရှိရင် မီးဟာလင်းမလာသလိုပဲ၊ မိမိတို့စိတ်အစဉ်မှာ ဝီရိယလည်းရှိတယ်ပဲထား၊ သဒ္ဓါတရားလည်း ရှိတယ်ပဲထား၊ ရှိနေပေမယ့် မိန်းဆိုတဲ့ ပင်မခလုတ်လေး ရှိနေတယ်။

စိတ်မှာ ပင်မခလုတ်ဆိုတာ ဘာကိုခေါ်သလဲဆိုရင် 'အပ္ပမာဒသတိ'ကို ခေါ်ပါတယ်။ 'အပ္ပမာဒသတိ' ဟာ တရားလုပ်ငန်းအကုန်လုံးတို့ရဲ့ ပင်မခလုတ်ဖြစ်ပါတယ်။ တရားလုပ်ငန်း အကုန်လုံးတို့ရဲ့ ဒုက္ခအနတ်လက္ခဏာ၊ သုခအပေါင်းလက္ခဏာ တရားလုပ်ငန်းအကုန်လုံးတို့ရဲ့ ပင်မလုပ်ငန်းဖြစ်တဲ့ ဟောဒီ 'အပ္ပမာဒသတိ' က ပိတ်ထားလိုက်ပြီဆိုတဲ့အခါမှာ သဒ္ဓါတရားကလည်း ပေါ်မလာတော့ပါဘူး။ ဝီရိယဆိုတာလည်း ပေါ်မလာတော့ပါဘူး။ ဝီရိယနဲ့ အားထုတ်ပေမယ်လို့လည်း ပင်မခလုတ်က ပိတ်နေတာဆိုတော့ တလွဲတွေဖြစ်နေတတ်တယ်။ ပင်မ ခလုတ်က ပိတ်ထားရင် အိမ်ထဲ ကျောင်းထဲမှာရှိတဲ့ မီးခလုတ်ကို

ဘယ်လောက်ပဲ ခလုတ်တွေကျိုးနေအောင် နှိပ်ပေမယ့်လို့ မီးရောင်မလင်းသလိုပဲ 'အပ္ပမာဒ' သတိလက်လွတ်သွားမယ်ဆိုလို့ရှိရင် မိမိရဲ့ အားထုတ်မှုတွေဟာ ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရော အကုန်လုံးဒုက္ခသာဖြစ်ပြီးတော့ ခလုတ်ကျိုးသလိုပဲ အားထုတ်ရတဲ့ အကျိုးပေါ်မလာဘဲနဲ့ ပင်ပန်းရုံသာ အဖတ်တင်ပြီးတော့မှ သွားတတ်ပါတယ်။

ဒါကြောင့် သာသနာကတောင်းတာကတော့ 'အပ္ပမာဒသတိ' ဆိုတဲ့ ပင်မခလုတ်လေးကို တောင်းတယ်။ အဲဒီ အပ္ပမာဒသတိကို စိတ်ထိန်းတဲ့ကိရိယာလို့ ခေါ်ပါတယ်။ ယနေ့ လောကမှာ လိုအပ်နေတာ ဟောဒီ အပ္ပမာဒသတိ စိတ်ထိန်းကိရိယာလေးလိုနေတာဖြစ်ပါတယ်။ တကယ် ကြောက်စရာကောင်းတာက ဘာလဲဆိုရင် စိတ်အစဉ်မှာ လွှမ်းမိုးနှိပ်စက်နေတဲ့ ကိလေသာအဏုမြူဆိုတဲ့ ဓာတ်ငွေ့တွေကို ကြောက်နေရတာပါ။ သတ္တလောကကြီးကို နှိပ်စက်နေတာဟာ ဟောဒီ ကိလေသာအဏုမြူဓာတ်ငွေ့ဆိုတဲ့အရာတွေနှိပ်စက်နေကြတာပါ။ တကယ် ချမ်းသာချင်လို့ရှိရင် သာသနာကတောင်းတာက လက်နက်လျှော့ဖို့ကို အဓိက မတောင်းပါဘူး။ စိတ်အစဉ်မှာ နှိပ်စက်နေတဲ့ စိတ်ရဲ့အပူခိုး ကိလေသာအဏုမြူ ဓာတ်ငွေ့ကို လျှော့ဖို့သာလျှင် အရေးတကြီး တောင်းဆိုပါတယ်။

တကယ်ဘေးကလွတ်ပြီး ချမ်းသာချင်ရင် ကိလေသာအဏုမြူဓာတ်ငွေ့ဆိုတဲ့ စိတ်ရဲ့အပူခိုးငွေ့တွေကို လျှော့ပေးပါ။ လျှော့လို့ရှိရင်၊ အဲဒီနေရာမှာ သတိပဋ္ဌာန်ဘာဝနာ လုပ်ငန်းစဉ်စတဲ့ တရားအင်အားများ အစားသွင်းလိုက်တယ်ဆိုလို့ရှိရင် တကယ့်ငြိမ်းချမ်းမှုဖြစ်ပြီး ကုန်တိုင်း ကုန်တိုင်း အချိန်တို့ဟာ တကယ်အချိန်ကုန်တာ မဟုတ်တော့ဘဲနဲ့ အင်အားတွေတက်လာတာ ဖြစ်ပါလိမ့် မယ်။ အရွယ်တွေကြီးလာပေမယ့် ရင့်ခြင်း၊ ဟောင်းခြင်း၊ အိုခြင်းလို့ခေါ်ရတာ မဟုတ်တော့ဘဲနဲ့ အရည်အချင်းတွေ မြင့်တက်ပြီးတော့လာတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သာသနာဟာ နံပါတ်တစ်တောင်းတာက အပ္ပမာဒသတိကို တောင်းပါတယ်။ အပ္ပမာဒသတိ ပင်မခလုတ်လေးကို အမြဲမပြတ် ဖွင့်ထားလို့ရှိရင် ဝီရိယဆိုတဲ့ အားထုတ်မှုကလည်း မှန်ကန်ပြီးတော့သွားမှာ ဖြစ်ပါတယ်။ ဝီရိယဟာ အသိသတိ အထိန်းမပါဘဲနဲ့ အားထုတ်လျှင် လဲတတ်ပါတယ်။ မှောက်တတ်ပါတယ်။

ဒါကြောင့် ပင်မခလုတ်ကလေးကို အမြဲတမ်းဖွင့်ပြီးတော့ စိတ်ထိန်းကိရိယာသတိလေးတပ်ဆင်ပြီး မိမိတို့ စိတ်ထဲကနေပြီးတော့ အရွယ်ကုန်တိုင်း ကုန်တိုင်း၊ အရွယ်ကြီးတိုင်း ကြီးတိုင်း၊ အချိန်ကုန်တိုင်း ကုန်တိုင်း၊ ဒုက္ခအနတ်လက္ခဏာ၊

သုခအပေါင်းလက္ခဏာ၊ ငြိမ်းချမ်းကြောင်းဖြစ်တဲ့ အင်အားတွေ ဖော်ထုတ်ဖို့ပဲ ဖြစ်ပါတယ်။ ပစ္စည်းပေါတိုင်းလည်း ချမ်းသာတာမဟုတ်ပါဘူး။ ချမ်းသာအောင် နေတတ်မှ၊ စိတ်ထိန်းကိရိယာ တပ်ဆင်ပြီး အင်အားထုတ်လုပ်တတ်မှ ငြိမ်းချမ်းပါတယ်။ ချမ်းသာပါတယ်။ ဒါကြောင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့ဟာ သာသနာနဲ့တွေ့တုန်း မိမိတို့ရဲ့ခန္ဓာ၊ မိမိတို့ရဲ့ စိတ်ဓာတ်ကလေးကို နေရာတကျ ကောင်းမွန်သော အပ္ပမာဒသတိ စိတ်ထိန်းကိရိယာလေး တပ်ဆင်ပြီးတော့မှ အချိန်တိုင်း အချိန်တိုင်း၊ အရွယ်တိုင်း အရွယ်တိုင်းမှာ ရွှင်လန်းအားတက်စရာ ဖြစ်တဲ့ တရားအင်အားကောင်းများ ဖော်ထုတ်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပြီးမှ မေတ္တာပို့သလိုက်ပါတယ်။

သာဓု၊ သာဓု၊ သာဓု



ဆရာတော် ဦးသုမင်္ဂလာ လက်ရာ

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

## ဆရာတော် ဦးသုမင်္ဂလ

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာ၌ အဘ ဦးအောင်၊ အမိ ဒေါ်ခင်ကြည်တို့မှ ၁၃၀၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ သောကြာနေ့တွင် ဖွားမြင်ပါသည်။ ၁၃၂၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ အင်ကြင်းပင်ရွာ၊ ရွှေစည်းခုံဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ ရှင်သုမင်္ဂလာဖြစ်သည်။ ၁၃၂၇ ခုနှစ်တွင် ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် ဘွဲ့ကို ရ၍ ရှင်သုမင်္ဂလာလင်္ကာရဟု ဘွဲ့မည် တွင်ပါသည်။ ၁၃၂၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်နေ့တွင် မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာ ဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

အင်ကြင်းပင်ရွာ ဆရာတော်၊ ရွှေစည်းခုံဆရာတော်၊ ဂန္ဓာရုံ ဆရာတော်ကြီးနှင့် စာချဆရာတော်များ၊ ပဌာန်းဆရာတော်ကြီး၊ မြောင်းမြဆရာတော်ကြီး စသည့် ဆရာတော်ကြီးများထံတော်တွင် ပရိယတ္တိသင်ယူ ဆည်းပူးတော်မူသည်။ ၁၃၃၅ ခုနှစ်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ အောင်ပန်းကို ဆွတ်ခူးခဲ့သည်။ တိပိဋက ရချိန်တွင် သက်တော် ၂၇ နှစ်သာ ရှိသေးသည်။ ၁၃၅၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်ခြင်းခံယူသည်။ သီလက္ခန်ဋီကာသစ် ကောက်နုတ်ချက်၊ ဝိနည်းဋီကာကောက်နုတ်ချက်၊ ပ–ဒု–တ စသည့် ကျမ်းများကို ရေးသားတော်မူသည်။

ယခုအခါ ဆရာတော်သည် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကို ဦးစီး၍ သာသနာ့တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
## ဆရာတော် ဦးသုမင်္ဂလ
## နှင့်
## တွေ့ဆုံလျှောက်ထား မေးမြန်းခန်း

၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် မြင့်မြင့်ခိုင် ဓာတ်ပုံတိုက်ပိုင်ရှင် မိတ်ဆွေကြီး ဦးအုံးရွှေ၏ အကူအညီဖြင့် ရန်ကုန်မြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့ နေ့ဆွမ်းစားပြီးချိန်လောက် ရောက်သွားပါသည်။ မှတ်မှတ်ရရ ထိုနေ့က ဒီဇင်ဘာလ ၁၀ ရက်နေ့ဖြစ်ပြီး ရာသီဥတုမှာ သာတောင့်သာယာရှိလှပါသည်။ ဆွမ်းစားပြီးချိန်ဖြစ်၍ သံဃာတော်များ အနားယူနေချိန်ဖြစ်ရာ ကျောင်းတိုက်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါသည်။ တွေ့ဆုံလျှောက်ထားမေးမြန်းခန်း အသံသွင်းယူရန် အလွန်ကောင်းသောအချိန်ဖြစ်၍ ဝမ်းသာပီတိဖြစ်မိပါသည်။ ဦးအုံးရွှေ ကြိုတင်ဖုန်းဆက် လျှောက်ထားခဲ့သောကြောင့် ဆရာတော်ကလည်း အဆင်သင့်စောင့်ဆိုင်းနေရာ လျှောက်ထားမေးမြန်းခန်းကို အောင်မြင်လွယ်ကူစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မေး။ ။ဆရာတော်ဘုရား၊ ဘယ်ဇာတိပါလဲ ဘုရား။ သက်တော်ကော ဘယ်လောက် ရှိပါပြီလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးရဲ့ ဇာတိကတော့ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့ အင်ကြင်းပင်ဇာတိ ဖြစ်ပါတယ်။ သက်တော်က ယခုအချိန်မှာ ၄၂ နှစ်ရှိပါပြီ။

မေး။ ။ဘယ်ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ဘယ်မှာ ပဉ္စင်းအဖြစ်ခံယူတော်မူခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးရဲ့ ဥပဇ္ဈာယ်ဆရာတော်ကတော့ သာသနာ့လောကမှာ အများသိနေကြတဲ့ သာသနာမှာကျေးဇူးအများဆုံးဖြစ်တဲ့ ကျမ်းပေါင်းများစွာပြုစုသွားသော စံပြသာသနာပြုနိုင်တဲ့ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး ဆရာတော်ဘုရားကြီးရဲ့ ဆရာဖြစ်တဲ့

မြောင်းမြ ဆရာတော်ဘုရားကြီး သီတင်းသုံးရာမှာ ရန်ကုန်မြို့ မဟာဗောဓိ ကျောင်းတိုက်မှာ မြောင်းမြမြို့ ဆရာတော်ဘုရားကြီးရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ရဟန်းဖြစ်ခဲ့ပါတယ်။

မေး။ ။ဆရာတော်က မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဖြစ်ခဲ့တယ်ဆိုတော့ ဆရာတော့်ဇာတိကလည်း ဝက်လက်ဇာတိဆိုတော့ မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ တစ်ဇာတိတည်းပါလား။ ရွာချင်းနီးပါလား။ ဘယ်လိုဖြစ်ပါသလဲ ဘုရား။

ဖြေ။ ။ရွာချင်းတော့ မတူပါဘူး။ နယ်ပဲတူပါတယ်။ ရွာကတော့ဘုန်းကြီးများရဲ့ ဇာတိရွာနဲ့ ဆရာတော်ဘုရားကြီးရဲ့ ဇာတိဖြစ်တဲ့ သရိုင်ရွာဟာ သုံးမိုင်လောက် ဝေးပါလိမ့်မယ်။ ရွာချင်းတော့ ကွဲပါတယ်။ နယ်ချင်းပဲ တူပါတယ်။

မေး။ ။ဆရာတော်ဘုရားက တိပိဋကရေဘွဲ့တော် စာမေးပွဲကို ဘယ်နှခုနှစ် အသက်ဘယ်လောက်က အောင်မြင်ခဲ့ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး တိပိဋကရေဘွဲ့တော်ကို အပြီးအစီး အောင်မြင်ခဲ့တာကတော့ ၁၃၃၅ ခုနှစ်၊ ဘုန်းကြီး အသက် ၂၇ နှစ်အချိန်မှာ အောင်မြင်ခဲ့ပါတယ်။

မေး။ ။တပည့်တော် သိရသလောက် တိပိဋကရေကို အသက် ၂၇ နှစ်နဲ့ အောင်မြင်တယ်ဆိုတော့ကာ အောင်မြင်တဲ့ ဆရာတော်များထဲမှာ ဆရာတော်က အသက်အငယ်ဆုံးနဲ့ အောင်မြင်တယ်လို့ပဲ သိရပါတယ်။ ဟုတ်ပါသလား ဘုရား။

ဖြေ။ ။ဟုတ်ပါတယ်။ ယခုအချိန်ထိတော့ ဘုန်းကြီးထက် အသက်ငယ်တဲ့ ပုဂ္ဂိုလ်အောင်တာ မရှိသေးပါဘူး။

မေး။ ။တင်ပါ့ ဆရာတော်ဘုရား။ တိပိဋကဖြစ်ဖို့ ကြိုးပမ်းစဉ်က အခက်အခဲများ ရှိပါသလား ဘုရား။

ဖြေ။ ။ဘုန်းကြီးအနေနဲ့ကတော့ ပြောပလောက်တဲ့ အခက်အခဲ မရှိပါဘူး။ ဘုန်းကြီး စာစသင်ကတည်းက ပြီးတဲ့အထိဟာ ဘုန်းကြီး ပုံမှန်ပဲကြိုးစားခဲ့ပါတယ်။ ထူးထူးခြားခြား ကြိုးစားမှုရယ်လို့ မှတ်မှတ်သားသား မရှိခဲ့ပါဘူး။

မေး။ ။တင်ပါ့၊ ဒီတော့ တပည့်တော်တို့သိရသလောက် တိပိဋကရေ အောင်မြင်ဖို့ဆိုတာ ပိဋကသုံးပုံ နှုတ်တက်အာဂုံဆောင်ရတဲ့အပြင် ရေးဖြေတွေ ဘာတွေပါ အကုန်လုံးပါလို့ အင်မတန်ကိုခက်ခဲတဲ့ စာမေးပွဲကြီးလို့

သိရပါတယ်။ အဲဒီတော့ ဆရာတော်အတွက် တစ်နေ့ဘယ်နှနာရီလောက် စာကြည့် စာကျက် စာအံပြုလုပ်ခဲ့ရပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး ပုံမှန်ပြုလုပ်ခဲ့တာကတော့ အခြေခံကစ ပြီးတဲ့အထိ၊ မနက်လေးနာရီထ စာအာရုံပြုတယ်။ စာကြည့်လို့ရရင် ကြည့်တယ်။ စာကျက်တဲ့အခါ ကျက်တယ်။ နှလုံးသွင်းတဲ့အခါသွင်းတယ်။ အဲဒီကနေ ညကိုကိုးနာရီခွဲလောက်အထိ အချိန်ရသမျှလုပ်ခဲ့ပါတယ်။ ဒီအချိန်အတွင်းမှာ ပေါ့လေ၊ ဘုန်းကြီး အသက် ၁၇ နှစ်သားလောက်ကနေ အခုထိ ဆိုပါတော့။ တိပိဋကဝင်တဲ့အခြေအနေမှာလည်း တစ်နေ့ကို စာဝါတစ်ဝါ နှစ်ဝါလောက် သူများအတွက် ချပေးခဲ့ပါတယ်။ လုံးဝ ကိုယ့်အတွက် အချိန်ပြည့်လည်း မဟုတ်ပါဘူး။ စာအာရုံကတော့ သူများပို့ချပေးတဲ့အချိန်မဟုတ်ရင် ကိုယ့်စာလေးနဲ့ကိုယ် အာရုံပြု၊ လမ်းလေး ဘာလေး လျှောက်တဲ့အခါလျှောက်၊ အဲဒီလိုပဲ ပုံမှန်ကြိုးစားခဲ့တာပါပဲ။

မေး။ ။တင်ပါ့၊ ဒီတော့ တပည့်တော်လျှောက်ချင်တာက တိပိဋကဖြစ်ဖို့အတွက်မှာ ဆရာတော့်အတွက်တော့ ခု ဆရာတော်ဖြေကြားတာကို နားထောင်ရခြင်းဖြင့် သိပ်ပြီး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းမဟုတ်ပါဘူး။ အဲဒီတော့ကို တိပိဋကအောင်မြင်ဖို့ဆိုတာဟာ ကံ ဉာဏ် ဝီရိယ သုံးပါးပြည့်စုံမှ အောင်မြင်မလား။ ဒီတော့ ဥပမာအားဖြင့် ဉာဏ်သိပ်မရှိဘဲနဲ့ ဝီရိယ စိုက်ထုတ်မယ်ဆိုရင်ကော ဘယ်လိုနေမလဲဆိုတာ တပည့်တော်တို့ သိပါရစေ ဘုရား။

ဖြေ။ ။တိပိဋကဖြစ်ဖို့ကတော့ ကံရော ဉာဏ်ရော ဝီရိယရောစုံမှ ဖြစ်မယ်ဆိုတာ သိပ်ကိုသေချာပါတယ်။ ဘာလို့လဲဆိုတော့ ဘုန်းကြီးတို့နဲ့ စာသင်ဖော် စာသင်ဖက်တွေ၊ သိတင်းသုံးဖော် သုံးဖက်တွေမှာ အကဲခတ်ကြည့်တော့ ဉာဏ်တွေ အဆင့်အတန်းမြင့်မားကြပါတယ်။ ဝီရိယလည်း ရှိကြပါတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးနဲ့ ခရီးမဆုံးတဲ့ ဆရာတော်တွေ တော်တော်များများ တွေ့ရပါတယ်။ ဒါကြောင့်မို့ တိပိဋကဘွဲ့အတွက် ကံကလည်း အဓိကနေရာက နေတယ်။ ဘုန်းကြီးတို့အတွက်က ကံကလည်းကောင်းတယ်။ နောက်တစ်ခုက ထူးထူးခြားခြား ပြောရရင် ငယ်စဉ်ကစပြီးတော့ အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးနားမှာ အနီးကပ်နေရတော့ အေးအေးဆေးဆေး စာကြည့်တတ်တယ်၊ စာကျက်တတ်တယ်၊ သက်

သောင့် သက်သာ စာကြည့်နည်းကလည်း ကိုယ့်ကံအပြင် ဆရာကောင်း သမားကောင်းဆီက နည်းကောင်းရလာခဲ့တာလည်း တစ်ပန်းသာတယ်လို့ ဘုန်းကြီးတော့ ယူဆမိပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ပါရမီလည်းလိုတယ်၊ ဆရာကောင်း သမားကောင်းလည်း လိုတယ်ပေါ့ ဘုရား။ အဲဒီတော့ ဆရာတော် သီတင်းသုံးတဲ့ ကျောင်းတိုက်က အမည်နာမ ဘယ်လိုခေါ်ပါသလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီးကျောင်းတိုက်က ဘုန်းကြီး တိပိဋကဓရ အောင်မြင်ပြီးမှ စတင်တည်ထောင်တဲ့ကျောင်းတိုက် ဖြစ်ပါတယ်။ ဘုန်းကြီး ရဟန်းအမကြီးများနဲ့တကွ အများစုပေါင်းလှူတဲ့ မြေကွက်ပေါ်မှာ ကျောင်းတိုက် တည်ထောင်ပါတယ်။ ဘုန်းကြီးအပေါ် ငယ်စဉ်မှစလို့ပေါ့လေ။ တိပိဋက ပင်လယ် ကူးခတ်ရဲအောင်၊ တိပိဋကစာမေးပွဲအထိ ခုပြန်ပြီးတော့ စာပေ ပို့ချတဲ့အခါ၊ စာရေးသားတဲ့အခါ လွယ်လင့်တကူဖြစ်အောင် အဓိက ကျေးဇူးပြုခဲ့တာ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး ဖြစ်ပါတယ်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးနှင့် မဟာဂန္ဓာရုံတိုက်မှာ လက်ရှိအုပ်ချုပ်နေကြတဲ့ နာယကဆရာတော်ကြီးများဟာ ဘုန်းကြီးရဲ့ ပဓာနကျေးဇူးရှင်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျေးဇူးရှင်ဆရာတော်ဘုရားများရဲ့ ကျေးဇူးဂုဏ်ကို ပူဇော်သောအားဖြင့် ခုရန်ကုန်မြို့မှာ တည်ထောင်ပေမယ်လို့ အမရပူရ မဟာဂန္ဓာရုံကို အဓိက ဦးတည်ပြီးတော့ မဟာဂန္ဓာရုံ ကျောင်းတိုက်လို့ အမည်တွင်နေတဲ့ ကျောင်းတိုက်ဖြစ်ပါတယ်။ ဘုန်းကြီးကိုယ်တိုင်ပဲ အမည်တပ်ခဲ့တဲ့ ကျောင်းတိုက်ဖြစ်ပါတယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော့်ကျောင်းမှာ သံဃာတော်ဘယ်လောက်ရှိပါသလဲ ဘုရား။

ဖြေ။ ။ယခုအချိန်မှာတော့ သံဃာတော် ၂၁၀ ရှိပါတယ်။ ကျောင်းတိုက်တည်ခါစတုန်းကတော့ ဘုန်းကြီးနောက်မှာ ရဟန်းတော် နှစ်ပါးနဲ့ သာမဏေနှစ်ပါးပဲ ပါပါတယ်။ တဖြည်းဖြည်းနဲ့ ပုံမှန်လုပ်လာတာ ခုချိန်မှာ သံဃာတော် ၂၁၀ ရှိနေပါပြီ။

မေး။ ။ကျောင်းတိုက်မှာရှိကြတဲ့ သံဃာတော် ၂၁၀ ကျော်အတွက် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စတဲ့ပစ္စည်းလေးပါး မပင်မပန်း ချမ်းချမ်းသာသာ ရှိပါရဲ့လား ဘုရား။

ဖြေ။ ။မြန်မာပြည်သာသနာမှာကတော့ အားလုံးလောက်နီးပါးပဲ ဒကာ ဒကာမတွေ တာဝန်ကျေကြပါတယ်။ ဘုန်းကြီးတို့ကျောင်းမှာလည်း ခုဒကာကြီးမေးတဲ့ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစတဲ့ သံဃာတော်များ လိုအပ်ချက်တွေဟာ လိုအပ်သလောက်တော့ ပြည့်စုံနေတဲ့ ကျောင်းတိုက်တွေများပါတယ်။ ဘုန်းကြီးကျောင်းမှာလည်းပဲ အလားတူပဲ ပြည့်စုံပါတယ်။

မေး။ ။တပည့်တော်တို့ ဆရာတော်ကျောင်းတိုက်က စာမေးပွဲတွေကော ဝင်ကြပါသလား ဘုရား။

ဖြေ။ ။ဘုန်းကြီးကျောင်းတိုက်က အခုအချိန်မှာ ကျောင်းတိုက်စတုန်းကတော့ အခြေခံက စလုပ်ခဲ့လို့ အတန်းနည်းပါတယ်။ သို့သော် ကျောင်းတိုက်သက်တမ်း ငါးနှစ်လောက်ကစလို့ အတန်းစုံခဲ့ပါတယ်။ ယခုအချိန်မှာတော့ ဘုန်းကြီးတို့ကျောင်းတိုက်ဟာ နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပတဲ့ ပထမပြန်စာမေးပွဲမှာ အခြေပြုတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ၊ တိပိဋကရေ စာမေးပွဲအထိ ကျောင်းတိုက်သက်တမ်း ငါးနှစ်အတွင်းမှာ အတန်းစုံပဲ ဖြေသူလည်းရှိပါတယ်။ အောင်မြင်သူလည်း အောင်ချက်ကောင်းကောင်းနဲ့ အောင်နေကြပါတယ်။

မေး။ ။ဆရာတော်ဘုရား။ ပရိယတ္တိကို ခုလို လုံးပန်းနေရင်း ပဋိပတ္တိကိုကော ကြိုးပမ်းဖို့ရည်ရွယ်ချက်ရှိပါသလား ဘုရား။ ဆရာတော် ကျမ်းပြုဖို့ကော ရည်ရွယ်ချက်ရှိပါသလား ဘုရား။

ဖြေ။ ။ကျမ်းပြုဖို့ဆိုတာကလည်း ဘုန်းကြီးများ သာသနာ လုပ်ငန်းစဉ်မှာ ဘုန်းကြီးစွမ်းတာ၊ စာချနဲ့ စာရေးလုပ်တာ စွမ်းပါတယ်။ ပိုလည်း ဝါသနာပါပါတယ်။ နောက်တစ်ခု ဘုန်းကြီးများရဲ့ ဆရာသမားက ဒကာကြီးလဲ သိပြီးသားပါ။ တစ်သက်တာလုံး စာချ စာရေးပဲ ဇောက်ချသွားသလိုပဲ မိမိလည်း ဆရာသမားကို လေးစားတဲ့အနေနဲ့ ကျမ်းပြုဖို့ ရည်ရွယ်သလိုပဲ ခုလည်းပဲ အများလေးစားလောက်တဲ့ စာအုပ်ကြီးသုံးအုပ်လောက် ထုတ်ပြီးနေပါပြီ။

မေး။ ။တင်ပါ့၊ ဘာစာအုပ်တွေများပါလဲ ဘုရား။

ဖြေ။ ။ဘုန်းကြီး ရေးခဲ့တာကတော့ ပထမဆုံး သီလက္ခန် ဋီကာသစ်ရှင်းလင်းချက် စာအုပ်တစ်အုပ်ထုတ်ခဲ့ပါတယ်။ ၎င်းနောက်တော့ ဝိနည်းဋီကာ

ရှင်းလင်းချက် ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ် ထုတ်ခဲ့ပါတယ်။ ခု နှစ်တွဲ ရိုက်ပြီးပါပြီ။ တတိယတွဲဆက်ရိုက်ဖို့ စာမူတွေ အဆင်သင့်ဖြစ်နေပါပြီ။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော်သာသနာတော်အတွက် ဘယ်ကိစ္စဟာ အရေးကြီးဆုံးလို့ ထင်ပါသလဲ ဘုရား။

ဖြေ။ ။သာသနာတော် တစ်ရပ်လုံးအတွက်ကတော့ စာချဖို့၊ စာရေးဖို့၊ တရားဟောဖို့၊ တရားပြဖို့ ဒီလုပ်ငန်းတွေအားလုံး အရေးကြီးတာချည်းပဲ။ ဘယ်လုပ်ငန်းက ပိုပြီးအရေးကြီးဆုံးရယ်လို့ ဘုန်းကြီး မဆုံးဖြတ်နိုင်ပါဘူး။ မဆုံးဖြတ်ရဲပါဘူး။ သို့သော်လည်းပဲ ဘုန်းကြီးများအနေနဲ့ကတော့ ဆရာသမားတွေဖြစ်တဲ့ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ အဓိကဆရာတော်ဖြစ်တဲ့ မြောင်းမြဆရာတော်ဘုရားကြီး၊ မြောင်းမြ ဆရာတော်ဘုရားကြီးရဲ့ အဓိကဆရာတော်ဖြစ်တဲ့ မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး။ အဲဒီ ဆရာတော်ဘုရားကြီးတွေ အဆက်ဆက်က စာချ၊ စာရေးကို အရေးပေးလို့ ဘုန်းကြီးလည်း စာချ စာရေးကို အလေးပေးပါတယ်။ ဘယ်ဟာ ပဓာနပါလို့တော့ ဘုန်းကြီး အဓိက မပြောလိုပါဘူး။

မေး။ ။တင်ပါ့ဘုရား။ အခု တပည့်တော်လျှောက်ချင်တာက သာသနာတော်မှာ သာသနာ့ဘောင် ဝင်လာတဲ့ ရဟန်းတော်တွေ အရေအတွက်အားဖြင့် ယခင်ကနဲ့စာရင် နည်းသွားသလား၊ များလာသလား၊ ပုံမှန်ပဲလား ဘုရား။

ဖြေ။ ။အဲဒီကိစ္စကို ဘုန်းကြီး အတိအကျတော့ မပြောနိုင်ပါဘူး။ ဘုန်းကြီး မြင်တာလေး ပြောမယ်ဆိုရင်တော့ ဆိုပါစို့။ လွန်ခဲ့တဲ့ ဆယ်နှစ်ခရီးကနေ အခု ဆယ်နှစ်ကို ပြန်ပြောင်းစဉ်းစားမယ်ဆိုရင်တော့ ဘုန်းကြီးများရဲ့ ပဓာနကျေးဇူးရှင်ဖြစ်တဲ့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး။ အဲဒီ ကျောင်းတိုက်ကြီးဆိုရင် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ၅၀၀ လောက် ရှိပါတယ်။ အခု ၈၀၀ လောက်ရှိနေပါတယ်။ ဘုန်းကြီးများကျောင်းတိုက်လည်း လွန်ခဲ့တဲ့ ၁၄ နှစ်က စတည်ထောင်ခဲ့တယ်။ ငါးပါးနဲ့စတည်ထောင်တဲ့ကျောင်း။ ခု ၂၀၀ ကျော် ဖြစ်နေတယ်။ အလားတူပဲ ဒီနားက အနီးစပ်ဆုံး ပြောရရင် ဝိဇ္ဇောတာရုံကျောင်းတိုက်ဆိုတာ ရှိပါတယ်။ အဲဒီ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က သူတို့ကျောင်းလည်း သံဃာ ၄၀ ရှိပါတယ်။

အခု ၂၀၀ ကျော် ရှိနေပါပြီ။ အဲသလိုပဲ ကျောင်းတိုက်တွေမြင်တော့ လိုက်ကြည့်မယ်ဆိုရင် စာသင်တိုက်ကြီးတွေ အများစုမှာ တိုးတက်နေတာ တွေ့ရပါတယ်။ ဒါကြောင့်မို့ အရေအတွက် တိုးတယ်လို့ ဆိုချင်လည်း ဆိုနိုင်ပါလိမ့်မယ်။

မေး။ ။တင်ပါ့ဘုရား။ ဒါဆိုရင်ဖြင့် အနာဂတ်သာသနာအတွက် အခြေအနေဟာ အားတက်စရာပါပဲ ဘုရား။ တပည့်တော်လျှောက်ချင်တာ နောက်တစ်ချက်က ဘုန်းကြီး ရဟန်းများကို ဆရာတော်တို့ သာသနာပြုပေးနေတယ်၊ စာသင်ပေးနေတယ်၊ စာချပေးနေတယ်။ အဲဒါဟာ အရေးကြီးသလို သာသနာတော်ကို ထောက်ပံ့နေတဲ့ ဒကာ ဒကာမများဟာ သာသနာတော်ကို နိုင်နိုင်မာမာ ယုံကြည်သက်ဝင်လာဖို့ကိစ္စဟာ အရေးကြီးတယ်လို့ ယူဆပါသလား ဘုရား။

ဖြေ။ ။ဒါလည်း အရေးကြီးပါတယ်။ ဒကာ ဒကာမများသာသနာမှာ အတိအကျ သဘောမပေါက်ရင် သူတို့အမှားကို အားပေးလာတာတွေ ရှိနိုင်ပါတယ်။ အဲဒီတော့ ဘုန်းကြီးတို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက စွမ်းလည်း စွမ်းလို့ပေါ့လေ။ သာသနာတော်ကို ဒကာ ဒကာမတွေ လေးစားအောင်၊ ကြည်ညိုအောင်၊ သက်ဝင်အောင်၊ ဒကာကြီး ခုပြောတဲ့ဦးတည်ချက်မျိုး သက်ရောက် အောင်ပေါ့လေ။ ဘုန်းကြီးတို့ ကျေးဇူးရှင် ဆရာတော်ကြီး ရေးသွားတဲ့ စာအုပ်တွေ အများကြီးပဲရှိပါတယ်။ ဘုန်းကြီးက ကိုယ်တိုင် လည်း ဒီလိုမြင်ပါတယ်။ ဆရာကောင်း သမားကောင်းအောက်မှာ နေခဲ့ တော့ ဆရာတော် စာအုပ်တွေကြည့်ခြင်းအားဖြင့်လည်း သိပ်အရေးကြီး ကြောင်း ဒီလိုပဲမြင်ပါတယ်။ ဒီအတိုင်းပဲ ခံယူတယ်။

မေး။ ။တင်ပါ့ဘုရား။ ဆရာတော့်ကို ခုလို လျှောက်ထားမေးမြန်းရတဲ့အတွက် တပည့်တော်တို့ ဆရာတော့်ကို အထူးပဲ ကျေးဇူးတင်ပါတယ် ဘုရား။ တပည့်တော်တို့အတွက် ဆုံးမစကားချီးမြှင့်ဖို့ တောင်းပန်လျှောက်ထား ပါရစေ ဘုရား။

ဖြေ။ ။ဘုန်းကြီးအနေနဲ့ပေါ့လေ။ ခု ဒကာကြီးလျှောက်ထားချက်အရ အရင်ဖြေရ မယ်ဆိုရင် တရားတော့ တရားစကားပါပဲ။ တရားစကားထဲက အများ ဘယ်ကိစ္စမဆို သုံးနိုင်တဲ့ တရားတော်လေးတစ်ခုပေါ့။ တရားတော်လေးက ဘုရားဟောတဲ့ တရားလေးပါပဲ။

'ယော ဗာလော မညတိ ဗာလယံ၊ ပဏ္ဍိတော ဝါပိ တေနသော၊
ဗာလောစ၊ ပဏ္ဍိတမာနေ၊ သဝေ ဗာလောတိ ဝုစ္စတိ'

ဒီတရားတော်ရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကိုယ်အရည်အချင်းမပြည့်စုံဘူး၊ ညံ့နေမယ်၊ ဖျင်းနေမယ်။ အဲဒီ အရည်အချင်း မပြည့်တာ၊ ညံ့နေတာ ကိုယ့်ဘာသာကိုယ်သိရင် အဲဒီပုဂ္ဂိုလ် တစ်နေ့ လူတော် တစ်ယောက် ဖြစ်လာနိုင်တယ်။ အရည်အချင်း မပြည့်ဘဲနဲ့ ပြည့်တယ်လို့ထင်နေရင် အဲဒီပုဂ္ဂိုလ်ဟာ ဖျင်းမြဲ ဖျင်းနေမယ်ဆိုတာ အဓိပ္ပာယ်ကို ပေါ်လွင်အောင်ဖော်တဲ့ အနေနဲ့ ဘုန်းကြီးကျောင်းမှာလည်း စာသင်တဲ့ကလေးတွေကို အမြဲတမ်းပဲ ဒီစာ လေးကို ချပေး၊ ကျောင်းတိုက်မှာ ကပ်ထားတဲ့ဟာလေး လက်ဆောင်ပေးလိုပါ တယ်။ အဲဒီ တရားလက်ဆောင်ကတော့ အတိုချုပ် အများမှတ်နိုင်အောင်ပေါ့လေ။

'ဖျင်း ဖျင်းမှန်းသိ၊ လူတော် ဖြစ်နိုင်၏၊
ဖျင်းပါလျက်ပင်၊ တော်တယ်ထင်၊ ဖျင်းမြဲဖျင်းမည်ပင်'

ဒီဒေသနာတရားလေးပါ။ ဒါ ဘုရားဟောဒေသနာကို ဘုန်းကြီး အကျဉ်း ချုပ်ထားတာပါ။ ဒါကြောင့်မို့ အမြင်အားလုံးပေါ့လေ။ ကိုယ့်အရည်အချင်းပုံမှန်ကို အမြဲတမ်း ကိုယ့်အရည်အချင်းဟာ ညံ့သလား၊ ပြည့်စုံပြီလား၊ မပြည့်စုံဘူးလား သိအောင် ကြိုးစားကြပါ။ ကြိုးစားပြီးတော့ ညံ့တဲ့ဟာကို အရည်အချင်းတက်လာ အောင် ကြိုးစားကြပါလို့ ဘုန်းကြီး ဒီလောက်ပဲ ပြောလိုပါတယ်။

သာဓု၊ သာဓု၊ သာဓု

## စာရေးသူ၏
## စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

| | |
|---|---|
| ပညာအရည်အချင်း။ | ။ဘီအေ ဘီအယ်လ်၊ သတင်းစာပညာ ဒီပလိုမာ ဗဟိုတရားရုံးချုပ်ရှေ့နေကြီး။ |
| ၁၉၅၆–၅၇ | ။အထောက်တော်သတင်းစာ လက်ထောက်အယ်ဒီတာ၊ ရန်ကုန်။ |
| ၁၉၅၇ | ။ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန နည်းပြဆရာ၊ ရန်ကုန်။ |
| ၁၉၅၇–၆၀ | ။မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ် ထုတ်လွှင့်ရေး အရာရှိ၊ ရန်ကုန်။ |
| ၁၉၆၀–၆၂ | ။ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၊ ထုတ်လွှင့်သူ၊ လန်ဒန်။ |
| ၁၉၆၃–၆၄ | ။ဆူးမားနှင့် ဘွန်း တွဲဖက်ရှေ့နေ၊ ရန်ကုန်။ |
| ၁၉၆၄–၇၈ | ။ဗဟိုတရားရုံးချုပ် ရှေ့နေကြီး၊ မြင်းခြံ။ |
| ၁၉၇၈–၁၉၉၅ | ။ဘီဘီစီ မြန်မာပိုင်း အစီအစဉ် အထက်တန်း ထွင့်လွှင့်ရေးမှူး။ |
| ၁၉၉၅ | ။ဘီဘီစီ မြန်မာပိုင်း အစီအစဉ် အထက်တန်း ထုတ်လွှင့်ရေးမှူး တာဝန်မှ အငြိမ်းစားယူ။ |
| ၁၉၉၆ | ။မြန်မာမဂ္ဂဇင်းများတွင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ နှင့် အခြားစာပေများ ရေးသားခြင်း။ |